-

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏ ကြွေးကြော်သံ

# အတွဲ (၁) အမှတ်(၉)

## ၂၀၁၂ ဇူလိုင်လ (၇) ရက် အထိမ်းအမှတ်

## မာတိကာ


ဦးသိန်းစိန်အစိုးရ အပြောင်းအလဲ(၂)
၇-၇-၆၂ စိတ်ဓာတ်နဲ့ သတ္တိမျိုး မွေးမြူကြ(၃)
ကျောင်းသားသမဂ္ဂတွေ ဖွဲ့စည်းရေး(၁၀)
သူ မသေတော့ပါ(၁၂)
ကိုစိန်ဝင်းနဲ့ ကျွန်တော်(၁၄)
ကာတွန်းနေဦး၏ လက်ရာ(၁) (၁၇)
ကာတွန်းနေဦး၏လက်ရာ(၂) (၁၈)
လက်ဝေခံတပိုင်း လက်ဝါးကြီးအုပ်တပိုင်း....(၁၉)
ဦးသိန်းစိန်အစိုးရခေတ်မှာ....(၂၃)
ဘယ်လို ပြုပြင်ပြောင်းလဲရေးလဲ(၂၅)
လစ်ဘရယ်ဒီမိုကရေစီ ပြုပြင်ရေး....(၂၇)
မြန်မာ့ဒီမိုကရေစီလမ်းစဉ်(၃၃)
၇ ရက် ဇူလိုင် မမေ့နိုင်(ကဗျာ)(၃၇)
ရဲဘက်(ကဗျာ) (၃၉)
ဆိုရှယ်လစ်တပ်မှူးများ အပိုင်း(၂) (၄၀)
ရဲဘော်တိုက်အောင်အကြောင်း(၄၄)
အလံမလဲစတမ်းကြီးသို့ ဂါရဝ(၄၇)
အင်အားချည့်နဲ့တဲ့ နိုင်ငံများအတွက်....(၅၃)
ရည်မှန်းချက်ပန်းတိုင်ရဲ့လှေကား(၅၅)
ကွန်မြူနစ်တွေရဲ့ အနာဂတ်....(၅၈)
ကွန်မြူနစ်ဝါဒ၏ မူများ(၆၀)
အရိုးတွန်ခြင်း(၆၂)
အနှစ်(၅၀)စောင့်လာရတဲ့ခေတ်(၆၃)




နိုင်ငံရေး

# ဦးသိန်းစိန်အစိုးရ အပြောင်းအလဲ

(ဘဝင်း)

## အချိန်နှောင်းသွားတယ်

၁၉၉၀ တုန်းကသာ အပြောင်းအလဲ လုပ်ရင် စစ်အေးလွန်ခေတ် အမေရိကန်နဲ့ တရုတ် ပျားရည်ဆမ်းချိန်ကို မီလိုက်မှာပဲ။ အမေရိကန်ကလည်း ငွေရွှင်နေချိန်ဖြစ်လို့ ငွေလုံးငွေရင်းရနိုင်မှာပါ။ အမေရိကန် ဈေးကွက်ဝင်ရောင်းနိုင်မှ 'ကျား'ဖြစ်မှာပါ။

နောက်ပိုင်းမှာ NLD က ၁၉၉၀ ရလဒ်အရ လွှတ်တော်ခေါ်ပေးပါ။ စစ်အစိုးရကို 'အာဏာသိမ်းအစိုးရ'ကနေ 'တရားဝင် အစိုးရ'ဖြစ်အောင် လုပ်ပေးပါ့မယ်လို့ ပြောတုန်းကကလည်း အပြောင်းအလဲလုပ်ရင် အချိန် သိပ်မနှောင်းသေးပါဘူး။

အခုတော့ အရင်းရှင်နိုင်ငံကြီးတိုင်း စီးပွားရေး၊ ဘဏ္ဍာရေး အကျပ်တွေ့နေချိန် ဖြစ်တယ်။ နိုင်ငံတိုင်း ခြိုးခြံခွေတာရေး လုပ်နေချိန်ဖြစ်တယ်။ ဘယ်လိုပဲ တံခါးဖွင့်ပေးပေး အရင်းအနှီး အလုံးအရင်းနဲ့ ဝင်လာစရာ မရှိပါဘူး။ ကိုယ့်ဈေးကွက်ထဲကပဲ နှိုက်သွားမှာပါ။ သယံဇာတ အရင်းအမြစ် အချောင်နှိုက်ဖို့ပဲ လာကြမှာပါ။ တရုတ်က အားလုံးလောက် လက်ဦးပြီးဖြစ်လို့ အမေရိကန် တရုတ်ကြားမှာ ဗျာများရမှာပဲ။

ပါဝါပျော့လွန်ပွဲက တဆင့်တက်လာရင် တရုတ်နဲ့ အိန္ဒိယအကြား ဗျာများရဦးမယ်။

ပါဝါအမာချင်း တိုက်မိရင်တော့ ဗမာပြည် မသက်သာဘူး။

## အချိန်နှောင်းပေမယ့် အပြောင်းအလဲ လုပ်တာကောင်းပါတယ်

သမိုင်းကြောင်းအရ အဆက်အဆံရှိတဲ့ အင်္ဂလိပ်၊ ဂျပန်၊ အမေရိကန်သာမက ဘယ်တုန်းကမှ အဆက်အစပ်မရှိသူတွေ လာတာကတော့ 'စစ်အေးလွန်ခေတ်' 'လွန်ပွဲ'ခေတ် ရောက်လို့ပဲ။ အနောက်အုပ်စုရဲ့ အင်အားပြဖို့လာကြတာလို့ပဲ တွက်ပါတယ်။

လာကြတာကလည်း ပွဲတော်တမျှပါပဲ။ ပရိုပိုဆယ် နိုင်ငံရေး၊ အလှူရှင်ဒိုနာရှာတဲ့ အလုပ်ကလည်း ပြည်ပကနေ ပြည်တွင်း ရွှေ့လာတော့မယ်။ အဲဒါအတွက်ပဲ လှုပ်ရှားကြတာလို့ ယူဆပါတယ်။

စီအိုင်အေညွှန်မှူး မလာနိုင်သေးလို့ သူ့ကိုယ်စား လာကြတာဖြစ်ဖို့များပါတယ်။

## သတိပြုစေချင်တာ

သူတို့တတွေက ငွေထုပ်ကြီးပိုက်ပြီး လာကြမှာမဟုတ်ဘူး။ ဈေးကွက်သစ်မှာ အမြတ်ထုတ်ဖို့ လာကြမှာပဲ။ နှစ် '၅၀' စစ်အာဏာရှင်စနစ်က ဖျက်ဆီးခဲ့လို့ ကျွမ်းကျင်လုပ်သားအရင်းအမြစ် ကိုယ့်မှာမရှိဘူး။ ရှိတာကလေးကလည်း ပြည်ပရောက် ကုန်ပြီ။

'လွတ်လပ်တဲ့ စီးပွားရေးဇုန်'နဲ့ မြူဆွယ်တာ 'မြေဧရိယာ အများကြီးကို ဂရန်ချပေးတာ'မှာ ကိုယ့်ဘက်က မနာအောင် သတိရှိပါ။ စာချုပ်စာတမ်း ချုပ်တာမှာ ကိုယ့်ဘက်က မနာဖို့ လိုပါတယ်။ ကိုယ့်အတွက် ကျွမ်းကျင်တဲ့လုပ်သား၊ လူသားအရင်းအမြစ် တိုးတက်စေခဲ့သင့်တယ်။ သူတို့လည်းထွက်သွားရော ကိုယ့်မှာ 'အခွံချည်း'ကျန်ရစ်လို့ မဖြစ်ဘူး။

## ပြောသာပြောရတယ်၊ ပြောအားမရှိဘူး

စီးပွားရေး အသက်သွေးကြောမှန်သမျှ 'စစ်ဗျူရိုကရက်ဓနရှင်ကြီးများ'နဲ့ သူတို့ရဲ့ ရောင်းရင်းများလက်ထဲချည်း ရောက်နေပါပြီ။ ဝင်လာသူတွေနဲ့ သူတို့တတွေ လက်တွဲမိကြရင် လက်ဝေခံလူတန်းစားလည်း ပေါ်လာမှာပါ။ ။

၂၈ ဧပြီ၊ ၂၀၁၂။

## ၇ ရက် ဇူလိုင် အထိမ်းအမှတ်



မောင်မိုးဦး

# ၇–၇–၆၂ စိတ်ဓာတ် နဲ့ သတ္တိမျိုးမွေးမြူကြ (၇ ရက် ဇူလိုင် ဖြစ်စဉ် မှတ်တမ်း)

၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်နေ့က ရန်ကုန်တက္ကသိုလ်နယ်မြေထဲမှာ ဗိုလ်နေဝင်းရဲ့လက်ပါးစေတပ်က တက္ကသိုလ် ကျောင်းသားကျောင်းသူတွေကို ရက်ရက်စက်စက် ပစ်သတ်ခဲ့တယ်၊ ဒီကနေ့ဆိုရင်အနှစ် ၅၀ တင်းတင်းပြည့်ခဲ့ပြီ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျောင်းသူ ကျောင်းသား၊ မိဘပြည်သူများနဲ့ ဆရာ၊ဆရာမအားလုံးဟာ ဗိုလ်နေဝင်း စစ်အုပ်စုကိုရော ဗိုလ်နေဝင်း စစ်အုပ်စုကိုဆက်ခံတဲ့ စစ်အုပ်စုအဆက်ဆက်ကိုပါ ကနေ့အထိ အခဲမကျေကြပါဘူး။ ဗိုလ်နေဝင်းကိုယ်တိုင်ကအစ စစ်အုပ်စုအဆက်ဆက်ထိပ်သီးတွေဟာလည်း ဒီကိစ္စနဲ့ပတ်သက်ရင် သမိုင်းတရားခံဖြစ်နေတာကြောင့် သွေးကြွေးပေးဆပ်ရမယ် ဆိုတဲ့ခြိမ်းခြောက်မှုကို မပြတ်ခံစားနေရပါတယ်။ သွေးကြွေးဆိုတာကလည်း တနေ့မဟုတ်တနေ့ တချိန်မဟုတ်တချိန် ပေးဆပ်ရစမြဲဖြစ်ပါတယ်။

ဗမာပြည်ကျောင်းသားလှုပ်ရှားမှုဟာ ဗမာပြည်သူလူထုကြီးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ယဉ်ကျေးမှု၊ လူမှုရေးစတဲ့ လှုပ်ရှားမှုတွေရဲ့ အစိတ်အပိုင်းတခု၊ ကဏ္ဍတခု အမြဲဖြစ်နေပါတယ်။ အင်္ဂလိပ်ကိုလိုနီကျွန်ဘဝ ပြည်သူလူထုကြီးရဲ့ ကိုလိုနီဆန့်ကျင်ရေး တိုက်ပွဲမှာ ကျောင်းသားတွေက ကျွန်ပညာရေးဆန့်ကျင်ရေး၊ အမျိုးသားပညာရေးထူထောင်ရေးဆိုတဲ့ တိုက်ပွဲနဲ့ တခန်းတကဏ္ဍက ပါဝင်ခဲ့ကြပါတယ်။ ၁၉၂၀ တက္ကသိုလ်ကျောင်းသားသပိတ်၊ ၁၉၃၆ တက္ကသိုလ်ကျောင်းသားသပိတ်၊ ၁၉၃၈ ကျောင်းသားသပိတ်တွေဟာ ပြည်သူလူထုလှုပ်ရှားမှုတွေမှာ ကျောင်းသားတွေက တခန်းတကဏ္ဍက အမြဲ ပါဝင်တယ်ဆိုတာကို ဖော်ပြနေတာပါပဲ။ ၁၉၃၈ ခုနှစ်ကဆိုရင် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးထဲကို ကျောင်းသားတွေအင်တိုက်အားတိုက် ပါဝင်သွားတာဖြစ်ခဲ့ပါတယ်။ ဒီအရေးတော်ပုံဟာ ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုမှာ လူငယ်မျိုးဆက် တဆက်ကို မွေးထုတ်နိုင်ခဲ့ပါတယ်။ ဒီမျိုးဆက်ဟာ ဗမာပြည် လွတ်လပ်ရေးကို ဆောင်ကြဉ်းပေးနိုင်တဲ့ မျိုးဆက်ဖြစ်သွားပါတယ်။

၁၉၄၈ ခုနှစ်မှာ ဗမာပြည်လွတ်လပ်ရေးရပါတယ်။ လွတ်လွတ်ကျွတ်ကျွတ်လွတ်လပ်ရေး မဟုတ်ပါ။ နှောင်ကြိုး တန်းလန်းနဲ့ လွတ်လပ်ရေးပါ။ နိုင်ငံရေးအရ ပြောရင်ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်းနိုင်ငံဖြစ်သွားပါတယ်။ ပြည်သူလူထုကြီးကတော့ လုံးဝလွတ်လပ်ရေးအတွက်ဆက်တိုက်ပွဲဝင်ပါတယ်။ ဗမာပြည်မှာ အမျိုးသားပြိုကွဲမှုဖြစ်ပြီး ပြည်တွင်းစစ်ဖြစ်ပါတယ်။ နိုင်ငံတကာမှာ အင်္ဂလိပ်နယ်ချဲ့သမားဟာ ဒုတိယကမ္ဘာစစ်မှာ လက်ပန်းကျသွားတဲ့အတွက် ပုံစံဟောင်းနဲ့ ကိုလိုနီစနစ်ကို မထိန်းသိမ်းနိုင်တော့ပါ။ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ နေရာအားလုံးကို အမေရိကန်နယ်ချဲ့သမားက ခေတ်သစ်ကိုလိုနီပုံစံနဲ့ဝင်ပြီး ထိန်းသိမ်းပါတယ်။ ဒါကြောင့် အရှေ့အာရှနဲ့ အရှေ့တောင်အာရှမှာလည်း အမေရိကန်နယ်ချဲ့သမားဟာ နေရာ ဝင်ယူလာတော့တယ်။ ၁၉၄၉ ခုနှစ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံပေါ်ထွန်းလာတဲ့အခါမှာ အမေရိကန်နယ်ချဲ့သမားဟာ အနီလှိုင်း တားဖို့ အရှေ့တောင်အာရှမှာ ပိုပြီးအခြေခိုင်အောင် လုပ်လာပါတယ်၊

ကမ္ဘာမှာ စစ်အေးတိုက်ပွဲကြီးဖြစ်လာတဲ့အခါမှာ ကမ္ဘာ့ပြည်သူတွေဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတိုက်ပွဲကို ဆင်နွဲပါတယ်၊ ဒီတိုက်ပွဲတွေကို လက်ဝဲနိုင်ငံရေးသမားတွေက ခေါင်းဆောင်လေ့ရှိပါတယ်။ ဒီတိုက်ပွဲ ဂယက်ဟာ ဗမာပြည်ကိုလည်း ရိုက်ခတ်ပါတယ်၊ ဒါကြောင့် ဗမာပြည်မှာလည်း ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရေး။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေးလှုပ်ရှားမှုဟာ ဖြစ်လာပါတယ်၊ ဒီလို နိုင်ငံတကာနဲ့ ပြည်တွင်းအခြေအနေတွေအောက်မှာ ဗမာပြည် ကျောင်းသားလှုပ်ရှားမှုမှာ ဒီမိုကရေစီပညာရေး တောင်းဆိုမှုတွေ ဖြစ်လာပါတယ်။ ဒီမိုကရေစီ ပညာရေး ဖော်ဆောင်ဖို့ဆိုရင် နယ်ချဲ့ဆန့်ကျင်ရေး ငြိမ်းချမ်းရေးထိန်းသိမ်းရေး လိုအပ်ပါတယ်။

ဒါကြောင့် တရုတ်ဖြူ (ကူမင်တန်) ကျူးကျော်မှု ဆန့်ကျင်ရေး တိုက်ပွဲဆင်ရတဲ့ ၅၀ ခုနှစ်အစောပိုင်းကာလနဲ့ ၅၀ ခုနှစ် နောက်ပိုင်းကာလတွေမှာ ဗကသနဲ့ တကသတွေရဲ့ ကြွေးကြော်သံတွေဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ဒီမိုကရေစီပညာရေးတွေချည်းပဲ ဖြစ်ပါတယ်။ အဲ့ဒီကာလတွေမှာ

ကျောင်းသားသမဂ္ဂတွေလုပ်တဲ့ အစည်းအဝေးတွေတိုင်းမှာ ''အောင်ပွဲဆက်ဆက် ခံဦးမည်''ဆိုတဲ့သီချင်းဟာ အမြဲပျံလွှင့် နေခဲ့တယ်။ ဒီသီချင်းမှာ ''ကျောင်းသားအပေါင်း စည်းလုံးရမယ်၊ ဒီမိုကရေစီပညာရေးအတွက် ဒို့သွေး၊ ဒို့အသား စတေးလှူမည်၊ လွတ်လပ်ရေးထိန်းသိမ်းမည်၊ နယ်ချဲ့ရန်စွယ်ကို တွန်းဖြိုမည်'' စတဲ့ စာသားတွေပါဝင်တယ်။

အဲ့ဒီတုန်းက ဗကသ၊ တကသ ဆိုတဲ့ကျောင်းသား သမဂ္ဂဟာ နိုင်ငံတကာကျောင်းသားလှုပ်ရှားမှုတွေနဲ့လည်း အဆက်အသွယ်ရှိတယ်။ နိုင်ငံတကာ ကျောင်းသားပွဲတော်တွေကိုလည်း ကိုယ်စားလှယ်တွေ လွှတ်ပါတယ်။ နိုင်ငံတကာ ကျောင်းသားအဖွဲ့အစည်းတွေကလည်း နယ်ချဲ့ဆန့်ကျင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရေးလှုပ်ရှားမှုမှာ ကျောင်းသားကဏ္ဍကနေ တက်တက်ကြွကြွ ပါဝင်နေပါတယ်။ နိုင်ငံတကာကျောင်းသား လှုပ်ရှားမှုမှာ လက်ဝဲနိုင်ငံရေးအမြင် လွှမ်းမိုးနေသလို ဗမာပြည် ကျောင်းသားလှုပ်ရှားမှုမှာလည်း လက်ဝဲနိုင်ငံရေးအမြင် လွှမ်းမိုးနေပါတယ်။

ဖဆပလ အစိုးရဟာ လက်ယာနိုင်ငံရေးအမြင်ရှိတဲ့ ကျောင်းသားတွေကို စည်းရုံးပြီး ဗကသ နဲ့ တကသမှာ လက်ယာကျောင်းသားတွေ နေရာရအောင် လုံးပန်းခဲ့ပါတယ်။ ဒါပေမဲ့ လက်ဝဲကျောင်းသားပဲဖြစ်ဖြစ်၊ လက်ယာကျောင်းသားပဲဖြစ်ဖြစ် ပြည်တွင်းစစ်တိုက်နေတဲ့ ဖဆပလ အစိုးရကို ဘယ်လိုမှ မထောက်ခံနိုင်ဘဲ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဦးစီးတဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအလုပ်တွေကိုပဲ ထောက်ခံပါတယ်။ ငြိမ်းချမ်းရေးရမှ ဒီမိုကရေစီပညာရေးကို အကောင်အထည် ဖော်နိုင်မှာဖြစ်လို့ပါ။ ဒါကြောင့် ဗကသ၊ တကသ အမှုဆောင်ရွေးကောက်ပွဲတွေမှာ နယ်ချဲ့ ဆန့်ကျင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီပညာရေးအမြင်ရှိသူတွေသာ အရွေးခံရလေ့ရှိပါတယ်။

တက္ကသိုလ်တွေမှာ ဗကသ၊ တကသ အပြင် လူမျိုးအလိုက် အသင်းအဖွဲ့တွေ ဒေသန္တရအသင်းအဖွဲ့တွေ၊ ဘာသာရပ်အလိုက်အသင်းအဖွဲ့တွေ အများအပြားရှိပါတယ်။ တက္ကသိုလ်ဆိုတာ ကျောင်းသူကျောင်းသားတွေ လွတ်လပ်ငြိမ်းချမ်းစွာနဲ့ အဆင့်မြင့်ပညာတွေကို သင်ကြားလေ့လာဆည်းပူးရာ နေရာဖြစ်ပါတယ်။ ဒီမိုကရေစီပညာရေးဆိုတာ အဲ့ဒီအခြေအနေမျိုး အပြည့်အဝရှိတာကိုပြောတာပါပဲ။ ပြည်တွင်းစစ်ဖြစ်နေပြီး ပညာရေးမှာ အုပ်စိုးသူတွေက အခုတမျိုး အခုတမျိုး မူဝါဒတွေ ချမှတ်ကျင့်သုံးတော့ ပညာရေးဟာ ကမောက်ကမဖြစ်နေပါတယ်။ ဒါကို ဗကသတို့ တကသတို့က မပြတ်တိုက်ပွဲဆင်ပါတယ်။

ရန်ကုန်တက္ကသိုလ်ဟာ အဲ့ဒီတုန်းက အရှေ့တောင် အာရှမှာ ထိပ်တန်းတက္ကသိုလ်အဆင့်ရှိခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံခြားကျောင်းသားကျောင်းသူတွေလည်း ပညာလေ့လာဆည်းပူးခဲ့တာတွေ ရှိနေပါတယ်။ ကျောင်းသူကျောင်းသားတွေဟာ မိမိဝါသနာပါရာ စိတ်ဝင်စားရာ ဘာသာရပ်ကို လွတ်လွတ်လပ်လပ် ရွေးချယ်ဆည်းပူးခွင့်ရှိပါတယ်။

တက္ကသိုလ်ကို တက္ကသိုလ်ကောင်စီက အုပ်ချုပ်ပါတယ်။ တက္ကသိုလ်ကောင်စီမှာ ကျောင်းသာကိုယ်စားလှယ်ဟာ ကောင်စီဝင်လူကြီး အဖြစ်ပါဝင်ရပါတယ်။ ကျောင်းစဖွင့်တာ ဇွန်လ ၁ ရက်နေ့မှာဖြစ်ပြီး နောက်တနှစ်မတ်လမှာ စာသင်နှစ် ကုန်ဆုံးပါတယ်။ ဒါကြောင့် စာသင်နှစ်ကို ဖော်ပြတဲ့အခါ ၁၉–၆၀ စာသင်နှစ်၊ ၆၀–၆၁ စာသင်နှစ်၊ ၆၁–၆၂ စာသင်နှစ် စသည်ဖြင့် ဖြစ်ပါတယ်။ စာသင်နှစ် နှစ်ဝက် (အောက်တိုဘာ)မှာ ကျောင်းတလပိတ်ပါတယ်။ ဒါလည်း ၅၀ ခုနှစ်ရဲ့ အစောပိုင်းကာလ ၅၃မှာ ကျောင်းသားသမဂ္ဂတွေက ခေါင်းဆောင်ပြီး အောက်တိုဘာကျောင်းတလပိတ်ရေး တိုက်ပွဲဆင်ခဲ့လို့ ရရှိခဲ့တဲ့ အောင်ပွဲပါ။

တက္ကသိုလ်မှာ ဥပစာတန်းနဲ့ ဝိဇ္ဇာတန်း နှစ်ခုခွဲထားပါတယ်။ ဥပစာတန်းမှာ ဥပစာအပိုင်း (က) နဲ့ ဥပစာ အပိုင်း (ခ) ဆိုပြီး ၂ နှစ် တက်ရပါတယ်။ ဥပစာတန်းအပိုင်း(ခ)ပြီးသွားရင် ဝိဇ္ဇာ၊ သိပ္ပံအပိုင်း(က) ဝိဇ္ဇာ၊သိပ္ပံအပိုင်း (ခ) ဆိုပြီး ၂ နှစ် တက်ရပါတယ်။ ဝိဇ္ဇာ၊ သိပ္ပံအပိုင်း (ခ) ပြီးရင်တော့ ဘွဲ့ရပါပြီ။ ဂုဏ်ထူးတန်းတက်သူတွေကတော့ တနှစ်ပိုတက်ရပါတယ်။ စုစုပေါင်း ၅ နှစ်တက်မှ ဂုဏ်ထူးဘွဲ့ရပါတယ်။ ယူခဲ့တဲ့ ဘာသာအပေါ် မူတည်ပြီး B.A. , B.Sc ဘွဲ့ပေးတာပါ။

ဥပစာတန်းမှာ ရူပဗေဒ၊ ဓာတုဗေဒနဲ့ သချိၤဘာသာတွဲ ယူသူတွေဟာ ဥပစာတန်းအပိုင်း (ခ) ပြီးသွားရင် အင်ဂျင်နီယာကျောင်း တက်ချင်ရင် အင်ဂျင်နီယာကျောင်းကို ရွေးနိုင်တယ်။ ဒါမှမဟုတ် အဲ့ဒီဘာသာရပ်ထဲက တခုခုကို ဂုဏ်ထူးတန်း တက်လိုရင်လည်း တက်နိုင်တယ်။ ဒါမှမဟုတ် ရိုးရိုးဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ကိုပဲယူရင်လည်း ရတယ်။ ဥပစာတန်းမှာ ရူပဗေဒ၊ ဓာတုဗေဒနဲ့ ဇီဝဗေဒ ဘာသာတွဲယူသူတွေကတော့ ဥပစာအပိုင်း(ခ) ပြီးရင် ဆေးကျောင်း သွားချင်လည်း ရတယ်။ တိရစ္ဆာန်ဆေးကျောင်းကိုလည်း ရွေးနိုင်တယ်။ သစ်တောနဲ့ စိုက်ပျိုးရေးဘက်ကို သွားရင်လည်း ရတယ်။ ရိုးရိုး ဝိဇ္ဇာ၊သိပ္ပံဘွဲ့ပဲ ယူလည်း ရတယ်။ ဂုဏ်ထူးတန်း တက်လည်း ရပါတယ်။

ဥပစာတန်းမှာ ဝိဇ္ဇာဘာသာတွဲတွေဖြစ်တဲ့ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ ဘာသာတွဲယူသူတွေဟာ ဥပစာ (ခ) ပြီးတဲ့အခါမှာ ဝိဇ္ဇာတန်းမှာ B.Com ဘွဲ့အတွက် ရွေးချယ်နိုင်တယ်။ ဒါမှမဟုတ် ဘာသာရပ်တခုခုမှာ ဂုဏ်ထူးတန်းတက်နိုင်တယ်။ ဒါမှမဟုတ် ဝိဇ္ဇာဘွဲ့ (B.A) ယူလည်း ရတယ်။ မြန်မာစာ၊ သမိုင်း၊ လောဂျစ် ဘာသာတွဲ၊ မြန်မာစာ၊ သမိုင်း၊ ပါဠိ ဘာသာတွဲ၊ မွန်၊ သမိုင်း၊ ဘာသာတွဲ ယူသူတွေက ရိုးရိုးဝိဇ္ဇာဘွဲ့ ( B.A ) ဘွဲ့ ဒါမှမဟုတ် ဘာသာတခုခုအတွက် ဂုဏ်ထူးတန်းတက်ပြီး ဝိဇ္ဇာဂုဏ်ထူး B.A (Hons) ဘွဲ့ကို ယူနိုင်ပါတယ်။ ပညာရေးဘွဲ့၊ ဥပဒေဘွဲ့တွေလည်း ဝိဇ္ဇာတန်းတွေနဲ့ ဝိဇ္ဇာလွန်တန်းတွေမှာ သင်ယူနိုင်ပါတယ်။ နိုင်ငံရေးသိပ္ပံဘာသာရပ်ဟာ အရေးပါတဲ့ ဘာသာရပ်တခု ဖြစ်ခဲ့ပါတယ်၊

စာသင်နှစ်စ ကျောင်းဖွင့်တယ်ဆိုတာနဲ့ အသင်းအပင်းတွေအလိုက်၊ ဘာသာရပ်အလိုက် မောင်မယ်သစ်လွင်ကြိုဆိုပွဲတွေလုပ်တယ်။ လူသစ်တွေကို တက္ကသိုလ်ပညာရပ်တွေနဲ့ မိတ်ဆက်တာ၊ တက္ကသိုလ်ကျောင်းသူကျောင်းသားဘဝကို မိတ်ဆက်ပေးတာ ဖြစ်ပါတယ်။ ကျောင်းဖွင့်ပြီး တလအတွင်းမှာ

ကျောင်းသားတယောက်ဟာ ဘယ်ဘာသာရပ်ကိုမဆို အမြည်းသဘော လိုက်တက်ချင်ရင် တက်ခွင့်ရှိပါတယ်။ တလပြည့်တဲ့အခါ မိမိဘယ်ဘာသာ တွဲယူမယ်ဆိုတာ မိမိဘာသာ ဆုံးဖြတ်အတည်ပြုရတယ်။ အဲ့ဒီအချိန်ကျမှ သက်ဆိုင်ရာ ဘာသာရပ်ဌာနတွေက ကိုယ့်နာမည်စာရင်းကို အတည်ယူရပါတယ်။ ဗကသ၊ တကသ တွေကလည်း မောင်မယ်သစ်လွင်ကြိုဆိုပွဲတွေ လုပ်ပြီး ကျောင်းသားလှုပ်ရှားမှုသမိုင်း၊ ဒီမိုကရေစီပညာရေးနဲ့ ပတ်သက်တာတွေနဲ့ ကျောင်းသားအခွင့်အရေးဆိုင်ရာတွေကို မိတ်ဆက်ပါတယ်။ တလအတွင်းမှာ ကျောင်းသားထုအစည်းအဝေး လုပ်တာ၊ ဗကသ၊ တကသ အမှုဆောင်တွေ ရွေးကောက်တင်မြှောက်တာတွေ လုပ်လေ့ရှိပါတယ်။

ကျောင်းသားကျောင်းသူတွေမှာ မိမိသင်ယူလိုတဲ့ ဘာသာရပ်ကို လွတ်လပ်စွာ စိတ်ကြိုက်ရွေးချယ်နိုင်တယ်၊ ဘယ်အသင်းအဖွဲ့ဝင်မယ်ဆိုတာ လွတ်လပ်စွာ ရွေးချယ်နိုင်တယ်၊ ကျောင်းဆောင်မှာ သဟာယနဲ့စာဖတ်အသင်း ရှိတယ်၊ ကျောင်းသားတယောက်အဖို့ တက္ကသိုလ်မှာလေ့လာစရာ၊ ဆည်းပူးစရာ တပုံတပင်ကြီးရှိသလို မိမိဝါသနာအလျောက် စိတ်ဝင်စားမှုအလျောက် စိတ်ကြိုက် ရွေးချယ်လေ့လာသင်ယူခွင့် ရှိတယ်။ ဂီတ၊ အနုပညာ၊ ပန်းချီ၊ ပန်းပု၊ အသင်းအဖွဲ့တွေလည်း ရှိပါတယ်။ တက္ကသိုလ် အရန်တပ်ရင်းမှာ ဝင်ရောက်ပြီး စစ်ပညာကိုလည်း လေ့လာသင်ကြားနိုင်ပါတယ်။ အဲ့ဒီတုန်းက တက္ကသိုလ်အရန်တပ်ရင်း ၃ ရင်းရှိပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ၁ ရင်း၊ မန္တလေးတက္ကသိုလ်မှာ ၁ ရင်း၊ မော်လမြိုင်ကောလိပ်မှာ ၁ ရင်း ဖြစ်ပါတယ်။

ဗကသ၊ တကသ အမှုဆောင်အဖွဲ့ကို ရွေးကောက်ပွဲနဲ့ ရွေးချယ်တင်မြှောက်တာ လုပ်ပါတယ်။ ၁၉၆၁–၆၂ စာသင်နှစ်မှာ ရွေးကောက် တင်မြှောက်လိုက်တဲ့ အမှုဆောင်အဖွဲ့ဟာ ဗကသ၊ တကသ သမိုင်းမှာ ရွေးကောက်ပွဲနဲ့တက်လာတဲ့ နောက်ဆုံးအမှုဆောင်အဖွဲ့ပဲဖြစ်ပါတယ်။ ၁၉၆၂–မတ်လ ၂ ရက်နေ့မှာ ဗိုလ်နေဝင်း ခေါင်းဆောင်တဲ့ စစ်အုပ်စုအာဏာသိမ်းပြီးတဲ့နောက်မှာ ရွေးကောက်ပွဲတွေမလုပ်နိုင်တော့လို့ ဖြစ်တယ်။ ကျောင်းသားသမဂ္ဂကို စစ်အုပ်စုက ဖျက်သိမ်းပစ်လို့ဖြစ်တယ်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ဗိုလ်နေဝင်းစစ်အုပ်စုက အာဏာသိမ်းပြီးတဲ့နောက် အခြေခံဥပဒေကို ဖျက်သိမ်းတယ်။ နိုင်ငံရေးပါတီတွေကိုလည်း ဖျက်သိမ်းတယ်။ တက္ကသိုလ်ကောင်စီကိုလည်း ဖျက်သိမ်းတယ်။ စစ်အာဏာ သိမ်းပြီး မကြာမီမှာပဲ ၆၁–၆၂ စာသင်နှစ်ကုန်ဆုံးလို့ ကျောင်းပိတ်သွားပါတယ်။ အာဏာသိမ်းမှုကို ဘယ်နိုင်ငံရေးအင်အားစုမှ ကန့်ကွက်တာ မကြားရတဲ့အပြင် တချို့နိုင်ငံရေးခေါင်းဆောင်တွေက ထောက်ခံတာတွေတောင် လုပ်ခဲ့ပါတယ်။ ဗကသနဲ့ တကသမှာတော့ အာဏာသိမ်းမှုကို ထောက်ခံတဲ့ အမှုဆောင်တွေကို နုတ်ထွက်စေပြီး စစ်အာဏာသိမ်းမှုကို ကန့်ကွက်တာ တွေလုပ်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ် မေလ ၁၇ ရက်နေ့မှာ ပညာရေးဝန်ကြီးဟောင်း ဦးကာကို ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ခန့်အပ်ပြီး အဓိပတိရုံးမှာ ရုံးထိုင်စေခဲ့ပါတယ်။ စစ်ဗိုလ်အစောင့်အရှောက်တွေ ချထားပေးပါတယ်။

၁၉၆၂ ခုနှစ် ဇွန်လမှာ ၆၂–၆၃ စာသင်နှစ် စ ပါတယ်။ ကျောင်းဖွင့်ခါစမှာ ခါတိုင်းနှစ်တွေလိုပဲ သစ်လွင်ကြိုဆိုပွဲတွေ ပုံမှန်လုပ်ပါတယ်။ တကသ အဆောက်အဦမှာလည်း ခါတိုင်းနှစ်တွေလိုပဲ ကျောင်းသူကျောင်းသားတွေ ကျောင်းသားသမဂ္ဂ အမှုဆောင်တွေ ပုံမှန်အလုပ်တွေ လုပ်နေပါတယ်။ ၁၉၆၂–၆၃ စာသင်နှစ်အတွက် အမှုဆောင်ရွေးကောက်တင်မြှောက်တာတွေ မလုပ်အားနိုင်သေးဘဲ စစ်အာဏာသိမ်းမှုကိုကန့်ကွက်ဖို့ တက္ကသိုလ်ကောင်စီ ပြန်ဖွဲ့ဖို့ ကိစ္စတွေ အပူတပြင်း လုပ်နေရပါတယ်။ ၁၉၆၂ ခုနှစ် ဇွန်လ ၁၈ ရက်နေ့မှာတော့ ပါမောက္ခချုပ်ရုံးက မတရားတဲ့ အဆောင်စည်းကမ်းတွေ ထုတ်ပြန်လာပါတယ်။ ကျောင်းဆောင်တွေမှာ အကျဉ်းထောင်စည်းကမ်းမျိုးလို စည်းကမ်းတွေ ထုတ်ပြန်လာတယ်။

၁၉၆၂ ခုနှစ် ဇူလိုင် ၃ ရက်နေ့မှာ ၆၁–၆၂ စာသင်နှစ်က ရွေးကောက်တင်မြှောက်ခဲ့တဲ့ အမှုဆောင်ကျောင်းသားခေါင်းဆောင်တွေက ဦးစီးပြီး တကသ အဆောက်အဦမှာ ကျောင်းသားထုအစည်းအဝေး ကျင်းပပါတယ်။ ဒီအစည်းအဝေးမှာ "အောင်ပွဲဆက်ဆက်ခံဦးမည်" ဆိုတဲ့ သီချင်းကိုတော့ ဟိန်းထနေအောင် သီဆိုကြပါတယ်။ အစည်းအဝေးမှာ ကမောက်ကမ ပညာရေးစနစ်၊ တန်းခွဲတန်းချစနစ် (၁၉၆၁–၆၂ စာသင်နှစ်ကစပြီး မက်ထရစ် လို့ခေါ်တဲ့ တက္ကသိုလ်ဝင်တန်းစနစ်ကို ဖျက်ပြီး ၉ တန်း၊ ၁၀ တန်းစနစ်ကို ကျင့်သုံးတာ၊ တက္ကသိုလ်မှာ ၂ ခါကျရှုံးရင် ကျောင်းထွက်ရတဲ့စနစ်) ဖျက်သိမ်းပစ်ဖို့ တက္ကသိုလ် အုပ်ချုပ်ရေးကောင်စီမှာ ကျောင်းသားကိုယ်စားလှယ်တွေ ပါဝင်ဖို့ "စစ်အစိုးရ အလိုမရှိ"၊ "စစ်ဖိနပ်အောက် ပြားပြားမှောက်ရတဲ့ ပညာရေးစနစ် အလိုမရှိ " စတဲ့ကြွေးကြော်သံတွေနဲ့ အစည်းအဝေးကို ရုပ်သိမ်းတယ်။ အစည်းအဝေး ခေတ္တ ရပ်နားတာပါ။

၁၉၆၂ ဇူလိုင် ၇ ရက်နေ့မှာတော့ နယ်ကောလိပ် အသီးသီးက လူမျိုးစု ကျောင်းသားကိုယ်စားလှယ်တွေ တကသ၊ ဗကသ၊ ရကသ ကျောင်းသားတွေ ကိုယ်စားလှယ်တွေ ဖိတ်ကြားထားသူတွေပါတဲ့ ကျောင်းသားထု အစည်းအဝေးတရပ်ကို တကသ အဆောက်အဦဝင်းအတွင်းမှာ ကျင်းပတယ်။ နောက်ဆုံးအစီအစဉ်အရ တကသ အဆောက်အဦ ဝင်းအပြင်ထွက်ပြီး အဓိပတိလမ်းမတလျှောက်နဲ့ တက္ကသိုလ်နယ်မြေအတွင်း ချီတက်ဆန္ဒပြ ကြွေးကြော် တောင်းဆိုတာလုပ်ပြီး တကသဝင်းအတွင်း ပြန်ဝင်လာကာ အစည်းအဝေးအဆုံးသတ်ဖို့ ဖြစ်ပါတယ်။ ဒီလိုလုပ်နေချိန်မှာ အရပ်ဝတ် စစ်ထောက်လှမ်းရေးတွေကလည်း ကျောင်းသားထုထဲမှာ ရောပါနေပါတယ်။ အစီအစဉ်အတိုင်း "စစ်အစိုးရ အလိုမရှိ၊ စစ်အစိုးရ မုချကျဆုံးရမယ်"၊ "မတရားတဲ့ အဆောင်စည်းကမ်းတွေ ဖျက်သိမ်းပေး" စတဲ့ကြွေးကြော်သံတွေ ကြွေးကြော်ကာ တက္ကသိုလ်နယ်မြေအတွင်း လှည့်လည် ဆန္ဒပြကြတယ်။ အဲဒီနောက် တကသ အဆောက်အဦဝင်းအတွင်း ပြန်ဝင်လာပြီး ကျောင်းသားသမဂ္ဂသီချင်းတွေ သီဆိုကြကာ

အခမ်းအနား ရုပ်သိမ်းလိုက်ပါတယ်။ ပဲခူး၊ မှော်ဘီ စတဲ့ အနီးအနားက နယ်ကျောင်းသားတွေဆိုရင် အိမ်ကို ပြန်ထွက်သွားကြပါပြီ၊ မြို့ထဲက ကျောင်းသားတွေလည်း ပြန်ထွက်သွားကြပါပြီ၊ ကျောင်းသား ခေါင်းဆောင်တွေနဲ့ကျောင်းသားအချို့ တကသဝင်းထဲနဲ့ တကသ အဆောက်အဦထဲ ကျန်နေချိန်မှာ စစ်ထောက်လှမ်းရေးတွေက ကျောင်းသားခေါင်းဆောင်တွေကို ဝင်ဖမ်းပါတယ်။ အဲ့ဒီအခါမှာ အဆောင်ပေါ်ရောက်နေတဲ့ ကျောင်းသားတွေလည်း ဆင်းလာကြပြီး တကသ အဆောက်အဦဘက်ကို ပြန်စုရုံးလာပါတယ်။ တကသ အဆောက်အဦ ဝင်းအတွင်းနဲ့ အဓိပတိလမ်းပေါ်မှာ ရုန်းရင်းဆန်ခတ် ဖြစ်ကုန်ပါတယ်။ အဓိကရုဏ်းနှိမ်နင်းရေးရဲတွေ ရောက်လာပြီး မျက်ရည်ယိုဗုံးတွေနဲ့ လူစုခွဲပါတယ်။ ဒါပေမဲ့ ကျောင်းသားတွေက ရဲတွေ ပစ်လိုက်တဲ့ မျက်ရည်ယိုဗုံးနဲ့ပဲ ရဲတွေကို ပြန်ပစ်တယ်။ ရရာ အုတ်ခဲ၊ တုတ်ပိုင်းတွေနဲ့ ရဲတွေကိုပြန်ချတဲ့အခါမှာ ရဲတွေ နောက်ဆုတ်သွားရပါတယ်။ ကျောင်းသားတွေက အဓိပတိလမ်းမနဲ့ တက္ကသိုလ်ဝင်းတံခါးကြီးကို ပိတ်ပစ်လိုက်ကြပါတယ်။ ညနေ ၅ နာရီခွဲ ၆ နာရီလောက်မှာ စစ်ကားနှစ်စီး ရောက်လာပြီး တက္ကသိုလ်ရိပ်သာလမ်းတလျှောက် တက္ကသိုလ်ဝင်း အုတ်တံတိုင်းနဲ့ သံတိုင်တွေအနားမှာ နေရာယူလိုက်ကြပါတယ်။ ကျောင်းသားတွေကလည်း ကျောင်းဝင်း အုတ်တိုင်ပေါ်တက်ပြီး တရားဟောသူ ဟောနေပါတယ်။ မန္တလေးဆောင်နဲ့ ရာမညဆောင်က ကျောင်းသားတွေကလည်း ကြွေးကြော်သံတွေ ကြွေးကြော်နေပါတယ်။ တကသ ဝင်းအတွင်းနဲ့ အဓိပတိလမ်းမပေါ်မှာ ကျောင်းသားတွေနဲ့ ကျောင်းသား ခေါင်းဆောင်အချို့ ရှိနေပါတယ်။ တကသဝင်းနဲ့ တဖက်တချက်ဖြစ်တဲ့ တက္ကသိုလ်ရိပ်သာလမ်း တောင်ဘက်ခြမ်းမှာရှိတဲ့ တက္ကသိုလ်ဆေးရုံနဲ့ တက္ကသိုလ်စာတိုက်ဘက်မှာလည်း ကျောင်းသားခေါင်းဆောင်တချို့နဲ့ ကျောင်းသားတချို့ ရောက်နေပါတယ်။ အဲ့ဒီတပ်ကို ဦးစီးတဲ့ ဗိုလ်စိန်လွင်ဟာ အဝိုင်းလေးဘေးနားမှာ ရပ်နေပါတယ်။ ကျောင်းသား ခေါင်းဆောင်တဦးဖြစ်တဲ့ ဆရာဦးလှဖေက ဗိုလ်စိန်လွင်ကို ဒီကိစ္စမှာ စစ်တပ်ကမပါဝင်မပတ်သက်ဖို့ ပြောခဲ့သေးတယ်လို့ နောက်ပိုင်းမှာမှ သိကြရပါတယ်။ မကြာခင် စစ်ကားတစီးရောက်လာပြီး အရာရှိတဦးက ဆင်းလာကာ ဗိုလ်စိန်လွင်နဲ့စကား ပြောပါတယ်။ ဒီနောက်မှာတော့ ဗမာပြည် စစ်မြေပြင်မှာ မသုံးဖူးသေးတဲ့ G 3 မောင်းပြန်သေနတ်အသစ်စက်စက်တွေနဲ့ တကသ အဆောက်အဦဘက်၊ အဓိပတိ လမ်းတလျှောက် မန္တလေးဆောင် စတဲ့နေရာတွေမှာ ရှိနေတဲ့ ကျောင်းသားတွေကို အသေအချာ ချိန်ရွယ်ပြီး ပစ်ခတ်ပါတယ်။ စစ်မြေပြင်မှာ ပစ်ခတ်သလို စနစ်တကျကို ပစ်ခတ်တာဖြစ်ပါတယ်။ မှောင်ရီပျိုးချိန်မှာ စတင်ပစ်ခတ်တာကြောင့် ပစ်ခတ်ချိန် ပြီးဆုံးတဲ့အချိန်မှာ မှောင်နေပါပြီ။ အဓိပတိလမ်းမပေါ်မှာ၊ တကသ အဆောက်အဦ ဝင်းထဲမှာ၊ မန္တလေး ဆောင်ဝန်းကျင်မှာ သေကျေဒဏ်ရာရသူတွေနဲ့ ပြန့်ကျဲနေပါတယ်။ တချို့ဒဏ်ရာရသူတွေကို တက္ကသိုလ်ဆေးရုံထဲ ဆွဲသွင်းလို့ ရလိုက်ပါတယ်။ ကျန် တဲ့သေကျေဒဏ်ရာရသူတွေကတော့ စစ်ကားသုံးစီးနဲ့ ညတွင်းချင်း တင်ဆောင်သွားပါတယ်။ ကျောင်းသားဘယ်နှစ်ယောက်၊ ဘယ်မှာသင်္ဂြိုဟ်တယ်ဆိုတာကို ကနေ့အထိ မသိရပါဘူး။ မြောင်းမြသား ကိုကျော်ဝင်းကတော့ သူ့သွေးနဲ့ မန္တလေးဆောင် နံရံမှာ "၇-၇-၆၂ ကို မမေ့ကြနဲ့"ဆိုပြီး ရေးသွားခဲ့ပါတယ်။ ဇူလိုင် ၈ ရက်နေ့မနက် လင်းအားကြီးအချိန်မှာတော့ တကသ အဆောက်အဦကြီးကို မိုင်းခွဲဖျက်ဆီးလိုက်ကြပါတယ်။ ဇူလိုင် ၈ ရက်နေ့ နံနက် ၈ နာရီ မှာ ဗိုလ်နေဝင်းဟာ ဓား၊ ဓားချင်း၊ လှံ၊ လှံချင်း ရင်ဆိုင်မယ်ဆိုတဲ့ ကြိမ်းဝါးခြိမ်းခြောက်တဲ့ အသံလွှင့် မိန့်ခွန်းပေးသွားပါတယ်။ ကျောင်းသား ၁၇ ဦးသေဆုံးတယ်လို့လည်း ကြေညာကြပါတယ်။ နောက်တနေ့မှာတော့ ဗိုလ်နေဝင်းဟာ ဗိုလ်အောင်ကြီးကို ခေတ္တတာဝန်လွှဲပြီး နိုင်ငံခြားခရီး ထွက်သွားပါတယ်။ တက္ကသိုလ်ကိုလည်း ရက်အကန့် အသတ် မရှိ ပိတ်လိုက်ပါတယ်။ နောက်မှ သိရတာက ဇူလိုင် ၇ ရက် အရေးအခင်းကို စစ်ဆင်ရေး တခုအဖြစ် လုပ်ဆောင်တာဖြစ်ပြီး စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ကို အသံလွှင့် ရုံသစ်မှာ ဖွင့်ထားပြီး ဗိုလ်ကျော်စိုးက ဦးစီးတာလို့ သိရပါတယ်။ ဗိုလ်ကျော်စိုးကို တိုက်ရိုက်အမိန့်ပေးတာကတော့ ဗိုလ်နေဝင်းပါပဲ။ ဗိုလ်နေဝင်း စစ်အုပ်စု အာဏာသိမ်းမှုကို အာခံတဲ့ကျောင်းသားတွေကို ဗိုလ်နေဝင်းက တချီတည်း ဦးကျိုးသွားအောင် ရက်စက်ပြလိုက်တာပဲဖြစ်ပါတယ်။ တက္ကသိုလ်နယ်မြေမှာ ကျောင်းသားရာကျော် သွေးမြေကျခဲ့တယ်၊ အင်မတန် ရိုင်းစိုင်းယုတ်မာတဲ့ သမိုင်းအမဲစက်ကြီး ဖြစ်ခဲ့တယ်၊ကျောင်းသားလှုပ်ရှားမှုဟာ ဦးမကျိုးသွား ဘဲ တဗိုလ်ကျ တဗိုလ်တက်စနစ်နဲ့ ဆက်လက်တိုက်ပွဲဝင်တာ ကနေ့အထိပဲ။ ဗိုလ်နေဝင်းကတော့ သေတဲ့အထိ သမိုင်းတရားခံဘဝက မလွတ်ကျွတ်နိုင်ဘဲ ဖြစ်သွားပါတယ်။

၁၉၆၂ ဇူလိုင်လ ၈ ရက်နေ့မှာ တက္ကသိုလ်နဲ့ ကောလိပ်တွေကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်တယ်လို့ ကြေညာပြီးတာနဲ့ ရန်ကုန်တက္ကသိုလ်နယ်မြေက ကျောင်းသူကျောင်းသားတွေကို နှင်ထုတ်လိုက်ပါတော့တယ်။ အဓိပ္ပာယ်က တက္ကသိုလ်နယ်မြေကို စစ်တပ်က သိမ်းပိုက်လိုက်ပြီဆိုတာပါပဲ။ ကျောင်းသူကျောင်းသားတွေလည်း ဒရောသောပါးပဲ တက္ကသိုလ်နယ်မြေက ခွဲခွာခဲ့ကြရပါတယ်။ ကျောင်းသူကျောင်းသားတွေ အချင်းချင်း လိုက်လံနှုတ်ဆက် မေးမြန်းပြောဆိုခွင့်တောင် မရခဲ့ကြပါ။

ရက်အကန့်အသတ်မရှိ ကျောင်းပိတ်တယ်ကြေညာပေမယ့် အဲ့ဒီနှစ်စက်တင်ဘာလမှာ ကျောင်းပြန်ဖွင့်ပါတယ်။ ကျောင်းပြန်ဖွင့်တဲ့အခါမှာ ကျောင်းသားခေါင်းဆောင်တချို့ ကျောင်းကို ပြန်ရောက်လာတာမတွေ့ရတော့ပါ။ ကျောင်းဆောင်တွေမှာလည်း အခန်းတချို့မှာ နေသူတွေမရှိတော့တာတွေ တွေ့ရပါတယ်။သူတို့ဟာ ကျဆုံးသွားသူတွေနဲ့ ကျောင်းထုတ်ခံရသူတွေဖြစ်နေပါတယ်။ တကသ အဆောက်အဦ နေရာမှာလည်း မြေကွက်လပ်ကြီးဖြစ်နေပါပြီ။ တကသ

အဆောက်အဦဝင်းထဲမှာ ဗိုလ်အောင်ကျော်ကျောက်တိုင်နဲ့ အားကစားရုံပဲ ရှိပါတော့တယ်။ တက္ကသိုလ်တခုလုံးဟာ အရင်ကနဲ့မတူဘဲ ခြောက်ကပ်ကပ်ကြီးလို ဖြစ်နေတယ်။ အဆောက်အဦ တချို့နံရံတွေမှာလည်း ကျည်ဆန်ရာတွေကို ဖာ ထေးထားတာ တွေ့ရတယ်။ ကျောင်းသူကျောင်းသားတွေကလည်း အရင်လို လန်းလန်းဆန်းဆန်း မရှိလှပါ။ ဆရာ၊ ဆရာမတွေလည်း အတော် စိတ်မကြည်မသာရှိပုံ ပေါ်နေပါတယ်။ တကသ၊ ဗကသ ခေါင်းဆောင်တွေအတွက်လည်း အခြေအနေသစ် တခုလိုဖြစ်နေပြီး၊ ပြန်ပြီး ထိတွေ့နားလည်ယူနေရသလို ဖြစ်နေပါတယ်။ ဒါပေမဲ့လည်း လစဉ် ၇ ရက်နေ့တိုင်းမှာတော့ ဝမ်းနည်းတဲ့ အထိမ်းအမှတ်အဖြစ် အမည်းရောင် ပိတ်စလေးတွေ ချိတ်ထားကြတာ၊ အမည်းရောင်အဝတ်ကို ဝတ်ဆင်တာ စတဲ့ လှုပ်ရှားမှုတွေတော့ လုပ်နေကြတယ်။ ကြိတ်ဝိုင်း ဆွေးနွေးပွဲတွေတော့ အများအပြားပဲ။ နှစ်စဉ် အောက်တိုဘာလမှာ ကျောင်း တလ ပိတ်ပေမယ့် ၁၉၆၂ ခုနှစ် အောက်တိုဘာလမှာတော့ ကျောင်း ၁၀ ရက်ပဲ ပိတ်တော့တယ်။ ဗကသ၊ တကသ ခေါင်း ဆောင်တွေလည်း အားယူနေရတဲ့ အခြေအနေ၊ အင်အားပြန် လည်စုစည်း တည်ဆောက်ရသလိုဖြစ်တာကြောင့် သိသာထင်ရှားတဲ့ လှုပ်ရှားမှုတွေ မရှိသလောက်ပါပဲ။ ဒီလိုနဲ့ ၆၂–၆၃ စာသင်နှစ်ဟာ ၁၉၆၃ ခုနှစ်၊ မတ်လကုန်မှာ ကုန်ဆုံးသွားတယ်၊ နွေရာသီ ကျောင်းပိတ်ရက်မှာတော့ တက္ကသိုလ် အရန်တပ်ရင်း (၃)ရင်းလုံးဟာ မေမြို့မှာ စစ်သင်တန်းတလ တက်ရလေ့ ရှိတယ်။ ၁၉၆၃ ခုနှစ် နွေရာသီမှာလည်း မေမြို့မှာ သင်တန်းတက်ကြပါတယ်။ ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်နေ့မှာ ကျောင်းသားတွေ အသတ်ခံရလို့ တက္ကသိုလ် အရန်တပ်ရင်းထဲက ကျောင်းသားတချို့ဟာ စစ်သားဆိုတာကို အလွန်မုန်းပြီး အရန်တပ်ရင်းကနေ ထွက်တဲ့လူတွေလည်း ရှိသလို တချို့က စစ်အစိုး ရကိုပြန်ချဖို့ စစ်ပညာ သင်မယ်ဆိုပြီး အရန်တပ်ရင်းထဲ ပါဝင်နေသူတွေလည်း ရှိပါတယ်။ ဒါပေမဲ့ ၁၉၆၃ ခုနှစ်နွေရာသီ မေမြို့ သင်တန်းဆင်းအပြီးမှာ တက္ကသိုလ် အရန်တပ်ရင်းအားလုံး တောခိုဖို့ စီစဉ်ကြပါတယ်။ ဒါပေမဲ့ ဒီအစီအစဉ် သတင်းပေါက်ကြားသွားကာ သင်တန်းအပြီး ခရီးရှည်ချီတက်လေ့ကျင့်ခန်းကို ဖြစ်သလိုပဲလုပ်ပြီး သင်တန်းဆင်းပေးလိုက်တယ်။ လက်နက်အားလုံး ပြန်သိမ်းတာ ခံလိုက်ရတယ်။

၁၉၆၃ ဇွန်လမှာ ၆၃–၆၄ စာသင်နှစ် ပြန်စတယ်။ ကျောင်းဖွင့်တဲ့ကာလမှာ တော်လှန်ရေးကောင်စီ အစိုးရက တောတွင်း လက်နက်ကိုင်အင်အားစုတွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကမ်းလှမ်းနေချိန်ဖြစ်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးအတွက် ပြည်သူလူထုကြီးရော၊ ကျောင်းသူကျောင်းသားတွေရော၊ နိုင်ငံရေးသမားတွေပါ တက်ကြွနေကြပြီး နိုင်ငံရေးဆွေးနွေးမှုတွေ၊ လှုပ်ရှားမှုတွေဟာ အသက်ဝင်လာပါတယ်။ ဗကသ၊ တကသ ခေါင်းဆောင်တွေကလည်း အားယူရာကနေအရှိန်ရလာပြီးဖြစ်တော့ ခေါင်းဆောင်ဟောင်းတချို့က ကမကထလုပ်ပြီး လူသစ်ထပ်ဖြည့်တဲ့နည်းနဲ့ အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက်တယ်။ ဒီလိုနဲ့ ဗကသနဲ့ တကသဟာ တဗိုလ်ကျ တဗိုလ်တက်စနစ်နဲ့ ခေါင်းဆောင်မှုကို အားဖြည့်လုပ်ဆောင်ကြပါတယ်။ ကျောင်းသားထု အစည်းအဝေးတွေ ပြန်လုပ်နိုင်လာတယ်။ တကသ အဆောက်အဦဟောင်းက အုတ်ကျိုးအုတ်ပဲ့တွေကို တက္ကသိုလ်ဘက်မှာ စွန့်ပစ်ထားတာရှိတယ်။ အဲ့ဒီအုတ်ကျိုးအုတ်ပဲ့တွေကို ကျောင်းသူကျောင်းသားတွေ တန်းစီပြီး လက်ဆင့်ကမ်း သယ်တဲ့နည်းနဲ့ ခမ္မာရုံကနေ တကသအဆောက်အဦ နေရာဟောင်းအထိ သယ်ယူပြီး ဗိုလ်အောင်ကျော်ကျောက်တိုင်နဲ့ယှဉ်လျက် ၇–၇–၆၂ အထိမ်းအမှတ်ကျောက်တိုင်ကို တည်ဆောက်လိုက်ကြတယ်။ တကသ ယာယီအဆောက်အဦကိုလည်း တည်ဆောက်လိုက်ကြတယ်။ ဒီလို အစည်းအဝေးတွေ အခမ်းအနားတွေ လုပ်တဲ့အခါမှာ "အောင်ပွဲ ဆက်ဆက်ခံဦးမည်" ဆိုတဲ့သီချင်းအပြင် တဝဂ္ဂသီချင်းအလိုက်နဲ့ "ယူနီယံအဆောက်အဦ တနေရာ"ဆိုတဲ့သီချင်းဟာ ပုံ့လွှင့်နေပါတယ်။ ဒီသီချင်းဟာ ကျောင်းသူကျောင်းသား၊ ဆရာ ဆရာမများနဲ့ မိဘပြည်သူတွေရဲ့ အသဲနှလုံးကို ကိုင်လှုပ်နိုင်ဆုံး သီချင်းတပုဒ် ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး တကသ အဆောက်အဦ ဝင်းအတွင်း ဆွေးနွေးပွဲတွေလုပ်တိုင်း ၇ ရက် ဇူလိုင် အထိမ်းအမှတ်ကျောက်တိုင် (ရာကျော်ကျောက်တိုင်လို့လည်း ခေါ်ပါတယ်) ကို အလေးပြုတာ ကျဆုံးသွားတဲ့ ကျောင်းသားအာဇာနည်တွေကို အလေးပြုတာ လုပ်လေ့ရှိတယ်။ ၇–၇–၆၃ နေ့မှာ ၇ ရက် ဇူလိုင် နှစ်ပတ်လည် အထိမ်းအမှတ် လုပ်နိုင်ခဲ့ပါတယ်။ ကျောက်တိုင်မှာ အလေးပြုကြတယ်။ ယာယီသမဂ္ဂ အဆောက်အဦမှာ ဓာတ်ပုံပြပွဲ လုပ်ကြတယ်။ ကဗျာစာအုပ် ထုတ်ဝေပြီး ဆွေးနွေးပွဲတွေ ဟောပြောပွဲတွေလည်း လုပ်နိုင်ခဲ့ကြပါတယ်။

ကျောင်းသူကျောင်းသားအားလုံးဟာ အတန်းတွေ ပုံမှန်တက်ပြီး ပညာဆည်းပူးမှုကိုလုပ်ရင်း ဗကသ၊ တကသ အလုပ်တွေမှာလည်း တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်နေကြပါတယ်။ တက္ကသိုလ်ကြီးဟာလည်း ပြန်လည်စိုပြည်လန်းဆန်းနေပါပြီ။ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ အခြေအနေကိုလည်း မပြတ်နားစွင့်နေကြပါတယ်။ အောက်တိုဘာ လကုန်ပိုင်းလောက်မှာ ဗိုလ်နေဝင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ တော်လှန်ရေးကောင်စီဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လှည့်ကွက် တခုအဖြစ်သာ သဘောထားတယ်ဆိုတာ ပိုမိုထင်ရှားလာပါတယ်။ ဒါကြောင့် ပြည်သူလူထုကြီးဟာ တကယ်ငြိမ်းချမ်းရေးကို လိုလားတယ်ဆိုတာ ဆန္ဒထုတ်ဖော်တဲ့အနေနဲ့ ၆ ခရိုင် ငြိမ်းချမ်းရေး ဆန္ဒပြချီတက်ပွဲကြီးကို နိုဝင်ဘာလထဲမှာ လုပ်ပါတယ်။ ဒီဆန္ဒပြပွဲကြီးကို ရန်ကုန်တက္ကသိုလ် ကျောင်းသူကျောင်းသားများ၊ ဆရာ ဆရာမများနဲ့ တကသ၊ ဗကသတွေက ထောက်ခံပါတယ်။ ဒါကြောင့် ရန်ကုန်တက္ကသိုလ် တကသရင်ပြင်မှာ ကျောင်းသား ကျောင်းသူတွေ စုဝေးပြီး အဲ့ဒီဆန္ဒပြစစ်ကြောင်းတွေကို ထောက်ခံကြိုဆိုပွဲတွေ၊ ဟောပြောပွဲတွေ လုပ်ပါတယ်။ ဒီအခါမှာ တက္ကသိုလ်ရိပ်သာလမ်းအဝိုင်းလေးမှာ ကျောင်းသားတွေက ကားတွေ ရပ်ပြီး စစ်ဆေးတာ လုပ်ပါတယ်။ တက္ကသိုလ်ကျောင်းဝင်းထဲကို စစ်ထောက်လှမ်းရေးတွေ၊ စစ်သားတွေ မဝင်အောင် တားဆီးတာပါ။ စစ်ကားတွေ

ဟာ အင်းလျားလမ်းကနေ ပတ်ပြီး မောင်းသွားကြရပါတယ်။ ဒီလို အဝိုင်းလေးမှာ ကျောင်းသားတွေ အာဏာတည်နေတာကြောင့် အဝိုင်းလေး အစိုးရ လို့တောင် ပြောကြပါတယ်။ အရပ်ဝတ်နဲ့ စစ်ထောက်လှမ်းရေးကို လက်နက်နဲ့ အတူ ဖမ်းမိလိုက်သေးတယ်။ ဖမ်းမိတဲ့စစ်ထောက်လှမ်းရေးအားရာကျော် ကျောက်တိုင်ကို အလေးပြုခိုင်းပြီး ပြန်လွှတ်လိုက်ပါတယ်။ မော်လမြိုင်ကောလိပ်မှာတော့ အရပ်ဝတ်နဲ့ စစ်ထောက်လှမ်းရေးကို လက်နက်နဲ့အတူ ဖမ်းမိတဲ့အတွက် လက်နက်နဲ့တကွ ကျောင်းအုပ်ကြီးဦးဖေသောင်းဆီ အပ်လိုက်တယ်။ စစ်ထောက်လှမ်းရေးကိုတော့ ကျောင်းသားအလံကို အလေး ပြုခိုင်းကာ ခေါင်းတုံးကွက်ကျား ရိတ်ပြီး သူ့ထောက်လှမ်းရေး တပ်မှူးကို လာခေါ်ခိုင်းလိုက်ပါတယ်။ သူ့ထောက်လှမ်းရေး တပ်မှူး ရောက်လာတဲ့အခါ ကျောင်းအုပ်ကြီးရှေ့မှာပဲ လက်နက်ရော လူကိုပါ အပ်နှံလိုက်ပါတယ်။ အဲ့ဒီလို အရေးကြီးနေချိန်ဆိုရင် ရန်ကုန်တက္ကသိုလ်နဲ့ နယ်ကောလိပ်တွေဟာ ဆက်သားစနစ်နဲ့ အဆက်အသွယ်မပြတ် အလုပ်လုပ်နေကြပါတယ်။

၆ ခရိုင်ငြိမ်းချမ်းရေး ဆန္ဒပြစစ်ကြောင်းတွေ အင်းစိန်လမ်းမအတိုင်းရောက်လာကြပြီး ကမာရွတ် အဝိုင်းကနေ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း အဝိုင်းလေးအထိ လာကြပြီး တကသ ရင်ပြင်မှာ ကြိုဆိုဧည့်ခံပွဲလုပ်ပြီး ခေတ္တ အနားယူစေပါတယ်။ နောက်တော့ ရန်ကုန်တက္ကသိုလ် ကျောင်းသူကျောင်းသားတွေဟာ ငြိမ်းချမ်းရေးဆန္ဒပြ စစ်ကြောင်းနဲ့အတူ ကျိုက္ကဆံကွင်းကို ချီတက်သွားပါတယ်။ ကျောင်းသားလှုပ်ရှားမှုဟာ လူထုလှုပ်ရှားမှုနဲ့တထပ်တည်း ဖြစ်သွားပါတယ်။

ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးကတော့ အောင်မြင်စွာ ပြီးသွားပါတယ်။ ဒါပေမဲ့ ဗိုလ်နေဝင်းဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို တဖက်သတ် ဖျက်သိမ်းပစ်လိုက်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားသွားပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းလည်း တိုင်းပြည်တော့ ရှေ့ရေးမှာ ပိုဆိုးတော့မှာပဲဆိုပြီး ညည်းတွားရတဲ့ အခြေအနေ ဖြစ်သွားပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်သွားတဲ့အခါမှာ တက္ကသိုလ်ကျောင်းတွေကို အကန့်အသတ်မရှိ ပိတ်လိုက်ပါတယ်။ တော်လှန်ရေးကောင်စီအစိုးရဟာ ကျောင်းသားခေါင်းဆောင်တွေ၊ နိုင်ငံရေးသမားတွေ၊ စာရေးဆရာတွေကို ဖမ်းဆီးတဲ့ လူဖမ်းပွဲ လုပ်ပါတော့တယ်။ အဖမ်းမခံလိုသူတွေကတော့ တောခိုကြရတဲ့ အဖြစ်ကို ရောက်ကုန်ပါတယ်။ ရာကျော်ကျောက်တိုင်နဲ့ ယာယီသမဂ္ဂ အဆောက်အဦလည်း ဖျက်ဆီးခံလိုက်ရပါတယ်။ ဗကသ၊ တကသ လှုပ်ရှားမှုဟာလည်း လုံးဝမြေအောက်လှုပ်ရှားမှု ဖြစ်သွားပါတယ်။ ဒါပေမဲ့ ကျောင်းသားမျိုးဆက် တဆက်ပြီး တဆက် တဗိုလ်ကျ တဗိုလ်တက်စနစ်နဲ့ ဗကသ တကသ စိတ်ဓာတ်နဲ့လှုပ်ရှားမှုကို ဆက်ခံသွားကြတာ ယနေ့အထိ ပါပဲ။

၆၃–၆၄ စာသင်နှစ်မှာ ၁၉၆၃ နိုဝင်ဘာလ နောက်ဆုံးအပတ်မှာ အကန့်အသတ်မရှိ ကျောင်းပိတ်လိုက်ပေမယ့် ၆၄ ခုနှစ် မတ်လမှာ ၆၃–၆၄ စာသင်နှစ်ရဲ့ နောက်ဆုံးစာမေးပွဲ ကျင်းပပေးပါတယ်။ ကျောင်းသားကျောင်းသူတွေဟာ မိမိနေထိုင်ရာ မြို့နယ် ၁၀ တန်းစာမေးပွဲ စာစစ်ဌာနတွေမှာ စာမေးပွဲ သွားဖြေဆိုရပါတယ်၊ တက္ကသိုလ်တွေ၊ ကောလိပ်တွေမှာလာပြီး စာမေးပွဲ ဖြေရတာမဟုတ်ပါ။ ဒီစာမေးပွဲ အောင်စာရင်းထွက်လာပေမယ့် ကျောင်း ဘယ်တော့ ပြန်ဖွင့်မယ်ဆိုတာ မသိရပါ။

၁၉၆၄ ခုနှစ် နိုဝင်ဘာမှာ တက္ကသိုလ်နဲ့ ကောလိပ်တွေ ပြန်ဖွင့်ပါတယ်။ စနစ်သစ် တက္ကသိုလ်ပညာရေးလို့ ခေါ်ပါတယ်။ စာသင်နှစ်ကို နိုဝင်ဘာလမှာ စတင်ပြီး နောက်တနှစ် စက်တင်ဘာလမှာ ပြီးဆုံးတာ လုပ်လိုက်တယ်။ ၆၄–၆၅ စာသင်နှစ်ကို ၆၄ နိုဝင်ဘာလမှာ စတင်ပြီး ၆၅ စက်တင်–ဘာလမှာ ပြီးဆုံးတာ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ်၊ ပင်မတက္ကသိုလ်ကို ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် (ရန်ကုန်)ဆိုပြီး ပြန်ဖွဲ့စည်းလိုက်တယ်။ ဆေးကျောင်း၊ အင်ဂျင်နီယာကျောင်းတွေဟာ ရန်ကုန်တက္ကသိုလ် လက်အောက်ခံတွေမဟုတ်တော့ဘဲ သီးခြားတက္ကသိုလ်တွေ အဖြစ် ဖွဲ့စည်းလိုက်ပါတယ်။ ဆေးတက္ကသိုလ် (၁) ရန်ကုန်နဲ့ ဆေးတက္ကသိုလ် (၂) မင်္ဂလာဒုံဖြစ်သွားပါတယ်။ နည်းပညာတက္ကသိုလ် ကြို့ကုန်း၊ တိမွေးကုတက္ကသိုလ် အင်းစိန်ဆိုပြီး သီးခြားတက္ကသိုလ်တွေ ဖြစ်ကုန်တယ်။ နိုင်ငံရေးသိပ္ပံ ဘာသာရပ်ကို လုံးဝ ပိတ်ပင်လိုက်ပြီး ယခင်နိုင်ငံရေးသိပ္ပံ ဘာသာရပ်ဌာန အဆောက်အဦမှာ စီးပွားရေးတက္ကသိုလ်ဆိုတဲ့ တက္ကသိုလ်တခု ထပ်တိုးပြီး ဖွဲ့စည်းလိုက်တယ်။ ပညာရေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်တွေလည်း သီးခြားတက္ကသိုလ်တွေအဖြစ် ဖွဲ့စည်းလိုက်ပါတယ်။ တက္ကသိုလ်တွေမှာ ယခင်ကလို ဥပစာတန်း၊ ဝိဇ္ဇာတန်း မထားတော့ဘဲ ပထမနှစ်၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှစ် စသည်ဖြင့် တက်ရောက်ကြရတာဖြစ်တယ်။ ၁၀ တန်းအောင်တဲ့ အမှတ်ပေါ် မူတည်ပြီး သက်ဆိုင်ရာတက္ကသိုလ်တွေကို ဝင်ရတာတွေ ဖြစ်လာပါတယ်။ တက္ကသိုလ်များ အုပ်ချုပ်ရေး ညွှန်ကြားရေးမှူးချုပ်ဆိုတဲ့ အုပ်ချုပ်ရေးယန္တရားတခုကို တီထွင်လိုက်ပြီး တက္ကသိုလ်တွေကို အုပ်ချုပ်ပါတယ်။ တက္ကသိုလ်များ အုပ်ချုပ်ရေး ညွှန်ကြားရေးမှူးချုပ်ရုံးကို ပြည်လမ်း လိပ်ခုံးအဆောက်အဦရှိတဲ့ ဆိုဗီယက်လက်ဆောင်ပေးတဲ့ အဆောက်အဦကြီးမှာ ဖွင့်ထားပါတယ်။

ဒီစနစ်သစ်ပညာရေးဟာ တကယ်တော့ ကျောင်းသားတွေကို ဖြန့်ခွဲပစ်လိုက်တာဖြစ်တယ်။ ကျောင်းသားတွေမှာ သမဂ္ဂလည်းဖွဲ့စည်းခွင့်မရတဲ့အပြင် ကျောင်းတွေကိုလည်း တက္ခဲတပြားစီ တက်ရတာဖြစ်သွားပါတယ်၊ ဒီစနစ်သစ် ပညာရေးစနစ်က စတင်ပြီး သီးခြားတက္ကသိုလ်တွေ ဖွင့်လှစ်လိုက်တာ၊ ဒေသကောလိပ်ခေတ်ကို ရောက်တဲ့အခါမှာတော့ ပြည်နယ်နဲ့တိုင်း တိုင်းမှာလိုလို ကောလိပ်ကျောင်းတွေ

ဖြစ်လာတယ်။ ယခင် ဥပစာကောလိပ်တွေဟာလည်း ဒီဂရီကောလိပ်တွေ ဖြစ်လာတယ်။ နဝတ၊ နအဖ လက်ထက်ရောက်လာတဲ့အခါမှာတော့ တက္ကသိုလ်တွေ ခွေးလှေးပျား တောအနှံ့ ဖြစ်သွားပြီး မြို့ပြင်တွေမှာ သီးခြား ထီးထီး ဖြစ်လေ့ရှိပါတယ်။ ဒီနည်းနဲ့ ကျောင်းသားတွေကို ကျဲကွဲသွားစေရုံမကဘဲ လူထုလှုပ်ရှားမှုနဲ့ အဆက်ပြတ်သွားအောင် လုပ်ပစ်လိုက်ပါတယ်။

စစ်အုပ်စုထိပ်သီးတွေကတော့ နိုင်ငံတကာအဆင့်မီ ပညာရေးလို့ အမှုန်းတင်ကြွေးကြော်နေရင်းနဲ့ ဗမာပြည်တက္ကသိုလ်ဟာ တစတစ ခေတ်နောက်ကျကျန်ရင်း ရန်ကုန်တက္ကသိုလ်ကြီးဟာလည်း အဆင့်အတန်း လျှောကျသွားပါတော့တယ်။ တကယ်တော့ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ စစ်အုပ်စုကအစ စစ်အုပ်စုအဆက်ဆက်ဟာ တက္ကသိုလ်ပညာရေးကို နှစ်ပေါင်း ၅၀ လောက် ဖျက်ဆီးခဲ့တာကြောင့် ယနေ့တက္ကသိုလ်ပညာရေးကို ဘယ်လိုကစပြီး ပြန်မြှင့်တင်ရမယ်ဆိုတာ မသိနိုင်လောက်အောင် ဖြစ်နေပါတယ်။

အခုတလော ရန်ကုန်တက္ကသိုလ်အဆင့် ပြန်လည်မြှင့်တင်ရေး ပြောသံဆိုသံတွေ ကြားနေရပါတယ်။ စစ်အုပ်စု အဆက်ဆက်ဟာ စစ်အာဏာရှင်စနစ်ကို အကျိုးပြုတဲ့ပညာရေးကိုပဲ ထူထောင်တာ ဖြစ်တယ်။ ဒါကြောင့် စစ်တပ်ပိုင် တက္ကသိုလ်တွေကို ထူထောင်ပြီး ဘွဲ့ရစစ်ဗိုလ်တွေကို မွေးထုတ်ပါတယ်။ ဒီလို အခွင့်ထူးခံ ရေပေါ်ဆီလူတစုကို မွေးထုတ်ပြီး ဒီလူတွေက နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး အားလုံးမှာ ခြယ်လှယ်နိုင်အောင် လုပ်ထားတာပါ။ ဒါကြောင့် ပြည်သူလူထုကြီး အကျိုးရှိစေမယ့် အရပ်ဘက်တက္ကသိုလ်ပညာရေးကို နှိပ်ကွပ်ထားပါတယ်။

စစ်အာဏာရှင်စနစ်ကို အာမခံထားတဲ့ ၂၀၀၈ အခြေခံ ဥပဒေအရ အယောင်ဆောင် ဒီမိုကရေစီစနစ်ထူထောင်ပြီး အယောင်ဆောင်လွှတ်တော်နဲ့ စစ်ဗိုလ်တဖြစ်လဲ အယောင်ဆောင်အရပ်သားအစိုးရအဖွဲ့က တိုင်းပြည်ရဲ့နိုင်ငံရေးအာဏာကို ချုပ်ကိုင်ထားသမျှတော့ အရပ်ဘက်တက္ကသိုလ်ပညာရေးဟာ နာလန်ထူဖို့ အကြောင်းမရှိပါ။ သမ္မတဦးသိန်းစိန်၊ လွှတ်တော်ဥက္ကဋ္ဌတွေဖြစ်ကြတဲ့ သူရဦးရွှေမန်း၊ ဦးခင်အောင်မြင့်တို့တွေဟာ လူယောင်ဆောင်ထားတဲ့ သမန်းကျားတွေဖြစ်တယ်။ ပြည်သူလူထု အကျိုးရှိစေမယ့်၊ ပြည်သူလူထုကြီးအတွက် ဒီမိုကရေစီစနစ်ကို ဘယ်တော့မှ အကောင်အထည် ဖော်ကြမှာ မဟုတ်ပါ။ စစ်အာဏာရှင်စနစ်ကို ဘယ်နည်းနဲ့ ဆက်ပြီး ဖော်ဆောင်ရမယ်ဆိုတာကိုပဲ နေ့စဉ်နဲ့အမျှ စဉ်းစားနေသူတွေဖြစ်တယ်။ ဒီလိုအယောင်ဆောင် အရပ်သားအစိုးရက ဒီမိုကရေ စီပညာရေးကို ခွင့်ပြု အကောင်အထည်ဖော်ဖို့ အကြောင်း မရှိပါ။ တကယ့်ငြိမ်းချမ်းရေး တည်ဆောက်ဖို့ အကြောင်းမရှိပါ။

အခု ဗကသ ဖွဲ့စည်းမှုတွေ လုပ်နေပါတယ်၊ ဒီလှုပ်ရှားမှုတွေဟာ ကောင်းပါတယ်။ ဒါပေမဲ့ ဦးသိန်းစိန်ခေါင်းဆောင်တဲ့ သမန်းကျားအစိုးရဟာ ရှောရှောရှူရှူ ခွင့်ပြုလိမ့်မယ်လို့ စိတ်ကူးမယဉ်မိဖို့တော့ လိုပါတယ်။ စစ်အာဏာရှင်စနစ်ရှိနေသရွှေ့ ဒီမိုကရေစီပညာရေးဟာ မဖြစ်ပေါ်နိုင်သလို ကျောင်းသား သမဂ္ဂတွေလည်း တရားဝင်ပေါ်ပေါက်ဖို့ဆိုတာ ဖြစ်နိုင်မယ်မဟုတ်ပါ။

၈၈ အရေးအခင်းတုန်းက သမ္မတ ဒေါက်တာမောင်မောင်က ကျောင်းသားသမဂ္ဂအဆောက်အဦးကြီးကို ပျော်ပျော်ပါးပါး အုတ်မြစ်ချ တည်ဆောက်ကြတာပေါ့လို့ အချိုသတ်ပြောပြီး မကြာခင်မှာပဲ ဗိုလ်စောမောင် ဘီလူးက ထွက်ကတာကို သတိပြုကြဖို့ လိုပါတယ်။ ကျောင်းသားတွေ ပြည်သူတွေ ရာထောင်ချီ သွေးမြေကျခဲ့ရပြန်တာကို မမေ့ဖို့လိုပါတယ်။

၇-၇-၆၂ ဇူလိုင် ၇ ရက် စိတ်ဓာတ်ဖြစ်တဲ့ စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး၊ ဒီမိုကရေစီပညာရေး ဖော်ဆောင်ရေး စိတ်ဓာတ်ကို စွဲစွဲမြဲမြဲစိုက်ထူပြီး ပြည်သူလူထုကြီးရဲ့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးတိုက်ပွဲနဲ့ တသားတည်းနေအောင် လုံးပန်းနိုင်မှသာ ကျောင်းသားသမဂ္ဂတွေ ဒီမိုကရေစီပညာရေးတွေကို အကောင်အထည် ဖော်နိုင်မှာ ဖြစ်ပါတယ်။ နှစ် ၅၀ ကြာတိုက်ပွဲ အတွေ့အကြုံအရ လွယ်လွယ်နဲ့တော့ အောင်ပွဲမရနိုင်ပါ။ အသက်သွေးချွေးတွေစတေးပြီး ဇွဲနဘဲအပြည့်နဲ့ တိုက်ပွဲဆင်ရမယ် ဆိုတာ မြင်ထားဖို့ လိုပါတယ်။

ပြည်တင်းရင် မင်းမခံနိုင်ဘူးဆိုတာကိုလည်း ယုံကြည်ဖို့ လိုပါတယ်၊ ၇-၇-၆၂၊ ဇူလိုင် ၇ ရက် အရေးအခင်းရဲ့ စစ်အာဏာရှင် စနစ်ကို ပြတ်ပြတ်သားသား တိုက်ရဲတဲ့ သတ္တိမျိုး မွေးမြူဖို့ လိုအပ်ပါတယ်။

မောင်မိုးဦး

၂၁၀၆၁၂



၇-၇-၆၂

၇ ရက် ဇူလိုင် အထိမ်းအမှတ်

# ကျောင်းသားသမဂ္ဂတွေ ဖွဲ့စည်းရေး

စောအယ်ထူး

ကျောင်းသားသမဂ္ဂတွေ ဖွဲ့စည်းရေးလှုပ်ရှားမှုတွေ လုပ်နေတာဟာ သတင်းကောင်းတခုဖြစ်ပါတယ်။ ဗမာပြည်မှာ ကျောင်းသားသမဂ္ဂဆိုတာ လိုအပ်တဲ့အဖွဲ့အစည်းတခုဖြစ်တယ်။ ဗမာပြည်ပညာရေးလောကမှာ အရေးပါတဲ့အခန်းကပါဝင်လို့ပါပဲ။ ကျောင်းသားသမဂ္ဂတွေဟာ သူ့သမိုင်းခေတ်အလိုက် သမိုင်းပေးတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့တာချည်းပဲ ဖြစ်ပါတယ်။

ကိုလိုနီခေတ်မှာ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်ပြီး အမျိုးသားပညာရေးအတွက် တိုက်ပွဲဝင်ခဲ့တယ်၊ တနည်းအားဖြင့် ဗမာပြည်လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး အမျိုးသား လွတ်လပ်ရေးတိုက်ပွဲဝင်ရာမှာ ကျောင်းသားသမဂ္ဂတွေက လွတ်လပ်ရေးတိုက်ပွဲအတွင်း ကျောင်းသားအခန်းကဏ္ဍကနေ တာဝန်ကျခဲ့ကြပါတယ်။ ကျောင်းသားအခွင့်အရေးတွေ ရရှိဖို့ တိုက်ပွဲဆင်ရင်းနဲ့ မျိုးချစ်စိတ်ဓာတ်ကို ပွားများရှင်သန်စေခဲ့တယ်။ လွတ်လပ်ရေးတိုက်ပွဲကို အားဖြည့်စေခဲ့တယ်။ ဗိုလ်အောင်ကျော်တို့လို မွန္တလေးက ရဟန်းရှင်လူ အာဇာနည် ၁၇ ဦးတို့လို သူရဲကောင်းအာဇာနည်တွေလည်း ပေါ်ထွန်းစေခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံမှာ ဗမာပြည်လွတ်လပ်ရေးကို အကောင်အထည် ဖော်နိုင်တဲ့ လူငယ်မျိုးဆက်တခု ပေါ်ထွန်းစေခဲ့တဲ့အထိ ကျောင်းသားသမဂ္ဂတွေ အခန်းဟာ အရေးပါခဲ့ပါတယ်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတဲ့အခါမှာ ကျောင်းသားမဂ္ဂတွေဟာ ဒီမိုကရေစီပညာရေးအတွက် လှုပ်ရှားခဲ့တယ်။ တိုက်ပွဲဝင်ခဲ့တယ်။ ဖဆပလအစိုးရဟာ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးတယ်ဆိုပေမယ့် ဒီမိုကရေစီ မပြင်ဘဲ ပြည်တွင်းစစ်တောင် ဖြစ်ပေါ်လာတယ်။ ဒီအခါမှာ ကျောင်းသားသမဂ္ဂတွေက ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီပညာရေးရရှိဖို့ တောင်းဆို တိုက်ပွဲဝင်ကြပါတယ်။ ၁၉၅၀ ခုနှစ်တွေရဲ့ အစောပိုင်း ကာလကို ရောက်တဲ့အခါမှာ ဗမာပြည်ကို ကူမင်တန် (တရုတ်ဖြူ) တပ်တွေ ကျူးကျော်လာတဲ့အခါမှာတော့ ကျောင်းသားသမဂ္ဂတွေဟာ ဒီမိုကရေစီပညာရေးအတွက် နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေးတိုက်ပွဲထဲ ပါဝင်လာပါတယ်။ အဲ့ဒီတုန်းက ကျောင်းသားသမဂ္ဂရဲ့ သီချင်းဖြစ်တဲ့ "အောင်ပွဲဆက်ဆက်ခံဦးမည်" ဆိုတဲ့ သီချင်းဟာ ကျောင်းသားလောကမှာရော တပြည်လုံးမှာပါ လှုံ့မ်းနေခဲ့ပါတယ်။ ဒီသီချင်းမှာ "လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရမယ်။ နယ်ချဲ့ရန်ကို တွန်းလှန်ရမယ်။ ဒီမိုကရေစီပညာရေးအတွက် ဒို့သားဒို့သွေး စတေးလျှမည်" ဆိုတဲ့ စာသားတွေ ပါခဲ့ပါတယ်။ တကယ်လည်း ကျောင်းသားသမဂ္ဂတွေဟာ ဒီမိုကရေစီပညာရေးအတွက် လွတ်လပ်ရေးထိန်းသိမ်းဖို့အတွက် ပြည်တွင်းငြိမ်းချမ်းရေးအတွက် စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့ကြပါတယ်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ ဗိုလ်နေဝင်း ခေါင်းဆောင်တဲ့ စစ်အုပ်စုက အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီအစိုးရ ဖွဲ့ပါတယ်။ ဗမာပြည်ကို စစ်အာဏာရှင်စနစ်နဲ့ စစ်ဗျူရိုကရေစီယန္တရားနဲ့ အုပ်ချုပ်တာပါ။ တက္ကသိုလ်ကောင်စီကို ဖျက်သိမ်းလိုက်ပါတယ်။ ဒါကို ကျောင်းသားသမဂ္ဂက အပြတ်သားဆုံး ကန့်ကွက်ပါတယ်။ စစ်အစိုးရအလိုမရှိ ဆိုတာကို ကြွေးကြော်ကြပါတယ်။ ကျောင်းသားသမဂ္ဂကို အဖျက်မခံဘဲ စစ်အစိုးရကို အာခံခဲ့ပါတယ်။ ဒီမိုကရေစီပညာရေးအတွက် မတရားတဲ့ စည်းကမ်းတွေကိုဖျက်သိမ်းဖို့ တောင်းဆိုပါတယ်။ ၁၉၆၂၊ ဇူလိုင် (၇) ရက်နေ့မှာတော့ ဗိုလ်နေဝင်းရဲ့ တော်လှန်ရေးကောင်စီအစိုးရဟာ တက္ကသိုလ်နယ်မြေထဲကို စစ်တပ်လှုတ်ပြီး ကျောင်းသားတွေကို ပစ်သတ်ဖို့ အမိန့်ပေးလိုက်ပါတယ်။ သမိုင်းမှာ အလွန်အရှုပ်ဆိုးတဲ့ (၇) ရက်ဇူလိုင် လူသတ်ပွဲ ဖြစ်ပါတော့တယ်။ ကျောင်းသားလူငယ်တွေကို တက္ကသိုလ်နယ်မြေမှာ သွေးချောင်းစီးအောင် သတ်တာပါ။ တကသ အဆောင်အဦကိုလည်း ဇူလိုင် (၈) ရက်နံနက် လင်းအားကြီးမှာ မိုင်းခွဲဖျက်ဆီးခဲ့တယ်။

အဲ့ဒီနှစ်မှာ သမဂ္ဂရွေးကောက်ပွဲလည်း မလုပ်နိုင်တော့ ပါ။ ကျောင်းသားသမဂ္ဂကို ဒီမိုကရေစီနည်းကျ ဖွဲ့စည်းတာ၊ အမှု ဆောင်တွေကို ဒီမိုကရေစီနည်းကျ ရွေးကောက်တာ၊ အလုပ် တွေကို ဒီမိုကရေစီနည်းကျ လုပ်ကိုင်ခဲ့တဲ့ အစဉ်အလာဟာ အဲ့ဒီ နှစ်မှာ ဆုံးခန်းတိုင်ခဲ့ရတယ်။ သမဂ္ဂဟာ ၁၉၆၁–၆၂ စာသင် နှစ်မှာ ရွေးကောက်ခဲ့တဲ့ အမှုဆောင်နဲ့ပဲ ဆက်လှုပ်ရှားခဲ့ပါတယ်။ ဒါကြောင့် တကသ အဆောက်အဦနေရာမှာ ယာယီ တကသ အဆောက်အဦပြန်ဆောက်ရတာ (၇) ရက်ဇူလိုင် အထိမ်း အမှတ် ကျောက်တိုင်စိုက်ထူတာ၊ ၁၉၆၃ ငြိမ်းချမ်းရေး ဆန္ဒပြပွဲမှာ ပြည်သူလူထုကြီးနဲ့အတူ ပါဝင်ဆင်နွဲတာ အား လုံးကို ၆၁–၆၂ စာသင်နှစ်က ရွေးကောက်တင်မြှောက်ခဲ့တဲ့ အမှုဆောင်တွေကပဲ တာဝန်ယူဆောင်ရွက်ခဲ့ကြပါတယ်။ ၆၃ ငြိမ်းချမ်းရေးဆန္ဒပြပွဲ ဖြိုခွဲခံရပြီးနောက်မှာ တက္ကသိုလ်အား လုံးကို ရက်အကန့်အသတ်မရှိ ပိတ်ပစ်လိုက်ပါတယ်။ (၇) ရက်ဇူလိုင် အထိမ်းအမှတ် ကျောက်တိုင်လည်း ဖျက်ဆီးခံရ၊ ယာယီသမဂ္ဂအဆောက်အဦလည်း ဖျက်ဆီးခံရပြီး တက္ကသိုလ်နယ်မြေမှာ စစ်ဖိနပ်သံ တသောသောညံခဲ့တော့တယ်။ ကျောင်းသားသမဂ္ဂတွေရဲ့ တရားဝင်တည်ရှိမှုဟာလည်း နင်းချေ ဖျက်ဆီးခံလိုက်ရပါတယ်။

ဒီနောက်ပိုင်း ကျောင်းသားလှုပ်ရှားမှုတွေဟာ သမဂ္ဂဖွဲ့ပြီး စနစ်တကျလှုပ်ရှားခွင့်ကို မရတော့တာ ဖြစ် တယ်။ ၇၄–၇၅ အရေးအခင်း၊ ဦးသန့်ဈာပန ကိစ္စ၊ မှိုင်း ရာပြည့် အရေးအခင်းတွေမှာ ကျောင်းသားလူငယ် တွေဟာ သမဂ္ဂစိတ်ဓာတ်နဲ့သာ လှုပ်ရှားခဲ့ရတယ်။ သမဂ္ဂ စနစ်တကျ ဖွဲ့စည်းချိန် မရလိုက်ပါဘူး။

စက်မှုတက္ကသိုလ်၊ ဖုန်းမော်အရေးအခင်းကစပြီး သမဂ္ဂကို ပြန်လည်ကြိုးစားဖွဲ့စည်းခဲ့ကြပါတယ်။ ဒါပေမဲ့ စနစ်တကျ ဖွဲ့စည်းတာနဲ့ စနစ်တကျလှုပ်ရှားတာ မလုပ် နိုင်ဘဲ ၈၈ လူထုအုံကြွမှုကြီးကို ပေါက်ကွဲစေလိုက်နိုင်ခဲ့ တာဖြစ်တယ်။ ဒီနောက်မှာ နဝတ စစ်အစိုးရက ကျောင်း သား လှုပ်ရှားမှုတွေကို ဖိနှိပ်ပစ်ပါတယ်။ ဒါပေမဲ့ ၈၈ မှာ ကျောင်းသားနဲ့ စစ်အစိုးရဟာ ကမ္ဘာမကြေဘူးဆိုတာ ဖြစ် သွားပါတယ်။

အခုတော့ ၂၀၀၇ ကျောင်းသားမျိုးဆက်တွေက သမဂ္ဂကို ပြန်လည်ထူထောင်ဖို့ လုံးပန်းနေကြပါတယ်။ ဟိုနားဒီနားမှာ စဖွဲ့စည်းကြတယ်လို့ သတင်းရပါတယ်။ အာဏာပိုင်တွေက ရေငုံနှုတ်ပိတ်နေတယ်လို့လည်း သိရ ပါတယ်။ သမဂ္ဂတွေကို စနစ်တကျ ဒီမိုကရေစီနည်းကျကျ ပြန်လည်ဖွဲ့စည်းနိုင်အောင် လုံးပန်းရမှာပဲဖြစ်တယ်။ ကျောင်းသားသမဂ္ဂတွေ ဒီမိုကရေစီနည်း ကျကျ ဖွဲ့စည်းနိုင် ရေးဟာ ဗမာပြည်ဒီမိုကရေစီရရှိရေးနဲ့ တဆက်တည်း ဖြစ်ပါတယ်။

ကျောင်းသားသမဂ္ဂတွေ ဒီမိုကရေစီနည်းကျ စနစ်တကျဖွဲ့စည်းနိုင်တဲ့ အခြေအနေ ရရှိအောင် လုပ်ရပါ မယ်။ ဗိုလ်အောင်ကျော် အထိမ်းအမှတ်၊ ဗိုလ်အောင်ကျော် လှုပ်ရှားမှုတွေကို ပြန်ဖော်ထုတ်နိုင်ရပါမယ်။ ရန်ကုန်တက္ကသိုလ် တကသ အဆောက်အဦကို အရင်အဆောက်အဦ ပုံစံအတိုင်း ပြန်ဆောက်နိုင်အောင် လုပ်ရပါမယ်။ (၇) ရက်ဇူလိုင် အထိမ်းအမှတ် လှုပ်ရှားမှုတွေ ပြန်လုပ်နိုင်ရ ပါမယ်။ ၇၄–၇၅ လှုပ်ရှားမှုတွေကို ပြန်လည်ဖော်ထုတ် ရပါမယ်။ ရန်ကုန်စက်မှုတက္ကသိုလ်မှာ ဖုန်းမော်အထိမ်းအ မှတ် စိုက်ထူနိုင်အောင် လုပ်ရပါမယ်။ ၈၈ လှုပ်ရှားမှုတွေကို အထိမ်းအမှတ်၊ ဥပမာ တံတားဖြူကို တံတားနီဆိုပြီး အထိမ်းအမှတ်ပြုတာမျိုး လုပ်နိုင်ရပါမယ်။ အဲ့ဒါတွေ လှုပ် ရှားနိုင်ပြီဆိုရင် ဗမာပြည်မှာ ဒီမိုကရေစီပညာရေးလည်း ရရှိ ပြီးဖြစ်မယ်၊ ဗမာပြည်မှာလည်း ဒီမိုကရေစီ ထွန်းကားပြီး ဖြစ်မယ်။

ဒါကြောင့် ဒီလိုသမဂ္ဂ ပြန်လည်ဖွဲ့စည်းရေးဆိုတာ ခက်ခဲတဲ့ဖြစ်စဉ်ကြီးတခုကို ဖြတ်သန်းရမှာဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ် အငွေ့အသက်တောင် မရှိတော့တဲ့ အချိန်မှ သမဂ္ဂကို တကယ်စနစ်တကျ ဒီမိုကရေစီနည်းကျ ကျ တည်ထောင်ဖွဲ့စည်းနိုင်တာဖြစ်မယ်။ အခု သမဂ္ဂဖွဲ့တာ တွေကို အာဏာပိုင်တွေ ဘာမှ မပြောတာဟာ သတိပြု စရာ ဖြစ်ပါတယ်။ သမ္မတ ဦးသိန်းစိန်ရဲ့ အစိုးရဟာ ဒီမိုကရေစီဖော်ဆောင်တယ် ဘယ်လိုပဲပြောပြော စစ်ဗိုလ် ဟောင်းတွေပီပီ ကိစ္စအဝဝကို စစ်ရေးနည်း၊ စစ်ရေးအမြင် နဲ့ပဲ ကြည့်ပြီး ဖြေရှင်းလေ့ရှိပါတယ်။ ရန်သူကို အလစ် အငိုက်ယူပြီး တိုက်တဲ့အလေ့အကျင့်နဲ့ ယဉ်ပါးနေတဲ့ စစ်ဗိုလ်ထွက်တွေဟာ ကျောင်းသားလူငယ်တွေရဲ့ လှုပ်ရှား မှုကို အလစ်အငိုက်ယူပြီး မဖြေရှင်းဘူးလို့ မစဉ်းစားသင့် ဘူး။ တံတားဖြူကနေ တံတားနီ ဖြစ်သွားရတဲ့ အရေး အခင်း၊ ဒီသင်ခန်းစာတွေကို ကြည့်ရင် စစ်ရေးအမြင်နဲ့ ဖြေရှင်းတာချည်းပဲ ဆိုတာ တွေ့ရပါတယ်၊ ဒီသင်ခန်းစာ တွေကို အလေးထားပြီး သမဂ္ဂဖွဲ့စည်းရေးတွေကို ရဲရဲလုပ်၊ နည်းနာရှာပြီး ပြည်သူလူထုကြီးရဲ့ ဒီမိုကရေစီရေးတိုက်ပွဲနဲ့ တဆက်တည်းဖြစ်အောင် လုံးပန်းဖို့ မမေ့မလျော့သင့်လှ ကြောင်းပါ။

**စောအယ်ထူး**

၀၇–၀၆–၂၀၁၂

# သူမသေတော့ပါ



ရဲဘော်စိုးချစ်

(၁)

ကျွန်တော်တို့ ပုံမှန်ဂျာနယ် ၃,၄ စောင်၊ သတင်းစာက တစောင်နဲ့ မဂ္ဂဇင်း ၃,၄ အုပ် ယူထားပါတယ်။ ဂျာနယ် တွေထဲမှာ Weekly Eleven ပါတယ်။ ဦးတည်ရန်သူအဖြစ် ကိုယ့်ကို အမြဲဆဲမယ့် Nothern Star ပါတယ်။ မဖတ် မဖြစ် ဖတ်ရဦးမယ့် ဒီလိုင်းလည်း ပါ,ပါတယ်။ တခါတရံ ဂယက်ပွက်လာတဲ့ သတင်းတို့ ဆောင်းပါး တို့ပါတဲ့ (စာနယ်ဇင်းတွေ) ပေါ်လာရင် မရမက မှာဖတ်ကြတယ်။

Weekly Eleven ဖတ်တာက အချက်အလက် လိုချင်တာရယ်၊ ကိုစိန်ဝင်းဆောင်းပါး ပါတာရယ်ကြောင့်ပါ၊ (အဓိက တန်ဖိုးက အဲဒီမှာပါ) လုံးချင်းထုတ်နေတဲ့ သူ့စာအုပ်တွေလည်း အလွတ်မပေးပါ။ တအုပ်မကျန် မှာပါတယ်။

**သူဘာတွေးသလဲ။**

**ဘယ်ဟာ ဇောင်းပေးသလဲ။**

**ဘယ်လိုမြင်ပြီး ဘယ်လိုသုံးသပ်သလဲ** ... ... သိချင်တာပါ။

ခုတလော သူ့ဆောင်းပါးတွေပြတ်သွားတာ တလခွဲလောက်ရှိပြီ၊ ကျွန်တော့်ဇနီးဖြစ်သူက "ကိုစိန်ဝင်း ဆောင်းပါးတွေ မဖတ်ရတာ ကြာပြီ၊ မရေးနိုင်လောက်အောင် ကျန်းမာရေးဆိုးနေပြီလား"မေးတယ်။

ကျွန်တော်က Weekly Eleven အယ်ဒီတာချုပ်ရဲ့ သတင်းတွေ ထွက်လာနေတာ စဉ်းစားနေမိတယ်။ သူက 'မူ' သမား၊ မရေးသင့်ဘူးထင်ရင် ရွှေပုံပေးတောင် ရေးမယ့် သူမဟုတ်။

နောက်တနေ့ VOA မနက်ပိုင်းသတင်းမှာ မနေ့ညကပဲ **"သူကွယ်လွန်သွားပြီ"** ဆိုတာ ကြေညာသွားတယ် ဆိုတာ ဇနီးကို လှမ်းပြောလိုက်တော့ "အို ... ဆုံးရှုံးမှု ကြီးလိုက်တာ" ... ... ဆိုတဲ့ ညည်းညူသံ ထွက်လာတယ်။

(၂)

ကျွန်းမှာ–

သူတို့ ကျွန်တော်တို့က မတိမ်းမယိမ်းလူတွေပါ၊ ခဲယမ်းမီးကျောက်တပ်မှ ဗကပယူဂျီအဖြစ်နဲ့ အဖမ်းခံရပြီး ကျွန်းအထိပါလာတဲ့ တပ်ကြပ်ကြီး တယောက်ရှိတယ်။ သူက ရွှေဘိုသား ကိုမြတ်ဆွေပါ၊ သူက 'ဟော့–စိန်ဝင်း' – 'မင်းက–ငါက' ... ... အသုံးအနှုန်းတွေသုံးပြီး ဆက်ဆံနေတာ တွေ့မိလို့ "ရင်းနှီးလှချည်လား"... ... လို့ဆိုတော့ ရွှေဘိုသားချင်း၊ ကျောင်းနေဘက် အတန်းတူ ဆိုတာ သိရတယ်။

အသက်တွေ တွက်စစ်ကြည့်တော့ ကျွန်တော်နဲ့ မကွာလှ၊ တိတိကျကျဆိုရရင် ကိုစိန်ဝင်းထက် ကျွန်တော်က တနှစ်နဲ့ ၇ ရက် ကြီးပါတယ်။

ဒါပေမဲ့ သူက စာရေးဆရာ၊ အယ်ဒီတာမို့လား မသိ၊ လူကြီးဆန်လွန်းတယ်။ ဒါကြောင့် တော်တော်များများက သူပဲ အကြီးလို့ ထင်တတ်ကြတယ်။

ကျွန်းရောက်မှ သိကြ၊ ခင်ကြ၊ ကျွမ်းဝင်ကြရတာပါ။

(၃)

ခေတ်ပြိုင်တွေဆိုတော့ 'ခေတ်ပြိုင်'ခံစားမှု ရှိကြတယ်၊ နိုင်ငံရေးမှာ ဘယ်ဘက်က ရပ်မလဲ ပြဿနာ ပေါ်လာတယ်၊ အဖိနှိပ်ခံတွေဘက်က ရပ်ကြမယ်ဆိုတာ သွားတူတယ်။

နိုင်ငံတကာ လွတ်မြောက်ရေး တိုက်ပွဲတွေရဲ့ ဂယက် အရိုက်ခံကြရတယ်၊ တရုတ်ပြည် လွတ်မြောက်သွားတာကလည်း မကြာသေး၊ နောက်တော့ အိမ်နီးနားချင်း အင်ဒိုချိုင်းနား လွတ် မြောက်ရေးတိုက်ပွဲတွေ သည်းသန်ပြင်းထန်လာတယ်၊ ဗီယက်နမ်စစ် အရှိန်မြင့်လာတယ်၊ ကိုယ့်နိုင်ငံထဲမှာလည်း အမေရိကန် နယ်ချဲ့ ဆန့်ကျင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုတွေ အစီအရီ ပေါ်လာတယ်၊ ဒီရေစီးကြောင်းထဲမှာ ကျွန်တော်တို့ မျောပါခဲ့ကြတယ်။

သူက ကလောင်စကိုင်နေပြီမို့ သူ့လက်ရာတွေ မြည်းစမ်းခွင့်ရခဲ့တယ်၊ 'အရှေ့တောင်အာရှမှ စစ်မီလျှံများ'၊ 'အလံမလဲစတမ်း'စာအုပ်တွေ စွဲမက်ခဲ့ဖူးတယ်။ 'အလှံမလဲ စတမ်း'ထဲက မင်းသမီးကို စံပြုပြီး သူ့သမီးကို 'ချောအိမန်'နာမည် ပေးထားသလို ကျွန်တော့်တူမနာမည်ကလည်း 'ချောအိအောင်'ဖြစ်လာတယ်။ ဒီခေတ်က မွေးဖွားသူ မိန်းကလေးတချို့ 'ချောအိ'နာမည် ယူထားတာ တော်တော်များများ ရှိခဲ့တယ်၊ ဒီမျိုးဆက်တွေဟာ ရှစ်လေးလုံးကာလကို မုချဖြတ်သန်းခဲ့ကြပါတယ်။

(၄)

ကျွန်းတိုက်ပွဲတွေရဲ့ အစဦးပြဿနာတွေထဲမှာ သူ့ကိစ္စလည်း ပါနေတာ တွေ့ရတယ်။ ရှေ့ပြေးပြဿနာလို့ ပြောနိုင်တယ်။ ကိုယ်ထူကိုယ်ထ အလုပ်ကြမ်းတွေ လုပ်ရ၊ အာဟာရ ပြည့်ဝအောင်လည်း မကျွေးလို့ နိုင်ငံရေးအကျဉ်းသား (ထိန်းသိမ်း) တွေ ကျန်းမာရေး ယိုင်နဲ့ကုန်ပါတယ်။ သူ စ,ပြိုပါတယ်။ အသက် ရှူမဝ ရှူမရ ဖြစ်လာတယ်။ လုံလောက်တဲ့ ဆေးဝါးကုသမှုလည်း မရတော့ ပြည်မပို့ပြီး ကုသပေးဖို့ ကျွန်တော်တို့က တောင်းဆိုတယ်။ အာဏာပိုင်တွေက ငြင်းဆန်တယ်။ "တောင်းဆိုတာ မရရင်တော့ အစာငတ်ခံ ဆန္ဒပြရပါလိမ့်မယ်"လို့ ရာဇသံပေးလိုက်ကြတယ်။

ထိုစဉ်က ထောင်မှူးကြီး ဦးခင်မောင်စိုး ပြောတဲ့ စကား တခွန်းကြောင့် ရဲဘော်တွေ ရှူးရှူးရှားရှား ဖြစ်ကုန်ကြတယ်။

'တချို့လေ့ကျင့်ထားတဲ့သူတွေဟာ ဆရာဝန်က ဆေးစစ်စဉ်မှာ အသက်မရှူဘဲ အကြာကြီး အောင့်ထားလို့ ရတယ်ဗျ' ... ... တဲ့။ ရဲဘော်တချို့က ထိုးမယ်ကြိတ်မယ်အထိ ဖြစ်ကုန်တယ်။

တိုက်ပွဲဝင်ဖို့ ပြင်ကြတယ်၊ ဒါကိုသိမှ ပြည်မကို ပြန်ပို့ပေးတာ ဖြစ်တယ်။

(၅)

ကျွန်တော် ထောင်ကလွတ်ပြီး မကြာမီ ရန်ကုန်သို့ ဆေးဆင်းကုရင်း သူ့အိမ် သွားလည်ပါတယ်။

သူက မျက်ရည်တွေ ဝေ့ပြီး ကြိုဆိုရှာတယ်။

"အေးဗျာ– ကျွန်းပြန်တွေ တသုတ်ပြီးတသုတ် လွတ်လာကြပေမယ့် ခင်ဗျားတို့ ပါမလာဘူး။ ပူတာပေါ့ – ဗျာ။ ထွက်လာတဲ့ ရဲဘော်တွေ မေးကြည့်တော့မှ ခင်ဗျားတို့ ဘာတွေဖြစ်နေတယ်ဆိုတာ သိရတယ်"... ...တဲ့။

ဧည့်ခံကျွေးမွေးရင်းက သူ့ဇနီး၊ သူ့သား၊ သူ့သမီး ...စသည်တို့နဲ့ မိတ်ဆက်ပေးတယ်။ မိသားစုကိုလည်း ... ကျွန်တော့်ကို တွေ့ရင် နှုတ်ဆက်ဖို့ ခေါ်ဖို့ ပြောဖို့ သွန်သင်ပါတယ်။

ကျွန်တော်ပြန်မယ်ဆိုတော့ ပခုံးဖက်ပြီး တံခါးပေါက်ဝအထိ လိုက်ပို့တယ်၊ လက်ဆွဲနှုတ်ဆက်ကြတော့ သူ မျက်ရည် ဝဲပြန်တယ်။

နွေးထွေးတဲ့ ခံစားမှုနဲ့ ကျွန်တော်ပြန်ခဲ့တယ်။

(၆)

နောက်ပိုင်း သူရဲ့ ဖြတ်သန်းမှုကိုတော့ ပြည်တွင်းနေသူတွေက ပိုသိကြမှာပါ။ ထက်မြက်တဲ့ ကလောင်နဲ့ အမှန်တရားဘက်၊ ပြည်သူ့ဘက်က အဆက်မပြတ် တိုက်ပွဲဝင်ခဲ့လို့ အုပ်စိုးသူရော ပြည်သူကပါ အလေးထားလာကြရတယ်။ သူ့ဩဇာ ကြီးလာခဲ့ပြီ။ ပြည်ပအထိတောင် ထိုးဖောက်နေရာရလာခဲ့တယ်၊ ကွယ်လွန်ချိန်မှာတော့ လျှမ်းလျှမ်းတောက် ဖြစ်နေပါပြီ။

**သူ မသေတော့ပါ။**

(၇)

ကျွန်တော်တို့ တချိန်က အားရ အားကျခဲ့ကြတဲ့ ပြည်တွင်း ပြည်ပက စံပြအမျိုးသားသူရဲကောင်းတွေ၊ လူတန်းစားသူရဲကောင်းတွေရဲ့ စာရင်းထဲမှာ (ခုတော့) ဇွဲမာန်ကြီးလှတဲ့ သူ့နာမည် **"လူထုစိန်ဝင်း"**... ... ဆိုတာလည်း ပါသွားပါပြီ။

ဒီအချိန်မှာ ကျွန်တော်ကတော့ "ကျွန်းအာဇာနည် ၈ ယောက်" ကျဆုံးစဉ်က ခံစားမှုမျိုး ရင်ထဲမှာ ခံစားနေမိပါတယ်။

**ရဲဘော်စိုးချစ်**

(၁၉–၆–၂၀၁၂)

# ကိုစိန်ဝင်းနဲ့ကျွန်တော်

အမှတ်တရ

ဖိုးသံ(လူထု)

ကိုစိန်ဝင်းဆုံးတယ်ဆိုတော့ အသိမိတ်ဆွေတွေက ကျွန်တော့်ကို တယ်လီဖုန်းနဲ့ရော အီးမေးလ်တွေနဲ့ပါ မေးမြန်းခဲ့ကြ၊ ဝမ်းနည်းစကားပြောခဲ့ကြပါတယ်။ ကိုစိန်ဝင်းနဲ့ ကျွန်တော်ဟာ သွေးရင်းသားရင်းမဟုတ်ပေမယ့် အခုလိုအပြောခံရတော့ ကျွန်တော်အင်မတန်ကျေနပ် ကြည်နူးမိတာကို ဦးစွာဝန်ခံလိုပါတယ်။

ကျွန်တော့်အနေနဲ့ ကိုယ်နဲ့နီးစပ်ခဲ့ပတ်သက်ခဲ့သူတွေထဲက ပြောစရာရှိတယ်လို့ထင်ရသူတချို့အကြောင်းတွေကို ဆောင်းပါးတိုလေးတွေအဖြစ်ရေးခဲ့တာ ၁၀ ပုဒ်ကျော်ခဲ့ပါပြီ။ ဒါပေမဲ့ ကိုစိန်ဝင်းကျတော့ ကိုယ်နဲ့ရင်းလှသူမို့ သူ့အကြောင်းရေးမရေး အတော်စဉ်းစားရပါတယ်။ "သူတို့အချင်းချင်းတွေပဲ၊ ဒီလိုပဲရေးတော့မပဲ့"ဆိုတဲ့ အပြောမျိုး ပြောလာမှာကို ကျွန်တော်စိုးရိမ်ပါတယ်။ ဒါကြောင့် သူနဲ့ပတ်သက်တာဆိုလို့ ကဗျာလေးတပုဒ်ပဲ ကျွန်တော်ရေးခဲ့ဖူးပါတယ်။

အခုသူဆုံးပြီးနောက်မှာတော့ သူ့အကြောင်းရေးတာတွေ တော်တော်များများဖတ်ရပါတယ်။ သာဓုခေါ်၊ မုဒိတာပွားရပါတယ်။ ဒါပေမဲ့ တချို့ရေးတာတွေထဲမှာ အချက်အလက်မှားတာတချို့ပါနေတာတွေ့တော့ ဆွမ်းဆန်ထဲကြွက်ချေးရောသလိုခံစားရပြီး အချက်အလက်တချို့ အမှန်အတိုင်း မှတ်တမ်းကျန်ရစ်အောင် ငါသိတာလေးတွေရေးဦးမှလို့ စဉ်းစားဆုံးဖြတ်ခဲ့ပါတယ်။

ပြန်ပြောရရင် ၁၉၆၃ခုနှစ်အကုန်ပိုင်းပါ။ ဒီဇင်ဘာလ ၂၅ရက်နေ့မှာ မန္တလေးတက္ကသိုလ်ထဲက ဆန္ဒပြပွဲကို ဗိုလ်နေဝင်းရဲ့ အဓိကရုဏ်းနှိမ်နင်းရေး ရဲတွေက ဝင်ကြမ်းပြီးတဲ့နောက် ကျောင်းလည်းပိတ်၊ ပြေးသူပြေးရ၊ အဖမ်းခံသူခံရဖြစ်ကုန်ပါတယ်။ မကြာပါဘူး၊ ကျောင်းကထုတ်လိုက်တဲ့လူ စာရင်းထုတ်ပြန်တော့ ဘီအက်စ်စီပထမနှစ်တက်နေတဲ့ ကျွန်တော့်နာမည်လည်း ပါလာတယ်။ ဒီလိုနဲ့ အသက်၁၈နှစ်ကျော်ရုံသာရှိသေးတဲ့ ကျနော်ဟာ အလုပ်လက်မဲ့အငေါ်စားလေး ဖြစ်သွားပါတယ်။ တနေ့တနေ့ အိပ်တာနဲ့စားတာ အပြင် စာဖတ်တာနဲ့ ဘောလုံးကန်တဲ့အလုပ်ပဲရှိပါတော့တယ်။ ဒီတော့ ကျွန်တော့်အမေက ယောင်လည်လည်ဖြစ်နေတဲ့ကျွန်တော့်ကို လူထုသတင်းစာ အယ်ဒီတာခန်းထဲ မောင်းသွင်းပြီး အယ်ဒီတာတွေလက်ထဲ ထိုးအပ်လိုက်ပါတယ်။ သတင်းစာပညာ သင်ဖို့ပါ။ အဲဒါ ၁၉၆၄ ခုနှစ် အစပိုင်းလောက်ဖြစ်ပါလိမ့်မယ်။

အဲဒီတုန်းက လူထုအယ်ဒီတာအဖွဲ့ထဲမှာ ကျွန်တော့်မိဘအပြင် မောင်သစ်လွင်(လူထု)၊ နတ်မောက်ထွန်းရှိန်နဲ့ စာရေးဆရာ မောင်ရဲလင်း (လူနာမည်နဲ့တွဲနေတဲ့ ကလောင်နာမည်တွေပါ) တို့ရှိတယ်လို့ မှတ်မိနေပါတယ်။ သူတို့သုံးဦးစလုံးရဲ့အသက်ဟာ ကျွန်တော့်ထက် အတော်ကြီးပြီး ကျွန်တော့်ကို ညီကလေး၊ တူကလေးလို ဝိုင်းသင်ပေးကြပါတယ်။ အမေကတော့ သတင်းဘာသာပြန်သင်ပေးပါတယ်။

ဒီလိုအချိန်မှာပဲ ကိုစိန်ဝင်းတယောက် လူထုဝိုင်းတော်သား ဖြစ်လာပါတယ်။ သူရောက်လာကတည်းက ဆရာကြီး ရွှေဥဒေါင်းရဲ့တူ ဆိုတဲ့ ဝိသေသနလည်း သူနဲ့အတူ ကပ်ပါလာပါတယ်။ ကျွန်တော့်ထက် ၅ နှစ်သာကြီးတဲ့ ကိုစိန်ဝင်းဟာ အဲဒီတုန်းက အရပ်မပုမမြင့်။ အသား နည်းနည်းညိုပြီး ပိန်ပိန်ပါးပါးပါ၊ ခါးချည့်လေးနဲ့လို့ပြောရင်ရမယ်ထင်ပါတယ်။ နောက်ပြီး သူရဲ့နှုတ်ခမ်းမွေးရေးရေးအောက်၊ ပါးလွှာတဲ့နှုတ်ခမ်းအကြားမှာ နဂါးဆေးပေါ့လိပ်တလိပ် မပြတ် တွေ့ရတတ်ပါတယ်။ သူက ကျွန်တော့်ကို'မင်းနဲ့ငါ'ပြောပြီး ကျွန်တော်ကတော့ သူ့ကို 'ခင်ဗျားနဲ့ ကျွန်တော်'ပြောပါတယ်။ ယောက်သွားခွံနှစ်ချပ်လို ခွဲမရဖြစ်နေခဲ့တဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ မနက်မှာ အောင်ဇေယျာလက်ဖက်ရည်ဆိုင်ကို အတူတူ သွားလက်ဖက်ရည်သောက်၊ ညနေမှာ အတူတူ ဘောလုံးကစားသွား၊ ညမှာ ၂၉ လမ်းထောင့်၊ ထိုင်စိန်ကဖေး ဘေးက ခေါက်ဆွဲဆိုင်မှာ ဆီချက်ခေါက်ဆွဲ အတူတူစားဖြစ်ခဲ့ပါတယ်။

အယ်ဒီတာအခန်းထဲမှာ အသက်အငယ်ဆုံးနှစ်ဦးလည်းဖြစ်၊ ဝါသနာတွေလည်းတူကြတော့ ဘာမှမကြာလိုက်ဘူး တတွဲတွဲ ခွဲမရလောက်အောင်ဖြစ်သွားပါတယ်။ အခန်းထဲမှာ ကိုယ့်ထက်အသက်ကြီးသူတွေကို စ'ကြ၊ နောက်ကြနဲ့ သူများတွေတောင် မျက်စိနောက်လေမလားမသိပါဘူး။ သူက စာရေးစာဖတ်ဝါသနာပါသလို အားကစား၊ စစ်တုရင် စတာတွေလည်း ဝါသနာပါပါတယ်။ အဲဒီကာလက မန္တလေးက ဘောလုံးကွင်း အကြီးအငယ် ၁၀ ခုလောက်မှာ နှစ်ပေါက် ဘောလုံးပွဲတွေကျင်းပနေတာမို့ ကျွန်တော်တို့လူထု သတင်းစာတိုက်ကလည်း အသင်းတသင်းဖွဲ့ပြီး ဘေးကွင်းပြိုင်ပွဲမှာ ဝင်ကစားပါတယ်။ အဲဒီအသင်းမှာကျွန်တော်တို့နှစ်ယောက်စလုံး ပါပါတယ်။ ကျွန်တော်က ပုံမှန်ကွင်းဆင်း၊ ကစားနေသူဆိုတော့ ကျန်အလုပ်သမားတွေ အားလုံးထက် ပိုလိုက်နိုင်ပြေးနိုင်ရှိပြီး ကိုစိန်ဝင်းကတော့ ဆေးလိပ်သမားမို့ ထင်ပါရဲ့၊ တပွဲလုံး အပြည့်ကစားနိုင်တာ နည်းပါတယ်။ ဒါပေမဲ့ ကွင်းဘေးမှာ ဟောဟဲလိုက်လို့ ရယ်ကျဲကျဲနဲ့ ဆေးလိပ်ကလေး ခဲနေတဲ့ သူ့ကို ကျန်တဲ့ကစားဘက်တွေ၊ အလုပ်သမားတွေက ကိုယ်ချင်းစာကြ၊ ချစ်ခင်ကြပါတယ်။

တနေ့တနေ့ ကျွန်တော်တို့နှစ်ယောက် ဘော့လုံးပွဲအကြောင်း၊ ရုပ်ရှင်အကြောင်း၊ စာပေအကြောင်း၊ နိုင်ငံရေးအကြောင်းနဲ့ ဟိုလူဒီလူ့အကြောင်းတွေ ပြောကြ၊ ရယ်ကြ၊ ငြင်းကြနေခဲ့ကြရာကနေ ကိုစိန်ဝင်း ရန်ကုန်ကိုပြောင်းရတာ ဖြစ်လာပါတယ်။ ဖြစ်လာပုံက နဂိုက ရန်ကုန်ရှိ လူထုတိုက်ခွဲကို တာဝန်ယူတဲ့ ကျွန်တော့်အဖေရဲ့တူ ဦးတင်မောင် (ဝင်းမော်ဦး) က တခြားလုပ်ငန်းပြောင်းသွားတာနဲ့ အဖေနဲ့အမေက ငွေရေးကြေးရေးကအစ သူတို့ ယုံကြည်စိတ်ချတဲ့ ကိုစိန်ဝင်းကိုပဲ အဲဒီမှာတာဝန်ယူဖို့ တာဝန်ပေးလိုက်တာပါ။ အသက် ၂၄နှစ်လောက်နဲ့ တာဝန်ခံလုပ်ဖို့ တာဝန်ပေးတာ ဖြစ်ပါတယ်။ အဲဒါ ၁၉၆၅ ခုနှစ်ထဲမှာ ဖြစ်ပါမယ်။ ဒီလိုနဲ့ သူ ရန်ကုန်ကို ပြောင်းသွားလိုက်တာ ၁၉၆၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့ည ကျွန်တော်အဖမ်းခံရတဲ့အချိန်အထိ လူချင်းပြန် မတွေ့ကြတော့ပါဘူး။ နောက် မမျှော်လင့်ပဲ ပြန်တွေ့မယ့် တွေ့ကြတော့လည်း လူမစည်ကားသင့်ရာအရပ်မှာ ပြန်တွေ့ပါတယ်။

နိုင်ငံရေးသမားတွေကို ကိုကိုးကျွန်းပို့တဲ့ ပြည်တော်ဇသင်္ဘောပေါ်မှာပါ။ ကျနော်တို့က ဦးပိုင်းက ဝမ်းတွင်းခန်း၊ သူတို့က အနောက်က ဝမ်းတွင်းခန်းဖြစ်ပါတယ်။ သင်္ဘောဝမ်းခန်းထဲကို ရောက်လို့ လူစုံတယ်လို့ ထင်ရတာနဲ့တပြိုင်နက် ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်နဲ့အတူလာတဲ့လူတွေအပြင် ဘယ်သူတွေရှိသေးလဲလို့ ရှာကြည့်မိ၊ စပ်စုမိပါတယ်။ ကိုယ့်အရင်ရောက်နေတဲ့ အင်းစိန်ထောင်က ပြောင်းလာတဲ့လူတွေရဲ့ ပြောပြချက်အရ နောက်ဘက်က အခန်းထဲမှာလည်း နိုင်ငံရေးသမားတွေ ပါသေးတယ်၊ အဲဒီအထဲမှာကျွန်တော် တွေ့ဖူးတဲ့ဆရာရာဂျန်၊ ကြားဖူးတဲ့ တကသကိုစိန်ဝင်း(ခရမ်း)၊ ရကသ ကိုဥာဏ်ဝင်းတို့အပြင် လူထုသတင်းစာတိုက်က ကိုစိန်ဝင်း၊ ကိုတင်မောင်လေးနဲ့ ကိုတင်ရှိန်တို့လည်း ပါတယ်တဲ့။ အံ့သြဝမ်းသာသွားတာ အမှန်ပါပဲ။ နောက်မှသိရတာ ကိုတင်စိန်(စာရေးဆရာမ နှင်းပန်းအိမ်ရဲ့အဖေ)၊ မလညပက ကိုစိုးဝင်း (ချောက်)၊ ကိုသင်းထုံ(မြင်းခြံ)တို့လို တခြားလူထု သတင်းထောက်တွေလည်းပါပါတယ်။ လူထုအဖွဲ့တွေ အများကြီးပေါ့။ အဲဒီတုန်းက အသက်ကငယ်သေးတော့ စိတ်ထဲမှာ အားတက်သွားတာလိုလို၊ ဂုဏ်ယူမိသလိုလိုလည်း ဖြစ်လိုက်ပါသေးတယ်။

ကျွန်းပေါ် ခြေချပြီးလို့ အခွင့်သာတာနဲ့တပြိုင်နက်ထဲမှာ ကျွန်တော်တို့နှစ်ယောက် တယောက်ကိုတယောက် ပွေ့ဖက်လိုက်ကြပါတယ်။ သူကတော့ အရင်အတိုင်း ခါးချည့်လေးပဲ။ နှုတ်ခမ်းမွေးကလည်းရေးရေး၊ နောက်ပြီး ပြုံးစစနဲ့။

သူဟာ ကိုကိုးကျွန်းအစပိုင်းမှာ အလုပ်ကြမ်းတွေ ကောင်းကောင်းလုပ်နိုင်ပါတယ်။ ပထမဆုံးအလုပ်ကြမ်းအနေနဲ့ ကျွန်တော်တို့ အတူ ရေထမ်းကြတော့ သူက ထမ်းဖူးထမ်းစ နည်းနည်းရှိလို့ အဆင်ပြေပါတယ်။ ကျွန်တော်ကတော့ သူ့ထက် ဗလကောင်းပေမယ့် တခါမှ ထမ်းပိုးမထမ်းဘူးလို့ ရေတွေလည်း ဖိတ်၊ ပခုံးလည်းစုတ်နဲ့ နည်းနည်းမှ အဆင်မပြေပါဘူး။ နောက် ၃–၄ ရက် ဆက်ထမ်းမှ အကျင့်ရသွားပါတယ်။ သူက ထမင်းဟင်းလည်း ချက်တတ်တော့ ထမင်းချက်တဲ့ အဆိုင်းတဆိုင်းမှာ အဖွဲ့မှူးဖြစ်နေတာကိုလည်း မှတ်မိနေပါတယ်။

ဒါပေမဲ့ အချိန်မကြာလိုက်ပါဘူး။ ကိုကိုးကျွန်းရဲ့ ပထမဆုံးအစာငတ်ခံတိုက်ပွဲလို့ဆိုရမယ့် ငါးပိပုပ်တိုက်ပွဲ အောင်ပွဲခံပြီးနောက် တလ–နှစ်လလောက်အတွင်းမှာပဲ တနေ့မှာ "ကိုစိန်ဝင်းနေမကောင်းလို့၊ အခြေအနေဆိုးတယ်"ဆိုတဲ့ သတင်းတခု စခန်းထဲမှာ ပြန့်ထွက်လာပါတယ်။ သူနေတာက အဆောင်(၁၀)မှာပါ။ ဒါကြောင့် ကျွန်တော်တို့အားလုံး

သူရှိရာကိုသွားကြပါတယ်။ ညနေစောင်းကြီးပါ။ ထောင်ဆရာဝန်တွေလည်းရောက်၊ ကျွန်တော်တို့နိုင်ငံရေးအကျဉ်းသားတွေထဲက ဒေါက်တာကူးမားနဲ့ ဆေးကျောင်းသားတွေဖြစ်တဲ့ ကိုအေးမြင့်နဲ့ ကိုစောယုစိန်တို့လည်း ရောက်နေကြပါတယ်။ ဗိုလ်အုန်းမောင်၊ ဆရာရာဂျန်စတဲ့ခေါင်းဆောင်တွေလည်း ရောက်နေကြပါတယ်။ သူတို့ ဘယ်သူမှ မပြုံးနိုင်မရယ်နိုင်ကြပါဘူး။ သူတို့မျက်နှာတွေကိုကြည့်တာနဲ့ အခြေအနေဟာ ပေါ့ပေါ့မဟုတ်ကြောင်း သိနိုင်ပါတယ်။ ကိုစိန်ဝင်းကိုတော့ အခန်းထိပ် တံခါးပေါက်နားက အိပ်ရာမှာ ထားပါတယ်။ သူ့ခမျာ လဲလျောင်းနေရပါတယ်။ ဒါပေမဲ့ သူကစကားပြောတာ၊ တုံ့ပြန်တာ မမြင်ရပါဘူး။ လူတွေအများကြီး အုံကြည့်နေလို့မကောင်းလို့ ကျွန်တော်တို့တတွေ ပူးတုံ့ခွာတုံ ဖြစ်နေပါတယ်။ တခါတခါမှာ တခြားရဲဘော်တွေက ပါးစပ်ချင်းတော့ပြီး အသက်ရှူသွင်းပေးနေတာကိုလည်း တွေ့ရပါတယ်။ သူမှာ ဒီလိုအရွယ်နဲ့ ဒီလောက်ပြင်းထန်တဲ့ ကျန်းမာရေးပြဿနာ ကြုံတွေ့ရလိမ့်မယ်လို့ ကျွန်တော် ဘယ်လိုမှ မတွေးခဲ့ဖူးပါဘူး။

ဆရာဝန်တွေနဲ့ခေါင်းဆောင်တွေ ခေါင်းချင်းရိုက်ကြပါတယ်။ ကျွန်းပေါ်မှာရှိနေတဲ့ဆေးဟာ အရည်အသွေးအရရော၊ အရေအတွက်အရရော မလုံလောက်ဘူးဆိုတာကို ထောင်ဆရာဝန်ကိုယ်တိုင်က အတည်ပြုဝန်ခံပါတယ်။ ဒါကြောင့် ငါးပိတိုက်ပွဲမှာ အောင်ပွဲခံထားတဲ့ ကျွန်တော်တို့ဘက်က ထောင်အာဏာပိုင်တွေဆီမှာ အရတောင်းဆိုဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ဗိုလ်အုန်းမောင်နဲ့ ဆရာရာဂျန်တို့ဟာ အာဏာပိုင်တွေကို ခေါ်တွေ့ပါတယ်။ နောက်ပြီး တင်းတင်းမာမာနဲ့ လေးလေးနက်နက်တောင်းဆိုကြပါတယ်။ သပိတ်သံလည်း ပေးလိုက်ပါတယ်။ ထောင်အာဏာပိုင်တွေက ဒီကိစ္စကို အမြန်ဆုံးပြည်မကို တင်ပြဆောင်ရွက်ပေးပါမယ်လို့ ပြောပါတယ်။ ဒီလိုနဲ့ နောက်တနေ့မှာပဲ ထင်ပါရဲ့၊ ကိုစိန်ဝင်းကို ပြည်မ ပြန်ပို့ပေးပါတယ်။

အဲဒီနောက် ၁၉၇၁ အကုန်လောက်မှာ(ထင်တယ်) သူနဲ့ကျွန်တော် ပြန်တွေ့ပြန်ပါတယ်။ ကျွန်တော်တို့ကို ကိုကိုးကျွန်းက ပြန်ခေါ်လာ၊ အင်းစိန်ထောင်မကြီးမှာ တိုက်ပိတ် နှိပ်စက်ပြီးနောက် မတတ်သာလို့လွှတ်ရခါနီးမှာ ကျွန်တော့်ကိုအင်းစိန်တွဲဘက်ထောင်ကို ပို့လိုက်ပါတယ်။ ကိုကိုးကျွန်းကို မပို့ခင်ကလည်း ဒီတွဲဘက်ထောင်မှာ ကျွန်တော်တို့ကို စုထားခဲ့တာပါ။ ဒီလိုနဲ့ ကျွန်တော့်ကို အဆောင်တခုဆီ ခေါ် သွားတော့ ဟိုမှာ အရင်ရောက်နှင့်နေတဲ့ ကျွန်းပြန်တွေကို တွေ့ရပါတယ်။ အဲဒါတွေက ကိုစိန်ဝင်း၊ ဦးတင်ညွှန့်၊ ဦးချစ်ဆွေနဲ့ မလည်ပ ခေါ် မြန်မာနိုင်ငံ အလုပ်သမားညီညွတ်ရေးပါတီက ဗိုလ်မျိုးထွဋ်နဲ့ဗိုလ်ဟိန္ဒကတို့ပါ။ အားလုံး ပျော်သွားကြပါတယ်။ အဲဒီမှာတော့ စစ်အစိုးရဟာ ကျွန်တော်တို့ကို ကြာကြာမထား၊ ပြန်လွှတ်ရတော့မှာမို့ နှိပ်စက်တာ သိပ်မလုပ်ပါဘူး။ ပါးစပ်နဲ့ ခြိမ်းခြောက်တာလောက်ပဲ လုပ်ပါတယ်။ နောက်ပြီး အရင်ဆုံးရောက်နေတဲ့ ကိုစိန်ဝင်းဟာ အဲဒီမှာ ထမင်းချက်တဲ့လူ၊ သာမန်အစောင့်စသူတွေကို ရင်းနှီးအောင် စည်းရုံးထားနိုင်ပါပြီ။ အဲဒီလူတွေအားလုံး စစ်သားတွေပါ။ ဒါပေမဲ့ သူတို့မှာလည်း သားနဲ့သမီးနဲ့ဆိုတော့ ကိုစိန်ဝင်းလိုလူအဖို့ သူတို့ကို စာနာတတ်သူတွေဖြစ်လာအောင် သိမ်းသွင်းရတာ မခက်တာ အမှန်ပါပဲ။ ဒီတခါပြန်တွေ့တော့ ကိုစိန်ဝင်းရဲ့ကျန်းမာရေးဟာ မဆိုးဘူးလို့ ဆိုရမယ့်အချိန်ပါ။ လူကောင်းပကတိလိုပါပဲ။ ပြင်းပြင်းထန်ထန် လှုပ်ရှားလုပ်ကိုင်နိုင်ခြင်းတော့ မရှိပါဘူး။ ဒါတောင်မှ ကျွန်တော်ရောက်လာလို့ ကျွန်တော့်ကို ကျေးဖို့ဆိုပြီး ကျွန်တော်တို့နေတဲ့ အဆောင်ဝင်းထဲက သရက်ပင်ကြီးတပင်ပေါ် တက်ပြီး သရက်သီး ခူးပေးပါတယ်။ သူကအရင်တက်တော့ ကျွန်တော့်အထက်မှာပေါ့။ တက်လို့မှ တမိနစ် နှစ်မိနစ်လောက်ရှိသေးတယ်၊ သူ့ကို ပျားတွေက ဝိုင်းတုပ်ပါလေရော။ ပျားတွေက တော်တော်များတာမို့ သူလည်း အတော်လေးခံလိုက်ရပါတယ်။ အဖုအပိမ့်တွေ နဲ့ အိပ်ရာထဲ လဲနေရ၊ ဆရာဝန် လှမ်းခေါ်ရ ဖြစ်သွားပါတယ်။ မမေ့နိုင်စရာလေးတွေ ပြောတာပါ။

နောက်ဆုံးတခါကတော့ ၁၉၇၄ခုနှစ်၊ ကျွန်တော် ရန်ကုန်ကို သွားတဲ့အခါမှာ တွေ့တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၃၈နှစ်ကပါ။ ထုံးစံအတိုင်း ပြောစရာတွေကတော့ တပုံတပင်ကြီးပါပဲ။ အရင်နဲ့မတူ၊ တိုးလာတာက ကိုကိုးကျွန်းမှာ အတူနေခဲ့တဲ့ ရဲဘော်တွေ ဘယ်သူတွေ ဘယ်ရောက်လို့ ဘာဖြစ်နေတယ် စတာတွေပဲ ဖြစ်ပါတယ်။ ပြောလိုက်ကြတာမှ နောက်ပြောစရာမှ ကျန်ပါဦးမလား အောက်မေ့ရပါတယ်။ ဒါပေမဲ့ ကုန်တာတော့ ဘယ်ကုန်ပါ့မလဲ။

အဲဒီနောက်၊ အဲဒီနောက်တော့ တခါမှ ပြန်မတွေ့ကြတော့ပါဘူး။

သာမန်လူသားနှစ်ယောက်ရဲ့ အင်မတန်ရိုးစင်းတဲ့ ဆက်ဆံမှုလမ်းကြောင်းလေးပါ။ ကျနော်ကတော့ အဲဒီလို ရိုးစင်းလွန်းလို့လည်း သူနဲ့သိကျွမ်းဝင်ခဲ့၊ အတူနေခဲ့၊ အတူတိုက်ပွဲဝင်ခဲ့တဲ့ လမ်းကြောင်းလေးကို တန်ဖိုးထားနေတာဖြစ်ပါတယ်။ ကျွန်တော့်ဘဝမှာ ကိုစိန်ဝင်းရဲ့ ဆိုးတိုင်ပင် ကောင်းတိုင်ပင် တယောက်ဖြစ်ခဲ့တာ၊ တိုးတိုးဖော်ဖြစ်ခဲ့တာ၊ တိုက်ဖော်တိုက်ဖက်ဖြစ်ခဲ့တဲ့ နေ့ရက်တွေဟာ ပြောရရင် သက်တမ်းအားဖြင့် မရှည်ကြာလှပေမယ့် သိပ်ဂုဏ်ယူမိပါတယ်။

သူဆုံးတယ်ဆိုတဲ့ သတင်းကြားကြားချင်း ကျွန်တော့်ခေါင်းထဲမှာပေါ်လာတဲ့ စကားကတော့ "သြော်၊ အစ်ကိုကြီးသွားတော့လည်း ငါလိုက်မပို့နိုင်ပါလား" ဆိုတာပါပဲ။

ဖိုးသံ(လူထု)

ကာတွန်း

ကာတွန်းနေဦး၏ လက်ရာ(၁)

ကာတွန်း



ကာတွန်းနေဦး၏ လက်ရာ(၂)

# လက်ဝေခံတပိုင်း လက်ဝါးကြီးအုပ်တပိုင်း အထူးစီးပွားရေးဇုန်များနဲ့ စိမ်ကိန်းကြီးများ

မောင်သန်းမြရွှေ

ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်စီမံကိန်း သဘောတူညီချက်ကို ထိုင်းအခြေဆိုက် အီတာလျံထိုင်း ဖွံ့ဖြိုးရေးကုမ္ပဏီ ITD နဲ့ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်တို့အကြား ၂၀၁၀ ရွေး ကောက်ပွဲမတိုင်မီ ၅ ရက်အလို ၂ နိုဝင်ဘာ ၂၀၁၀ မှာ လက်မှတ်ရေးထိုးတယ်။ ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေကို နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်မှတ်ထိုးပြီး ၂၀၁၁ စစ်တပိုင်းလွှတ်တော် မတိုင်မီ ၂၇ ဖန်နဝါရီ ၂၀၁၁ နေ့စွဲဖြင့် နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်တယ်။ အီတာလျံထိုင်းက ၅၀% မက်စ်မြန်မာက ၂၅%ထည့်ဝင်ပြီး အေရှားဝေါလ်ကလည်း လက်ခဲ့ကန်ထရိုက် sub-contract အဖြစ်ပါဝင်မယ် လို့ဆိုတယ်။

၂၅၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းတဲ့ အထူးစီးပွားရေးဇုန်မှာ ပထမအဆင့်အဖြစ် အမေရိကန်ဒေါ်လာ ၄ ဘီလျံ ကုန်ကျမယ့် ရေနက်ဆိပ်ကမ်းကြီး၊ ၁၇၀ ကီလိုမီတာအရှည်ရှိ နယ်စပ်ဖြတ်ကျော် ရှစ်လမ်းသွား အဝေးပြေးကားလမ်းမကြီးနဲ့ ရထားလမ်းတို့ ပါဝင်တယ်။ တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၂ နှစ်ဆန်းမှ စတင်ပြီး ၂၀၁၅ မှာ ပြီးမယ်လို့ဆိုတယ်။ နောက်တဆင့်အနေနဲ့ ရေနံချက်စက်ရုံတရုံ၊ သဘာဝဓာတ်ငွေ့စက်ရုံတရုံ၊ စက္ကူစက်ရုံ သံမဏိစက်ရုံ ဓာတ်မြေဩဇာစက်ရုံတို့ ပါဝင်တဲ့ ရေနံ ဓာတု လုပ်ငန်းစုကြီးတခုနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတရုံတို့ကို ဆက်လက်တည်ဆောက်မယ်။ စုစုပေါင်း ကနဦးကုန်ကျစရိတ် ဒေါ်လာ ၈.၆ ဘီလီယံ ကုန်ကျမယ့် စီမံကိန်းကြီးဖြစ်တယ်။ ဒီနောက် ထုတ်လုပ်ရေး ဝန်ဆောင်မှုနဲ့ ကြားခံကုန်သွယ်ရေး လုပ်ငန်းအသီးသီး ပါဝင်မယ့် ဇုန်ခွဲအသီးသီးမှာ စက်ရုံအလုပ်ရုံများ တည်ဆောက်သွားဖို့ ဖြစ်တယ်။ FDI ဒေါ်လာ ၅၀ ဘီလီယံလောက် လိုအပ်မယ်လို့ခန့်မှန်းတယ်။

ပြည် ထောင်စု ဝန်ကြီး အဆင့် ရှိ ဗဟိုစီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌမှ ကြီးကြပ်ပြီး ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့သာ တင်ပို့ရောင်းချဖို့ ရည်ရွယ်တယ်။ မြေဌားရမ်းခွင့် မူလအနှစ် ၃၀၊ သက်တမ်းတိုး ပထမအကြိမ် အနှစ် ၃၀၊ ဒုတိယအကြိမ် ၁၅ နှစ် ပေါင်း ၇၅ နှစ် ခွင့်ပြုတယ်။ အမြတ်ခွန် သက်သာခွင့် နှစ်အကန့်အသတ် အမျိုးမျိုးဖြင့် ပေးထားတယ်။

အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံများဖြင့် ကားလမ်းရထားလမ်း ပေါက်မယ့်အပြင် အိန္ဒိယသမုဒ္ဒရာ ရေလမ်းအသုံးပြုနိုင်တဲ့အတွက် ကြားခံကုန်သွယ်ရေးဇုန်အဖြစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI တွေ လိုမ့်ဝင်လာပြီး အိမ်နီးချင်းနိုင်ငံတွေကို မီမယ် ကျော်တက်မယ် စသဖြင့် နေ့ချင်းညချင်း ချမ်းသာလာလိမ့်မယ်လို့ တွက်ပုံရတယ်။ မစားရ ဝခမန်းလည်း ပြောကြတာကြားရတယ်။

(၂)

စစ်အစိုးရလက်ထက် စီမံကိန်းကြီးတွေ လုပ်ခဲ့တာများပါပြီ။ စစ်ဗျူရိုကရက်တွေနဲ့ အမြီးစားဖက် ခေါင်းစားဖက် crony တွေသာ ပေါင်းစားရိုက်စားလုပ်ခဲ့ပြီး ကျိကျိတက်ကြွယ်ဝ ချမ်းသာလာခဲ့ကြတယ်။ ပြည်သူတွေမှာတော့ ဘယ်ခေတ်ကနဲ့မှမတူအောင် ဆင်းရဲတွင်းနက်လာတယ်။ လုံခြုံမှုကင်းမဲ့လာတယ်။ အထင်ရှားဆုံးကတော့ နေပြည်တော်စီမံကိန်းကြီးနဲ့ သံနှင့် သမဏိလုပ်ငန်းစု စီမံကိန်းကြီး Iron and Steel

Industries Complex တို့ပဲ ဖြစ်တယ်။

နေပြည်တော်စီမံကိန်းက ရန်ကုန်မြို့ရှိ နိုင်ငံတော် (ဒီနေရာမှာ ပြည်သူလို့ အဓိပ္ပာယ်ရတယ်) ပိုင် ရုံးဌာန စက်ရုံ အလုပ်ရုံ လုပ်ခင်းကိုင်ခင်းများနဲ့ မြေ အဆောက်အအုံ ပရိဘောဂများကို ပုဂ္ဂလိကပိုင်ပြု (ဒီနေရာမှာ ခရိုနီပိုင်ပြုလို့ အဓိပ္ပာယ်ရတယ်) ရောင်းချရငွေနဲ့ တည်ဆောက်တယ်လို့ ဆိုတယ်။ လက်တဆုပ်စာ အခွင့်ထူးခံ ခရိုနီတွေ တည်ဆောက်ရေး ကန်ထရိုက်တွေရကြပြီး လက်ဝါးကြီးအုပ် အရင်းအနှီးတွေ တိုးချဲ့လာနိုင်ကြတယ်။

သံနှင့်သံမဏိလုပ်ငန်းစုကြီးကတော့ ကာကွယ်ရေးဝန်ကြီးဌာနပိုင် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း MEC လက်အောက်ရှိ သံမဏိစက်ရုံ ၇ ရုံ၊ သံရိုင်းသိုက် ၃ ခု၊ အကြီးဆုံးကျောက်မီးသွေးသိုက် ၂ ခု နဲ့ ချိတ်ဆက် ကားလမ်းရထားလမ်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းတို့အပြင် ဘိလပ်မြေစက်ရုံများလည်း ပါဝင်တယ်။ အကြီးအကျယ် အရှုံးပေါ်နေလို့ ဘတ်ဂျက်အသုံးစရိတ် ဖြတ်တောက်ခံလိုက်ရတဲ့ စီမံကိန်းကြီးတရပ် ဖြစ်တယ်။

လုပ်ငန်းပမာဏနဲ့ ရင်းနှီးမြှုပ်နှံမှုကြီးတဲ့ စီမံကိန်းကြီးများကို ဗိုလ်ချုပ်မှုးကြီးသန်းရွှေ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်တဲ့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့မှ ကြီးကြပ်ခဲ့တယ်။ နဝတ–နအဖ စစ်အစိုးရလက်ထက် စီမံကိန်း ကြီး–လတ်–ငယ် အမျိုးမျိုးလုပ်ခဲ့ကြောင်း တလျှောက်လုံး ကြွားဝါဝါဒဖြန့်ခဲ့တယ်။ အဲဒါတွေ အခု ဘာဖြစ်နေပြီလဲ။ လမ်းမကြီးတွေ မြစ်ကူးတံတားကြီးတွေ ဆည်တွေ ဓာတ်အား ပေးစက်ရုံတွေ ဆိပ်ကမ်းတွေ စသဖြင့် တည်ဆောက်–လည်ပတ်–လက်လွှဲ BOT စနစ်နဲ့ ဆောက်လုပ်ခဲ့ရာမှာ ပြည်သူတွေမှာ လယ်မြေအိုးအိမ်အသိမ်းခံရ အဓမ္မလုပ်အားအခိုင်းခံရ စည်းမဲ့ကမ်းမဲ့အခွန် အတုတ်ပေးရ အာဏာပြအနိုင်ကျင့်ခံရ အမျိုးမျိုး ဒုက္ခရောက်ကြရတယ်။ အကျိုးခံစားရတာက နည်းနည်း ဒဏ်ခံရတာကများနေတယ်။ ကြည့်ပါ၊ စစ်တပိုင်းလွှတ်တော်မှာ တင်ပြချက်အရ နိုင်ငံခြားကြွေးမြီ ဒေါ်လာ ၁၂ ဘီလျံကျော်၊ အခွန်ရရှိမှုက (အဓိက ခရိုနီစီးပွားရေး လုပ်ငန်းကြီးများထံမှ ကောက်ခံရတာဖြစ်) GDP (ဝင်ငွေပေါင်း) ရဲ့ ၃.၂% ပဲရှိတယ်။ စီမံကိန်းတော်တော်များများက အရှုံးပေါ်နေတယ်။ ၂၀၁၂–၁၃ ဘတ်ဂျက်လိုငွေက ဖြတ်တောက်ထားပြီးတာတောင် GDP ရဲ့ ၃.၈% ရှိတယ်။

ကမ်းလွန်နဲ့ ကုန်းတွင်း ရေနံဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းတွေ၊ ရေနံဓာတ်ငွေ့ပိုက်လိုင်းတွေ၊ ရေကာတာတွေ ဓာတ်အားပေးစက်ရုံတွေ၊ ရေနက်ဆိပ်ကမ်းကြီးတွေ၊ (ထားဝယ်၊ ကျောက်ဖြူ၊ သီလဝါစတဲ့) အထူးစီးပွားရေးဇုန်တွေ စတဲ့ စစ်အစိုးရလုပ်ခဲ့သမျှ နဲ့ ဆက်လက်လုပ်ဆောင်ဖို့ ပြင်ဆင်ထားတဲ့ နိုင်ငံတော်အတိုင်းအတာ ဆောင်တဲ့ စီမံကိန်းကြီးတွေဟာ ပွင့်လင်းမြင်သာမှုမရှိ ပြည်သူကိုအသိမပေးရေရှည်ကိုမကြည့် မာရှယ်လောအာဏာနဲ့ လုပ်ခဲ့တာဖြစ်တယ်။ ဒီဒဏ်တွေကို ပြည်သူတွေ ရေရှည်ခံကြရဦးမယ်။ ၂၀၀၈ အောက်က စစ်တပိုင်းလွှတ်တော်ကလည်း အမွေဆက်ခံရုံမှအပ ဘာမှတတ်နိုင်လိမ့်မယ် မဟုတ်ဘူး။

(၃)

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို မာရှယ်လောအာဏာနဲ့ ဖုတ်ပူမီးတိုက် လုပ်ခဲ့သော်လည်း အခက်အခဲတွေ အများအပြားရှိတယ်။

အနောက်နိုင်ငံတွေရဲ့ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုမှ လွတ်အောင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးဆိုတာကို အနောက်နိုင်ငံတွေ ကျေနပ်လက်ခံနိုင်လောက်တဲ့အထိ လုပ်ပြလာရတယ်။ ဒေါ်စုနဲ့စေ့စပ်တာ၊ NLD ကို တင်ခွင့် ဝင်ခွင့် ပေးတာ၊ ကြားဖြတ်ရွေးကောက်ပွဲ မျှတစွာ ကျင်းပပေးတာ၊ နိုင်ငံရေးအကျဉ်းသမား မီဒီယာလွတ်လပ်ခွင့် အသင်းအပင်းဖွဲ့ခွင့် ဆန္ဒပြခွင့် စတဲ့ လစ်ဘရယ် ဖြေလျှော့မှုတွေ (စစ်တပိုင်းအစိုးရ လက်ခံနိုင်လောက်တဲ့ အတိုင်းအတာတရပ်အထိ) လုပ်ပေးလာတာတွေဖြစ်တယ်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအပေါ် နယ်ခြားစောင့်တပ်ပေါ်လစီအစား အပစ်အခတ်ရပ်ရေးနဲ့ ဒေသဖွံ့ဖြိုးရေး ပေါ်လစီ ပြောင်းလဲကျင့်သုံးလာတယ်။ အနောက်နိုင်ငံတွေက ပိတ်ဆို့မှုကို တရစ်ချင်းစီ ဖြေလျော့ပေးလာသော်လည်း ပြဿနာတွေ တပုံကြီးကျန်သေးတယ်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေတွေ ပြည့်စုံလုံလောက်စွာ မပြဋ္ဌာန်းရသေးဘူး။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ(သစ်) ပြဋ္ဌာန်းဖို့ ပြင်တုန်းရှိသေးတယ်။ ရှိပြီးဖြစ်တဲ့ နအဖလက်ထက် ၁၉၈၈ နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုဥပဒေ(ဟောင်း)၊ မြေအသုံးချခွင့် အမိန့်ကြော်ငြာစာ၊ နိုင်ငံခြားငွေဆိုင်ရာ အမိန့်ကြော်ငြာစာတို့နဲ့ FDI ဆွဲဆောင်ဖို့ မလုံလောက်ဘူး။ ယှဉ်ပြိုင်မှုဆိုင်ရာ လက်ဝါးကြီးအုပ်ဆန့်ကျင်ရေး ဥပဒေ၊

ဥာဏပစ္စည်းဆိုင်ရာ ဥပဒေ၊ အလုပ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ စတဲ့ ဥပဒေတွေ မရှိသေးဘူး။ ဒါတ်အောက်နေတဲ့ တည်ဆဲဥပဒေတွေကလည်း တချို့ အသက်မဝင်ဘူး၊ တချို့ အသုံးမဝင်ဘူး၊ တချို့ မပြည့်စုံဘူး။

စီမံကိန်းက ဒေါ်လာဘီလီယံ ဆယ်ဂဏန်းချိတဲ့ နိုင်ငံတကာအတိုင်းအတာရှိတဲ့ စီမံကိန်းကြီးဖြစ်တယ်။ အီတာလျံထိုင်းကို ကန်ထရိုက်ပေးထားတယ်။ မက်စ်မြန်မာနဲ့ အေရှားဝါလ်က sub-contractor လက်ခွဲကန်ထရိုက်အဖြစ် ပါဝင်တယ်။ အီတာလျံထိုင်းက ငွေလှည့်ချေးတုန်း ရှိသေးတယ်။ ဖက်စပ်ရင်းနှီးမြှုပ်နှံမှု လုပ်မယ့်သူ ရှာတုန်း ရှိသေးတယ်။ ထိုင်းကူးသန်းရောင်းဝယ်ရေးဘဏ် Siam Commercial Bank ကို ဘဏ္ဍာရေးအတိုင်ပင်ခံအဖြစ် ငှားထားတယ်။ ဂျပန်နဲ့ကိုရီးယား ဘဏ်တွေက စိတ်ဝင်စားမှုရှိသော်လည်း သူတို့ဘာသာ သီးသန့် သီလဝါအထူးစက်မှုဇုန်ကို လုပ်ဖို့ ပိုစိတ်ဝင်စားတယ်လို့ ဆိုတယ်။ အာရှဖွံ့ဖြိုးရေးဘဏ် ADB က ကိုယ်ပိုင်စီမံကိန်း မဟုတ်ဘဲ ငှားထားတာဖြစ်တဲ့အတွက် ငွေထုတ်ချေးဖို့ တွန့်ဆုတ်နေတယ်လို့ သိရတယ်။ အနောက်နိုင်ငံ ကုမ္ပဏီကြီးများက စောင့်ကြည့်ဆဲပဲ။ အီတာလျံထိုင်းက ထိုင်းစတော့အိပ်ချိန်းမှာ မှတ်ပုံတင်ထားတဲ့ နိုင်ငံတကာကုမ္ပဏီဖြစ်သော်လည်း ဒီလောက်ကြီးတဲ့ စီမံကိန်းမျိုး သူတဦးတည်း မနိုင်ဘူး။ ဒေါ်လာ ၁၄၉ သန်းတန် မွန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ကန်ထရိုက်ရဖူးတယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းချည်းသက်သက်ဟာ အီတာလျံထိုင်း တာဝန်ယူလုပ်ကိုင်ဆဲ ဖြစ်တဲ့ ထိုင်းချုံဘူရီပြည်နယ် Leam Chabang ဆိပ်ကမ်းထက် ငါးဆကြီးပြီး Rayong ရှိ မက်တာဖု Map Ta Phut စက်မှုဇုန်ထက် ဆယ်ဆကြီးတယ်လို့ ဆိုတယ်။ စီးပွားရေးသမား ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ကလည်း ပွဲစားလုပ်ပြီး နိုင်ငံတကာ ဘဏ္ဍာအရင်းစျေးကွက်မှာ ငွေလိုက်ချေးနေတယ်။

ပြည်တွင်း နိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၂ ဇန္နဝါရီအထိ စာရင်းအရ ကျပ်ဘီလီယံ ၁,၇၀၀ နီးပါး (၈၀၀ ကျပ်နဲ့တွက်ရင် ဒေါ်လာ ၂ ဘီလီယံကျော်) ပဲ ရှိတယ်။ ၂၀၁၁–၁၂ ဘတ်ဂျက်အသုံးစရိတ်က ကျပ် ၆,၃၀၀ ဘီလီယံ( ၈၀၀ ကျပ်နဲ့တွက်ရင် ဒေါ်လာ ၈ ဘီလီယံလောက်) ပဲ ရှိတယ်။ ပြည်တွင်းမှာ အရင်းအနှီး မလုံလောက်တာ ထင်ရှားတယ်။ မက်စ်မြန်မာနဲ့ အေရှားဝေါလ်က ဘယ်ကငွေနဲ့ အရင်းအနှီး ထည့်ဝင်မှာ တုန်း။ မတန်တဆလျော်ကြေးနဲ့ အဓမ္မသိမ်းထားတဲ့ မြေတွေကို ပေါက်စျေးနဲ့ တန်ဖိုးသင့်ပြီး ထည့်ဝင်မှာဖြစ်တယ်။ ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်း ကုန်ကြမ်း တင်သွင်းမှုလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းစတဲ့ ပြည်တွင်းမှာ လက်ဝါးကြီးအုပ်ထားပြီးဖြစ်တဲ့ အဆွယ်အပွားလုပ်ငန်းတွေနဲ့ ထည့်ဝင်မှာဖြစ်တယ်။ ပြည်တွင်းမှာ လက်ဝါးကြီးအုပ်စုဆောင်းထားတဲ့ အရင်းအနှီးနဲ့ ပြည်ပမှာ လက်ဝေခံလုပ်ကာ ဓနအင်အားတိုးချဲ့ကြမှာ ဖြစ်တယ်။

တကမ္ဘာလုံးအတိုင်းအတာအရ နိုင်ငံခြားအရင်းအနှီး FDI ရဲ့ ၈၀% လောက်ဟာ နိုင်ငံတကာကော်ပိုရေးရှင်းကြီးများ TNC, MNC များနဲ့ လက်အောက်ခံ ကုမ္ပဏီများရဲ့ အရင်းအနှီး များဖြစ်တယ်။ FDI ရဲ့ ၂၅% လောက်ဟာ အတတ်ပညာ နည်းပညာ နဲ့ စီမံခန့်ခွဲမှုကို ဝယ်ရတာဖြစ်တယ်။ ကျန်တာတွေက စက်ကိရိယာ စက်မှုကုန်ကြမ်းနဲ့ စျေးကွက်ဝေစု စတာတွေအတွက်ဖြစ်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုတာ စျေးကွက်လက်ဦးမှု ရလိုလို့ဖြစ်တယ်။ သူတို့နိုင်ငံမှာ ထုတ်လုပ်တာထက် ကုန်ကျစရိတ် သက်သာလို့ဖြစ်တယ်။ အမြတ်မရရင် မမြှုပ်နှံဘူး။ လုပ်ခနည်း သယံဇာတပေါ သဘာဝ ဝန်းကျင်ကန့်သတ်ချက်နဲ့ လူမှုပဋိပက္ခ နည်းတဲ့ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံများသို့ ကာယအားပြုစက်မှုလုပ်ငန်းများ တနည်း ညစ်ညမ်း အန္တရာယ်များ လက်ဝင်တဲ့ 3D စက်မှုလုပ်ငန်းများကို ရွှေ့ပြောင်း ရင်းနှီးမြှုပ်နှံတာဖြစ်တယ်။ နည်းပညာမြင့် စက်မှုလုပ်ငန်းတွေကိုတော့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူအရ ထိန်းချုပ်ထားတယ်။

ဗမာပြည်မှာ အရွယ်ရောက် အလုပ်လုပ်နိုင်သူ လုပ်သားအင်အား သန်း ၃၀ ကျော်ရှိတယ်။ သယံဇာတနဲ့ မြေ ပေါတယ်။ သယံဇာတ ကုန်ကြမ်းပေါတယ်။

ပညာတတ် လူလတ်တန်းစား အချိုးအစား သေးငယ်တယ်။ နှစ်ပေါင်းများစွာ တံခါးပိတ်ထားတယ်။ ဆင်းရဲခေတ်နောက်ကျတယ်။ အသစ်ကလေး virgin land လို့ ဆိုကြတယ်။ နိုင်ငံခြားအရင်းအနှီးတွေ ဖိတ်ခေါ်ပြီး အတတ်ပညာ နည်းပညာ မရလိုက်ရင်၊ စက်မှုအခြေခံ မရလိုက်ရင် အမျိုးသားအရင်းအနှီး (စစ်ဗျူရိုကရက်နဲ့ ခရိုနီအရင်းအနှီး မဟုတ်) မစုဆောင်းမိရင်၊ သယံဇာတတွေ ကုန်ခန်း သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးပြီး ကျွန်ခံလိုက်ရတာပဲ အဖတ်တင်မယ်။

ထားဝယ်စက်မှုဇုန် စီမံကိန်းကို ၁၉၉၅ လောက်ကတည်းက ရေးဆွဲထားတာဖြစ်သော်လည်း အာရှစီးပွားရေးကပ်ကြောင့် ရင်းနှီးမြှုပ်နှံမယ့်သူ မရှိခဲ့ဘူး။ ယခု အနောက်ကမ္ဘာ အရင်းရှင်စီးပွားရေးကပ်ကျော်ကာလမှာ သယံဇာတအခြေခံ စက်မှုလုပ်ငန်း နဲ့ ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်း တချို့မှာသာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားနေတာ တွေ့ရတယ်။ ဒါထက် ပိုသတိထားရမှာက အမျိုးသားအရင်းအနှီး မပြည့်စုံ အမျိုးသားစီးပွားရေး ချည့်နဲ့နေတဲ့ကြားက အရင်းအနှီးစျေးကွက်ကို လက်လွတ်စပယ် ဖွင့်ပေးဖို့ ကြံနေကြတယ်။ ငွေချေးစာချုပ်များ အာမခံစာချုပ်များ ငွေကြေးသက်သေခံလက်မှတ်များ အစုရှယ်ယာများကို ရောင်းဝယ်ပေါင်နှံ လွှဲပြောင်းမယ့် အရင်းအနှီးစျေးကွက် စတော့အိပ်ချိန်း ဖွင့်ဖို့ စီစဉ်နေကြတယ်။

(၄)

အမျိုးသားအရင်းအနှီး စုဆောင်းဖို့နဲ့ တိုးပွားဖို့ဆိုရင် အခြေခံလူတန်းစား နှစ်ရပ်ဖြစ်တဲ့ အလုပ်သမားနဲ့ လယ်သမားတွေ ဘဝ လွတ်မြောက်ဖို့နဲ့ စွမ်းရည်တိုးတက်ဖို့ လိုတယ်။ လယ်လုပ်သူ လယ်ပိုင်ဖို့ လိုတယ်။ အရင်ခဲရဲထမ်းပိုးအောက်က လုပ်အားလွတ်မြောက်ဖို့ လိုတယ်။ အမြော်အမြင်ရှိတဲ့ ပညာတတ်လူတန်းစား တိုးပွားဖို့ လိုတယ်။ တိုင်းချစ်ပြည်ချစ် အမျိုးသားအရင်းရှင်များ အမှီအခိုကင်းစွာ ရပ်တည်နိုင်ဖို့ လိုတယ်။ ၂၁ ရာစု စိန်ခေါ်မှုများကို ရင်ဆိုင်ဖို့ မိမိနိုင်ငံနဲ့ကိုက်ညီမယ့် အမျိုးသားစီးပွားရေး မဟာဗျူဟာ ရှိရမယ်။ တခွန်းတည်းပြောရရင် စစ်ဗျူရိုကရက်များနဲ့ အပေါင်းပါခရိုနီများ အုပ်စီးထားတဲ့ လက်ဝေခံတပိုင်း–လက်ပါးကြီးအုပ်တပိုင်း စီးပွားရေးကို ဖျက်သိမ်းဖို့လိုတယ်။

ယခုတလော အလုပ်သမားဆန္ဒပြမှုတွေ စိပ်လာတယ်။ အဓမ္မလယ်သိမ်းခံရတဲ့ လယ်သမားတွေ လက်ငုတ်လယ် လက်မလွတ်ရေး တောင်းဆိုလာတယ်။ ထားဝယ်အထူးစီးပွားရေးဇုန် တခုတည်းမှာ ရေဖြူနဲ့လောင်းလုံမြို့နယ်တို့မှာ ရွာပေါင်း ၂၀ ကျော် လူဦးရေ ၃၂,၀၀၀ကျော် မြေသိမ်းခံရ ရွှေ့ပြောင်းခံရတယ် လို့ ကြားရတယ်။ အလုပ်သမားတွေက အခြေခံလုပ်ခ တိုးမြှင့်ရေးအတွက် အဓိကထား တောင်းဆိုကြတယ်။ လယ်သမားတွေက လယ်မြေလက်မလွတ်ရေး အဓိကထား တောင်းဆိုကြတယ်။ အသက်ရှင်ရပ်တည်နိုင်ရေးနဲ့ မသေရုံ စားသောက်နိုင်ရေးအတွက်ပဲ အဓိကထား တောင်းဆိုနေရသေးတယ်။ ပညာရေး ကျန်းမာရေး လူမှုရေး ဘဝလုံခြုံရေးစတဲ့ အရေးများအတွက် မတောင်းဆိုနိုင်ကြသေးဘူး။ သူတို့ရဲ့ တောင်းဆိုချက်တွေဟာ တရားပါတယ်။ အရေးလည်း ကြီးတယ်။ ရှေ့လျှောက်ကြာလေ အရေးပါလေ ဖြစ်လိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ အလုပ်သမားမရှိဘဲ ဘယ်အရင်းရှင်မှ မရပ်တည်နိုင် ဘယ်အရင်းမှ မကြီးထွားနိုင်လို့ ဖြစ်တယ်။

အရင်းနဲ့လုပ်အားတိုက်ပွဲဟာ သမိုင်းနဲ့ချီ ရှည်ကြာပါတယ်။ ပဋိပက္ခဖြစ်တဲ့ အပိုင်းရှိသလို ညီညွတ်တဲ့အပိုင်းလည်း ရှိတယ်။ အရင်းရှင်လူ့အဖွဲ့အစည်းအောက်မှာ ပဋိပက္ခဖြစ်မှုဟာ အဓိက ဘက် ဖြစ်တယ်။ စီးပွားရေးကပ်ဆိုတာ ပဋိပက္ခပေါက်ကွဲတာဖြစ်တယ်။ စီးပွားရေးအကျပ်အတည်းမှ နိုင်ငံရေးအကျပ်အတည်းအထိ ကြီးထွားမလာဖို့ လစ်ဘရယ်ဖြေလျော့မှုတချို့ မလွဲမရှောင်သာ လုပ်လာရတယ်။ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ မျက်နှာပုံးစွပ်ရတယ်။ လူသားဆန်တဲ့ အရင်းရှင်အဖြစ် မျက်နှာဖုံးစွပ်ရတယ်။ ပြုပြင်ပြောင်းလဲရေးစကား များများပြောလာရတယ်။ ဒါပေမဲ့ 'ရွှေပြည်အေး' လမ်းကြောင်းအသီးသီးဖြစ်တဲ့ ရောဘတ်အိုဝင်ရဲ့ စိတ်ကူးယဉ်ဆိုရှယ်လစ် စံပြအရင်းရှင် လူ့အဖွဲ့အစည်း မိုဒယ်ပုံစံသော်လည်းကောင်း၊ ဝိတိုရီယခေတ် ရှေးဟောင်းလစ်ဘရယ် စံပြအရင်းရှင် လူ့အဖွဲ့အစည်း မိုဒယ်ပုံစံသော်လည်းကောင်း၊ ဆိုရှယ်ဒီမိုကရက် သက်သာချောင်ချိရေး စံပြအရင်းရှင်လူ့အဖွဲ့အစည်း မိုဒယ်ပုံစံသော်လည်းကောင်းဟာ မအောင်မြင်တာ ကြာလေ ထင်ရှားလေ ဖြစ်တယ်။

ဗမာပြည် အမျိုးသားစီးပွားရေး အမှီအခိုကင်းစွာ ပွဲဖြိုးတိုးတက်ရေးအတွက် ပြည်သူတွေကိုယ်တိုင် ကိုယ့်အင်အားကိုယ်စုရုံးပြီး တော်လှန်ပြောင်းလဲယူမှ ရမှာ ဖြစ်တယ်။

မောင်သန်းမြင့်
(၂၄–၆–၂၀၀၂)

နိုင်ငံရေး

# ဦးသိန်းစိန်အစိုးရခေတ်မှာ ပြည်သူလူထုရဲ့ဝင်ငွေတိုးလာဖို့ ဆိုတာ တကယ်ဖြစ်နိုင်ပါသလား

ကိုထွေး

၁

၂၀၁၂ ဇွန်လ ၁၉ရက်နေ့က သမ္မတဦးသိန်းစိန်က နိုင်ငံတော်ရဲ့ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်များကို ပြောသွားပါတယ်။ အဓိက ကတော့ ပြည်သူလူထုရဲ့ ဝင်ငွေတိုးတက်လာအောင် ဘယ်လိုစီမံနေတယ်ဆိုတာကိုပြောတာပါပဲ။ စီမံကိန်းအရ ၂၀၁၅–၁၆ ဘဏ္ဍာနှစ်မှာ ပြည်သားများရဲ့ ပျမ်းမျတဦးကျ ဂျီဒီပီဟာ အခြေခံနှစ်ထက်(၁ ဒသမ ၇)ဆ ရရန် ရည်မှန်းထားပေမယ့် သူ့အနေနဲ့ (၃)ဆ တိုးတက်အောင် ကြိုးစားချင်တာလို့ ဆိုပါတယ်။

ဒီလိုတိုးတက်ဖို့ဆိုရင် ငွေကြေးအရင်းအနှီး ထည့်ဝင်မှုပမာဏ လက်ရှိထက် နှစ်ဆခန့် တိုးတက်ရင်းနှီးမြှုပ်နှံဖို့၊ နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်သွားဖို့၊ နိုင်ငံတကာအကူအညီနဲ့ ချေးငွေ၊ နည်းပညာအကူအညီများ ရယူဆောင်ရွက်သွားဖို့လိုတယ်လို့ ဆိုပါတယ်။ ဦးသိန်းစိန်က ပြည်သူလူထု ဝင်ငွေ တိုးတက်အောင်လုပ်ပေးမယ့်သူဖြစ်လို့ သူ့အစိုးရကို ထောက်ခံဖို့နဲ့ နိုင်ငံတကာ့ အကူအညီများတိုးတက်ရရှိဖို့ မဲဆွယ်လိုက်တာဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲအတွက်ပါ ချိန်ပြီး လူထုကိုစည်းရုံးနေပုံရပါတယ်။ လက်ရှိဗမာပြည်ရဲ့ အခြေအနေက သူပြောသလိုဖြစ်လာဖို့ အလားအလာ ရှိပါရဲ့လား။

၂

၂၀၁၂ ဧပြီလ ကြားဖြတ်ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါဝင်ခဲ့ပြီးတဲ့နောက် ပြည်တွင်းရဲ့ နိုင်ငံရေး ထိပ်တိုက်ဖြစ်မှုဟာ အရှိန်လျော့သွားခဲ့သလို နိုင်ငံတကာရဲ့ ဦးသိန်းစိန် အစိုးရအပေါ် အကောင်းမြင်မှုတွေလည်း တက်လာခဲ့ပါတယ်။ အထူးသဖြင့် မထိန်းနိုင်မသိမ်းနိုင် တက်ကြွနေတာက အမေရိကန်ဖြစ်ပါတယ်။ အရင်က ချထားတဲ့ အတားအဆီးတွေကို ဒလဟောဖွင့်ပြီး အရင်းအနှီးတွေ အလုံးအရင်းနဲ့ လှိမ့်ဝင်လာတော့မလိုပါပဲ။ ဦးသိန်းစိန်အစိုးရ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လမ်းကြောင်းမှ နောက်ပြန် လှည့်သွားနိုင်သေးကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သတိပေးနေရတဲ့အခြေအနေပါ။ အမေရိကန်အတွက်က ဒီမိုကရေစီရဲ့ ပြယုဂ်ဖြစ်တဲ့ ရွေးကောက်ပွဲလည်း ပြီးသွားပြီ၊ အတိုက်အခံ အင်အားစုနဲ့ အစိုးရကလည်း ပြေလည်နေပြီ၊ အစိုးရကလည်း ဖက်လဲ့တကင်း ကြိုနေပြီ၊ သူကလည်း အဝင်နောက်ကျခဲ့ပြီလို့ ခံစားနေသူဆိုတော့ အမြန်ဝင်ဖို့ လောနေပါတယ်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကတော့ လွှတ်တော်ထဲဝင်ပြီး ဆက်လက်တိုက်ပွဲဝင်သွားဖို့ ပြင်နေတာဆိုတော့ အမေရိကန်ရဲ့ စီးပွားရေး ပိတ်ပင်တားဆီးမှုဟာ သူတို့အတွက် အားထားရတဲ့ လက်နက်ကောင်းတစ်ခုအဖြစ် သဘောထားနေဆဲမှာ ဦးသိန်းစိန်အစိုးရ ကတော့ အမေရိကန်နဲ့ အနောက်နိုင်ငံများရဲ့ အရင်းအနှီးနဲ့ မျက်နှာသာ ရရေးကို အစွမ်းကုန်လုပ်နေပါတယ်။ ဒီခြေအနေက ဗမာပြည်ထဲကို အမေရိကန်အပါ အနောက်နိုင်ငံများရဲ့ အရင်းအနှီးနဲ့ လုပ်ငန်းများ၊ နည်းပညာများ ဝင်ရောက်လာဖို့ ထင်သလောက် မလွယ်သေးတာ မြင်သာပါတယ်။

၃

လက်ရှိကာလမှာ ပြည်တွင်း နိုင်ငံရေးအခြေအနေဟာ အပေါ်ယံသဏ္ဌာန်အားဖြင့် ထိပ်တိုက်ဖြစ်မှုတွေ လျော့သွားသယောင်ရှိပေမယ့် တကယ်တော့ နောင်လာမယ့် ပြင်းထန်တဲ့ တိုက်ပွဲအတွက် ပြင်ဆင်အားစုနေကြတာသာဖြစ်ကြောင်း ပြည်သူလူထုတွေနဲ့ နိုင်ငံရေးအင်အားစုတွေ၊ လူမျိုးစုလက်နက်ကိုင် အင်အားစုတွေ အားလုံးက သိကြပါတယ်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဘယ်အတိုက်အခံအင်အားစုကမှ လက်ခံခဲ့ကြတာမဟုတ်ဘဲ အတည်ပြုတာခံခဲ့ကြရတာပါ။ ၂၀၁၀ ရွေးကောက်ပွဲဟာ နအဖစစ်အုပ်စုက လုပ်ချင်တာ လုပ်သွားတာကို အသာကြည့်နေခဲ့ကြရတာဖြစ်ပါတယ်။ စစ်တပ်ကို ပိုင်

ပိုင်နိုင်နိုင် ချုပ်ကိုင်ထားနေနိုင်သေးတဲ့ စစ်အုပ်စုအာဏာ ရှိနေသေးသ၍၊ ဒါမှမဟုတ် စစ်တပ်က စစ်အုပ်စုရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ထိန်းပေးရန် တက်ကြွနေသေးသ၍ စစ်အုပ်စု လုပ်ချင်တာ လုပ်နေနိုင်ဦးမှာဖြစ်ပါတယ်။ စစ်အုပ်စု လက်အောက် နှစ်၆၀ ဖြတ်လာခဲ့တဲ့ ကိုယ်ပိုင်အတွေ့အကြုံတွေအရ ဒီ အကျိုးအကြောင်းကိုသိနေတဲ့ ပြည်သူလူထုနဲ့ နိုင်ငံရေးအင်အားစုတွေက ဒီအခြေအနေကို ပြောင်းလဲပစ်ဖို့ ဆက်လက်ကြိုးပမ်း တိုက်ပွဲဝင်နေကြမှာသာဖြစ်ပါတယ်။ တိုက်ပွဲပုံစံပြောင်းလဲလိုက်တဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ခြေလှမ်းတွေကို ကြည့်ပါ။ လွှတ်တော်ထဲမှာ တိုက်ပွဲသစ်တွေ မကြာခင်ပေါ်လာတာ တွေ့ကြရတော့မှာပါ။ ဦးသိန်းစိန်ပြောတဲ့ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဆက်တက်ရင်၊ ညောင်နှစ်ပင်ညီလာခံတုန်းကလို ကိုယ့်တင်ပြချက်မှန်သမျှ သူ့လူတွေက မဲအသာစီးနဲ့ ပယ်ဖျက်ခံရတာနဲ့ ပြီးသွားခဲ့တဲ့ အခြေအနေမျိုး ထပ်တွေ့မှာကို တွက်မိကြပြီး ကိုယ့်တပ်နဲ့ ကိုယ့်ဒေသကို ထိန်းကာ အပစ်ရပ်စဲရေးလောက် လုပ်ထားရင်း အခြေအနေစောင့်ကြည့်နေကြတဲ့ လူမျိုးစုလက်နက်ကိုင် အပစ်ရပ်အဖွဲ့များရဲ့ အနေအထားက လက်နက်ကိုင် ပြန်တိုက်ကြရတဲ့ အခြေအနေ ပြန်ရောက်ဖို့က အဆင်သင့် ဖြစ်နေဆဲပါ။ ခုလည်း တချို့အဖွဲ့တွေနဲ့ တိုက်ပွဲတွေဖြစ်နေတာ မြင်နေကြရတယ် မဟုတ်ပါလား။ အမျိုးသား ပြန်လည် ရင်ကြားစေ့ရေးကို ရိုးရိုးသားသား လုပ်ချင်ရင် လွယ်ရက်နဲ့ စစ်အုပ်စုရဲ့ မရိုးသားမှုကြောင့် ခက်ခဲနေတာ ဖြစ်ပါတယ်။ ဦးသိန်းစိန်အစိုးရရဲ့ စိတ်ရင်းက ၂၀၀၈အခြေခံ ဥပဒေအရ သူတို့ ပေးချင်သလောက် ပေးထားပြီးဖြစ်ပါတယ်။ ဒါနဲ့ ကျေနပ်ရင် ပြီးနိုင်ပေမယ့် မကျေလည်ရင်တော့ စေ့စပ်ဆွေးနွေးပွဲနဲ့ အချိန်ဆွဲ ထိန်းထားပြီး သူတို့အစိုးရ နိုင်ငံတကာမှာ ပုံမှန်အခြေအနေ ရောက်တဲ့အခါမှာ စစ်အင်အားသုံးပြီး ချေမှုန်းပစ်ချင်တာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်တပ်ကို စစ်အုပ်စုရဲ့ တပ်အဖြစ်နဲ့ စစ်အင်အား တိုးချဲ့တည်ဆောက်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဦးသိန်းစိန်က သူ့မိန့်ခွန်းတွေမှာ တခြားကိစ္စတွေ ပြုပြင်ပြောင်းလဲရေးကို တင်ပြနေပေမယ့် စစ်တပ်ပြုပြင်ပြောင်းလဲရေးကို မတင်ပြတာ ဖြစ်ပါတယ်။ ပြည်သူ့အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်တဲ့ တပ်မတော် အဖြစ် ပြုပြင်ပြောင်းလဲ ဖွဲ့စည်းမှု မလုပ်နိုင်သေးသ၍ ဗမာပြည် ပြည်သူတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးဟာ ဘာအာမခံချက်မှ မရှိနိုင်ပါ။

၄

လောလောဆယ် အမေရိကန်အရင်းအနှီးတွေ အလုံးအရင်းနဲ့ မဝင်လာသေးပေမယ့် ခု လက်ရှိစာရင်းဇယားအရ နိုင်ငံနဲ့ ဒေသ(၃၁)ခုက မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းပေါင်း(၄၅၆)ခုမှာ အမေရိကန်ဒေါ်လာ ဘီလီယံ(၄၀)ခန့် ရင်းနှီး မြှုပ်နှံပြီး လုပ်ကိုင်နေကြပါတယ်။ စစ်အုပ်စု အာဏာရခဲ့တဲ့ နှစ်၅၀အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အများဆုံးရလာတဲ့ ကာလတွေပါပဲ။ ဗမာပြည်ရဲ့ စီးပွားရေး ကိန်းဂဏန်းတွေ ကြီးလာပေမယ့် သာမန်လူထုတွေရဲ့ စားဝတ်နေရေး ထူးခြားမလာဘဲ တချို့က နိမ့်သထက် နိမ့်လာနေပါတယ်။ ခု လက်ရှိရထားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကြောင့် အကျိုးရှိပြီး ချမ်းသာကြွယ်ဝလာသူတွေကတော့ စစ်အုပ်စုနဲ့ သူတို့ရဲ့ ဆွေမျိုးသားချင်းများနဲ့၊ သူတို့နဲ့ နီးစပ်တဲ့ အသိုင်းအဝိုင်းတွေသာ ဖြစ်ပါတယ်။ တကယ့်အခြေခံ လူထုတွေရဲ့ ဝင်ငွေတွေ မြှင့်တင်နိုင်တဲ့အခြေအနေရောက်ဖို့ဆိုရင် စစ်အုပ်စုလက်ဝါးကြီးအုပ်ထားတဲ့ နိုင်ငံရေးစနစ်ကို ပြောင်းလဲနိုင်ဖို့ လိုပါတယ်။ စစ်အုပ်စုလက်ဝါးကြီးအုပ် စီးပွားရေးစနစ်ကို ပြောင်း ပစ်နိုင်ဖို့ပါ လိုတယ်။ ဒီလိုအခြေခံစနစ်တွေကို မပြောင်းလဲဘဲ စစ်အုပ်စုရဲ့ တစ်နပ်စားဥာဏ်နဲ့ အမေရိကန်နဲ့ တရုတ်ကြား ကစားပြီး စီးပွားရေးအခွင့်အလမ်းများ ရရှိအောင်လုပ်ဖို့ စိတ်ကူးနေရင်တော့ တစ်နေ့မှာ ကြားညပ်ပြီး တိုင်းပြည်ပါ ချောက်ကျသွားနိုင်ပါတယ်။ တကယ်တော့ အားလုံးနဲ့ ညှိနှိုင်းဆွေးနွေးပြီး ဗမာပြည်ရဲ့ အခြေခံနိုင်ငံရေးစနစ်ကို ပြုပြင်ပြောင်းလဲကာ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ ပွင့်လင်းရင်းနှီးစွာ ဆက်ဆံနိုင်အောင် လုပ်သင့်ပါတယ်။ ဒါဆိုရင် ဗမာပြည်ရဲ့ စီးပွားရေးဟာ တည်တည်ငြိမ်ငြိမ်နဲ့ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီလို အခြေနေတွေကို မပြောင်းလဲဘဲ ဦးသိန်းစိန်အစိုးရက ကမ္ဘာ့အဆင့်မီ ကြွယ်ဝချမ်းသာနေသူတွေနဲ့ ဆင်းရဲသားပြည်သူလူထုတွေရဲ့ ကွာခြားလွန်းတဲ့ဝင်ငွေကို ပျမ်းမျှတွက်ပြီး ပြည်သူလူထုတွေရဲ့ အခြေခံဝင်ငွေ သုံးဆမြင့်လာပြီလို့ ဆိုရင်တော့ တကယ်ဒုက္ခရောက်နေတဲ့ပြည်သူလူထုရဲ့ အုံကြွတော်လှန်မှုနဲ့ မုချရင်ဆိုင်ရမှာဖြစ်ပါတယ်။

**ကိုထွေး**

၂၆၊ ၆၊ ၂၀၁၂

# ဘယ်လို ပြုပြင်ပြောင်းလဲရေးလဲ ဘယ်သူ့အတွက် ဒီမိုကရေစီလဲ

မောင်စိန်သော်

မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် ဆိုသည့် အဖွဲ့သို့ တိုင်ကြားကြသည့် အမှုများထဲတွင် မြေယာနှင့်ဆိုင်သောအမှုမှာ အများဆုံးဖြစ်သည်။ ထိုအထဲတွင် အချို့လယ်ယာမြေများအား ကုမ္ပဏီများမှ လည်းကောင်း၊ ဦးပိုင်မှလည်းကောင်း၊ စစ်တပ်မှလည်းကောင်း၊ စည်ပင်မှလည်းကောင်း၊ မြေယာကော်မတီများမှလည်းကောင်း သိမ်းယူခြင်းများ ပါဝင်သည်။

လယ်ယာမြေ သိမ်းပိုက်မှုတွေကို အရင်းရှင်စီးပွားရေး ကုမ္ပဏီကြီးများနှင့် အာဏာပိုင်အဖွဲ့အစည်းတွေက လုယက် သိမ်းပိုက်နေကြခြင်းဖြစ်ကြောင်း အထူးရှင်းနေစရာ မလိုပေ။ ပြောင်းလဲနေသော ခေတ်ကာလ အခြေအနေအရ လူဦးရေတိုးများလာခြင်း၊ မြို့ပြဇရိယာ တိုးချဲ့တည်ဆောက်ခြင်းများ၊ စက်မှုလက်မှုလုပ်ငန်းများ တစတစ ကြီးထွားလာမှုများနှင့် စီးပွားရေးကုမ္ပဏီကြီးများ၏ မတော်လောဘဖြင့် အာဏာပိုင်များနှင့်ပေါင်း လက်ဝါးကြီးအုပ် သိမ်းပိုက်မှုစသည့် အကြောင်းအချက်များကြောင့် လယ်ယာထုတ်လုပ်ရေး လုပ်ခင်းလုပ်ကွက်တွေ လျော့ပါးပြီး တောင်သူလယ်သမားများ လယ်ယာ ဆုံးရှုံးရမှုတွေ ရပ်နားလိမ့်မည်မဟုတ်၊ ဆက်လက်ဖြစ်ပေါ် နေလိမ့်မည် ဟု ယူဆသည်။

အရင်းခံကျသည့် ပြဿနာမှာ ဤကိစ္စ ကိုင်တွယ် ဖြေရှင်းရာတွင် အာဏာပိုင် အစိုးရသည် မည်သည့် ဘက်မှ ရပ်ခံ၍ တာဝန်ယူကိုင်တွယ် ဖြေရှင်းပေးသလဲ ဆိုသည့်ပြဿနာ အဓိကကျသည့် ပြဿနာဖြစ်သည်။ အာဏာပိုင်အဖွဲ့ အစည်းများနှင့် မြေယာများ အများဆုံး လုယက်သိမ်းပိုက်ကြသူ မြေယာဇော သိန်းသောင်းချီ ပိုင်ဆိုင်ကြသော ကုမ္ပဏီသူဌေး (ခရိုနီ) များသည် မြန်မာပြည် လူဦးရေ၏ ၁ ရာခိုင်နှုန်းမျှပင် ရှိလိမ့်မည်မဟုတ်။ ၄င်းတို့၏ သိမ်းပိုက်မှုကြောင့် လယ်မဲ့၊ ယာမဲ့ အလုပ်လက်မဲ့ ဖြစ်ကြရ၍ ဘဝပျက်သွားရသည့် တောင်သူလယ်သမားများ တနေ့တခြား များပြားလာသည်။ ဤအရေး ရတက်မအေးဖွယ် တပြည်လုံး ဂယက်ရိုက်ခတ်လျက်ရှိသည်။ ဥပဒေ အကာအကွယ် မရရှိသည့် ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားထုကြီး တရပ်လုံး လက်ငုတ်လယ် လက်မလွတ်ရေး ရင်လေးနေကြရသည်။ မြေယာများ သိမ်းပိုက်ကြသူ လက်တဆုပ်စာ လူတစုနှင့် အသိမ်းပိုက်ခံ တောင်သူလယ်သမားထုကြီးကြား ဖြစ်ပွားနေသည့် ထိုပဋိပက္ခတွင် မည်သည့် ဘက်မှ ရပ်တည် အကာအကွယ် ပေးမလဲ အဖြေပေးရမည့် လက်တွေ့ ပြဿနာ ဖြစ်လာသည်၊ ဦးသိန်းစိန်၏ ကြံ့ဖွံ့ အစိုးရသည် မြေယာ ဥပဒေသစ် ပြဋ္ဌာန်း၍ မြေယာ သိမ်းပိုက်သူ လူတစုဘက်မှ ရပ်တည် အားပေးနေကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြနေသည်။

၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ရက်က ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁၀။ ၂၀၁၂ အဖြစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို နိုင်ငံတော် သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါသည်။ မည်သည့်အချိန်တွင် အာဏာ စတင်အသက်ဝင်စေမည် ဆိုသည်ကို မူရင်းဥပဒေ၌ ဖော်ပြထားခြင်းမရှိပါ။ ဥပဒေ၌ အခန်း ၁၀ ခန်းနှင့် ပုဒ်မပေါင်း ၃၄ ခု ပါရှိသည်ကို တွေ့ရပါသည်။

### လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပမာဏနှင့် ကာလ

စိုက်ပျိုးရေး လုပ်ငန်းအတွက် နှစ်ရှည်ပင်နှင့် စက်မှုကုန်ကြမ်းရာသီသီးနှံ ဖြစ်ပါက တကြိမ်လျှင် ဧက ၅,၀၀၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်ပြီး ခွင့်ပြုဧကေ၏ ၇၅ ရာခိုင်နှုန်း လုပ်ကိုင်ပြီးလျှင် ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၅,၀၀၀ ထက်မပိုစေဘဲ စုစုပေါင်း ဧက ၅၀,၀၀၀ အထိ ခွင့်ပြုမည်ဖြစ်ပြီး ဥယျာဉ်ခြံသီးနှံ ဖြစ်ပါက ဧက ၃၀၀၀ ထက်မပိုစေဘဲ ဗဟိုကော်မတီက ခွင့်ပြုနိုင်မည် ဖြစ်ပါသည်။ (ပုဒ်မ ၁၀။ က)

ကျေးလက်တောင်သူလယ်သမားများနှင့် မိသားစု တနိုင်တပိုင် စိုက်ပျိုးလုပ်ကိုင်သူများအတွက် ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို သက်ဆိုင်ရာဒေသ အဖွဲ့အစည်း တစ်ခုခုက ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်နိုင်သည်ဟုသာ ပြဋ္ဌာန်းထားပါသည်။ (ပုဒ်မ ၁၀။ က (၄))

လယ်မြေသိမ်းပိုက်သူ ခေတ်သစ်မြေရှင်များ ရရှိနိုင်မည့် အခွင့်အလမ်းနှင့် ဒေသခံ တောင်သူလယ်သမားများရရှိနိုင်မည့် အခွင့်အလမ်း အဆမတန် ကွာခြားနေသည်။ ဤအချက်ကိုကြည့်လျှင် ဥပဒေသစ်က ခေတ်သစ် အရင်းရှင် မြေရှင်ကြီးများအကျိုး ရှေးရှုထားသည့် ဥပဒေ ဖြစ်ကြောင်း ထင်ရှားသိသာသည်။ တောင်သူလယ်သမားများအကျိုး အလေးမထားသည့်အပြင် ဒေသခံတွေ မြေယာဆုံးရှုံးမှုများ ဆက်လက် ရင်ဆိုင်ကြရလိမ့်မည်။

မြေလွတ်၊ မြေလပ် သတ်မှတ်ချက်ထဲတွင် တောင်သူလယ်သမားများ ဓားမဦးချ ပိုင်ဆိုင်ထားသော မြေယာများ မုချပါလိမ့်မည်။ ဥပဒေသစ်ကြောင့် အဲဒီမှာ ပြဿနာ ပေါ်မည်။ ယခုလည်း အနှံ့အပြား ပြဿနာပေါ်နေပါပြီ။ လယ်ယာမြေအပေါ်မှာ လက်ရှိ ရင်းနှီးမြှုပ်နှံသူ ဆိုသူတွေဟာ ခရိုနီနှင့် အာဏာပိုင်အဖွဲ့အစည်းများ အများစုဖြစ်သည်၊ ရင်းနှီးမြှုပ်နှံသူတွေကို ဧက ၅၀,၀၀၀ အထိ

ဥပဒေအရ ခွင့်ပြုထားသည်။ (တချို့ ခရိုနီ တွေက မြေဧက သိန်းဂဏန်းထိ ပိုင်ဆိုင်မှုများ ရှိနေသည်) ဒေသခံ တောင်သူလယ်သမားများကိုမူ ဧက ၅၀ သာ ဥပဒေသစ်က လုပ်ပိုင်ခွင့် ပေးထားသည်။ အခြေခံ လူတန်းစားဖြစ်သည့် တောင်သူလယ်သမား အကျိုး အာမ မခံဘဲ တဖက်သတ် လက်ဝါးကြီးအုပ် အရင်းရှင် လူတစုအကျိုး ဘက်လိုက် ရေးဆွဲထားသော ဥပဒေဖြစ်ကြောင်း အလွန်မြင်သာပါသည်။

**ပံ့ပိုးဆောင်ရွက်ခြင်း**

ပုဒ်မ (၂၅) ။ ။ ဗဟိုကော်မတီသည် – (က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူက လုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံ တောင်သူလယ်သမားများနှင့် အငြင်းပွားခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုး ဖျက်ဆီးခြင်းများ ပြုလုပ်ခံရကြောင်း တင်ပြလာလျှင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဦးစွာညှိနိုင်းပေးရမည်။ ညှိနှိုင်း၍ မရပါက ဥပဒေအတိုင်း ဆောင်ရွက်ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လက်ရှိ စိုက်ပျိုး လုပ်ကိုင်နေသော ဒေသခံ တောင်သူလယ်သမာများ၏ စိုက်ပျိုးမြေများ ပါဝင်နေပါက တရားဝင် လုပ်ကိုင်ခွင့် ရရှိထားခြင်း မရှိသည့်တိုင် နစ်နာမှု မရှိစေရန် ယင်းတို့၏ ဆန္ဒအပေါ် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လုပ်ကိုင်ခွင့် ရရှိထားပြီးသော တောင်သူလယ်သမားများ ရှိပါက ၎င်းတို့ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်။ (စာစောင်ပါ စာသားအတိုင်း)

ဥပဒေသစ်က မြေယာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူနှင့် ဒေသခံ တောင်သူလယ်သမားအကြား လယ်ယာမြေ ပြဿနာ ဖြစ်လာပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း နစ်နာမှု မရှိစေရန် နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဥပဒေနှင့် အညီ ဆောင်ရွက်စေရမည်ဟု ဖော်ပြထားသည်။ ဘိုးစဉ်ဘောင်ဆက် နှစ်ရှည်လများ ပိုင်ဆိုင်လာခဲ့သော မြေယာပိုင်ဆိုင်မှုပြဿနာအား စာရွက်ပေါ် ဥပဒေသစ်တင်ရုံဖြင့် ပြဿနာ ပြေလည်လိမ့်မည် ဟု ပေါ့ပေါ့တွက်၍ အမိန့်အာဏာသုံး ဖြေရှင်းပေးရေး အကြံသည် အလွန်တာဝန်မဲ့သည့် လုပ်ရပ်ဖြစ်သည်။ တကယ့် လက်တွေ့တွင် ငွေရှင်၊ ကြေးရှင်နှင့် အာဏာကိုင်ထားသူတွေသာ ကြိုက်သလို ခြယ်လှယ်သုံးစွဲခွင့် ရနေကြောင်း တောင်သူလယ်သမားအရေး စိတ်ဝင်စားသူတိုင်း နားလည်သည်။ ဒေသခံ တောင်သူလယ်သမာများနှင့် သဘောတူညီချက်ရအောင် ညှိနှိုင်းဆောင်ရွက်ဖို့မပြောနှင့် ဆုံးရှုံးသွားသည့် လယ်ယာမြေအတွက် တန်ရာတန်ကြေးရလိုကြောင်း ဆိုင်ရာကို အသနားခံစာတင် လျှောက်ထားတိုင်ကြားသည်ကိုပင် အရေးတယူ မရှိကြ၍ တောင်သူလယ်သမား ဆန္ဒပြမှုတွေ ဖြစ်ပေါ်နေသည်။

**ပြစ်ဒဏ်များ**

ဒေသခံ တောင်သူလယ်သမားများနှင့် အငြင်းပွားဖွယ် အချက်အလက်များ ပေါ်ပေါက်လာပါက အထူးထိခိုက်စေနိုင်မည့် ပြစ်ဒဏ်ကျခံရမှုများ ရှိလာနိုင်ကြောင်း သတိချပ်ရန်ရှိလာပါသည်။

ပုဒ်မ (၂၆) အရ – လုပ်ပိုင်ခွင့်ရသူ၏ မြေပေါ်ရှိ ပစ္စည်းအကျိုး ဖျက်ဆီးကြောင်း ထင်ရှားလျှင် သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ နှစ်မျိုးလုံးဖြစ်စေ။

ပုဒ်မ (၂၇) အရ – မြေအတွင်းသို့ ဝင်ရောက်ကျူးကျော် လုပ်ကိုင်ကြောင်း ထင်ရှားလျှင် နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ နှစ်ရပ်လုံးဖြစ်စေ။

ပုဒ်မ (၂၈) အရ – အသုံးပြုခွင့်ရှိသော မြေတွင် လုပ်ငန်းဆောင်ရွက်ရန် ဟန့်တားနှောင့်ယှက်ကြောင်း ထင်ရှားလျှင် တနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ

ပုဒ်မ (၂၉) အရ – အသုံးပြုခွင့် ပြန်လည်ရုပ်သိမ်းထားသည့် မြေပေါ်မှထွက်ခွာပေးရန် ပျက်ကွက်ကြောင်း ထင်ရှားလျှင် တနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ ဟု သတ်မှတ်ထားပါသည်။

ပုဒ်မ (၃၀) တွင်မူ အထက်ပါ ပြစ်မှုများကို ရဲအရေးပိုင်မှုများအဖြစ် သတ်မှတ်ထားပါသည်။ (စာစောင်ပါ စာသားအတိုင်း )

ဖော်ပြပါ ပြစ်ဒဏ်တွေဟာ မြေယာလုယက်ခံရသည့် ဒေသခံ တောင်သူလယ်သမားများအား ဖိနှိပ် အရေးယူ အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းလိုက်သည့် ဥပဒေများဖြစ်သည်။ လက်ရှိအခြေအနေတွင် တောင်သူလယ်သမားများ ရင်ဆိုင်နေကြရသည်မှာ ထောင်ဒဏ်၊ ငွေဒဏ်သာမကတော့ဘဲ အရင်းရှင် မြေရှင် လက်ပါးစေများ၏ ကိုယ်ထိ လက်ရောက် အနိုင်ကျင့်၊ ရိုက်နှက်၊ ဖမ်းဆီး ထောင်ချသည်ကိုပင် ခံကြရသည်။ စစ်အာဏာရှင်စနစ်က တောင်သူလယ်သမားများကို တလျှောက်လုံး ဖိနှိပ်လုယက်ခဲ့ကြသည်။ မဆလ ခေတ်မှာ တောင်သူလာ်သမားများ၏ လယ်ယာထွက် စပါးသီးနှံများကို စစ်အာဏာရှင်တွေ သတ်မှတ်ဈေးနှင့် ဧကအလိုက် မသွင်းမနေရ အသွင်းခိုင်း၍ စပါးမသွင်းနိုင်သည့် လယ်သမားတွေ ထောင်ထဲ ရောက်ကြရသည်။ နဝတ။ နအဖနှင့် ကြံ့ဖွံ့ စစ်အာဏာရှင် ခေတ်မှာတော့ ကိုယ့်လယ် ကိုယ့်ယာ လုပ်ကိုင်နေကြရင်း လယ်ယာတွေ အလုယက်ခံကြရပြီး ပြန်ရလိုကြောင်း အရေးဆို အသနားခံသည်ကိုပင် ထောင်ချ အရေးယူ အပြစ်ပေးခံနေကြရသည့် အခြေအနေ ဖြစ်လာခဲ့သည်။ ဘယ်မှာလဲ ကျေးလက်ဖွံ့ဖြိုးရေး။ စစ်အာဏာရှင်စနစ်က တောင်သူလယ်သမားတွေကို ဆင်းရဲမွဲတေမှုနွံတွင်း တွန်းပို့နေကြသည်ပဲ မဟုတ်ပါလား။ ငွေများ တရားနိုင်သည့် စနစ်ဆိုးကြီးအတွင်း အာဏာပိုင် အဆင့်ဆင့်၏ လာဘ်ပေးလာဘ်ယူ အကျင့်ပျက်ခြစားနေသည့် စစ်အာဏာရှင် ယန္တရားကြီးအောက်မှာ ပြည်သူတွေဟာ စိတ်ဓာတ်ရေးရာ ထိခိုက်ပျက်ပြားအောင်အထိ ညှဉ်းပန်း နှိပ်စက်ခံနေကြရသည်။

ကြံ့ဖွံ့အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဟာ ဘယ်လို ပြုပြင်ပြောင်းလဲရေးလဲ၊ တောင်သူလယ်သမားများထံမှ မြေယာသိမ်းယူခွင့် တရားဝင်အောင် ဥပဒေသစ် ပြဋ္ဌာန်းပေးသည့် ပြုပြင်ပြောင်းလဲရေးလား၊ ဘယ်သူ့အတွက် ဒီမိုကရေစီလဲ၊ မြေယာသိမ်းပိုက်သူ အရင်းရှင်၊ မြေရှင် ခရိုနီတွေအတွက် ဒီမိုကရစီလား မေးခွန်းထုတ်ရမည့် အခြေအနေဖြစ်သည်။ မြေယာပြဿနာကို အသနားခံစာတင် တိုင်ကြား လျှောက်ထားရုံဖြင့် ပြဿနာ ပြေလည်အောင် ဖြေရှင်းနိုင်မည် မဟုတ်၊ လက်တွေ့မကျသည့် မည်သည့် မျှော်လင့်ချက်မျိုးကိုမျှ အရေးမထားဘဲ၊ ဗမာပြည်၏ အခြေခံလူတန်းစားဖြစ်သည့် တောင်သူလယ်သမားများ အနေဖြင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေးဖြစ်သည်။ မိမိတို့ကိုယ်တိုင် ပါဝင်လှုပ်ရှား၍ လွတ်လပ်သည့် တောင်သူလယ်သမား သမဂ္ဂများ ထူထောင်ရေး အလေးထားလုံးပန်းကြပြီး ထိုမှတဆင့် လယ်လုပ်သူ လယ်ပိုင်ရေးကို အရေးဆိုသင့်သည် ဟု မြင်မိပါသည်။ ။

မောင်စိန်သော်

၁၅ – ၆ – ၂၀၁၂

နိုင်ငံရေး

# လစ်ဘရယ် ဒီမိုကရေစီ ပြုပြင်ရေး လမ်းကြောင်းလား၊ ပြည်သူ့လှုပ်ရှားမှု လမ်းကြောင်းလား။

(ညိုစိန်ဝင်း)

**အတိုက်အခံတွေ ရွေးချယ်တဲ့ နိုင်ငံရေးလမ်းကြောင်းများ။**

တိုင်းပြည်ရဲ့ အတိုက်အခံ နိုင်ငံရေးအင်အားစုအသီးသီးဟာ ကိုယ့်သေနင်္ဂဗျူဟာ ရည်မှန်းချက်အတွက် ကိုယ်ရွေးချယ်ထားတဲ့ လမ်းကြောင်းအတိုင်း လျှောက်လှမ်းသွားနေကြတာချည်းပါပဲ။ ဒီလမ်းကြောင်းတွေမှာလည်း မှန်တာနဲ့မှားတာ၊ တိုင်းပြည် ရဲ့ ရုပ်ဘဝအခြေအနေနဲ့ ကိုက်ညီတာ မကိုက်ညီတာ၊ ပြည်သူ့အကျိုးနဲ့ ကိုက်ညီတာ မကိုက်ညီတာ...စသဖြင့် ရှိနေတတ်ကြပါတယ်။ ထို့အတူ တော်လှန်ရေးလမ်းကြောင်း၊ ပြုပြင်ရေးလမ်းကြောင်း၊ ပြတ်သားတဲ့လမ်းကြောင်း၊ စေ့စပ်တွေဝေတဲ့လမ်းကြောင်း၊ ငြိမ်းချမ်းရေး လမ်းကြောင်း၊ ညီညွတ်ရေးလမ်းကြောင်း စသဖြင့်လည်း ခွဲခြားလို့ ရနိုင်ပါတယ်။ အင်အားစု တခုချင်းရဲ့ လမ်းကြောင်းကိုတော့ ဒီကနေ့ တိုင်းပြည် လျှောက်လှမ်းနေတဲ့ အတိုက်အခံ အဓိက နိုင်ငံရေး လမ်းကြောင်းလို့ ပြောလို့ မရသေးဘူး။ ဒါပေမဲ့ အဲဒီအင်အားစုက ဦးဆောင်အင်အားစုလည်း ဖြစ်မယ်၊ ကျန်နိုင်ငံရေးအင်အားစု အများစုကို စည်းရုံး သိမ်းသွင်းပြီး သူ့လမ်းကြောင်းအတိုင်း ဦးဆောင်ဦးရွက်ပြုပြီး လက်တွဲခေါ်ဆောင်သွားနိုင်တယ်ဆိုရင်တော့ ဒီကနေ့ အတိုက်အခံ နိုင်ငံရေးရဲ့ အဓိကလမ်းကြောင်းလို့ သတ်မှတ်လို့ ရနိုင်ပါတယ်။ တိုင်းပြည်ရဲ့ နိုင်ငံရေးရုပ်ဘဝအခြေအနေအရ အတိုက်အခံ နိုင်ငံရေး လမ်းကြောင်းမှာ အပြိုင်လျှောက်လှမ်းနေတဲ့ လမ်းကြောင်းတွေလည်း ရှိတတ်ပါတယ်။

**အတိတ်သမိုင်းက ရွေးချယ်ခဲ့တဲ့ နိုင်ငံရေးလမ်းကြောင်းများ**

ဗမာပြည်မှာ ပဒေသရာဇ်ခေတ်တုန်းက ပြည်သူ့လွတ်မြောက်ရေးအတွက် စနစ်တကျ ရှေ့ဆောင်ဦးရွက်ပြုမယ့် လမ်းညွှန်အတွေးအခေါ်နဲ့ နိုင်ငံရေးလမ်းစဉ် ဆိုတာမျိုး မရှိသေးပါဘူး။ ပဒေသရာဇ်မင်းကို တော်လှန်ဆန့်ကျင်မယ်ဆိုရင် မင်းလောင်း လှုပ်ရှားမှုအသွင်နဲ့ သူပုန်သူကန် ထတာမျိုးသာ ရှိခဲ့ပါတယ်။

ကိုလိုနီနယ်ချဲ့စနစ် ဗမာပြည်ကို ကျူးကျော်ဝင်ရောက်လာတဲ့အခါမှာ ဗမာပြည်သူတွေဟာ နယ်ချဲ့စနစ်ကို ခုခံတော်လှန်တဲ့ ဇာတိသွေးဇာတိမာန် ပြည့်လျှမ်းနေတဲ့ လမ်းကြောင်းကို ရွေးချယ်ခဲ့ကြပါတယ်။ ဒါကြောင့် မိမိထက် လက်နက်အင်အား အဆများစွာ သာလွန်တဲ့ အင်္ဂလိပ်တို့ကို ရရာလက်နက်နဲ့ သတ္တိပြောင်မြောက်စွာ ခုခံတော်လှန်ခဲ့ကြတာ ဖြစ်ပါတယ်။ အင်္ဂလိပ်–ဗမာ ပထမစစ်ပွဲ၊ ဒုတိယစစ်ပွဲ၊ တတိယစစ်ပွဲ ဆိုတဲ့ စစ်ပွဲတွေကို တိုက်နိုင်ခဲ့တာဟာ လက်နက်အရာမှာ နယ်ချဲ့အင်္ဂလိပ်တို့ကို အဆင့်မီမီ တန်းတူရည်တူ ယှဉ်ပြိုင်နိုင်လို့မဟုတ်ဘဲ ဇာတိသွေးဇာတိမာန်နဲ့ သူ့ကျွန်မခံလိုတဲ့ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ကို အခြေခံပြီး တိုက်ပွဲဝင်ခဲ့ကြတာသာ ဖြစ်ပါတယ်။ ၁၈၈၆ ခု၊ ဇန်နဝါရီလ(၁) ရက်နေ့ အင်္ဂလိပ်ကျွန်ဘဝ ကျရောက်ပြီးနောက်ပိုင်းမှာတောင်မှ ဗမာပြည် လူမျိုးပေါင်းစုံ ပြည်သူလူထုရဲ့ တော်လှန်ပုန်ကန်မှုကို အင်္ဂလိပ်နယ်ချဲ့က စစ်ပုလိပ်အင်အား ၁၇,၃၈၆–ယောက်နဲ့ နှိမ်နင်းခဲ့ရတယ်ဆိုတဲ့အချက်ကို ကြည့်ရင် ဗမာပြည် ပြည်သူလူထုရဲ့ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ဘယ်လောက်ထိ မြင့်မားတယ်ဆိုတာ သိသာထင်ရှားပါတယ်။

ကိုလိုနီခေတ်မှာတော့ ဗမာပြည်မှာ လူမှုရေးအသင်းအဖွဲ့များက အစပြုပြီး နိုင်ငံရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးအင်အားစုများ စတင်ပေါ်ပေါက်လာခဲ့ပါတယ်။ အယူအဆ အမျိုးမျိုး၊ အတွေးအခေါ်အမျိုးမျိုး၊ လမ်းစဉ်အမျိုးမျိုးပါ။ တို့ဗမာအစည်းအရုံးလို ကျယ်ပြန့်စွာ စည်းရုံးသိမ်းသွင်းနိုင်တဲ့ အဖွဲ့အစည်းကြီးရဲ့ ဦးဆောင်မှုအောက်မှာ ဗမာပြည်သူတွေဟာ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တွေ၊ သူ့ကျွန်မခံလိုတဲ့ စိတ်ဓာတ်တွေ နိုးကြားတက်ကြွလာခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဗမာပြည်နိုင်ငံရေး အသင်းအဖွဲ့များ၊ နိုင်ငံရေးအင်အားစုများအကြားမှာ ရည်မှန်းချက်နဲ့ လမ်းကြောင်း မတူညီမှုတွေ တည်ရှိခဲ့တာ အထင်အရှားပါပဲ။ ဆရာစံ ဦးဆောင်တဲ့ လယ်သမားလူတန်းစားရဲ့ လက်နက်ကိုင် ပုန်ကန်မှု လမ်းကြောင်းရှိခဲ့သလို ဆန့်ကျင်ဘက်အားဖြင့် အင်္ဂလိပ် အစိုးရအုပ်စိုးမှုကို ခွေးကတက်က အလုပ်အကျွေးပြုရေး သဘောထားရှိတဲ့ လူတန်းစားနဲ့ ၎င်းရဲ့နိုင်ငံရေး အင်အားစုများတောင် ရှိခဲ့ပါတယ်။ အုပ်ချုပ်ရေးအာဏာကို အင်္ဂလိပ်အစိုးရနဲ့ ခွဲဝေယူရေး၊ လုံးဝလွတ်လပ်ရေးကို တောင်းဆိုရေး၊ လူထုလှုပ်ရှားမှုနဲ့ အင်္ဂလိပ် အစိုးရကို ဆန့်ကျင်တိုက်ခိုက်ရင်းမှ လုံးဝလွတ်လပ်ရေးလမ်းကြောင်းအတိုင်း လျှောက်လှမ်းသွားရေး စသခြင့် ကွဲပြား ခြားနားကြပါတယ်။ ခွဲရေး

တွဲရေး ပြဿနာလည်း ပေါ်ထွက်ခဲ့ပါတယ်။ ကျောင်းသားသပိတ်များ၊ ၁၃၀၀ ပြည့် အရေး တော်ပုံ...စသည်တို့ကတော့ ကိုလိုနီအစိုးရကို ဆန့်ကျင်တဲ့ ပြည်သူ့လှုပ်ရှားမှု လမ်းကြောင်းပါ။ ပြည်သူ့လှုပ်ရှားမှု လမ်းကြောင်းမှတဆင့် နောက်ဆုံးမှာ ဗမာပြည်ကွန်မြူနစ်ပါတီကို စတင်ဖွဲ့စည်းခဲ့သူတဦးအဖြစ် ပါဝင်ခဲ့တဲ့ သခင်အောင်ဆန်း ဦးဆောင်တဲ့ ဗမာပြည်က တိုးတက်တဲ့ လူငယ်တစုဟာ အင်္ဂလိပ်အစိုးရကို လက်နက်ကိုင်တော်လှန်ပြီး လွတ်လပ်ရေး အရယူရေး လမ်းကြောင်းကို စတင် လျှောက်လှမ်းခဲ့ကြပါတယ်။ သခင်အောင်ဆန်း ပြည်ပထွက်ပြီး လက်နက်ကိုင်တော် လှန်ရေးအတွက် အကူအညီထွက်ရှာတာ၊ ရဲဘော်သုံးကျိပ် ဂျပန်ပြည်သွားပြီး စစ်ပညာ သင်တာဟာ ဒီလမ်းကြောင်းရဲ့ အကျိုးဆက်ပါပဲ။

ဗမာပြည်ကို ဂျပန်တွေ စတင်ဝင်ရောက်ချိန်မှာပဲ ဗမာပြည်ရဲ့ နိုင်ငံရေးအင်အားစုများအကြား ဂျပန်နဲ့ပေါင်းပြီး အင်္ဂလိပ်ကို တိုက်ရေး၊ အင်္ဂလိပ်နဲ့ပေါင်းပြီး ဖက်ဆစ်ဂျပန်ကို တိုက်ရေးနဲ့ အင်္ဂလိပ်ကိုရော ဂျပန်ကိုပါ တိုက်ရေး ဆိုပြီး လမ်းကြောင်း ဆိုင်ရာ အယူအဆများ ကွဲပြားခြားနားခဲ့ပါတယ်။ နိုင်ငံတကာမှာတော့ ကွန်မြူနစ်ပါတီများနဲ့ တိုးတက်တဲ့ လက်ဝဲအင်အားစုများဟာ ရဲဘော် ဒီမီထရော့ဗ်ရဲ့ မဟာမိတ်အင်အားစုများနဲ့ တပ်ပေါင်းစုဖွဲ့ပြီး(ဒါမှမဟုတ်) ပူးပေါင်း လက်တွဲပြီး ဖက်ဆစ်စနစ်ကို ပြတ်ပြတ်သားသား တော်လှန်တိုက်ခိုက်ရေးဆိုတဲ့ လမ်းစဉ်ကို အကျယ်အပြန့် စွဲကိုင်ထား နေကြတဲ့အချိန်ပါ။ ဗမာပြည်က တိုးတက်တဲ့ နိုင်ငံရေးအင်အားစုတွေဟာလည်း ရဲဘော်ဒီမီထရော့ဗ်ရဲ့ ဖက်ဆစ်စနစ် ဆန့်ကျင် တွန်းလှန်ရေး တပ်ပေါင်းစုလမ်းစဉ်ကို လက်ခံပြီး ပြင်ဆင်လှုပ်ရှားခဲ့ကြပါတယ်။ တိုင်းပြည်ရဲ့ ရုပ်ဘဝအခြေအနေအရ ပြည်သူလူထုကို မြေအောက်ပုံသဏ္ဌာန်နဲ့ လျှို့ဝှက်စွာ စည်းရုံးသိမ်းသွင်းပြီး ဖက်ဆစ်တော်လှန်ရေးအတွက် ပြည်သူ့အင် အားကို စုစည်းတဲ့ လမ်းကြောင်းပါ။ ထိုမှတဆင့် ဖက်ဆစ် တော်လှန်ရေးအတွက် တပ်ပေါင်းစုဖွဲ့ကာ ဖက်ဆစ်ဂျပန်ကို လက်နက်ကိုင်ပြီး တော်လှန်တိုက်ခိုက်ရေး လမ်းကြောင်းပါ။ ဒီလုပ်ငန်းတာဝန်ကို ဗမာပြည်ကွန်မြူနစ်ပါတီက အစွမ်းကုန် လုံးပန်းအားထုတ်ပြီး ထမ်းဆောင်ခဲ့တယ် ဆိုတာ ငြင်းမရတဲ့ သမိုင်းဖြစ်ရပ်မှန်ပါ။ ဒီလမ်းကြောင်းအရ ဖတပလ အဖွဲ့ကြီးကို မြေအောက်နည်းနဲ့ လျှို့ဝှက်စွာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဖတပလ အဖွဲ့ကြီးထဲမှာ ထိုစဉ်က တိုင်းပြည်တွင် အဓိကကျပြီး ရှေ့တန်းရောက် အင်အားစုများ ဖြစ်ကြတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါ တီ(ဆိုရှယ်လစ်ပါတီ)နဲ့ အာရှလူငယ်အဖွဲ့တို့ ပါဝင်ခဲ့ကြပါတယ်။ ဖတပလ အဖွဲ့ကြီးရဲ့ ခေါင်းဆောင်မှုအောက်မှာ ဗမာပြည် သူ လူထုအပေါင်းဟာ အင်္ဂလိပ်တို့ကို မဟာမိတ်တပ်အဖြစ် ဆက်သွယ်ပြီး အကူအညီများ ရယူကာ ဖက်ဆစ်ဂျပန်တော် လှန်ရေးကို အောင်မြင်စွာ ဆင်နွဲတိုက်ခိုက်နိုင်ခဲ့ကြပါတယ်။

ဗမာ့ တော်လှန်ရေးသမိုင်းကြောင်းနဲ့ နိုင်ငံရေးလမ်းကြောင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးလမ်းကြောင်းဟာ မှန်ကန်တဲ့လမ်းကြောင်းပါ။ နိုင်ငံတကာ့ အခြေအနေအပါအဝင် ပကတိဘာဝအခြေအနေနဲ့လည်း ကိုက်ညီမှုရှိသလို ပြည်တွင်းရုပ်ဘဝနဲ့လည်း ဆီလျော်ညီညွတ်တဲ့လမ်းကြောင်း ဖြစ်ပါတယ်။ ပြည်သူ့အင်အား စုဆောင်းရေးအပေါ် အခြေခံထားပြီး ပြည်သူတရပ်လုံးကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့တဲ့လမ်းကြောင်း ဖြစ်ပါတယ်။ ဒီလမ်းကြောင်းအတွင်းမှာ မဟာမိတ်အင်္ဂလိပ်တို့နဲ့ ပူးပေါင်းရေး သဘောထား မှန်ကန်ခဲ့သလို လက်နက်ကိုင် ပြည်သူ့ပြောက်ကျားစနစ်ဆိုတဲ့ တိုက်ပွဲပုံသဏ္ဌာန် ရွေးချယ်မှုလည်း မှန်ကန်ခဲ့ပါတယ်။ ဖတပလ (နောင် ဖဆပလ)အဖွဲ့ကြီးဟာ ဖက်ဆစ်ဂျပန်တော်လှန်ရေးရဲ့ အခြေခံအင်အားစု ဖြစ်သလို အောင်ပွဲရဲ့ ပြယုဂ်လည်း ဖြစ်ခဲ့ပါတယ်။ နိုင်ငံရေးအင်အားစုများ ညီညွတ်မှုရဲ့ အမှတ်လက္ခဏာ လည်း ဖြစ်ခဲ့ပါတယ်။

ဖတပလအဖွဲ့ကြီးရဲ့ နေသူရိန်ညီလာခံဟာ ဖက်ဆစ်တော်လှန်ရေးရဲ့ အောင်ပွဲမှတ်တိုင်ဖြစ်သလို အင်္ဂလိပ်လက် အောက်မှ လုံးဝလွတ်မြောက်ရေးအတွက် သတ္တိအားမာန်တွေ ပြည့်လျှမ်းနေတဲ့ ညီလာခံလည်း ဖြစ်ခဲ့ပါတယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးအပြီး အင်္ဂလိပ် ပြန်အဝင် ဗမာ့နိုင်ငံရေးအင်အားစုများ လျှောက်လှမ်းခဲ့တဲ့ လမ်းကြောင်းကတော့ ဗမာပြည်က ပြည်သူလူထုကြီးရဲ့ လွတ်လပ်ရေးဆန္ဒနဲ့ စိတ်ဓာတ်ကို စုစည်း၊ အင်္ဂလိပ်နယ်ချဲ့သမားနဲ့ တွေ့ဆုံဆွေးနွေးပြီး ဗမာပြည်ရဲ့ လုံးဝလွတ်လပ်ရေးကို တောင်းဆို၊ နယ်ချဲ့အင်္ဂလိပ်တို့က လွတ်လပ်ရေးကို အသာတကြည်မပေးပါက လက်နက် ကိုင်တော်လှန်ရေး နည်းလမ်းနဲ့ လွတ်လပ်ရေးအတွက် တိုက်ယူရေးလမ်းကြောင်း ဖြစ်ပါတယ်။ "ရရင်ရ၊ မရရင်ချ"ဆိုတာ ဒါကို ပြောတာ ဖြစ်ပါတယ်။ ငြိမ်းချမ်းတဲ့ အနုနည်း၊ တွေ့ဆုံဆွေးနွေးပြီး လွတ်လပ်ရေး တောင်းဆိုတဲ့နည်းကို အဓိက လုပ်ဆောင်နေတဲ့တချိန်တည်းမှာ လက်နက်ကိုင်တိုက်ပွဲဆင်ပြီး လွတ်လပ်ရေးကို အရယူရေး(မရရင် ချရေး) ကို "အရန် ရွေးလမ်း"အဖြစ် ထားတဲ့ အဓိပ္ပာယ်ပါပဲ။

## လွတ်လပ်ရေးလွန်ခေတ် နိုင်ငံရေးလမ်းကြောင်းများ

လွတ်လပ်ရေးအပြီး ဗမာပြည်ကို ဦးနုရဲ့ ဖဆပလအစိုးရ အုပ်စိုးခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတဲ့ ၁၉၄၈ ခုနှစ်မှာပဲ ဗမာပြည်ကြီးဟာ ပြည်တွင်းစစ်မီး တဟုန်းဟုန်း တောက်လောင်လာခဲ့ပါတယ်။ လွတ်လပ်ရေးအတွက် တိုက်ပွဲ ဝင်စဉ်ကာလတုန်းက ဖဆပလအဖွဲ့ကြီးနဲ့ တက်ကြွသူ နိုင်ငံရေးသမား အများအပြားဟာ လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဆိုတဲ့ စိတ်ဓာတ်ကို ရင်ဝယ်ပိုက်ခဲ့ကြပါတယ်၊ ဒါပေမဲ့ လွတ် လပ်ရေး ရပြီးနောက် အာဏာရ ဖဆပလ အဖွဲ့ကြီးနဲ့ အာဏာရ ပုဂ္ဂိုလ်များဟာ ဒီမိုကရေစီရေးနဲ့ ဆိုရှယ်လစ်ရေး တို့အပေါ် လေးနက်မှုနဲ့ တာဝန်ယူမှု မရှိကြတော့ပါဘူး။ သတင်းစာတိုက်များရဲ့ ဒီမိုကရေစီကို ပိတ်ပင်ဖိနှိပ်လိုက်တာဟာ အာဏာရ ဖဆပလအဖွဲ့ကြီးနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီတို့ရဲ့ အတိုက်အခံပဋိပက္ခကို ပိုမိုကြီးထွားလာစေတယ်လို့ဆိုရမှာပါ။ ဒီပဋိ ပက္ခအပေါ်မှာ အာဏာရ ဖဆပလအစိုးရက အကြမ်းဖက် ဖမ်းဆီးဖိနှိပ်ဖို့ ကြိုးစားလာတဲ့အတွက် ၁၉၄၈ ခု မတ်လ ၂၈ ရက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ လက်နက်ကိုင်တော်လှန်ရေး ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ် ။ ဗမာ့တပ်မတော်တွင် တပ်ရင်း ၄ ရင်း ရှိတဲ့အနက် တပ်ရင်း(၂) ရင်း တောခိုခဲ့ကြတယ်။ ဒီလို ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ဗမာ့တပ်မတော်တို့

လက်နက်ကိုင် တော်လှန်ပုန်ကန်ကြတာဟာ ဗမာပြည်မှာ ပြည်တွင်းစစ်မီးကြီး တောက်လောင်လာခြင်းလို့ ဆိုနိုင်ပါတယ်။ သည့်နောက် ရဲဘော်ဖြူများ တောခိုပါတယ်။ ၁၉၇၉ ခုနှစ်မှာ ကရင်အမျိုးသား ကေအင်ဒီအိုတို့ လက်နက်ကိုင် တော်လှန်ပုန်ကန်မှု ပေါ်ပေါက်လာခဲ့ပါတယ်။ သည့်နောက်ပိုင်း တခြား တိုင်းရင်းသားလူမျိုးစုများရဲ့ လက်နက်ကိုင် တော်လှန် ပုန်ကန်မှုတွေ တဖွဲဖွဲနဲ့ ဆင့်ကဲဆင့်ကဲ ပေါ်ပေါက်ခဲ့တဲ့အတွက် ဗမာပြည်မှာ ယခုတိုင် မငြိမ်းနိုင်သေးအောင် ရှည်ကြာလွန်းတဲ့ ပြည်တွင်းစစ်မီး အရှိန်အဟုန်ကြီးစွာနဲ့ တောက်လောင်လာခဲ့ပါတယ်။

လွတ်လပ်ရေးလွန်ခေတ် အစိုးရကို ဆန့်ကျင်တဲ့ အတိုက်အခံအင်အားစုတွေရဲ့ အဓိက နိုင်ငံရေးလမ်းကြောင်းကို ခြုံငုံသုံးသပ်မယ်ဆိုရင် ဒီမိုကရေစီ အရေးတော်ပုံအတွက် လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းကို လျှောက်လှမ်းခဲ့ကြခြင်း ဖြစ်ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက ပြည်သူ့ဒီမိုကရေစီရေးအတွက် လက်နက်ကိုင် တော်လှန်ခြင်းဖြစ်သလို ကျန် တိုင်းရင်းသား လူမျိုးစုတွေကလည်း မိမိတို့အမျိုးသားများရဲ့ တန်းတူအခွင့်အရေးတွေ ရဖို့၊ ဒီမိုကရေစီအခွင့်အရေးတွေ အပြည့်အဝ ရဖို့ လက်နက်ကိုင် တော်လှန်တိုက်ခိုက်ကြခြင်း ဖြစ်ပါတယ်။ မြို့တွေပေါ်က အတိုက်အခံ နိုင်ငံရေးအင်အားစုတွေကတော့ ပါလီမန်လမ်းကြောင်းအတွင်းက ဒီမိုကရေစီတိုက်ပွဲကို ဆင်နွှဲကြပါတယ်။

ပြည်တွင်းစစ်မီး ကြီးထွားသထက် ကြီးထွားလာချိန်မှာ ပြည်သူလူထုပါဝင်တဲ့ နိုင်ငံရေးလမ်းကြောင်းတရပ်လည်း တည်ရှိလာခဲ့ပါတယ်။ အဲဒါကတော့ ပြည်တွင်းစစ်ရပ်စဲရေး–ပြည်တွင်းငြိမ်းချမ်းရေးလမ်းကြောင်းပါ။

၁၉၇၈ ခုနှစ်မှ စတင်ပြီး တည်ရှိလာခဲ့တဲ့ ဒီမိုကရေစီဖိနှိပ်မှုကို လက်နက်နဲ့ ခုခံတွန်းလှန်တဲ့ လက်နက်ကိုင်လမ်းကြောင်းနဲ့ ပြည်တွင်းစစ်ရပ်စဲရေး–ပြည်တွင်း ငြိမ်းချမ်းရေးလမ်းကြောင်းတို့ဟာ ယနေ့အချိန်အထိ ယတိပြတ် ပြီးပြတ်သွားခြင်း မရှိဘဲ အနိမ့် အမြင့် မတူတဲ့ အဆင့်များနဲ့ ဆက်လက်တည်ရှိနေဆဲပါ။

ပြည်တွင်းစစ်နဲ့အတူ ယနေ့အထိ ပိုမို ချွတ်ခြုံကျလာတဲ့၊ ပိုမိုဆင်းရဲမွဲတေလာတဲ့ ဗမာပြည်အတွက် အတိုက်အခံ နိုင်ငံရေးအင်အားစုများနဲ့ ပြည်သူလူထုတို့ စဉ်းစားကြံဆလာကြတဲ့ လမ်းတသွယ်လည်း ရှိပါသေးတယ်။ အဲဒါကတော့ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး၊ တနည်းဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေး လမ်းကြောင်းပါ။

### စစ်အစိုးရခေတ်အဆက်ဆက် အတိုက်အခံ နိုင်ငံရေးလမ်းကြောင်းများ

စစ်အာဏာရှင်စနစ် လွှမ်းမိုးထားတဲ့ခေတ်(တပါတီ အာဏာရှင်စနစ်ခေတ်) မှာ ပေါ်ပေါက်ခဲ့တဲ့ အတိုက်အခံ နိုင်ငံရေးလမ်းကြောင်းဟာ အဓိကအားဖြင့် ပြည်သူ့အင်အား လှုပ်ရှားမှုလမ်းကြောင်းများပဲ ဖြစ်ပါတယ်။ ၇–ရက်ဇူလိုင် အရေးအခင်း၊ မေ–ဇွန် အလုပ်သမား လှုပ်ရှားမှုအရေးအခင်း၊ ဦးသန့်အရေးအခင်းမှသည် ၈ လေးလုံးအရေးအခင်းအထိ အားလုံးဟာ ပြည်သူ့လှုပ်ရှားမှုအရေးအခင်းများပဲ ဖြစ်ပါတယ်။ ၈ လေးလုံးအရေးတော်ပုံကြီးကတော့ သူ့ရဲ့အင်အား တစိတ်တပိုင်းကို လက်နက် ကိုင်တော်လှန်ရေးအတွင်း ပို့ဆောင်ပေးလိုက်တယ်လို့ ဆိုရပါမယ်။ ၈ လေးလုံး အရေးတော်ပုံရဲ့ တပ်သားများဟာ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များအတွင်း ပြန့်ကျဲ ရောက်ရှိသွားရုံမက ကျောင်းသားတပ်မတော်တရပ်ကိုပါ ဖွဲ့တည်စေခဲ့ပါတယ်။ ၈ လေးလုံး အရေးတော်ပုံရဲ့ ရလဒ်တခု ဖြစ်တဲ့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲဆိုတာလည်း ပြည်သူ့ အင်အားလှုပ်ရှားမှုတရပ်နဲ့ ပြည်သူ့ဆန္ဒဖော်ထုတ်ပွဲတရပ် အသွင်ဆောင်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ဆင်နွှဲခဲ့တာလည်း ပြည်သူ့အင်အား လှုပ်ရှားမှု လမ်းကြောင်းပဲ ဖြစ်ပါတယ်။

### အတိတ်က နိုင်ငံရေးလမ်းကြောင်းများကို ဆင်ခြင်သုံးသပ်။ အနာဂတ် နိုင်ငံရေးလမ်းကြောင်းကို မှန်ကန်စွာ ချမှတ်လျှောက်လှမ်း

အတိတ်သမိုင်းမှ နိုင်ငံရေးလမ်းကြောင်းများကို အကြမ်းဖျင်း ဖော်ပြလိုက်တာဟာ ဆင်ခြင်သုံးသပ်နိုင်စေဖို့ သင်ခန်းစာထုတ်နုတ်ယူစေဖို့ ဖြစ်ပါတယ်။ ဗမာပြည်မှာ မတရားတဲ့ အုပ်စိုးသူ အစိုးရများကို ဆန့်ကျင်တိုက်ခိုက်ရာမှာ လူထုအင်အား လှုပ်ရှားမှု လမ်းကြောင်းနဲ့ သွားခဲ့ကြတဲ့အခါ ထိရောက်တဲ့ အောင်ပွဲဖြစ်စေ၊ အောင်မြင်မှုတစိတ်တပိုင်းကို ဖြစ်စေ ရရှိခဲ့ကြောင်း သတိပြုရမှာ ဖြစ်ပါတယ်။ ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးဟာလည်း ပြည်သူ့အင်အားကို ကြိုးပမ်းစုဆောင်းရတာ ဖြစ်ပါတယ်။ အင်္ဂလိပ်နယ်ချဲ့ထံမှ လွတ်လပ်ရေးကို ငြိမ်းချမ်းတဲ့ ဒီမိုကရေစီနည်းနဲ့ တောင်းဆိုတဲ့အခါတုန်းကလည်း ပြည်သူ့အင်အားလှုပ်ရှားမှုကို ပြင်ဆင်ရတာပဲ ဖြစ်ပါတယ်။ ပြည်သူ့အင်အား လှုပ်ရှားမှုနဲ့ ၈ လေးလုံး အရေးတော်ပုံကို ဆင်နွှဲတဲ့အခါ မဆလ စစ်အစိုးရ ဆက်လက်မရပ်တည်နိုင်တော့ဘဲ ပါတီစုံဒီမို ကရေစီစနစ်နဲ့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကို ပြုလုပ်ပေးရတာ စတဲ့ အောင်မြင်မှု ရလဒ်တွေ ရရှိခဲ့ပါတယ်။

### ဦးသိန်းစိန် အစိုးရရဲ့ ဒီမိုကရေစီ အယောင်ဆောင် ပြုပြင်ရေးခေတ်အတွင်းမှ အတိုက်အခံ နိုင်ငံရေးလမ်းကြောင်း

ဦးသိန်းစိန်အစိုးရဟာ ၂၀၀၈ အခြေခံဥပဒေကို စစ်အာဏာရှင်စနစ်ရဲ့ကျားကန်မှုနဲ့ အခိုင်အမာ တည်ဆောက်ပြီး တက်လာတဲ့ အစိုးရ ဖြစ်ပါတယ်။ မတရားတဲ့ ရွေးကောက်ပွဲနဲ့ အနိုင်ရလာတဲ့ အစိုးရ ဖြစ်ပါတယ်။ အရပ်သားအစိုးရ မျက်နှာဖုံးစွပ်ထားတဲ့ စစ်အစိုးရ ဖြစ်ပါတယ်။

အရပ်သားအစိုးရ မျက်နှာဖုံးစွပ်ထားတာနဲ့အတူ ဒီမိုကရေစီလိုလားသကဲ့သို့ အယောင်ဆောင်ပါတယ်။ ပြုပြင်ရေးလိုလားသကဲ့သို့ အယောင်ဆောင်ထားပါတယ်။ ၂၀၀၈ အခြေခံဥပဒေပါ စစ်အာဏာရှင်စနစ် သားစဉ်မြေးဆက်တည်တံ့ရေးကို မထိခိုက်သမျှ လိုက်လျောလို့ ရနိုင်တာတချို့ လိုက်လျောပါတယ်။ သူ့အင်အားတွေ အခိုင်အမာ နေရာ အများစု ယူထားတဲ့ သူ့လွှတ် တော်အတွင်းသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ကျန်အတိုက်အခံတွေကို တံခါးဖွင့် ကျိုးသွင်းထားပါတယ်။

ဒါကြောင့် အတိုက်အခံ အင်အားစုများအတွင်း လမ်းကြောင်းတရပ် ဖြစ်ပေါ်လာပါတယ်။ လွှတ်တော်တွင်း နိုင်ငံရေးလမ်းကြောင်းပါ။ လွှတ်တော်တွင်းကနေ ပြည်သူ့အကျိုးအတွက် တိုက်ပွဲဝင်သွားမယ်၊ ၂၀၀၈ အခြေခံဥပဒေကို ပြုပြင်သွားမယ်ဆိုတဲ့

လမ်းကြောင်းပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ လွှတ်တော်တွင်း နိုင်ငံရေးလမ်းကြောင်းလုပ်သလို လွှတ်တော်ပ နိုင်ငံရေးကိုလည်း လုပ်မယ်လို့ ပြောပါတယ်။ လွှတ်တော်ပြင်ပ နိုင်ငံရေးလမ်းကြောင်းကို အရန်အဖြစ်ထားတဲ့ သဘောပါ။ ဒီလမ်း ကြောင်းဟာ လစ်ဘရယ်ဒီမိုကရေစီရဲ့ ပြုပြင်ရေးသဘောကို ဖော်ဆောင်နေတာပဲ ဖြစ်ပါတယ်။ (ဒီပြုပြင်ပြောင်းလဲရေးဟာ အခြေခံကျတဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဖော်ဆောင်နိုင်မလား၊ အခြေခံကျတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာစေမလားဆိုတာကတော့ အနာဂတ်လက်တွေ့လုပ်ငန်းတွေအပေါ် စောင့်ကြည့်အကဲခတ်ကြရမှာ ဖြစ်ပါတယ်)

လက်ရှိ အတိုက်အခံ နိုင်ငံရေးလမ်းကြောင်းကို ခြုံငုံသုံးသပ်မယ်ဆိုရင်–

– ဒီမိုကရေစီရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးတွေ ဆက်လက်တည်ရှိဆဲပဲ၊ ဒီလမ်းကြောင်းဟာ လုံးဝ ပိတ်သွားတာ မဟုတ်ဘူး။ လက်ရှိ ဦးသိန်းစိန်အစိုးရက အပစ်အခတ် ရပ်စဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ လုပ်ဆောင်ပေးရေးဆိုတဲ့ ပေါ်လစီနဲ့ လက်နက်ကိုင်အင်အားစုများကို စေ့စပ်ဆွေးနွေးထားပေမယ့် ဒါဟာ ယာယီ ကုထုံးသာ ဖြစ်တယ်။ နိုင်ငံရေးအရ ဖြစ်ပေါ်လာတဲ့ လက်နက်ကိုင်တော်လှန်ရေး ပြဿနာများကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်သရွေ့ လက်နက်ကိုင်တော်လှန်တိုက်ခိုက်မှုတွေ အချိန်မရွေး ပြန်ဖြစ်နိုင်တယ်။ အခုလည်း ဖြစ်နေဆဲပဲ။

– ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလမ်းကြောင်းဟာလည်း ဆက်လက် တည်ရှိနေတယ်။ ကေအိုင်အေနဲ့ ဆက်လက် တိုက်ခိုက်နေဆဲ ဖြစ်တယ်။ စစ်ပြေးဒုက္ခသည်တွေ ပြည်သူတွေဟာ ပြည်တွင်းစစ်မြေပြင်မှာ ကြေကွဲဖွယ်ဘဝတွေကို ရင်ဆိုင်ကြုံတွေ့နေရဆဲပဲ ဖြစ်တယ်။ ပြည်သူတွေက အစစ်အမှန် ပြည်တွင်း ငြိမ်းချမ်းကို လိုလားတောင့်တနေဆဲ ဖြစ်တယ်။

– အမျိုးသား ပြန်လည် သင့်မြတ်ရေး လမ်းကြောင်းဟာ ဆက်လက် တည်ရှိနေဆဲ ဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးသိန်းစိန်တို့ တွေ့ဆုံဆွေးနွေးရေးဟာ ပုဂ္ဂိုလ်ရေးဆွေးနွေးပွဲအဆင့်သာ ဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဖွင့်ဟဝန်ခံထားပြီး ဖြစ်တယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကို ဆက်လက်ကြိုးပမ်းသွားကြဖို့ ပြည်သူတွေနဲ့ နိုင်ငံရေးအင်အားစုတွေက လိုလားတောင့်တနေကြဆဲ ဖြစ်တယ်။

– အဲဒီအခြေအနေအောက်မှာ လွှတ်တော်နိုင်ငံရေးလမ်းကြောင်း(လစ်ဘရယ်ဒီမိုကရေစီ ပြုပြင်ရေးလမ်းကြောင်း) နဲ့ ပြည်သူ့အင်အား လှုပ်ရှားမှုလမ်းကြောင်းတို့ အပြိုင် တည်ရှိနေကြပါတယ်။

## နိုင်ငံတကာ့ အတွေးအခေါ် အယူအဆ ဂယက်ရိုက်ခတ်မှု

ပြည်ပရောက်အဖွဲ့အစည်းတွေကတဆင့် ဗမာပြည်တွင်းသို့ လက်နက်ကိုင်တော်လှန်ရေးနည်း မဟုတ်ဘဲ ငြိမ်းချမ်းတဲ့နည်း၊ အကြမ်းမဖက်တဲ့နည်းနဲ ့စစ်အာဏာရှင်စနစ်အား တိုက်ပွဲဝင်ရေးအယူအဆကို သွတ်သွင်းတိုက်တွန်း လာတာကြာပါပြီ။ ပြည်ပရောက် ဗမာပြည်နိုင်ငံရေးအင်အားစုများကို အကူအညီပေးနေတဲ့ အဖွဲ့အစည်းများကနေ သွတ်သွင်းတိုက်တွန်းလာတာပါ။ ဒီဗမာပြည် ဒီမိုကရေစီရေးကို အကူအညီပေးနေတယ်ဆိုတဲ့ အဖွဲ့အစည်းများဟာ လက်နက်ကိုင်တော်လှန်ရေးလုပ် နေတဲ့ အဖွဲ့အစည်းများအား အကူအညီပေးရေးအပေါ်မှာ ထက်သန်တက်ကြွမှု သိပ်မရှိလှပါဘူး။ (ဒီမိုကရေစီရရှိရေးအတွက် ငြိမ်းချမ်းတဲ့ လမ်းကြောင်းကနေ လျှောက်လှမ်းချီတက်တာ မူအားဖြင့် လက်ခံရမှာပါ။ ဒါပေမဲ့ လက်နက်နဲ့ အာဏာ စွဲကိုင်ထားတဲ့ အုပ်စိုးသူ လူတန်းစားက လက်နက်နဲ့ အဓမ္မ ဖိနှိပ်မှုတွေ ပြင်းပြင်းထန်ထန် မတရားလုပ်နေတဲ့ အခြေအနေမှာ လက်နက်နဲ့ ဖိနှိပ်မှုတွေကို လက်နက်နဲ့ တုံ့ပြန်မှုတွေ တည်ရှိလာမှုဟာလည်း တရားပါတယ်။ ) အမေရိကန်ရဲ့ နီယိုလစ်ဘရယ်ဝါဒဟာလည်း ၎င်းတို့ရဲ့ ကမ္ဘာဖြန့်ကြက်တဲ့ မီဒီယာမှတဆင့် ဗမာပြည် နိုင်ငံရေးလောကတွင်းသို့ ဝင်ရောက်ရိုက်ခတ်ပါတယ်။ အနောက်ဥရော ပနိုင်ငံတွေက စနစ်တကျ ဖြန့်ဖြူးနေတဲ့ ရောင်စုံအတွေးအခေါ် အယူအဆတချို့ကလည်း ဗမာပြည်ရဲ့ စစ်အာဏာရှင်စနစ် ဖယ်ရှားရေး အတိုက်အခံနိုင်ငံရေးလှုပ်ရှားမှုများကို အားနည်းချည့်နဲ့စေပါတယ်။ ဥပမာ ဂျာမနီမှ ဖက်ဒရယ်နမန်းဖောင်ဒေးရှင်းအဖွဲ့ကဲ့သို့သော အဖွဲ့အစည်းတွေက သင်တန်းသဘောမျိုး ပို့ချဖြန့်ဖြူးတဲ့ အယူအဆတွေထဲမှာ နှစ်သိမ့်ချွေးသိပ်ခြင်း (Appeasement)၊ သဘောတူညီချက်အသွင်သဏ္ဌာန်နဲ့ လက်နက်ချစေခြင်း(Capitulation)၊ ပူးပေါင်းဆောင်ရွက်ခြင်း(Collaboration)၊ နဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်စေခြင်း(Development) ဆိုတဲ့ (ACCD) ဆိုတဲ့ နည်းလမ်းများဟာ ဗမာ့ဒီမိုကရေစီ အင်အားစုများအတွင်း ထိုးဖောက်ဝင်ရောက်လာရုံမက အစိုးရက အသုံးချလာတဲ့ နည်းလမ်းများအဖြစ်သို့ပင် ရောက်ရှိလာနေပါတယ်။

အမေရိကန်နဲ့ အနောက်ဥရောပနိုင်ငံတွေမှာ ကမ္ဘာ့ငွေကြေးအကျပ်အတည်းကပ်ရဲ့ ဒဏ်ကို ဆိုးဆိုးဝါးဝါး ခံနေရချိန်မှာတောင်မှ ဗမာပြည်နိုင်ငံရေး အင်အားစုတချို့က အမေရိကန်နဲ့ အနောက်ဥရောပနိုင်ငံတွေအပေါ် အထင်ကြီးအားကိုးပြီး မျှော်လင့်ကြပါတယ်။ အာရပ်ကမ္ဘာမှာ "အာရပ်နွေဦး"ဆိုပြီး ကျော်ကြားလောက်အောင် လမ်းပေါ်လူထု လှုပ်ရှားမှုတွေ ဆင်နွဲပြီး လက်နက်ကိုင် တော်လှန်ပုန်ကန်မှုအထိ တက်လှမ်းဆင်နွဲတဲ့နိုင်ငံတွေ ရှိလာခဲ့ပေမယ့် ဗမာပြည်နိုင်ငံရေးအင်အားစုတွေ ထဲမှာတော့ လမ်းပေါ်နိုင်ငံရေးဟာ ခေတ်မစားတော့တဲ့ အယူအဆအဖြစ် သဘောထားလာကြပါတယ်။ လမ်းပေါ် နိုင်ငံရေးလုပ်ရင် လူထုတွေ လက်နက်နဲ့ ဖိနှိပ်ဖြိုခွဲတာ ခံရပြီး ထိခိုက်နာကျင်မှုတွေ သေကျေမှုတွေ ဖြစ်မှာစိုးလို့ လမ်းပေါ်လူထုလှုပ်ရှားမှုကို မလိုလားကြောင်း ပြောဆိုကြတယ်။ ဦးသိန်းစိန်အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးအပေါ် မျှော်လင့်ချက် မြင့်မြင့်မား ထားရင်းက လွှတ်တော်နိုင်ငံရေးကတဆင့် ဗမာပြည်နိုင်ငံရေးကို ပြုပြင်ပြောင်းလဲဖို့၊ ၂၀၀၈ အခြေခံဥပဒေကို ပြုပြင်ပြောင်းလဲဖို့ အားသန်နေကြပါတယ်။ လွှတ်တော်တွင်း နိုင်ငံရေးလမ်းကြောင်းကို မပစ်ပယ်ပါ။ ဖောက်ပြန်တဲ့ အစိုးရတွေကို ပြည်သူလူထုက ပြည်သူ့တိုက်ပွဲဆင်နွဲရာမှာ လွှတ်တော်တွင်း နိုင်ငံရေးလှုပ်ရှားမှုနဲ့ ပေါင်းစပ်နိုင်သည်နှင့်အမျှ အောင်ပွဲဆီသို့ ချီတက်ရာမှာ အရှိန်အဟုန် ပိုပြီး မြန်ဆန်နိုင်ပါတယ်။ ဒါပေမဲ့ လွှတ်တော်နိုင်ငံရေးသက်သက်နည်းလမ်း၊ လွှတ်တော်နိုင်ငံရေးကိုပဲ အဓိကထားပြီး လူထုလှုပ်ရှားမှုနဲ့ မပေါင်းစပ်နိုင်ရင်တော့ ဒါဟာ ပြည်သူလူထုကို နာကျင်စေတဲ့ နည်းလမ်းပဲ ဖြစ်ပါလိမ့်မယ်။ လစ်ဘရယ်ဒီမိုကရေစီ ပြုပြင်ရေးလမ်းကြောင်း(လွှတ်တော်တွင်း နိုင်ငံရေးလမ်းကြောင်း)ကို တကြိုးတည်းသွားခြင်းဟာ ပြည်သူတရပ်လုံး တစိမ့်စိမ့် ရေရှည် နာကျင်တဲ့ ဒုက္ခတွေခံစားရစေမှာ၊

အသက်အိုးအိမ်ဆုံးရှုံးမှုတွေ ဖြစ်စေမှာတို့ကို တွက်ကြည့်ရင် လူထုအင်အားလှုပ်ရှားမှုမှာ ဆုံးရှုံးတာထက် အဆများစွာ ပိုမိုကြီးမားတယ်ဆိုတာ အလေးအနက် ရှိကြရပါလိမ့်မယ်။

**တိုင်းပြည်အနေနဲ့ ခက်ခဲ၊ ရှည်ကြာ၊ နာကျင်ရမယ့် လစ်ဘရယ် ဒီမိုကရေစီ ပြုပြင်ရေးလမ်းကြောင်းတခုတည်းကို အဓိက လုပ်ဆောင်နေမယ်ဆိုရင်**
**ခက်ခဲရှည်ကြာမှာတွေက–**

၂၀၀၈ အခြေခံဥပဒေက စစ်အာဏာရှင်စနစ် သားစဉ်မြေးဆက် တည်တံ့ရေးအတွက် အခိုင်အခံ့ ပြင်ဆင်ထားတာ ဖြစ်တယ်။ စစ်အာဏာရှင်စနစ်ကို အကာအကွယ်ပေးရေးအတွက် ကာလုံအဖွဲ့ရဲ့ ထိန်းချုပ်မှု ရှိနေရုံမျှမက အဆင့်လိုက် အကာအကွယ် အစီအမံများ၊ စည်းမျဉ်းဥပဒေများ ပြင်ဆင်ထားတဲ့အပြင် အရေးပေါ်အာဏာသိမ်းနိုင်ခွင့်ကို ဥပဒေထဲမှာတောင် ထည့်သွင်းရေးဆွဲထားတယ်။ သူတို့လွှတ်တော်မှာလည်း စစ်တပ်ကိုယ်စားလှယ်တွေ ကြံ့ဖွံ့ကိုယ်စားလှယ်တွေ နေရာအများစုကို အပိုင်အနိုင် အခိုင်အခံ့ ရယူထားတာ ဖြစ်တယ်။ ဒီလွှတ်တော်ထဲ ဝင်တိုးပြီး ၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင် ပြောင်းလဲရေးဆိုတာ ခက်ခဲရှည်ကြာလွန်းတဲ့ လမ်းကြောင်း ဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲကို မျှော်လင့်ချက် ထားလို့တော့ ရပါတယ်။ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ဆိုတာ အများကြီး အခက်အခဲ ရှိတယ်။ အစိုးရရဲ့ အထောက်အကူပြုမှုအောက်မှာ အခွင့်အရေး မက်လုံးများနဲ့ အင်အားကြီးအောင် စုစည်းထားတဲ့ ကြံ့ဖွံ့ပါတီရဲ့ ညစ်နည်းမျိုးစုံ ကလိမ်ကျမှုမျိုးစုံကို ကျော်လွှားပြီး ရွေးကောက်ပွဲမှာ အစစ်အမှန် အနိုင်ရရှိရေး ဟာလည်း ခက်ခဲပါတယ်။ ရွေးကောက်ပွဲအပြီး လွှတ်တော်တွင်း တပ်မတော်ကိုယ်စားလှယ် တမတ်သားကို စည်းရုံးနိုင်ရေးဟာလည်း အခက်အခဲတခုပါ။

ဦးသိန်းစိန်အစိုးရက စစ်တပ်ပြုပြင်ပြောင်းလဲရေးဆိုတာကို လေသံတောင် မဟပါဘူး။ လွှတ်တော်ထဲက စစ်တပ် ကိုယ်စားလှယ်တွေသာမက တပ်မတော်တခုလုံးကို ပြုပြင်ပြောင်းလဲနိုင်မှ၊ စည်းရုံးသိမ်းသွင်းနိုင်မှ ဒီမိုကရေစီလမ်းကြောင်း အောင်မြင်နိုင်မယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ဝန်ခံထားပါတယ်။ ဒါကလည်း ရှည်ကြာခက်ခဲတဲ့ လမ်းကြောင်းပါ။ အရပ်သား အစိုးရ အသွင်ဆောင်ပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ အစိုးရကောင်းဖြစ်မြောက်ရေးကို အယောင်ဆောင်ထားတဲ့ ဦးသိန်းစိန် စစ်အစိုးရရဲ့ နည်းပရိယာယ်တွေကလည်း ဒီမိုကရေစီအင်အားစုတချို့ကို တွေဝေစေပြီး အတိုက်အခံ နိုင်ငံရေးအင်အားစုတွေရဲ့ လမ်းကြောင်းကို ပိုမို ခက်ခဲရှည်ကြာစေမှာပါ။ အကန့်အသတ်နဲ့ပေးတဲ့ ဒီမိုကရေစီ၊ အကန့်အသတ်နဲ့ လုပ်တဲ့ ပြုပြင်ပြောင်းလဲရေးတို့အောက်မှာ အတိုက်အခံအင်အားစုတို့ဟာ ရှေ့တိုးလိုက် နောက်ဆုတ်လိုက်နဲ့ ရွာလည်နေတဲ့ ဖြစ်စဉ်ကို မုချ ဖြတ်သန်းရမှာပါ။

**တိုင်းပြည်နာကျင်ရမှာတွေက–**

– အတုအယောင် အပစ်အခတ် ရပ်စဲရေးလောက်သာ လုပ်ထားတဲ့ အနေအထားမှာ ပြည်တွင်းစစ်ဟာ ယခုလည်း ဆက်လက် တည်ရှိနေပြီး အနာဂတ်မှာလည်း အချိန်မရွေး ပြန်လည်ဖြစ်ပွားမယ့် အန္တရာယ် တည်ရှိနေပါတယ်။ လစ်ဘရယ်ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနည်းနဲ့ အစစ်အမှန် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ဖို့ ခက်ခဲပါတယ်။ ပြည်တွင်းစစ် အန္တရာယ် ဆက်လက်တည်ရှိနေသမျှ တိုင်းပြည်ဟာ နာကျင်မှုဒဏ်ကို ဆိုးဆိုးရွားရွား ခံစားနေကြရဦးမှာပါ။ အသက် အိုးအိမ် စည်းစိမ်တွေ အမြောက်အမြား ဆုံးရှုံးကြရဦးမှာပါ။ ဗမာပြည်မှာ တိုင်းရင်းသားလူမျိုးစုများနဲ့ ဖြစ်ပွားတဲ့ ပဋိပက္ခတွေကို နိုင်ငံရေး နည်းအရ တွေ့ဆုံဆွေးနွေးပြီး အဖြေမရှာနိုင်သေးသမျှ တိုင်းရင်းသားပြည်သူတွေမှာ အတိဒုက္ခတွေ ဆက်လက် ရင်ဆိုင်နေ ကြရဦးမှာပါ။

– ဗမာပြည်ဟာ လယ်သမားလူတန်းစားက လူဦးရေရဲ့ အများစု ဖြစ်နေတဲ့ တိုင်းပြည်ပါ။ လယ်သမားထုအတွက် လယ်လုပ်သူ လယ်ပိုင်ခွင့်ရတဲ့ မြေယာစနစ်ကို မပြောင်းလဲနိုင်သေးသရွေ့ ဒါမှမဟုတ် မြေယာပြုပြင်ပြောင်းလဲရေးနဲ့ ချွေးသိပ်ထားတာ ခံနေရသရွေ့ လယ်သမားထုဟာ ရှည်ကြာနာကျင်တဲ့ ဒုက္ခတွေကို ခံစားကြရဦးမှာပါ။ (လယ်ယာမြေကို တော်လှန်ရေးနည်းလမ်းနဲ့ မဟုတ်ဘဲ ပြုပြင်ရေးနည်းလမ်းနဲ့ ပြောင်းလဲရင် လယ်သမားထုဟာ ရှည်ကြာတဲ့ ခေတ်ကာလတလျှောက်လုံး နာကျင်မှုဒုက္ခတွေ ခံစားကြရတာကို နိုင်ငံတကာ့အတွေ့အကြုံအရရော ဗမာပြည်အတွေ့အကြုံအရပါ မြင်တွေ့နိုင်ပါတယ်)။ ခေတ်အဆက်ဆက်မှာ ဗမာပြည်လယ်သမားထုဟာ ရှည်ကြာနာကျင်တဲ့ ဒုက္ခတွေကို ခံစားခဲ့ရရုံမက စစ်အစိုးရခေတ် စစ်အစိုးရနဲ့ သူ့လက်သုံးတော် စီးပွားရေးသမားတွေရဲ့ လယ်ယာမြေ လုယက်မှုတွေကြောင့် ယနေ့အချိန်မှာ ပိုမိုဆိုးရွားတဲ့ လယ်ယာမြေ ဒုက္ခတွေကို လယ်သမားတွေ ခါးစည်းခံနေရပါတယ်။

– အစိုးရကောင်းဖြစ်မြောက်ရေးနဲ့ ပြုပြင်ပြောင်းလဲရေးကို အသံကောင်းဟစ်နေတဲ့ ဦးသိန်းစိန်အစိုးရ ခေတ်မှာ အလုပ်သမားထုရဲ့ အကျိုးစီးပွားဘက်က တကယ်တမ်းမရပ်တည်တာကြောင့် မမျှတတဲ့ လုပ်ခလစာ အခွင့်အလမ်းများသာ ရရှိနေကြရတဲ့ ဗမာပြည်အလုပ်သမားတွေဟာ ဆင်းရဲဒုက္ခတွင်းထဲ နစ်သထက် နစ်နေကြရပါတယ်။ ဒါကြောင့် အလုပ်သမားတွေရဲ့ ဆန္ဒပြမှုတွေ ဆက်တိုက်ဆိုသလို ပေါ်ပေါက်နေတာ အထင်အရှားပါ။ ဗမာပြည်က အလုပ်စွမ်းအားရှိတဲ့ လူငယ်တွေ သိန်းချီသန်းချီတဲ့ အရေအတွက်နဲ့ မျက်နှာငယ်စွာ ဆင်းရဲပင်ပန်းကြီးစွာ သူတပါးနိုင်ငံတွေမှာ သွားရောက် လုပ်ကိုင်စားသောက်နေရတာတွေဟာ စစ်အစိုးရတွေ လက်ထက်မှာ ပိုမိုကြီးထွားလာနေတာ ယနေ့ထက်တိုင် ဖြစ်ပါတယ်။ ဗမာပြည်က ကျန်တဲ့ အလုပ်သမားထုတွေနဲ့ ဝန်ထမ်းတွေရဲ့ ဘဝအခြေအနေဟာလည်း ဦးသိန်းစိန်အစိုးရလက်ထက်မှာ အခြေခံအရ ပြောင်းလဲတိုးတက်လာတာ ဘာမှ မရှိသေးပါ။ ဦးသိန်းစိန်အစိုးရရဲ့ အကန့်အသတ်ရှိတဲ့ ပြုပြင်ပြောင်းလဲရေးနဲ့ လွှတ်တော် တွင်း

လစ်ဘရယ်ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးက အလုပ်သမားထုရဲ့ဘဝကို အချိန်တိုအတွင်း အခြေခံကအစ ပြောင်းလဲ ပစ်ရေးဆိုတာ လွယ်ကူမှာ မဟုတ်တဲ့အတွက် အလုပ်သမားတွေဟာ ရှည်ကြာတဲ့ နာကျင်မှုလမ်းကြောင်းကို ဆက်လက် လျှောက်လှမ်းကြရဦးမှာပါ။

– စစ်တပ် ထိပ်သီးပိုင်းနဲ့ စစ်အုပ်စုရဲ့ လက်သုံးတော် စီးပွားရေးလုပ်ငန်းရှင်များက လက်ဝါးကြီးအုပ် ထားတဲ့ ဗမာပြည်ရဲ့ စီးပွားရေးဘဝမှာ အမျိုးသားစီးပွားရေး ချွတ်ခြုံကျမှုဟာ ဦးသိန်းစိန် စစ်အစိုးရအထိ ဆက်လက်တည် ရှိနေပါတယ်။ ဆင်းရဲမွဲတေမှု ပပျောက်ရေးကို အာဘောင်အာရင်းသန်သန် ဟစ်ကြွေးခဲ့တဲ့ ဦးသိန်းစိန်အစိုးရရဲ့ မီးရှူးမီးပန်း တွေဟာလည်း လေထဲမှာပဲ တစတစ ပျောက်ကွယ်သွားပါတယ်။ စစ်အာဏာရှင်စနစ်ကို မဖယ်ရှားနိုင်သေးသရွေ့ ဗမာပြည် ပြည်သူတရပ်လုံးဟာ ဖွံ့ဖြိုးတိုးတက်မှုမရှိတဲ့ တိုင်းပြည်ရဲ့ စီးပွားရေးရုပ်ဘဝမှာ ဆင်းရဲဒုက္ခအပေါင်းကို နာကျင်ရှည်ကြာစွာ ခံစားနေကြရဦးမှာပါ။ လစ်ဘရယ် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးက ဘယ်အချိန်မှာမှ စစ်အာဏာရှင် စနစ်ကို ဖယ်ရှားပြီး ပြည်သူလူထုအပေါင်းကို ဆင်းရဲဒုက္ခနွံတွင်းက ကယ်ထုတ်ပေးနိုင်မှာလဲ။

– ဦးသိန်းစိန် အစိုးရက နိုင်ငံတကာ့ဆက်ဆံရေးမှာ သူ့အစိုးရ မျက်နှာပန်းလှစေရေးအတွက် ဖြစ်စေ၊ အမေရိကန်နဲ့ အနောက်နိုင်ငံတွေရဲ့ မျက်မာန်ရှမှုကို စိုးရွံ့၍ပဲ ဖြစ်စေ၊ သူ့စီးပွားဖက်တွေရဲ့ အရင်းအနှီးတွေ ပြည်ပမှာ မြှုပ်နှံလို၍ပဲ ဖြစ်စေ၊ အနောက်နိုင်ငံတွေရဲ့ စီးပွားရေး ဒဏ်ခတ်မှု ရုပ်သိမ်းလို၍ပဲ ဖြစ်စေ အမေရိကန်အပါအဝင် အနောက် နိုင်ငံတွေ အလိုကျ လိုက်လျောမှုတွေ တမျိုးပြီး တမျိုး လုပ်ပေးနေရပါတယ်။ တည်ကြည် ဂုဏ်သိက္ခာရှိတဲ့၊ ဖြောင့်မတ်မှန် ကန်တဲ့ နိုင်ငံခြားရေး ပေါ်လစီနဲ့ လုပ်ဆောင်နေတာ မဟုတ်ပါ။ အမေရိကန်နဲ့ အရင်းရှင်အင်အားကြီးနိုင်ငံတွေကလည်း သမ္မတဦးသိန်းစိန်နဲ့ရော၊ ဒေါ်အောင် ဆန်းစုကြည်နဲ့ပါ ခပ်စိပ်စိပ် လာရောက်တွေ့ဆုံပြီး သူ့လူတွေ ဗမာပြည်ထဲမှာ ဝင်ရောက်ခြေချရေး အားထုတ်လုပ်ဆောင်နေပါတယ်။ သူ့တို့လူတွေ သူတို့အင်အားတွေဆိုတဲ့အထဲမှာ စီအိုင်အေ အဖွဲ့အစည်းက လူတွေလည်း အပါအဝင်ပါ။ ဒါဟာ တရုတ်ကို ထိန်းချုပ်ရေး၊ တရုတ်ကို ဝိုင်းပတ်ရေး၊ အာရှ ပစိဖိတ်ကို ထိန်းချုပ်ပြီး အမေရိကန်အင်အား စိုးမိုးရေးဆိုတဲ့ သေနင်္ဂဗျူဟာထဲက ခြေလှမ်းတလှမ်းပါပဲ။ တရုတ်–အမေရိကန် လွန်ပွဲမှာ ဗမာပြည်ကို တရုတ်ပြည်ကို ဝန်းရံထားတဲ့ စခန်းထောက်အဖြစ် သဘောထားရင်တောင် ကျွဲနှစ်ကောင် ခတ်တဲ့ ကွင်းပမာ ဖြစ်လာမှာပါ။ ဗမာပြည်သူတွေဟာ မြေစာပင်ဘဝ ကြားညပ်ပြီး နာကျင်မှုဒုက္ခများကို အတောမသတ် ခံစားကြရ တော့မှာပါ။ ဦးသိန်းစိန် အစိုးရကရော၊ အတိုက်အခံ လစ်ဘရယ်ဒီမိုကရေစီ ပြုပြင်ရေးအင်အားစုများကပါ အမေရိကန်နဲ့ အနောက်နိုင်ငံတွေကို အကန့်အသတ်မဲ့ ပျူငှာမှုတွေပြသပြီး အနာဂတ်အန္တရယ်ကို ဖိတ်ခေါ်နေကြတာ ဖြစ်ပါတယ်။

ဗမာပြည်နဲ့ ဗမာပြည်သူတွေ နာကျင်မှုကို ရှည်ကြာစွာခံစားကြရမယ့် အလားအလာကို ဖော်ပြရာမှာ ဒါလောက်နဲ့ မလုံလောက်ပါဘူး။ စစ်အာဏာရှင်စနစ်ကို မဖယ်ရှားနိုင်သမျှ ဘက်စုံနာကျင်မှုကို ရှည်ကြာစွာ ခံစားကြရမှာပါ။ လွှတ်တော်တွင်း အတိုက်အခံအင်အားစုက ၂၀၀၈ အခြေခံဥပဒေကို လစ်ဘရယ်ပြုပြင်ပြောင်းလဲ ရေးနည်းနဲ့ ပြောင်းလဲနေမှု အချိန်ကြာသည်နှင့်အမျှ ဗမာပြည်သူတွေ နာကျင်နေကြရဦးမှာ အသေအချာပါ။

**ချီတက်နေဆဲ ပြည်သူ့အင်အား လှုပ်ရှားမှုလမ်းကြောင်း**

**ချုပ်လိုက်ရင် ဗမာပြည်မှာ–**

**ဒီမိုကရေစီရေးအတွက် လက်နက်ကိုင်တော်လှန်တိုက်ပွဲဝင်မှု လုံးဝရပ်စဲ မသွားသေးပါ။**

**ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေးလမ်းကြောင်းလည်း ဆက်လက်တည်ရှိ နေမြဲ ဖြစ်ပါတယ်။**

**အမျိုးသား ပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကို စစ်အာဏာရှင်စနစ်က ဘယ်လိုပဲ လျစ်လျူ ရှုရှု သက်ဆိုင်ရာ အင်အားစုအားလုံးက အခွင့်သာတိုင်း တောင်းဆိုတင်ပြနေကြဆဲပါ။**

**ထို့အတူ... ...**

ဗမာပြည် ပြည်သူလူထုကတော့ သူ့ရင်ဆိုင်နေရတဲ့ ရုပ်ဘဝအခြေအနေအရ သူ့လမ်းကြောင်း အတိုင်း သူ ရုန်းကန် လျှောက်လှမ်းနေမြဲပါ။ ပြည်သူ့အင်အား လှုပ်ရှားမှုလမ်းကြောင်း ခေတ်မမီတော့လို့ ဘယ်နိုင်ငံရေး သုခမိန်ကပဲ ပြောပြော သူ့ဘဝအတွက် သူ ရုန်းကန်တိုက်ပွဲဝင်မှ ဖြစ်မယ်ဆိုတဲ့အသိ ပြည်သူတွေမှာ ရှိပါတယ်။ ဒါကြောင့် စက်ရုံတွေမှာ သပိတ်တိုက်ပွဲတွေ တလုံးပြီး တလုံး ပေါ်ပေါက်လာနေဆဲပါ။ လယ်သမားတွေကလည်း သူ့တို့လယ်ယာမြေ မတရားအသိမ်းခံရမှုကို သူတို့ကိုယ်တိုင် လှုပ်ရှားပြီး နည်းနာပေါင်းစုံနဲ့ တိုက်ပွဲဝင်နေဆဲပါ။ လယ်ယာမြေကွက်နဲ့ စက်ရုံအလုပ်ရုံတွေမှာသာမက လိုအပ်လာရင် ပြည်သူတွေဟာ လမ်းပေါ်ထွက်ပြီး ပြည်သူ့အင်အားလှုပ်ရှားမှုကို ပြသကြ ဦးမှာ ဖြစ်ပါတယ်။ ပြည်သူ့အင်အား လှုပ်ရှားမှု လမ်းကြောင်းဟာ လွှတ်တော်တွင်းနိုင်ငံရေး လုပ်ဆောင်မှုမှ ပေါ်ထွက်လာတဲ့ ရသမျှ အခွင့်အရေးတိုင်းကိုလည်း ဆုပ်ကိုင်အသုံးချကြရမှာ ဖြစ်သလို ဦးသိန်းစိန်အစိုးရရဲ့ အယောင်ဆောင် လိုက်လျော မှုများနဲ့ အကန့်အသတ်နှင့်ပေးတဲ့ ဒီမိုကရေစီအခွင့်အလမ်းများကိုလည်း အသုံးချနိုင်သမျှ ရယူအသုံးချသွားကြရမှာ ဖြစ်ပါတယ်။

ပြည်သူ့အင်အား လှုပ်ရှားမှုနဲ့ ပြည်သူ့ထောက်ခံမှုမပါရင် ဘယ်နိုင်ငံရေးလမ်းကြောင်းမှ အောင်ပွဲ မရနိုင်ဘူးဆိုတာ ဗမာပြည် အတိတ်သမိုင်းက သက်သေပြသခဲ့ပြီး ဖြစ်သလို အနာဂတ်မှာလည်း ဆက်လက်သက်သေ ပြဦးမှာ အသေအချာပါ။

ညိုစိန်ဝင်း

# မြန်မာ့ဒီမိုကရေစီလမ်းစဉ် တခေတ်ဆန်းသစ်ပြီလော

နေယု

တိုက်ရိုက်စစ်အုပ်ချုပ်ရေးမှာ မြန်မာ့ဒီမိုကရေစီလမ်းစဉ် စနစ် အကူးအပြောင်းကား စစ်ဗိုလ်လူထွက်တို့အတွက် အားရဖွယ်ကောင်းလှသည်။ သံခင်းတမန်ခင်း စံချိန်သစ်များတင်ကာ အနောက်နိုင်ငံများနှင့် လူလိုသူလို ဆက်ဆံဆွေးတွေ့ ရလာသည်။ ဒေသတွင်းနိုင်ငံများ အထူးသဖြင့် အာဆီယံနိုင်ငံများက ဝမ်းမြောက်ဝမ်းသာ ချီးကျူးထောမနာပြုတာခံရသည်။ တိုင်းသူပြည်သား အချို့ကပင် အမှန်တကယ် လွတ်လပ်ပွင့်လင်းလာပြီဟု ထင်ယောင်ထင်မှား ဖြစ်လာရသည်။ လူဝတ်လဲစစ်အုပ်စုအတွက် ထူးထူး ခြားခြား အကျိုးများသည်ကတော့ အနောက်ကမ္ဘာနှင့် ဆက်ဆံရေးကဏ္ဍအသစ်ဖွင့်လှစ်လိုက်နိုင်ခြင်းပင် ဖြစ်သည်။ အနှစ် ၂၀ ကျော် အနောက်ကမ္ဘာတွင် ဝိုင်းပယ်ခံခဲ့ရသည့် စစ်အုပ်စုအတွက်တော့ အရေခွံလဲရကျိုး နပ်သွားပြီဖြစ်သည်။ သင်တုန်းဓားပေါ် သကာရည် ဆမ်းရကျိုး နပ်သွားပြီဖြစ်သည်။ ၆၂ အာဏာသိမ်းဗိုလ်နေဝင်းအစိုးရမှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် အကူး အပြောင်းကဲ့သို့ပင် ၈၈ အာဏာသိမ်း စစ်အစိုးရမှ မြန်မာ့ဒီမိုကရေစီ လမ်းစဉ်ခေတ်သို့ ကူးပြောင်းလာခြင်းမှာ အသိသာပင် ဖြစ်သော်လည်း အချိုးအကွေ့၊ အလှည့်အပြောင်း၊ အတက်အဆုတ် နည်းဗျူဟာကျ ဖော်ဆောင်ကူးပြောင်းခဲ့သည်မှာ စနစ်ကျသည်ဟု ဆိုရမည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ် အနှစ် ၂၀ ကျော် လူ့ဝေဒတွင်း ဗမာပြည်သူပြည်သားတို့ သက်ဆင်းခဲ့ရသည်။ ယခုတဖန် မြန်မာ့ဒီမိုကရေစီလမ်းစဉ်ခေတ်တွင် တိုင်းသူပြည်သားအများတို့ ခေတ်၏ ဝဋ်ဆင်းရဲကို မည်သို့မည်ပုံ ဖြတ်သန်းကြရဦးမည် မသိပေ။ လမ်းစဉ်ခေတ်နှစ်ခုအကြားတွင်မူ အမှောင်တကာ့ အမှောင်ဆုံးခေတ်က အနှစ်နှစ်ဆယ်ကျော် ကြာခဲ့ပြန်သည်။

ဗိုလ်နေဝင်းက မဆလတပါတီ အာဏာရှင်စနစ်ကို ဗိုလ်ဖြုတ်–ဦးလုပ်ကာ တည်ထောင်ခဲ့သည်။ ဗိုလ်သန်းရွှေကတော့ သူ့စိတ်ကြိုက်လူတစုကို ဗိုလ်ဖြုတ်–ဦးလုပ်ကာ 'စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ' သို့မဟုတ် 'မြန်မာ့ဒီမိုကရေစီလမ်းစဉ် စနစ်'ကို ကူးပြောင်းစေခဲ့သည်။ တိုင်းသူပြည်သားတို့က ဒီမိုကရေစီ လိုချင်သည်။ အနောက်နိုင်ငံများက ဒီမိုကရေစီစနစ် ကူးပြောင်းဖို့ အစဉ်တစိုက် ဖိအားပေးခဲ့သည်။ ဒေသတွင်း နိုင်ငံများထံပါးမျက်နှာမလှဖြစ်ခဲ့ရသည်။ အခုတော့ ကဲ ... ဒီလောက်တောင် ဒီမိုက ရေစီလို ချင်ကြ၊ ဒီမိုကရေစီ နိုင်ငံ ဖြစ်စေချင်ကြတာ ဒီမိုကရေစီနိုင်ငံ ထူထောင်ပေးလိုက်မယ်ဟုဆိုကာ လမ်းပြမြေပုံ ခုနစ်ချက်ဖြင့် အနှစ် ၂၀ ဆယ်ကျော် အုပ်စိုးပြီးသကာလ ဒီမိုကရေစီနိုင်ငံ ဖြစ်စေတော့ဟု တည်ထောင်ပေးလိုက်ခြင်းသာ ဖြစ်သည်။ သို့ သော်ငြားလည်း မြန်မာ့အာဏာရှင်ဗိသုကာ ဗိုလ်နေဝင်း၏ ပုံသေနည်းအတိုင်း မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့ဒီမိုက ရေစီလမ်းစဉ်စနစ်ကိုသာ အမှန်စင်စစ်တွင် ကူးပြောင်းလာခြင်းဖြစ်သည်။ အမည်ခံ ဒီမိုကရေစီစနစ် ဖြစ်ရုံမက အမှန်တကယ် တိုက်ရိုက် စစ်အုပ်ချုပ်ရေးကားလိပ်ချသွားပြီလော ဆိုသည်မှာလည်း အဖြေရခက်သည့် မေးခွန်းတခုပင် ဖြစ်သည်။ နဝတ အသွင်ပြောင်း နအဖ စစ်ကောင်စီကို ဖျက်သိမ်းလိုက်သော်လည်း စစ်ကောင်စီလက်ထက် ဝန်ကြီးချုပ်ဗိုလ်သိန်းစိန် အရပ်ဝတ်လဲကာ

သမ္မတဖြစ်လာသည်။ စစ်ကောင်စီ ဝန်ကြီးအချို့လည်း ပိုနေမြဲ ကျားနေမြဲဖြစ်သည်။ ပြန်ကြားရေးဝန်ကြီး ဗိုလ်ကျော်ဆန်း ဆက်လက်တာဝန် ထမ်းဆောင်သည်။ ဒေါ်စုနှင့် စစ်အုပ်စုအကြား ဆက်သွယ်ရေးဝန်ကြီး ဗိုလ်အောင်ကြည်လည်း လုပ်မြဲ အလုပ်ကို ဆက်လက်တာဝန်ထမ်းဆောင်သည်။

ယခင်ဗိုလ်သန်းရွှေ တိုက်ရိုက်ကွပ်ကဲသည့် စစ်ကောင်စီထက်ပင် ပို၍ ဖွဲ့စည်းပုံ ကျစ်လျစ်လာသည်ဟု ဆိုရမည်။ ဆွေစဉ်မျိုးဆက် သစ္စာရှိခဲ့သည့် အမာခံ ဗိုလ်ဝဏ္ဏမောင်လွင်တို့လို လူမျိုးတွေ နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသည်။ မဆလခေတ် အမာခံ အရပ်သား ပါတီကောင်စီဝင်တချို့လို ကြံ့ဖွံ့အမာခံ အရပ်သားအချို့ အစိုးရအဖွဲ့ဝင်တွေ ဖြစ်လာသည်ကလွဲ၍ အစိုးရပိုင်း အပြောင်းအလဲမှာ စစ်ယူနီဖောင်း ဝတ်ကာ မအုပ်ချုပ်တာ တခုပဲရှိသည်။ မဆလခေတ် လွှတ်တော်တွင် လက်ညှိုးထောင် ခေါင်း ညိတ်ကြရပြီး၊ မဒလ (မြန်မာ့ဒီမိုကရေစီလမ်းစဉ်) ခေတ် လွှတ်တော်တွင် ကြံ့ဖွံ့အမတ်တို့၏ အဆိုများသာ အောင်မြင်ကြသည်။ နှစ်ယောက်နှင့်တပိုင်းသာ ရှိပြီး အတိုက်အခံပါတီများဟုပင် ဆိုရခက်သည့် တိုင်းရင်းသားပါတီတွေ အပါအဝင် ဒီမိုကရေစီ ပါတီဆိုသည့် ပါတီအနည်းစုမှာလည်း ပြတ်တောင်း၊ ပြတ်တောင်း လွှတ်တော်ခေါ်သည့် အချိန်များမှာ တိုင်းပြည်အတွက် ရေရေရာရာ ဘာမှမလုပ်ပေးနိုင်ကြ။ အခုတော့ ကြားဖြတ်ဝင်လာသည့် အန်အယ်လ်ဒီအမတ်များ၏ လွှတ်တော်တိုက်ပွဲကိုသာ စောင့်ကြည့်ရတော့မည် ဖြစ်သည်။

ဒေါ်စု ဦးဆောင်သော ဒီချုပ်အမတ်တို့ မည်သို့မည်ပုံ မဒလစနစ်ကို ပုံပြောင်းယူမည်နည်း။ အမှန်တကယ် လွတ်လပ်၊ မျှတ၊ ငြိမ်းချမ်းသော လူ့မလိုင်တို့ မအုပ်စိုးသော၊ လူလူချင်း ကုပ်သွေးစုပ်၊ ကျွန်လုပ်ခြင်းမှ ကင်းဝေးသော စည်းစိမ်အာဏာရှိသူတို့အတွက် နိဗ္ဗာန်ဘုံ၊ လူမွဲနင်းပြား၊ အလုပ်သမား၊ လယ်သမားတို့အတွက်တော့ လူ့ငရဲဘုံ – မဟုတ်တော့သော ဗမာပြည်ကို မည်သို့ မည်ပုံ ထူထောင်ကြမည်နည်း။ အခုတော့ ကြိုးတန်းလန်းနဲ့ လွတ်လပ်ရေးကို ပြောင်းလဲလာသလိုလို၊ ပြောင်းလဲစပြုနေပြီလိုလို၊ အပြောင်းအလဲဖြစ်သည့် ပထမခြေလှမ်းဆိုသလို ပြောနေ၊ ထင်မြင်နေ၊ မျှော်လင့်ချက် ကြီးနေပြန်သည်။ ဒေါ်စု အပါအဝင် ထိပ်တန်း နိုင်ငံရေးအကျဉ်းသားတွေ တသုတ်ပြီးတသုတ် လွတ်မြောက်လာကြသည်။ မှန်သည်။ သို့သော်လည်း ကြိုးတန်းလန်းနဲ့ ဖြစ်နေသည်။ အချိန်မရွေး နေ့ညမရွေး ထောင်တံတိုင်းနောက် အပြေးရောက်နိုင်သေးသည်။ မတရားသော၊ ဖိနှိပ်သော၊ လူမဆန်သော ဥပဒေကြိုးများက လွတ်မြောက်လာသူတို့ လည်ပင်းတွင် တန်းလန်းစွပ်၍ ပါလာသည်။ အခုလို ကြိုးတန်းလန်း လွှတ်တာတောင် အခြေအနေ အချိန်အခါ ကြည့်၍ လွှတ်သည်။ အခြေခံလူ့အခွင့်အရေးတွေ စာအုပ်ထဲမှာပဲ ရှိသေးသည်။ စာအုပ်ထဲတွင်တောင်မှ 'စည်းကမ်းပြည့်ဝ'သည့် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးတွေသာ ဖြစ်သည်။ ဖိနှိပ်၊ ကန့်သတ်၊ ချုပ်ချယ်ခြင်းဆိုသည့် အာဏာရှင်စနစ်၏ အနှစ်သာရကို 'စည်းကမ်း'ဟူသည့် စကားလုံးဖြင့် လက်တလုံးခြား အာဏာရှင်ပါးဝထားခြင်းသာ ဖြစ်သည်။ ထောင် ဘယ်နှစ်ခါ ခါခါ နိုင်ငံရေးအကျဉ်းသားတွေ ရာနဲ့ချီပြီး ကျန်နေသေးသည်။

နဝတ၊ နအဖခေတ်လို လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးကို လေသံမျှပင် မဟရဲအောင် ဖြစ်နေသည့် အခြေအနေမဟုတ် သော်လည်း နိုင်ငံရေးလှုပ်ရှားမှုမှန်သမျှ ထုံးစံအတိုင်း မျက်စိထောင့်ထောက်ကြည့်ခံနေရမြဲ၊ အကန့်အသတ်ခံနေရမြဲ ဖြစ်သည်။ အနှောင့်အယှက် အပေးခံနေရမြဲဖြစ်သည်။ အမှန်စင်စစ်တွင်မူ နဝတ၊ နအဖခေတ်တွင်လည်း နိုင်ငံရေးလှုပ်ရှားမှုတွေကို အလွတ် ပေးထားခဲ့သည်များ ရှိသည်။ လူဝတ်လဲ ဗိုလ်သိန်းစိန်လက်ထက် အပြောင်းအလဲဆိုသည်များမှာ သင်တုန်းခားပေါ်မှာ သကာရည် ပါးပါးလေး ဆမ်းထားခြင်းသာ ဖြစ်သည်။ လေမလည်ခင် ရေမွှေးနံ့လေးတချက် ဖျန်းထားခြင်းသာ ဖြစ်သည်။ နေပြည်တော်တွင် အေးအေးဆေးဆေး ဂေါက်ရိုက်နေသည့် ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေးတို့အပါအဝင် လက်ရှိလူဝတ်လဲ စစ်အာဏာရှင်လူတစုတို့ စီးပွားဥစ္စာ အာဏာတို့ကို စုဆောင်းမြဲ စုဆောင်းနေကြဆဲဖြစ်သည်။ တိုင်းပြည်အရင်းအမြစ် ပြည်သူပြည်သားတို့ ပိုင်ဆိုင်သည့် သဘာဝ သယံဇာတတွေကို ဝိသမလောဘသား၊ ဘယ်သူသေသေ၊ ကိုယ်မာနေဖို့ လိုသည့် ငတေတသိုက်နှင့် ထုခွဲရောင်းစားကြဆဲ ဖြစ်သည်။ ကာလပျက်မှာ သွပ်ခွာလို့ ကောင်းသည့် ဇေကမ္ဘာတို့လို ငတေများ လွှတ်တော်အမတ်မင်းများပင် ဖြစ်လာသေးသည် မဟုတ်ပါလော။

နိုင်ငံရေးအကျဉ်းသားတွေကို နည်းနည်းချင်း၊ တသုတ်ချင်း လွှတ်ပြီး ပြည်တွင်း၊ ပြည်ပနိုင်ငံရေး ကစားကွက်ကို စိတ်တိုင်းကျ ကစားနေရင်း လက်တွေ့အကျိုးအမြတ် ထွက်လာသည်ကတော့ အရပ်ဝတ် စစ်ဗိုလ်တစုနှင့် ကပ်ပါးကောင် စီးပွားရေးသမားတွေ သာဖြစ်သည်။ အနှစ်နှစ်ဆယ်ကျော် မလွှဲမရှောင်သာ လက်တလုံးခြား အမည်ခံ စီးပွားရေး ပိတ်ဆို့မှုတွေနှင့် နောက်ဆုတ်နေခဲ့ရသည့် အနောက်နိုင်ငံတချို့ အငမ်းမရ ဗိုလ်သိန်းစိန်အစိုးရနှင့် ပလူးပလဲ လုပ်လာကြသည်။ မျက်စိစုံမှိတ်ပြီး ဗမာပြည်နိုင်ငံရေး ပွင့်

လင်းလာပြီဟု ဆိုလာကြသည်။ ဗိုလ်သိန်းစိန်၏ လူကြားကောင်းအောင် လက်ယပ်ခေါ်သည်ကို အား ပေးအားမြှောက်ပြုကာ အတိုက်အခံဆိုသူတချို့ ပြည်တော်ပြန်ပွဲ နွဲ့ကြတော့သည်။ လက်တွေ့တွင်တော့ ဦးညွှတ်ကာ ဒူးထောက်ပြန်ကြရသည် မဟုတ်ပါလော။ ခေါင်းမော့ ရင်ကော့ပြီး မပြန်နိုင်၊ ခံဝန်ချက် တသီကြီး လက်မှတ်ထိုးကာ အတိုက်အခံနိုင်ငံရေး မလုပ်တော့ပါဆိုကာ သိက္ခာမဲ့စွာ ပြန်ကြရသည် မဟုတ်လော။

အသေအချာ ပြန်သုံးသပ်ကြည့်ပါက မည်သူတို့ အရှုံးအမြတ်ထွက်သနည်းဆိုသည်ကို အပီအပြင် တွေ့မြင်နိုင်သည်။ ထူးဆန်းသည်က ပြည်တွင်းက ဦးဆောင်သူတချို့က အမှန်တကယ်ပင် မသိ၍လော၊ သိသိကြီးနှင့် နိုင်ငံရေးပရိယာယ် အနေဖြင့်လော မပြောတတ်၊ နှစ်ချီလများ ကိုယ်ကျိုးစွန့် အနစ်နာခံ တိုက်ပွဲဝင်ခဲ့ကြ၍ ယခုအောင်ပွဲတွေ ဆွတ်ခူးနေနိုင်ပြီဟု ဆိုကြသည်။ ယခုပြောင်းလဲနေသည့် အပြောင်းအလဲများမှာ တိုက်ပွဲအလီလီ နွဲ့ခဲ့သမျှတို့၏ ရလဒ်၊ အသီးအပွင့်များ ဟုတ်ပါ၏လော။ တချို့ နိုင်ငံခြားသား လေ့လာ သုံးသပ်သူတို့ကတော့ ယခုကဲ့သို့ နိုင်ငံရေး အပြောင်းအလဲများ ဖြစ်ပေါ်လာခြင်း ၏ အကြောင်းရင်းကို အတိအကျ ရှာမတွေ့ကြောင်း ပြောကြသည်။ မည်သည့်အတွက်ကြောင့် လူဝတ်လဲစစ်အုပ်စု အခုလို အပြောင်းအလဲ လမ်းကြောင်းပေါ် ရောက်လာသနည်း။ သေချာသည် ကတော့ ဒီနေ့ဒီအချိန် ဗမာပြည်နိုင်ငံရေး အပြောင်းအလဲဆိုတာ စစ်အုပ်စု လက်ခုပ်ထဲက ရေသာဖြစ် သည်။ သူတို့ သွန်ချင်သည့်အခါ သွန်၊ မှောက်ချင်သည့်အခါ မှောက်၍ရသည့် အပြောင်းအလဲသာ ဖြစ်သည်။

လွန်ခဲ့သည့် အနှစ် ၂၀ ကျော်ကာလအတွင်း တိုက်ပွဲအသွင်သဏ္ဌာန် မျိုးစုံဖြင့် စစ်အာ ဏာရှင်စနစ်ကို တွန်းလှန်ခဲ့ကြသည်။ လူထုတိုက်ပွဲ၊ လက်နက်ကိုင်တိုက်ပွဲ အလီလီ ဆင်နွဲခဲ့ကြသည်။ ဘဝပေါင်း၊ အသက်ပေါင်းများစွာ စတေး တိုက်ပွဲဝင်ခဲ့ကြသည်။ ပြည်ပနိုင်ငံများ၏ တွန်းအား ဆိုသည်မှာတော့ စေ့စေ့တွေးကြည့်လျှင် သက်ငယ်ချောင်းနှင့် ခေါင်းလောင်းထိုးခဲ့ကြသည်သာ ဖြစ်သည်။ အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း သုံးသပ်မည်ဆိုပါက မည်သည့် တွန်းအား တိုက်အား တို့ကမှ စစ်အာဏာရှင်စနစ်ကို အမြစ်ပြုတ်အောင် မတိုက်ထုတ်နိုင်ခဲ့။ အပြောင်းအလဲ လမ်း ကြောင်းပေါ် ရောက်အောင် တွန်းမတင်နိုင်ခဲ့။

ယနေ့နိုင်ငံရေး အပြောင်းအလဲမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး သို့မဟုတ် အမျိုး သားပြန်လည်ရင်ကြားစေ့ရေး လမ်းကြောင်းပေါ် အခြေခံသည်။ သို့ဖြစ်၍ ယခုအခါ အရပ်ဝတ်လဲ စစ်အုပ်စုနှင့် အတိုက်အခံတို့အကြား ပြန်လည်သင့်မြတ်ရေး အရှိန်ရ လာပြီဖြစ်ပြီး အဆုံးတနေ့တွင် အများလိုလားသော ဒီမိုကရေစီစနစ်ကို အလုံးစုံ ကူးပြောင်းနိုင်လိမ့်မည်ဟု အချို့က ယူဆကြသည်။ အမှန်စင်စစ်တွင် စစ်အုပ်စုအတွက် အတိုက်အခံ ဒီမိုကရေစီလိုလားသူတို့သည် ဘယ်သောအခါမှ မိတ်ဆွေဖြစ်လာမည် မဟုတ်သည့် ရန်သူသာဖြစ်သည်။ ၎င်းတို့ လက်အောက်ကို ဦးညွှတ်ခိုလှုံလာ လျှင်သာ သင့်မြတ်နိုင်မည်ဖြစ်သည်။ ဗိုလ်သိန်းစိန် ဦးဆောင်သော အရပ်ဝတ်လဲ၊ အမည်ခံ အရပ်သား အစိုးရကို စတင်အသက်သွင်းချိန်မှစကာ စစ်အုပ်စု၏ တရားဝင်ကြေညာခဲ့သော နိုင်ငံရေးလမ်းစဉ်မှာ စစ်တပ်ကြီးစိုးသည့် ၂၀၀၈ အခြေခံဥပဒေကို နိုင်ငံရေးအင်အားစုအားလုံး လက်ခံလာနိုင်ရေးဖြစ်သည်။ ၎င်းတို့လက်အောက်ကို အတိုက်အခံအားလုံးကို သွတ်သွင်းကာ အုပ်စိုးရေး ဖြစ်သည်။ ယနေ့ ဗိုလ် သိန်းစိန်အုပ်စုနှင့် အတိုက်အခံတို့အကြား တွေ့ဆုံဆွေးနွေးမှုများမှာ ၎င်းတို့၏ ချမှတ်ထားသော လုပ်ငန်း စဉ်အတိုင်း အချိုသတ်နေခြင်းသာဖြစ်သည်။ နောက်ကျောကို ဓားနှင့် မထိုးခင် ရင်ချင်းအပ်လာခြင်းသာ ဖြစ်သည်။ ၎င်းတို့လက်အောက် ရောက်လာရေးအတွက် လိုအပ်သလို အလျှော့အတင်းလုပ်ကာ နိုင်ငံရေးကစားနေခြင်းသာ ဖြစ်သည်။

စစ်အုပ်စုရော ဒေါ်စုဦးဆောင်သည့် အန်အယ်လ်ဒီပါ မိမိတို့ ရည်မှန်းချက်ရောက်အောင် အပြန်အလှန် နှစ်ဦးနှစ်ဖက် လိုက်လျော၊ အလျှော့ပေးနိုင်သည်များကို လိုက်လျောပြီး နိုင်ငံရေး အားပြိုင် နေကြသည့် အချိန်ဖြစ်သော်လည်း ယခုအချိန်အထိတော့ အန်အယ်လ်ဒီအပါအဝင် အတိုက်အခံ အင်အားစုများဘက်မှ အလျှော့ပေးရသည်က များနေသည်။ စစ်အုပ်စုအနေဖြင့် ၂၀၀၈ အခြေခံဥပဒေကို အချိန်ယူကာ ကျကျနနရေးဆွဲခဲ့ပြီး ၎င်းတို့အတွက် နောက်ဆုံးခံစစ်ကို အခိုင်အမာ တည်ဆောက် ထားပြီး ဖြစ်သည်။ စစ်တပ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းနှင့် ကာ/လုံ (ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ)အုပ်စိုးမှုတို့ အပါအဝင် သမ္မတလောင်း အရည်အချင်း သတ်မှတ်ချက်များက ဒေါ်စုသမ္မတမဖြစ်လာနိုင်ရန် ကြိုတင်ဟန့်တားထားသည်။ ဒေါ်စုဦးဆောင်သော ဒီချုပ်၏ လွှတ်တော်အတွင်း လုပ်ငန်းစဉ်များဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အခြေခံဥပဒေ

ပြင်ဆင်ရေး စသည်တို့က (မဒလ) ကို စစ်မှန်သော ဒီမိုကရေစီစနစ်အဖြစ် ပုံပြောင်းအောင် ရည်ရွယ်သော်လည်း ထိုကဲ့သို့ ကြီးမားသော အပြောင်းအလဲများဖြစ်ပေါ်လာရေးအတွက် လက်ရှိလွှတ်တော်တွင်း အင်အားစုကြီးဖြစ်သော ကြံ့ဖွံ့နှင့် စစ်ဗိုလ်ကိုယ်စားလှယ်တို့ အပေါ်တွင် လုံးလုံးလျားလျား မူတည်သည်။ ၂၀၁၅ ရွေးကောက်ပွဲ မတိုင်မီ သုံးနှစ်တာအချိန်ကာလအတွင်း ဒေါ်စုဦးဆောင်သော ဒီချုပ်အနေဖြင့် အရေးပါသော အခြေခံဥပဒေအပြောင်းအလဲများကို ဖန်တီးနိုင်မည်လော။ ကြံ့ဖွံ့ကိုယ်စားလှယ်များသည်ကား စစ်ဗိုလ်လူထွက်များနှင့် အမာခံပါတီဝင်များပေါင်းစည်းထားပြီး ထိုသူတို့က ဒေါ်စုဦးဆောင်သော ဒီချုပ်နှင့် တသွေးတသံတည်း ထွက်ဖို့ လိုသလို စစ်ဗိုလ်ကိုယ်စားလှယ် အနည်းဆုံးတယောက် ထပ်မံပူးပေါင်းမှ ၂၀၀၈ အခြေခံဥပဒေမှ အရေးပါသော အခန်းကဏ္ဍတို့ကို ပြောင်းလဲနိုင်မည် ဖြစ်သည်။ အမှန်စင်စစ်တွင် ကြံ့ဖွံ့နှင့် စစ်ဗိုလ်ကိုယ်စားလှယ်များကို အသာထား၊ တခြားတိုင်းရင်းသားပါတီများ နှင့် တကွ အန်ဒီအက်ဖ်ကဲ့သို့သော အတိုက်အခံပါတီများ အနေဖြင့် ဒီချုပ်နှင့် အတူ ပူးပေါင်းရပ်တည်ကြရဦးမည် မဟုတ်ပါလော။

၂၀၁၅ ရွေးကောက်ပွဲ မတိုင်မီ မြန်မာ့ဒီမိုကရေစီလမ်းစဉ်စနစ်၏ အုတ်မြစ်ဖြစ်သော ၂၀၀၈ အခြေခံဥပဒေကို ပြောင်းလဲနိုင်ရေးကား ရင်တမမဖြင့် စောင့်ကြည့်ရမည့် အနေအထားဖြစ်နေသည်။ သို့မဟုတ်ပါက ၂၀၁၅ တွင် ဒီချုပ်အနေဖြင့် အနိုင်ရ အင်အားကြီးပါတီ ဖြစ်ကောင်းဖြစ်လာမည်။ဒေါ်စုသမ္မတ မဖြစ်နိုင်သလို စစ်အုပ်စု နောက်ဆုံးခံစစ်ဖြစ်သော စစ်ဗိုလ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းမှ တယောက်ယောက်ကို မိမိဘက်တော်သားဖြစ်အောင် ကြိုးပမ်းရတော့မည်။ သို့မဟုတ်ပါက မြန်မာ့ဒီမိုကရေစီလမ်းစဉ်စနစ် (မဒလ) သက်ဆိုးရှည်ပေဦးမည်။ စစ်အာဏာရှင်အဟောင်းရော အသစ်တို့ အပါအဝင် ဝိသမလောဘသား စီးပွားရေးကပ်ပါးကောင်တို့ကတော့ ပိုနေမြဲကျားနေမြဲ အညွန့်ခူးစားဆဲ စားနေကြမည်ဖြစ်သည်။ ထိုအချိန်လောက်ရောက်လျှင် နိုင်ငံရေးအကျဉ်းသားဆိုသူတို့ ရှိနေဦးမည်လော။ အများပြည်သူတို့လည်း လွတ်လပ်၊ မျှတ၊ ငြိမ်းချမ်းသော လူ့ဘောင်တွင် ရှင်သန် နေထိုင်နိုင်ကြမည်လော။ ၂၀၀၈ မဒလ အခြေခံဥပဒေ၏ အရေးပါသော အခန်းကဏ္ဍများ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် စစ်ဗိုလ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းမှ တဦးတယောက်သော ဒီမိုကရေစီဘက်တော်သား ပေါ်ထွန်းလာနိုင်မည်လော။ လူမှန်၊ နေရာမှန်၊ စစ်တန်းလျားကို ပြန်လိုသည့် စစ်ဗိုလ်ကိုယ်စားလှယ် တယောက်သည် မဒလကို အဆုံးသတ်နိုင်သည်။ စစ်အုပ်စုကို အလဲထိုးနိုင်သည်။ ဖြိုဖျက်နိုင်သည်။ ထိုသည်ကို သိ၍ စစ်ဗိုလ်ကိုယ်စားလှယ်တို့ကို ဗိုလ်သန်းရွှေ လက်ရွေးစင် အသေအချာ ရွေးထားခဲ့သည့် ကာချုပ်မင်းအောင်လှိုင်က စိတ်တိုင်းကျ ရွေးချယ်ခွင့်ရထားသည် မဟုတ်ပါလော။

နိဂုံးချုပ်ဆိုရပါမူ မြန်မာ့ဒီမိုကရေစီလမ်းစဉ်စနစ် (မဒလ) ကျဆုံးရေးအတွက် လွှတ်တော်တွင်း တိုက်ပွဲတို့မှာ အောင်ပွဲရဖို့ အလားအလာ အလွန်နည်းပါးသည်။ ၁၉၆၂ မှစ၍ အကြိမ်ကြိမ် အရေခွံလဲကာ အသက်ဆက်ခဲ့သော စစ်အာဏာရှင်စနစ်အလုံးစုံ ကျဆုံးရေးသည် 'အမျိုးသား ပြန်လည်သင့်မြတ်ရေး' ဟူသော ခံစစ်ဖြင့် ရယူနိုင်မည် မဟုတ်သည်မှာ သေချာသလောက် ရှိသည်။ စစ်အုပ်စု၏ ပျားသကာကဲ့သို့ ချိုသာသော အပြုံးမျက်နှာများ၏ နောက်ကွယ်ရှိ ဘီလူးရုပ်ကို မြင်နိုင်ဖို့ လိုသည်။ စစ်အာဏာရှင် စနစ်အလုံးစုံပျက်သုဉ်းမှ ဗမာ့နိုင်ငံရေး အပြောင်းအလဲ အစစ်အမှန် ပေါ်ထွန်းလာမည်ဖြစ်သည်။ သို့မဟုတ်ပါက မြန့်မာ့ဒီမိုကရေစီလမ်းစဉ်တခေတ်တွင် အများပြည်သူတို့ လူ့ငရဲ၏ ဝဋ်ဆင်းရဲကို ဆက်လက် ခံစားကြရပေဦးတော့မည်။

နေယု

ဇူလိုင် ၆ ရက် ၂၀၁၂။

ကဗျာ

# ၇ရက်ဇူလိုင် မမေ့နိုင်

ဖိုးသံ(လူထု)

တက္ကသိုလ်က
စားပွဲပေါင်းများစွာ
ကျောင်းနံရံ– ထောင်နံရံ
အိမ်သာနံရံမကျန်
နံရံပေါင်းများစွာ
များစွာသောများစွာ
အသဲလွှာများအပါ
ငါတို့ရေးခဲ့တဲ့ ဒီစာသား
နှစ်ငါးဆယ်ပြည့်တဲ့အခါမှာ
စာလုံးမည်းနဲ့ထပ်ရေးတယ်။

ကိုကိုးကျွန်းက
လှိုင်းတဖွာဖွာ၊ သဲနုလွှာမှာ
ကမာခွံနဲ့ရေး
ခန်းမဆောင်ထဲက၊ နီရဲလှတဲ့
နဖူးစည်းတွေမှာလည်း
ဆပ်သွားဖူးစုတ်တံနဲ့ရေးခဲ့တယ်။

တောခြုံအုံကြား၊ ချောင်းဖျားအင်းဘေး
ဖြုတ်ယမ်းခြင်ရိုက်၊ သေနတ်ပိုက်ရင်း
ကင်းစောင့်ခိုက်မှာ
မြေလွှာပျော့ပျော့ပေါ်၊ လှံစွပ်နဲ့ကော်လို့

ဖော်လိုက်မိတာကလည်း
ဒီစာတမ်းပဲ။

ပျော်စရာဆိုတာ
သညာအဖြစ်သာကျန်ပေမယ့်
နာကျည်းစရာဆိုတာဟာ
ဒဏ်ရာအဖြစ်ကျန်တတ်တယ်
ဒဏ်ရာဆိုတာက
မကုသပဲထားရင်
နာ–ကျင်–ကိုက်–ခဲ
ကြာလေသည်းလေ
နာလေ– နာလေ
ရင်ထဲမှာ။

နှံခဲ့သူဟာမေ့ကောင်းမေ့ပေမယ့်
ခံရသူဟာဘယ်တော့မှမမေ့ဘူး
နှစ်ငါးဆယ်လည်းမမေ့ဘူး
နှစ်ငါးရာလည်းမမေ့ဘူး
ကျောင်းသားရယ်လို့ရှိနေသရွေ့
ဒီကိစ္စကိုမမေ့ကြတော့ဘူး။
တက်သမျှစစ်အာဏာရှင်ကို
ဒီသွေးကြွေးတွေပေးချေခိုင်းနေမယ်
ကမ္ဘာမကြေဘူး
ကမ္ဘာမကြေဘူး
ကမ္ဘာမကြေဘူးဟေ့။

ဖိုးသံ(လူထု)

# ရဲဘက်

ဝေစည်

ဘယ်လို ဘဝတွေလဲ
ကန္တာရကမှ အိုအေစစ် ရှိသေးရဲ့၊

သူတို့ အလုပ်လုပ်ကြရတယ်
အဲဒီမှာ
ရာသီဥတုက
သွေးစိမ်းရှင်ရှင်
အနာရောဂါက
သူတို့ ရှင်းမယ့်တောထက် နက်တယ်၊

သူတို့ အလုပ်လုပ်ကြရတယ်
"မွေးထားတဲ့ ဝက်တကောင်သေရင်
ငွေ ငါးရာ ကုန်ပြီး
မင်းတို့ထဲက တကောင်သေရင်
လျှောက်လွှာ နှစ်ရွက်ပဲကုန်တယ်"
မြေခွေးတွေက ပြောတယ်
နှင်တံတွေက ပြောတယ်
သံခြေကျဉ်းက ပြောတယ်
မဝရေစာက ပြောတယ်။

သူတို့ အလုပ်လုပ်ကြရတယ်
အဲဒီစိုက်ခင်းဟာ
သူတို့ခေါင်းပါးမှုနဲ့ ပျိုးခဲ့တာ
အဲဒီကားလမ်းဟာ
သူတို့သွေးနဲ့ မည်းနက်နေတာ
အဲဒီသံလမ်းဟာ
သူတို့လက်ဖျံရိုးတွေ ချိတ်ဆက်ထားတာ
အဲဒီ (ထုခွဲပြီး) ကျောက်ပုံဟာ
သူတို့ အသားတစ်တွေပေါ့၊

သူတို့ အလုပ်လုပ်ကြရတယ်
ဝိညာဉ်ပါ အရိုးပေါ် အရေတင်ဖြစ်တဲ့အထိ
သူတို့အလုပ်လုပ်ကြရတယ်၊

တကယ်လို့
သူတို့မှာ
သေနတ်တလက်သာ ရှိခဲ့ရင်
အရင်ဆုံး
တည့်တည့်ကြီးချိန်ပြီး
မောင်းဖြုတ်လိုက်မိမှာ
အပ်နှစ်စင်းရဲ့ ဆုံချက်ပဲ။ ။

ဗိုလ်အောင်ကြီး(ဘယ်)– ဗိုလ်မောင်မောင်(ညာ)(၁၉၅၀ ခုနှစ်များ)

အတ္ထုပ္ပတ္တိ

# ကျွန်မဆက်ရေးချင်သော ဖေဖေ့အကြောင်းများ (အမှတ် ၂၆)

## ဆိုရှယ်လစ်တပ်မှူးများ အပိုင်း (၂) ဗိုလ်မောင်မောင်

လှကျော်ဇော

၁၉၅၁ ခုနှစ် ဩဂုတ်လကုန် ရက်တရက်။ ဖေဖေ မနက် ရုံးမသွားခင်မှာ မေမေ့ကို မှာခဲ့တာက "ဒီနေ့ ဗိုလ်မောင်မောင်တို့ ရောက် လာလိမ့်မယ်။ မင်းတို့ လေယာဉ်ပျံကွင်း သွားကြိုပြီး ဧည့်ခံလိုက်ကြပါ"တဲ့။

အဲဒီကာလက ဖေဖေက တောင်ပိုင်းတိုင်း တိုင်းမှူးအဖြစ် မင်္ဂလာဒုံမှာ ရှိနေပြီး၊ ကေအင်ဒီအိုတွေနဲ့ တိုက်ပွဲအဆုံးသတ်တွေ ဆင်နွဲနေရချိန်ပါ။ မေမေကတော့ အဲဒီခေတ်အဲဒီကာလက ဗိုလ်ချုပ်အောင်ဆန်းကတော် ဒေါ်ခင်ကြည်တို့၊ ဝန်ကြီးချုပ်ဦးနုကတော် ဒေါ်မြရီတို့ နာယကများအဖြစ် ဦးစီးဖွဲ့စည်း လှုပ်ရှားခဲ့တဲ့ မိခင်နဲ့ ကလေးစောင့်ရှောက်ရေးအသင်း၊ တပ်မတော် အမျိုးသမီးများ အသင်းစတာတွေရဲ့ တောင်ပိုင်းတိုင်းဌာနရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်နေရချိန်ပါ။

အဲဒီအသင်းအဖွဲ့တွေရဲ့ ရည်ရွယ်ချက်ကတော့ ရှေ့တန်းမှာ တိုက်ပွဲဝင်နေရတဲ့ တပ်မတော်သားများရဲ့ နေထိုင်စားသောက်ရေး၊ စိတ်ဓာတ်ရေးရာတွေကို နောက်တန်းကနေ ကူညီပံ့ပိုးဖို့နဲ့ နောက်တန်းမှာ ကျန်ခဲ့တဲ့ စစ်သားမိသားစုများရဲ့ ဘဝ သက်သာ ချောင်ချိရေးများ အတွက် ဆောင်ရွက်ကြဖို့ပဲ ဖြစ်ပါတယ်။

ဖေဖေရည်ညွှန်းပြောဆိုလိုက်တဲ့ ဗိုလ်မောင်မောင်ကတော့ ၁၉၄၉ ခုနှစ်အတွင်းက မိတ္ထီလာမှာ ကေအင်ဒီအိုတွေရဲ့ အဖမ်းအဆီးခံလိုက်ရပြီး ၂ နှစ်ကျော်ကျော် ၃ နှစ်နီးပါး သုံ့ပန်းအဖြစ် နေရာအမျိုးမျိုး ရွှေ့ အချုပ်အနှောင်ခံရပြီးမှ ၁၉၅၁ ခုနှစ် ဩဂုတ်လ ၂၁–၂၅ ရက်နေ့ အတွင်း ဗမာ့တပ်မတော်ရဲ့ ကယ်တင်မှုနဲ့ လွတ်မြောက်လာတဲ့ ဗိုလ်မှူးကြီးမောင်မောင်နဲ့ အရာရှိတစုကို ဆိုလိုတာ ဖြစ်ပါတယ်။ သူတို့ လွတ်မြောက်ပြီးနောက် လေယာဉ်ပျံတွေနဲ့ မင်္ဂလာဒုံကို ခေါ်လာကြတာပါ။

မေမေကလည်း သူ့အဖွဲ့တွင်းက စစ်ဗိုလ်ကတော်တွေကို စုစည်းပြီး မင်္ဂလာဒုံလေယာဉ်ကွင်းကို သွားကြိုခဲ့ပါတယ်။ လွတ်လာ သူတချို့ရဲ့ ဇနီးတွေလည်း သူတို့အုပ်ထဲမှာ ပါခဲ့ကြတယ်တဲ့။ မေမေတို့က သူတို့ကို သွားကြိုဆိုပြီး မင်္ဂလာဒုံမှာရှိတဲ့ ဧည့်ဂေဟာ (Guest house) မှာ နေရာချထားပေးပါတယ်။ ဒီနောက် မေမေက "ကဲ–ဗိုလ်မှူးတို့ ဘာစားချင်ကြသတုံး"လို့ မေးတော့ အားလုံးက တသံတည်း "မုန့်ဟင်းခါး"လို့ ဖြေကြသတဲ့။ မုန့်ဟင်းခါး စားချင်တယ်ဆိုတဲ့ အဖြေရတော့ သုံးဆယ်သူကြီးဖြစ်တဲ့ မေမေက အကြိုက်ကျသွားတော့တာပါပဲ။

ကျွန်မတို့ မွေးဇာတိ သုံးဆယ်က သုံးဆယ်မုန့်ဟင်းခါးဟာ နာမည်ကြီးပါတယ်။ အဲဒီခေတ်က ရန်ကုန်က အလှူပွဲတွေမှာ သုံးဆယ်မုန့်ဟင်းခါးကို အော်ဒါမှာပြီး ကျွေးတတ်ပါတယ်။ ကျွန်မတို့ ငယ်ငယ်က "ဦးဖိုးသူ သုံးဆယ်မုန့်ဟင်းခါး"ဆိုတာ အလွန်နာမည်ကြီးပြီး ကျွန်မတို့ အဘိုးအဘွား ဆွေမျိုးသားချင်းများရဲ့ အလှူပွဲတွေမှာ ဖြစ်ဖြစ်၊ အဘိုးရဲ့ ရုံးက ဒါဘာပွဲတွေမှာဖြစ်ဖြစ် မပါရင် မပြီးပါဘူး။ ကျွန်မတို့အရပ်က အင်းတွေ၊ ကန်တွေ၊ ချောင်းတွေလည်းပေါတော့ ငါးသိပ်ပေါပါတယ်။ ငါးပေါတော့ ငါးပိ၊ ငံပြာရည်လည်း ပေါတော့တာပေါ့။ မုန့်ဟင်းခါးဆိုတာက ငါးနိုင်ရင် ငံပြာရည်နိုင်ရင် ကောင်းတာပဲလေ။ ဒါကြောင့်မေမေက မုန့်ဟင်းခါးချက်ဖို့ဆိုရင် သိပ်တက်ကြွပါတယ်။ သူပိုင်တဲ့ ဘာသာရပ်ကိုး။

ဒါနဲ့ မေမေက စစ်ဗိုလ်ကတော် ၂ ယောက် ၃ ယောက် လောက်ခေါ်ပြီး ရန်ကုန် သိမ်ကြီးဈေးကို ပြေးရပါတယ်။ အဲဒီတုန်းက မင်္ဂလာဒုံဟာ တပ်မြို့နယ်လေးပဲဖြစ်ပြီး ဈေးကလည်း ချောက်ချီးချောက်ချက်ပါပဲ။ မနက် ၁၀ နာရီလောက်ဆို ဈေးကွဲနေပါပြီ။ ဒါကြောင့် မေမေတို့က ရန်ကုန်ထိပြေး၊ ဈေးဝယ်ရတာပါ။ မေမေက မုန့်ဟင်းခါး တပင်တိုင်ဟင်း သက်သက်အတွက်သာမက ဘူးသီးကြော် ကြော်ဖို့ အစုံအလင် ဝယ်ခြမ်းပြီး တနေ့လုံး လုံးပန်းချက်ပြုတ်ရပါတယ်။

သုံးဆယ်မုန့်ဟင်းခါးက ငါးခူနဲ့ ချက်ပါတယ်။ ပြီးမှ အဆာပလာကို ချဲ့ချင်သမျှ ချဲ့ကြပါတယ်။ ဘဲဥပြုတ်၊ ပဲကြော်၊ ဘူးသီးကြော်၊ ငါးဖယ်ကြော်စတာတွေ ထပ်ထည့်စားကြပါတယ်။ တချို့အရပ် (ဥပမာ– ဟင်္သာတ၊ မိုးညှိ) မှာဆိုရင် ငါးသလောက်နဲ့ ချက်ပြီး၊ ငါးသလောက်ဥကြော်တွေကို အဆာပလာအဖြစ် ထည့်တတ်ပါတယ်။ ဟင်းရည်ထဲလည်း ငှက်ပျောအူတို့၊ မင်းတုန်းကြက်သွန် အလုံးလိုက် စတာတွေလည်း ထည့်တတ်ပါသေးတယ်။

မေမေက မုန့်ဟင်းခါးချက်ရင် သူ့မှာ ပုံသေနည်း (ဖော်မြူလာ) ရှိပါတယ်။ လူဘယ်နှစ်ယောက်ဆိုရင် မုန့်အချိန် ဘယ်လောက်၊ ငါး ဘယ်နှစ်ပိဿာစသဖြင့်ပေါ့။ အဲဒီနည်းနဲ့ ချက်တတ်ပါတယ်။ မေမေက အဲဒီနေ့က အဖြစ်အပျက်ကို ပြောပြတုန်းက တော်သေးတယ်။ မေမေက အပိုဆောင်း ချက်မိပေလို့။ စားမယ့်လူတွေက အားလုံးလည်း ယောကျ်ားသားချည်း ဖြစ်ပြန်၊ အလွန်တောင့် တနေတဲ့ အစားလည်းဖြစ်လို့၊ တော်တော် ပိုပိုမိုမို လုပ်မိပေလို့ပဲ။ ဒါတောင် လာကူတဲ့ ရဲဘော်လေးတွေကို ထမင်းပဲ ကျွေးလိုက်နိုင်

တယ်။ ခေါင်းတောင် မဖော်ကြဘူး။ မြိန်ရှည်ရှက်ရည် စားလိုက်ကြတာ၊ ကျွေးရတာ အားရလိုက်တာတဲ့။ မေမေက သူခါတိုင်း ချက်နေကျထက် ၂ဆခွဲလောက် ပိုချက်ခဲ့တာတဲ့။

မေမေက အဲဒီအဖြစ်အပျက်တွေကို ပြန်ပြောပြတုန်းက ထူးထူးဆန်းဆန်း စကားတခုလည်း ပြောခဲ့ပါသေးတယ်။ "အဲလူတွေက ဗိုလ်မောင်မောင်ကို ဖေဖေက ကယ်တာလို့ ပြောဆိုပြီး၊ ဖေဖေကို ဗိုလ်မောင်မောင်ကို ကယ်တဲ့သူရဲကောင်းကြီးအဖြစ် အပြင်မှာ နာမည်ကြီးနေပေမယ့် ကာယကံရှင် ဗိုလ်မောင်မောင် ကိုယ်တိုင်ကတော့ ဒါကို သိပုံတောင်မရဘူး"တဲ့။ ကျွန်မက အဲဒီတုန်းကတော့ ဘာမှ ဆက်မမေးမိဘဲ မေမေ ဘာလို့ ဒီလိုပြောပါလိမ့်လို့ ပဟေဠိဖြစ်နေမိပါတယ်။

အဲဒီပုစ္ဆာရဲ့အဖြေကို နောင်နှစ်ပေါင်းများစွာ ကြာမှ သိလာရပါတယ်။ ၂၀၀၆ ခုနှစ်မှာ ထွက်လာတဲ့ မှူးသမိန်(ဗိုလ်မှူးကြီး စောမြင့်)ရဲ့ "ဘုံဘဝရ ကြုံတွေ့ရ ဇာတ်လမ်းများ"စာအုပ်ထွက်လာပြီး အဲဒီထဲက ဆောင်းပါးတွေ ဖတ်ရမှ ကျွန်မ လိပ်ပတ်လည်သွားပါတော့တယ်။ အဲဒီစာအုပ်ဟာ ဗိုလ်မှူးကြီးစောမြင့်က မှူးသမိန်ဆိုတဲ့ ကလောင်နာမည် အပါအဝင် ကလောင်ခွဲနာမည်အမျိုးမျိုးနဲ့ မဂ္ဂဇင်းများမှာ ရေးခဲ့တဲ့ ဆောင်းပါးအများအပြားထဲက သမိုင်းဝင် မှတ်တမ်းတင်နိုင်တဲ့ စာမူများကို ရွေးထုတ်ပြီး လုံးချင်းထုတ်ဝေလိုက်တဲ့ စာအုပ်ပါ။ အဲဒီအထဲက ၁၉၅၁ ခုနှစ်အတွင်းက အဖြစ်အပျက်တွေကို ရေးထားတဲ့ ဆောင်းပါးတွေထဲမှာ ဗိုလ်မှူးကြီးမောင်မောင်တို့အဖွဲ့ကို ကယ်တင်တဲ့ကိစ္စကို အတော်ပြည့်ပြည့်စုံစုံ ရေးထားတဲ့ ဆောင်းပါး ၅ စောင်တောင် ပါပါတယ်။ ဗိုလ်မောင်မောင်ကိုယ်တွေ့ရေးပေးထားတဲ့ ကိုယ်တွေ့မှတ်တမ်း ကောက်နုတ်ချက်လေးတောင် ပါလိုက်ပါသေးတယ်။ အဲဒီဆောင်းပါးတွေကို ဖတ်ပြီးနောက် ကျွန်မ မေမေပြောဖူးတဲ့ "ကာယကံရှင် ဗိုလ်မောင်မောင် ကိုယ်တိုင်ကတော့ ဘာမှတောင် သိပုံမရပါဘူး"ဆိုတဲ့ စကားရဲ့ အရင်းခံ အကြောင်းကို တွေးမိလိုက်ပါတော့တယ်။

အဲဒီဆောင်းပါးတွေကို ဗိုလ်စောမြင့်ရေးစဉ်က (၁၉၈၀–၁၉၉၀ ခုနှစ်များအကြား) ဖြစ်တာကြောင့် ဖေဖေ ဗမာပြည်ကွန်မြူပါတီထဲပြန်ရောက်ပြီးကာလဖြစ်လို့ ဖေဖေ့နာမည်ကို မထည့်တဲ့ 'တောင်ပိုင်းတိုင်း–တိုင်းမှူး'၊ 'တောင်ပိုင်းတိုင်း–စစ်ဆင်ရေးမှူးကြီး' စတဲ့ ရာထူး တာဝန်ပိုင်းနေရာများကိုသာ ဖော်ပြထားတာ တွေ့ရပါတယ်။ ဗိုလ်စောမြင့်က သူကိုယ်တိုင် ရေးတဲ့ ဆောင်းပါးတွေမှာ တော့၊ သူ – ဗိုလ်မောင်မောင်တို့ ကယ်ဖို့(ထိုစဉ်က–ကာကွယ်ရေး ဦးစီးချုပ်) ဗိုလ်ချုပ်နေဝင်းက ခေါ်တာဝန်ပေးပြီး သူနဲ့ ပေါင်းစပ် ကူညီဖို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကို အမိန့်ပေးကာ သူ့ကိုလည်း တောင်ပိုင်းတိုင်းမှူး (ဖေဖေ)နဲ့ ဝင်တွေ့အစီရင်ခံဖို့ လွှတ်လိုက်ကြောင်း၊ ဖေဖေကိုယ်တိုင်ကလည်း တတိုင်းပြည်လုံးအခြေအနေ အခက်အခဲများကို ရှင်းပြပြီး လိုအပ်တဲ့တပ်အကူအညီတွေ ပေးဖို့ ခက်ခဲကြောင်း၊ သို့သော် အတတ်နိုင်ဆုံး ကြိုးစားပေးမယ်လို့ ကတိပေးပြီး ကတိအတိုင်းလည်း ဆောင်ရွက်လုပ်ပေးကြောင်းတွေ ရေးထားတာ တွေ့ရပါတယ်။ ဖေဖေက သူ့တပ်တွေကို ရက်အတိအကျနဲ့ ဗိုလ်စောမြင့်ကို ထုတ်ပေးတာပါ။ ဒါပေမဲ့ ရက်ကျော် သွားပေမယ့်လည်း ဗိုလ်စောမြင့်ကိုယ်တိုင် သွား အကျိုးအကြောင်း အစီရင်ခံတော့ ဖေဖေက ရက်တိုးပေးလိုက်လို့ ဝမ်းသာရကြောင်းလည်း ရေးထားတာတွေ့ရပါတယ်။ အမှန်အတိုင်း ရေးထားပုံရပါတယ်။

ဒါပေမဲ့ ဗိုလ်မောင်မောင် ကိုယ်တိုင် ပြန်ရေးထားတဲ့ သူတို့လွတ်မြောက်လာပုံ အကြောင်းအရာတွေ (ဆောင်းပါးအမည်–စစ်ဆင်ရေး အလင်းရောင် –၃) ထဲမှာတော့ "ဤကယ်ယူရေး စီမံချက်သည် ဗိုလ်စောမြင့်က တောင်ငူမှ တပ်မဟာမှူးအဖြစ်နဲ့ ကြိုးစား၍ ဆောင်ရွက်ခြင်းဖြစ်သည်။ သူ့စွမ်းဆောင်မှု၊ သူ့ကြိုးပမ်းမှု၊ သူ့မလျှော့သော လုံ့လနဲ့ သူ့ဇွဲဖြင့် သူအခါခါ ကြံစည်ခဲ့ခြင်းဖြစ်၏။ သူ့အထက်မှာ တောင်ပိုင်းစစ်တိုင်း၊ တပ်မှူးကြီး(ဖေဖေ့ကို ဆိုလို) က အားမပေးခဲ့ချေ။ သူကား မိမိတိုင်းအတွင်း ဗိုလ်မောင်မောင်တို့လူစု ကယ်ဆယ်ရေးထက် အရေးပါသော လုပ်ငန်းပေါင်းများစွာကို ဦးစားပေး၍ လုံးပန်းနေ၏။ ဤကယ်ဆယ်ရေး စစ်ဆင်ရေးအတွက် သူက တပ်မပေးလို မသုံးလိုပေ။ ဗိုလ်စောမြင့်က မိမိတပ်မဟာ၌ ရှိသော တပ်မှုဖြင့် ကြိုးပမ်းပါမည်ဟု တောင်းပန်သော်လည်း သူမနှစ်မြို့နိုင်၊ ကေအင်ဒီအိုများကိုသာ မဲ၍ တိုက်စေခဲ့၏"–လို့ ရေးထားတာ တွေ့ရပါတယ်။

တနေရာမှာလည်း ဗိုလ်စောမြင့်က သူ့စစ်ဆင်ရေးတွေကို ဗိုလ်မောင်မောင်ကို ရှင်းပြရာမှာ စစ်ရုံးက စီစဉ်ပေးသမျှ တပ်နည်းနည်းနဲ့ မရရအောင်ကြိုးစားရကြောင်း၊ ကြန့်ကြာနေလျှင် တိုင်းမှူးက သူ့ စစ်ဆင်ရေး စီမံကိန်းများမှ လိုးလွှဲသုံးမှုဖြင့် စိတ်ဆိုးခံရမှာကို ကြောက်ရကြောင်း စတာတွေလည်း ရေးထားတာ တွေ့ရပါတယ်။

ဗိုလ်မောင်မောင်က သူ့ကယ်တင်ပြီး ၁ ရက်အတွင်း သူရှိရာ တောတွင်းကို သက်စွန့်ကြိုးပမ်း လေယာဉ်ပျံလေး(အဲဒီတုန်းက ဟယ်လီကော်ပတာ မပေါ်သေးပါဘူး။ ဗြိတိသျှလေတပ်က ချန်ခဲ့တဲ့ မီးကျိုးမောင်းပျက် Oxford လေယာဉ်လေးတွေပဲ ရှိတာပါ) နဲ့ အပြေးအလွှားရောက်လာကြတဲ့ ဗိုလ်အောင်ကြီး (အဲဒီကာလက စစ်ရုံးချုပ်၊ စစ်ဦးစီးအရာရှိ –ပထမတန်း) နဲ့ ဗိုလ်စောမြင့်တို့ ပြောသမျှကို ယုံရဟန်ရှိပါတယ်။

ဖေဖေကတော့ သူ့ရဲ့ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိထဲမှာ ဗိုလ်မောင်မောင် ကယ်တင်ရေး စစ်ဆင်ရေးကြီးကို ဗိုလ်နေဝင်းရဲ့ တာဝန်ပေးချက်အရ လုပ်ဆောင်ရကြောင်း။ အဲသလိုလုပ်ဆောင်ရာမှာ သေနင်္ဂဗျူဟာအရ ယောင်ပြတိုက်ခိုက်မှုတွေ လုပ်ခဲ့ကြောင်း။ ကေ အင်ဒီအိုတွေရဲ့ ဗဟိုဌာနချုပ်စခန်းကြီးကို မိမိတို့တပ်မတော်က စစ်ဆင်ရေးအကြီးစား လုပ်ပြီး ခိုတက်တိုက်ခိုက်မည့် 'ဟန်ပြစစ် ဆင်ရေးကြီး' လုပ်နေစဉ် ကာလမှာ၊ ရန်ကုန်ဘဆွေတို့ ဦးစီးတဲ့ ကယ်တင်ရေး ပြောက်ကျားတပ်ဖွဲ့က ဗိုလ်မောင်မောင်တို့အဖွဲ့ကို ဖမ်းချုပ်ထားတဲ့ စခန်းကိုဝင်ပြီး တိုက်ခိုက်ထိုးသုတ် ကယ်တင်ရန်ဖြစ်သည်လို့ ရေးထားပါတယ်။

ဖေဖေရည်ရွယ်ချက်ကတော့ ကေအင်ဒီအိုများအနေနဲ့ မိမိဗဟိုစခန်း ကယ်တင်ရေးကိုပဲ အဓိကထားနေရပြီး၊ ဗိုလ်မောင်မောင်တို့ အကျဉ်းကျအဖွဲ့ကို ဂရုမစိုက်နိုင်အောင် လုပ်တာဖြစ်ပါတယ်။ တကယ်လည်း ကယ်တင်ရေးတပ်ဖွဲ့တွေ အကျဉ်းချထားတဲ့နေရာကို ဝင်သွားတဲ့အခါ ကေအင်ဒီအိုများက ဆုတ်ထားနှင့်ပြီး ဖြစ်ကာ အရပ်သားများသာ ကျန်ခဲ့ပြီး ဘာတိုက်ပွဲမှ ကြီးကြီးကျယ်ကျယ် မဖြစ်လိုက်ပါဘူး။ ဗိုလ်မောင်မောင်တို့ကို တောလမ်းခရီးနဲ့ ၂ ရက်နီးပါးလောက် ခြေကျင်လျှောက်ခေါ်ထုတ်လာရာမှာလည်း လိုက်လံတိုက်ခိုက်တာတွေ မရှိခဲ့ပါဘူး။

အဲဒီဗိုလ်စောမြင့်ရဲ့ ဆောင်းပါးတွေကို ဖတ်ကြည့်ရင် ဆိုရှယ်လစ်အုပ်စုရဲ့ ဂိုဏ်းဂဏလုပ်ဆောင်မှုတွေကို ကောင်းကောင်း တွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် ဗိုလ်မောင်မောင်ဟာ လွတ်မြောက်လာပြီးနောက် စစ်ရုံးတဲ့ စစ်ဗိုလ်ဟာ စစ်တပ်က ထွက်ရမယ်ဆိုတဲ့ အယူအဆနဲ့ စစ်တပ်က ထွက်မယ်လို့ လုပ်တဲ့အခါ သူတို့အုပ်စုတွေ (ဗိုလ်အောင်ကြီး၊ ဗိုလ်စောမြင့်၊ ရန်ကုန်ဘဆွေ) စသူတွေက ဘယ်လိုဝိုင်းဝန်း ဖျောင်းဖျတောင်းပန်ရတယ်ဆိုတာတွေကို တွေ့ရှိနိုင်ပါတယ်။ သူတို့အင်္ဂလိပ်တော်လှန်ရေး၊ ဂျပန်တော်လှန်ရေး စတာတွေကို ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အုပ်စု (ဗိုလ်နေဝင်း ဦးဆောင်တဲ့ နောင်ဆိုရှယ်လစ်ဂိုဏ်းလို့ အမည်တွင် ခဲ့တဲ့ အုပ်စုဝင်တွေ) တဦးအပေါ်တဦး ဘယ်လောက် သံယော ဇဉ်ရှိကြောင်း ဗိုလ်မောင်မောင်ကို ဘယ်လောက်အားထား ကြောင်း၊ ဒါကြောင့်

ဗိုလ်မောင်မောင် အမြန် လွတ်ရေးအတွက် ဘယ်လောက်ဝိုင်းဝန်းကြိုးစားရကြောင်းစတာတွေ အပြည့်အစုံ ရေးထားတာ ဖတ်ရပါတယ်။ ဟုတ်ပါတယ်။ တကယ်လည်း ဗိုလ်မောင်မောင်ဟာ ထူးချွန်ထက်မြက်သူတဦး၊ ဗမာ့တပ်မတော်ကို တကယ့်အသက်မွေးဝမ်းကြောင်း တပ်မတော် Professional Army အဖြစ် တည်ဆောက်ဖို့ အတွက် အလွန်အားထားရတဲ့ ပုဂ္ဂိုလ်တဦးပါ။

ဗိုလ်မောင်မောင်–ဘီအိုင်အေ အစောပိုင်းကာလ တပ်ထဲဝင်လာစဉ်ကတည်းက ဗိုလ်ချုပ်အောင်ဆန်းက အလွန်သဘောကျခဲ့ပြီး၊ သူ့အနားခေါ်ထားကာ မြေတောင်မြှောက်ပေးခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ အင်္ဂလိပ်ဗြိတိသျှတွေနဲ့ လွတ်လပ်ရေးအတွက် ပြောဆိုဆွေးနွေးရယူဖို့ ပြင်ဆင်ရာမှာ အင်္ဂလိပ်တွေနဲ့ ဆက်ဆံရာမှာ အမြင်ကောင်းစေဖို့အတွက် မိမိအနားမှာ အင်္ဂလိပ်စကားကျွမ်းကျင်တဲ့၊ အင်္ဂလိပ်တွေရဲ့ ထုံးတမ်းစဉ်လာတွေကို နားလည်တဲ့ လူတွေကို ထားခဲ့ပါတယ်။ (သတင်းထောက် ဦးပုကလေးရေးတဲ့ "ငါတို့ ဗိုလ်ချုပ် ဘာတွေ လုပ်ခဲ့သလဲ"စာအုပ်ကို ဖတ်ကြည့်ပါ)။ ဗိုလ်မောင်မောင်ကိုယ်တိုင်ကလည်း သူတပ်ထဲသာဝင်လာရတယ်၊ ဘာစစ်ပညာမှ မတတ်သေးဘူးဆိုပြီး နှိမ့်ချစွာနဲ့ ဖေဖေရဲ့ စံပြကျောင်း(ပဲခူး)ကို လာတက်ခဲ့ပါသေးတယ်။ တကယ်လည်း မျိုးချစ်ပြည်ချစ်စိတ် အပြည့်အဝနဲ့ လွတ်လပ်ရေးလှုပ်ရှားမှု အရေးတော်ပုံကြီးမှာ ပါဝင်ခဲ့တာပါ။ ဂျပန်တော်လှန်ရေးအတွင်းမှာလည်း ကောင်းမှုတွေ ရှိခဲ့ပါတယ်။

ဒါပေမဲ့ ဗိုလ်မောင်မောင်ရဲ့ အဓိက အားနည်းချက်ဟာ အလွန်မာန်မာနကြီးပြီး လူမှုဆက်ဆံရေး အင်မတန်ညံ့ပါတယ်။ အလွန်ထက်မြက်သူတို့ရဲ့ ထုံးစံအတိုင်း မိမိဉာဏ်ရည်မမီသူတွေကို အထင်အမြင်သေးတတ်ပါတယ်။ ဒ့ါအပြင် လူတန်းစားလည်း အင်မတန် ခွဲခြားပါတယ်။ အင်္ဂလိပ်ခေတ် မင်းမှုထမ်းမျိုးရိုးက ဆင်းသက်ပြီး ပညာရေးအခြေခံကလည်း (သာသနာပြုကျောင်းတွေ နေပြီး) အလွန်ခိုင်မာကောင်းမွန်တာလည်း ပါ။ မိသားစုထဲမှာ တဦးတည်းသော သားယောကျ်ားလေးဖြစ်လို့ မိဘများရဲ့ ဖူးဖူးမှုတ်မြှောက်စားခြင်းလည်း ခံရလေတော့ အလွန်ကို ဘဝင်မြင့်ပါတယ်။ ဘယ်သူနဲ့မှ မတည့်ပါဘူး။ အလွန်ဘုကျသူပါ။ ဗိုလ်ချုပ်အောင်ဆန်းရှိစဉ်တုန်းကတော့ ဗိုလ်ချုပ်အရှိန်အဝါနဲ့ ထိန်းသိမ်းထားလို့ သူ့အားနည်းချက်တွေ သိပ်မပေါ်လွင်လှပါဘူး။ ဗိုလ်ချုပ်ကိုယ်နှိုက်ကလည်း ဗိုလ်မောင်မောင်ရဲ့ အင်မတန်ကြီးမားတဲ့ အားကောင်းချက်တွေ(ဥပမာ–မျိုးချစ်ပြည်ချစ်စိတ်၊ ထက်မြက်မှုစသဖြင့်) ကိုသာ အာရုံထားပြီး နောင်တပ်မတော်တည်ဆောက်ရေးအတွက် အားထားခဲ့ပုံရပါတယ်။

ဒါပေမဲ့ BDA ကာလ(၁၉၄၃–၄၄ ခုနှစ်များ) များမှာတော့ သူတို့ရဲ့ ပင်ကိုယ်လူတန်းစား ဗီဇတွေ ပေါ်လာပါတယ်။ BDA ကာလမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လှုံ့ဆော်ချက်နဲ့ တပ်ထဲလှိမ့်ဝင်လာတဲ့ ပညာတတ်အုပ်စုကို ဗိုလ်မောင်မောင်နဲ့ ဗိုလ်အောင်ကြီး ပေါင်းပြီး ဂိုဏ်းအုပ်စုဖွဲ့ပါတယ်။ "ဂျပန်တော်လှန်ရေး လုပ်ရန်"ဆိုတဲ့ အကြောင်းပြချက်နဲ့ စုစည်းလှုပ်ရှားကြတာပါ။ တကယ်တော့ ဗိုလ်မောင်မောင်နဲ့ ဗိုလ်အောင်ကြီးဟာ အလွန် ဘက်ညီပါတယ်။ ဗိုလ်မောင်မောင်ဟာ ဆက်ဆံရေးတွေမှာ ဘုကျပေမယ့် ဗိုလ်အောင်ကြီးကတော့(သူကိုယ်တိုင် ပြောဆိုချက်အရ– ကုန်သည်ပွဲစားမျိုးရိုးက ဆင်းသက်လာသူပီပီ) အလွန်ဆက်ဆံရေး ညက်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနား အတွင်းရေးမှူး အဖြစ် ရောက်နေတဲ့ ဗိုလ်မောင်မောင်နဲ့ ကပ်ပြီး ရသမျှအခွင့်အရေး အသုံးချပါတော့တယ်။ ဗိုလ်အောင်ကြီးအကြောင်း ရေးပြီးဖြစ်လို့ ဗိုလ်မောင်မောင်အကြောင်းပဲ ဆက်ရေးပါရစေတော့။

အဲဒီ BDA ကာလ 'ဂျပန်တော်လှန်ရေး'အတွက် လျှို့ဝှက်လှုပ်ရှားစဉ်က စလို့ သူတို့ပြည်သူ့အရေးတော်ပုံပါတီ (ဝါ) နောင် ဆိုရှယ်လစ်ပါတီဆိုတာ သန္ဓေတည်ခဲ့ပြီး ရဲဘော်သုံးကျိပ်ဝင်ထဲက 'ဗိုလ်နေဝင်း'ကို ဆရာတင်ကာ တပ်တွင်းအာဏာရရေးကို ကြိုးပမ်းခဲ့ကြတာပါ။ သူတို့အတွက် အရေးသာသွားရတဲ့ အချက်တွေကတော့ ဗမာပြည်လက်ဝဲသမားများအကြား အကွဲကွဲအပြားပြား ဖြစ်ကုန်တာ(အလံနီ၊ အလံဖြူ၊ ရဲဘော်ဖြူ၊ ရဲဘော်ဝါ အမျိုးမျိုးကွဲတာ)၊ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားရတာ၊ ဖဆပလ အဖွဲ့ချုပ်အတွင်း (ဦးနုက ဝန်ကြီးချုပ်ဖြစ်ပေမယ့်) အာဏာကို ဆိုရှယ်လစ်အုပ်စုက အဓိက ကိုင်ထားခွင့်ရသွားတာ စတာတွေကြောင့် ဖြစ်ပါတော့တယ်။

လွတ်လပ်ရေး ရပြီးကာစ ပြည်တွင်းစစ်မီး စတောက်လောင်စဉ်ကာလမှာ ဗိုလ်မောင်မောင်ဟာ ကေအင်ဒီအိုတွေရဲ့ စစ်သုံ့ပန်းအဖြစ် နေခဲ့ရပေမယ့် အဲဒီကာလက လွန်မြောက်လာပြီး ကေအင်ဒီအို အရေးအခင်းတွေ ညှိုးခြောက်သွားပြီး ကွန်မြူနစ်တွေနဲ့ ပြည်တွင်းစစ် ပြင်းထန်လာချိန်မှာတော့ လူတန်းစားဗီဇအရကိုက ကွန်မြူနစ်ကို အင်မတန် မုန်းတီးတဲ့ ဗိုလ်မောင်မောင်တို့ ကံဇာတာ ထလာပါတော့တယ်။

၁၉၅၀ ခုနှစ်လွန်နှစ်များမှာ စစ်ရုံးချုပ်ကို ဆိုရှယ်လစ်တပ်မှူးများ အုပ်စီးလိုက်နိုင်ပါတယ်။ နဝတခေတ်ထုတ် တပ်မတော်သမိုင်း၊ စတုတ္ထတွဲ (၁၉၄၈–၁၉၆၂) မှာ ရေးထားတဲ့ စာပိုဒ်တပိုဒ်ကို ကိုးကားပါရစေ။ (နှာ–၁၄၁ ကြည့်)

၁၉၅၃ ခုနှစ်တပ်မှူးများ ညီလာခံသို့ စစ်ဦးစီးဌာနဆိုင်ရာ လုပ်ငန်းရပ်များကို စစ်ဦးစီးအရာရှိ (ပထမတန်း) ဗိုလ်မှူးကြီး အောင်ကြီးကလည်းကောင်း၊ လေ့ကျင့် ရေးဆိုင်ရာ ကိစ္စရပ်များကို စစ်ဦးစီးအရာရှိ (လေ့ကျင့်ရေး) ဗိုလ်မှူးကြီးမောင်မောင်ကလည်းကောင်း၊ စစ်ရေးချုပ်ဌာနဆိုင်ရာ လုပ်ငန်းရပ်များကို စစ်ရေးချုပ် ဗိုလ်မှူးချုပ်ကျော်ဝင်းကလည်းကောင်း၊ စစ်ထောက်ချုပ်ဌာနဆိုင်ရာ လုပ်ငန်းရပ်များကို စစ်ထောက်ချုပ် ဗိုလ်မှူးကြီးတင်ဖေကလည်းကောင်း၊ အစီရင်ခံစာများ တင်သွင်းကြပြီး စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက နိဂုံးချုပ်မိန့်ခွန်း မြွက်ကြားပါသည်... ...လို့ ရေးထားတာ တွေ့ရပါတယ်။

ဗိုလ်အောင်ကြီးနဲ့ ဗိုလ်မောင်မောင်တို့ဟာ ဆိုရှယ်လစ်တပ်မှူး ထိပ်သီးတွေအဖြစ် အားလုံး သိပြီးသားပါ။ ဗိုလ်မှူးချုပ်ကျော်ဝင်းဆိုတာကတော့ မဆလ ခေတ်အထိ ဗိုလ်နေဝင်း လူယုံအဖြစ် ပါခဲ့ပြီး၊ ဦးမောင်မောင်ကျော်ဝင်းဆိုတဲ့အမည်နဲ့ တရုတ်ပြည်သူ့သမ္မ တနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဖြစ်ခဲ့ဖူးပါတယ်။ တပ်ထဲကို BDA ကာလမှ ဝင်လာတာပါ။ ဒါပေမဲ့ ပညာတတ်ကြီး ဖြစ်တာကို အကြောင်းပြပြီး ဗိုလ်အောင်ကြီးတို့က အတော်ဦးစားပေးပြီး ရာထူးဝါ စီစဉ်တဲ့နေရာမှာ ဖေဖေရှေ့က ထားတတ်လို့ ဖေဖေက မကျေမနပ်ဖြစ်ပြီး ဗိုလ်နေဝင်းကို တိုင်တန်းဖူးကြောင်း ဖေဖေက သူ့ စာအုပ်ထဲမှာ ရေးဖူးပါတယ်။ ဗိုလ်တင်ဖေကတော့ မဆလခေတ်မှာ ကုန်သွယ်ရေးဝန်ကြီး လုပ်ခဲ့ဖူးသူပါ။

ဒီတော့ ၁၉၅၃ ခုနှစ်တဝိုက်မှာ စစ်ရုံးချုပ်လုပ်ငန်းတွေ အားလုံး ကို သူတို့ ချုပ်ကိုင်ထားပြီဆိုတာ ရှင်းနေပါတယ်။

(ဒီနေရာမှာ စကားချပ်တရပ်အနေနဲ့ ရေးချင်တာတခု ရှိပါသေးတယ်။ အဲဒီစာအုပ်ထဲမှာ ၁၉၅၃ ခုနှစ်မှာ ဗိုလ်အောင်ကြီးကို စစ်ဦးစီးအရာရှိ (ပထမတန်း) လို့ ဖော်ပြထားပေမယ့် မှူးသမိန်ရဲ့ ဆောင်းပါးတွေမှာတော့ ၁၉၅၁ ခုနှစ်က အဖြစ်အပျက်တွေကို ရေးရာမှာ ဗိုလ်အောင်ကြီးကို ဒုကာကွယ်ရေးဦးစီးချုပ်လို့ သွယ်ဝိုက် ရေးထားပါတယ်။ အဲဒါ သူတို့ရဲ့လုပ်ဟန်ပါ။ မိမိတင်ချင်သူတွေကို မသိမသာ တင်မြှောက်ပေးတဲ့ လုပ်ဟန်ပါပဲ)။

အဲဒီတပ်မတော်သမိုင်း စာအုပ်ကို ဖတ်ကြည့်ရင် တပ်မတော်ကို ဘက်စုံ ဘယ်လိုတည်ဆောက်ကြောင်းတွေ ပါပါတယ်။ ဒီနေရာမှာ အခရာနေရာက ပါဝင်ခဲ့သူ ၂ ဦးဟာ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်မောင်မောင်ပါ။ (ဒါပေမဲ့ ဒီစာအုပ်ထဲမှာတော့ နာမည်တွေကို တချို့နေရာများမှာသာ ဖော်ပြပြီး တချို့နေရာမှာတော့ ရာထူးတွေကိုသာ ရေးထားတာတွေ့ ရပါတယ်)။

ဗိုလ်မောင်မောင်ကို နောင်ဗိုလ်မှူးချုပ်ရာထူးအထိ တိုးမြှင့်ပေးခဲ့ပါတယ်။ လေ့ကျင့်ရေးညွှန်ကြားရေးမှူးအဖြစ် နေရာပေးကာ အနောက်နိုင်ငံအသီးသီးသို့ ပို့လွှတ်လေ့လာစေကာ တပ်ကို ဘက်စုံက တည်ဆောက်စေပါတယ်။ တပ်မတော် ထောက်လှမ်းရေးဌာနတို့၊ စိတ်ဓာတ်စစ်ဆင်ရေးဌာနတို့၊ ကာကွယ်ရေးတက္ကသိုလ်တို့ စတာတွေဟာ သူ့ရဲ့ လက်ရာတွေပါ။ အိမ်စောင့်အစိုးရခေတ်က စလို့ ပေါ်ပေါက်ခဲ့တဲ့ (brainchild) ပါ။ သူက အစ္စရေးရဲ့ မော့ဇက်(ထောက် လှမ်းရေးအဖွဲ့) ကို အလွန်အားကျ လေ့လာခဲ့သူပါ။ အဲဒီကနည်းတွေကို ယူပြီး ထောက်လှမ်းရေးအဖွဲ့ကို တည်ဆောက်ခဲ့တာပါ။

ဗိုလ်အောင်ကြီးက စစ်တပ်ကို ဥစ္စာဓန ပြည့်ဝအောင် စီးပွားရေးလုပ်ငန်းများနဲ့ ထူထောင်ပေးပြီး ပြည်သူလူထုကို ဖိနှိပ်ဖို့နဲ့ ပြည်တွင်းစစ်ကို မီးကုန်ယမ်းကုန်တိုက်ဖို့ လိုအပ်တဲ့ အခြေခံ အဆောက်အအုံတွေကိုတော့ ဗိုလ်မောင်မောင်က တည်ဆောက်ပေးခဲ့တာပါ။

အဲဒီလုပ်ငန်းတွေအတွက် လေ့လာရေးခရီးတွေအဖြစ် အမေရိကန်အပါအဝင် အနောက်နိုင်ငံအတော်များများကို ဗိုလ်မောင်မောင်က သွားခဲ့ဖူးပါတယ်။ ဘရင်ဂျီဘာသာထဲ ပြောင်းဝင်ပြီး အနောက်နိုင်ငံများရဲ့ ယဉ်ကျေးမှုနဲ့ ဓလေ့များကို အလွန်သဘောကျ နှစ်ခြိုက်ပြီး စိတ်ဓာတ်အရလည်း အနောက်တိုင်းဆန်နေတဲ့ ဗိုလ်မောင်မောင် အဲဒီခေတ်အဲဒီအခါက အရှေ့အာရှ ဒေသတွေထဲ ကိုလိုနီဟောင်းတွေ(အင်္ဂလိပ်၊ ပြင်သစ်) ကို ဖယ်၊ တိုးဝင်းလာနေတဲ့ အမေရိကန်က သဘောကျပြီး ချဉ်းကပ်ပုံရပါတယ်။ ဒါမျိုးမှာ ချက်ဆိုနားခွက်က မီးတောက်တဲ့ ဗိုလ်နေဝင်းက ရိပ်မိပြီး လက်ဦးမှုရှိစွာ ဘေးဖယ်ခဲ့တာပါပဲ။ တပ်က အနားပေးတယ်ဆိုပြီး သံအမတ်ကြီးအဖြစ်ခန့်ကာ ကတ္တီပါလမ်းခွဲလုပ်လိုက်တာပါပဲ။

တကယ်တော့ ၁၉၅၈ ခုနှစ် ပထမအကြိမ် အာဏာသိမ်းပွဲမှာ ဗိုလ်မောင်မောင်တို့၊ ဗိုလ်အောင်ကြီးတို့ရဲ့အခန်းကဏ္ဍ အတော်ကြီးပါတယ်။ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်တင်ဖေတို့ ၃ ဦး(အဲဒီကာလ ဝန်ကြီးချုပ် ဦးနုကို ဖိအားပေးပြီး၊ ဗိုလ်နေဝင်း ကို အာဏာအပ်ခိုင်းအပြီး) ဦးနုအိမ်ဝင်းထဲက ထွက်လာတဲ့ ကားပေါ်မှာ ပြုံးရွှင်စွာ ရယ်မောပြောဆိုနေတဲ့ ဓာတ်ပုံတပုံ အဲဒီကာလက ကြေးမုံသတင်းစာမျက်နှာဖုံးမှာ ဖော်ပြဖူးပါတယ်။

ဗိုလ်အောင်ကြီးတို့၊ ဗိုလ်မောင်မောင်တို့ ဘယ်လောက်ပဲ သူ့အပေါ်ကို အကျိုးပြုခဲ့ပြုခဲ့၊ သူ့နေရာ ထိပါးတော့မယ်လို့ မြင်လာတဲ့အခါ ဗိုလ်နေဝင်းဟာ ဘယ်သူ့ကိုမှ မညှာပါဘူး။ ၁၉၆၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးမှာ သန့်ရှင်းပထစ အပြတ်အသတ်နိုင် လိုက်တဲ့အခါ ဗိုလ်နေဝင်းအနေနဲ့ ဆိုရှယ်လစ်တွေနဲ့ လမ်းခွဲချိန်တန်ပြီဆိုတာ နားလည်သွားပြီး အစီအစဉ်ရှိစွာနဲ့ ဆိုရှယ်လစ်တပ်မှူး ထိပ်သီးများကို တပ်ထဲကနေ တစတစ ဖယ်ရှားတော့တာပါပဲ။

ဗိုလ်မောင်မောင်ကတော့ သံအမတ်အဖြစ်က ပင်စင်ယူပြီးနောက်မှာတော့ ပညာရေးလောကထဲဝင်ပြီး ပညာရှင်တဦးဖြစ်အောင် ကြိုးစားရာမှာ အောင်မြင်တာ တွေ့ရပါတယ်။ ဩဇတြေးလျ တက္ကသိုလ်တခုမှာ နောက်ပိုင်း စာပေပို့ချတာတွေ လုပ်ဆောင်ပါတယ်။ တိုင်းပြည်အတွက်တော့ အဖိုးတန်ပညာတတ်တဦးပါ။ ဒါပေမဲ့ အခြေခံစိတ်နေစိတ်ထားက ပြောင်းပုံမရပါဘူး။

၁၉၉၀ ခုနှစ်များက သူပြုလုပ်တဲ့ တွေ့ဆုံမေးမြန်းခန်းတခုမှာ ဗမာပြည်လွတ်လပ်ရေးရပြီး အခုချိန်အထိ မတိုးတက်တာ ဗမာတွေ လွတ်လပ်ရေးနဲ့ မထိုက်တန်လို့ –လို့ ပြောသွားပြီး သူနဲ့ အင်မတန် အတွဲညီခဲ့တဲ့ ဗိုလ်အောင်ကြီးကိုတောင် "ဗိုလ်အောင်ကြီး အကြောင်းတော့ မပြောပါနဲ့။ သူက ဘာအလုပ်မှ ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်တဲ့သူ မဟုတ်ပါဘူး" လို့ ပယ်ပယ်နယ်နယ် ပြောသွားပါသေးတယ်။

ဖေဖေက အဲဒီဟာတွေ နားထောင်ပြီးနောက် "ဩော်–ဗိုလ်မောင်မောင် အသက်တွေလည်း ရလာနေပြီပဲဟာ အခုအထိ မာနမချသေးပါလား" လို့ မြည်တွန်တောက်တီးပါတယ်။ ဖေဖေက ဆက်ပြီး " ကျွန်တော် အမေရိကန်မှာ လူမဖြစ်ရတာ သိပ်နာတယ်ဗျာလို့ မပြောတာ တော်သေးတာပေါ့" လို့လည်း ကောက်ချက်ပေးလိုက်ပါသေးတယ်။

ဗိုလ်မောင်မောင်ဟာ အဲသလို လူစားပါ။

**လှကျော်ဇော**
**၁၇–၅–၂၀၁၂။**

မှတ်ချက်။ ။ အမှား ပြင်ဆင်ချက်

ကျွန်မရဲ့ဆောင်းပါး အမှတ်(၂၄) မှာ ယခင်ဗမာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်(၁၉၄၆–၄၉) ဗိုလ်ချုပ်စမစ်ဒွန်းရဲ့ မွေးရပ်မြေကို ကလောလို့ ရေးမိပါတယ်။ ရဲဘော်တယောက်က ထောက်ပြပြီး အမှန်ပြင်ဆင်ပေးခဲ့ပါတယ်။ ဗိုလ်ချုပ်စမစ်ဒွန်းရဲ့ ဇာတိဟာ ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ အင်းရဲကျွန်းရွာ ဖြစ်ပါတယ်။ ပိုးကရင်ဘာသာနဲ့ အန်းရဲကလုံးလို့ ခေါ်ပါတယ်။ သူ တပ်က အနားပေးခြင်းခံရပြီးနောက်တော့ ရှမ်းပြည်တောင်ပိုင်း ကလောမြို့မှာ အသက်ထက်ဆုံး နေထိုင်သွားတာ ဖြစ်ကြောင်းပါ။

ကျွန်မအမှားအတွက် တောင်းပန်အပ်ပါတယ်။ ။

လှကျော်ဇော

# ရဲဘော်တိုက်အောင်အကြောင်း တစ္ဆေတစောင်း

(ရဲဘော်တိုက်အောင် ကွယ်လွန်ခြင်း ၁၁ နှစ်မြောက် အမှတ်တရ)

ရဲဘော်ရှုယဉ်

တော်လှန်ရေးရုပ်ပုံလွှာ

အချိန်ကတော့ ၁၉၈၃ ဒီဇင်ဘာလအတွင်း ....

နေရာကတော့ တရုတ်ဗမာနယ်စပ်မျဉ်းအဖြစ် သတ်မှတ်ခံရတဲ့ နမ့်ခချောင်းဘေး တရုတ်ပြည်ဘက်အခြမ်းမှာ ....

ကျွန်မတို့တတွေ တရုတ်နယ်စပ်မြို့ မုံအာက ရောက်လာမယ့် လူမမာတဦးကို စောင့်ဆိုင်းနေကြပါတယ်။ ကျွန်မတို့တတွေဆိုရာမှာတော့ ဗဟိုခေါင်းဆောင်တချို့နဲ့ ဗဟိုရုံးက ရုံးလုပ်သားတချို့တို့ ဖြစ်ပါတယ်။ ပါတီဗဟိုရဲ့ တာဝန်ပေးချက်အရ ဗမာပြည် အလယ်ပိုင်းဒေသကို စစ်ရေးတာဝန်ခံအဖြစ် ဆင်းသွားပြီး ရှေ့တန်းတနေရာမှာ အကြီးအကျယ် မမာမကျန်းဖြစ်သွားတဲ့ ဗမာပြည်ကွန် မြူနစ်ပါတီ ဗဟိုကော်မတီဝင် ရဲဘော်တိုက်အောင်ကို ကျွန်မတို့ ကြိုဆိုနေကြတာပါ။ ရဲဘော်တိုက်အောင်ဟာ အကြီးအကျယ် မကျန်းမမာဖြစ်နေရာက တစုံတရာကောင်းမွန်လာပြီး ခရီးသွားလာနိုင်ပြီဖြစ်လို့ အနားယူဆေးကုသမှုခံယူဖို့ ဗဟိုဌာနချုပ်ရှိရာ ပန်ဆန်းကို ပြန်လာတာဖြစ်ပါတယ်။

ကျွန်မတို့ ဒီချောင်းဘေး ကူးတို့ဆိပ်မှာ စောင့်ကြိုနေစဉ်မှာပဲ မုံအာမြို့ကထွက်လာတဲ့ ပီကင်းဂျစ်တစီး ဆိုက်ရောက်လာပါတယ်။ ကျွန်မတို့တတွေ စိတ်လှုပ်ရှားစွာနဲ့ ကြည့်ရှုနေစဉ်မှာ ပီကင်းဂျစ်ရဲ့ တံခါးပေါက်ပွင့်သွားပြီး ရွှင်လွှင်လန်းလန်း ပြုံးပြုံးရွှင်ရွှင်နဲ့ ရဲဘော်တိုက်အောင်ရဲ့ မျက်နှာကို တွေ့လိုက်ရပါတယ်။ ကျွန်မတို့တတွေက ရဲဘော်တိုက်အောင် ပြန်လည်ကျန်းမာလာပြီဖြစ်ပေမယ့် ဖြစ်တုန်းက အကြီးအကျယ်ဖြစ်ခဲ့ပြီး နေ့လားညလား ဖြစ်ခဲ့ရတဲ့အကြောင်းတွေ သိထားရလို့ ရင်တထိတ်ထိတ်နဲ့ စောင့်ကြိုနေရတာပါ။ သူ့ကို အခုလို လန်းလန်းဆန်းဆန်း တွေ့လိုက်ရတော့ ကျွန်မတို့အားလုံး စိတ်ပေါ့ပါး ပျော်ရွှင်သွား လိုက်ကြတာလေ။

ဒါပေမဲ့ ကျွန်မတို့ စိတ်လက်ပေါ့ပါးသွားရတာ တခဏပါပဲ။ ရဲဘော်တိုက်အောင်ကို သူ့ကိုယ်ရံရဲဘော်က ကားပေါ်က တွဲချရပြီး တုတ်ကောက်နဲ့ ထောင့်နင်းထောင့်နင်း လမ်းလျှောက်လာရပြီး သူ့ကို ကြိုဆိုနေတဲ့လူတွေကို တဟဲဟဲရယ်မောပြီး လက်ဆွဲနှုတ်ဆက်ရာမှာတော့ ကျွန်မတို့တတွေ အခြေအနေကို ရိပ်မိလိုက်ကြပြီး ရင်ထဲဆို့နင့်သွားကြပါတယ်။

ရဲဘော်တိုက်အောင်ဟာ ဦးနှောက်သွေးကြော ပိတ်ဆို့သွားရာမှ အတန်ငယ်ကောင်းမွန်လာတဲ့အခါ ကိုယ်တခြမ်း (ညာဘက်) သေသွားပြီး စကားပါ မပြောနိုင်တဲ့အခြေအနေ ဖြစ်သွားတာကို ရုတ်တရက် သဘောပေါက်သွားကြလို့ ဖြစ်ပါတယ်။

သူတဟဲဟဲရယ်မောပြီး နှုတ်ဆက်နေပေမယ့် ကျွန်မတို့တတွေ မျက်ရည်ကျတဲ့လူက ကျ၊ မျက်ရည်ဝဲတဲ့လူက ဝဲနဲ့ ဘယ်သူမှ သူ့ကိုပြန်ပြီး သူနှုတ်ဆက်သလို ပြုံးပြုံးရွှင်ရွှင် ပြန်မနှုတ်ဆက်နိုင်ကြပါဘူး။ ဒီကြားထဲက ကျွန်မတို့နဲ့အတူတူ သူ့ကိုလာကြိုနေတဲ့ သူဇနီးသည် ရဲဘော်မခင်ဟာ ငိုပြီး ချောင်းကမ်းပါးဘက် ပြန်းခနဲ ပြေးထွက်သွားလို့ ကျွန်မတို့ အမျိုးသမီးရဲဘော် ၃ ,၄ ဦး သူ့နောက် ပြေးလိုက်သွားရပြီး ချော့မော့ပြန်ခေါ်လာရပါသေးတယ်။ ရုတ်တရက် စိတ်မထိန်းနိုင် ဖြစ်သွားဟန် တူပါတယ်။

သူကတော့ ကိုယ်တခြမ်းသေပြီး စကားမပြောနိုင်တော့တဲ့ သူ့ရဲ့ဒုက္ခိတဘဝကို ကျန်လူများ စိတ်ထိခိုက်မှာစိုးလို့ လူတကာကို ရယ်မောနှုတ်ဆက်ပြီး သူ့ရဲ့ဘာမထိစိတ်ဓာတ်ကို ပြသနေတာပါ။ မိမိခံစားနေရတဲ့ ဒုက္ခထက် သူတပါးစိတ်ထိခိုက်မှာကို စိုးရိမ်တတ်တဲ့ သူ့ရဲ့ အခြေခံစိတ်ဓာတ်ကိုလည်း ဖော်ပြနေပါတယ်။

သူဟာ အဲသလို လူမျိုးပါ။

ကျွန်မကတော့ "ရဲဘော်တိုက်အောင်"ဆိုတဲ့ နာမည်ကြားလိုက်ရင် သူ့အခြေခံစိတ်နေစိတ်ထားကို အကောင်းဆုံးဖွင့်ဆိုပြသခဲ့တဲ့ အဲဒီနမ့်ခချောင်းဘေးက ကျွန်မကြုံခဲ့ဖူးတဲ့ မြင်ကွင်းကိုပဲ အမြဲသတိရလိုက်မိတတ်ပါတယ်။

တကယ်တော့ ရဲဘော်တိုက်အောင်ကို ၁၉၇၈ ခုနှစ် ဩဂုတ်လအတွင်းက ကျွန်မတို့ ဗဟိုရုံးကလူတွေ အားလုံး အရှေ့မြောက် စစ်ဒေသ ဌာနချုပ်ရှိရာ ပန်ဆန်းကို ရောက်ရှိလာစဉ်ကတည်းက ကျွန်မ စတင်သိရှိရင်းနှီးခဲ့တာပါ။ သူက အဲဒီတုန်းက အရှေ့မြောက်စစ်ဒေသရဲ့ ဒုတပ်မှူးပါ။ အလွန်ကျန်းမာရေးကောင်းပြီး ကိုယ်ခန္ဓာကလည်း အလွန်ကို တောင့်တင်းခိုင်မာသူတဦးပါ။ ဗဟိုခေါင်းဆောင်တွေထဲမှာ အသက်အရွယ် အငယ်ဆုံးလူတွေထဲမှာ ပါပါတယ်။ စစ်ဝတ်စုံကို ကျကျနန သပ်သပ်ရပ်ရပ် အမြဲဝတ်ဆင်ထားပြီး အလွန်သွက်လက်စွာ သွားလာလှုပ်ရှားနေတာကိုပဲ တွေ့ရတတ်ပါတယ်။ တပ်ပေါင်းစုလုပ်ငန်းများကိုလည်း တာဝန်ယူရသူဖြစ်ပြီး တပ်ပေါင်းစုရဲဘော်များရဲ့ အလွန်လေးစားခြင်းကို ခံရသူတဦးလည်း ဖြစ်ပါတယ်။ အောက်ခြေရဲဘော်များနဲ့ ဆက်ဆံရာမှာလည်း အလွန်စာနာစွာ ဆက်ဆံတတ်သူဖြစ်လို့ သူ့နာမည် ဂုဏ်သတင်းက မွေးနေတာပါ။

သူနာမည်ကောင်းရတဲ့အထဲမှာ ထပ်ပါဝင်လာရတဲ့အကြောင်း တကြောင်းကတော့ သူက သူ့မိသားစုအပေါ် တောင်းဆိုမှုမြင့်မားတာပါပဲ။ သူ့ဇနီးရဲဘော်မခင်ဟာ စစ်ဒေသဌာနချုပ် ရုံးဌာနတခုက လုပ်သားတဦးဖြစ်ပြီး ကျန်ရဲဘော်များနဲ့ တန်းတူအလုပ်တက်အလုပ်ဆင်းနဲ့ အလွန်နှိမ့်ချစွာ နေထိုင်တတ်သူပါ။ စားတော့လည်း အဲဒီရုံးလုပ်သားရဲဘော်များနဲ့ အတူတူ စားသောက်ရပါတယ်။ အိမ်မှာ ချက်ပြုတ်စားတာ မရှိပါဘူး။ သူတို့မှာ 'မောင်ခင်အောင်' ဆိုတဲ့ သားလေးတဦးနဲ့ 'ခင်ခင်အေး' ဆိုတဲ့ သမီးလေးတဦး ရှိပါတယ်။ သားမောင်ခင်အောင်က ပါတီက ဖွင့်ထားတဲ့ မူလတန်းကျောင်းမှာ ကျောင်းအိပ်ကျောင်းစားအဖြစ် သွားနေပြီး အိမ်မှာတော့ ကျောင်းနေဖို့ အရွယ်မရောက်သေးတဲ့ သမီးလေးပဲ ရှိပါတယ်။

စစ်ဒေသဌာနချုပ်ရုံးမှာ ပြောစမှတ်ပြုရတဲ့အဖြစ်အပျက်ကလေး တရပ်ရှိခဲ့ဖူးပါတယ်။ ဌာနချုပ်ရုံးဟာ စစ်ဒေသအသီးသီးက၊ တပ်အသီးသီးက၊ တပ်ပေါင်းစုအသီးသီးက ရဲဘော်များလာကြပြီး စစ်ဒေသခေါင်းဆောင်များနဲ့တွေ့ဆုံပြီး အစီရင်ခံကြ၊ အစည်းအဝေး ကျင်းပကြနဲ့ အမြဲလူစည်ကားနေတဲ့နေရာပါ။ ကိုယ့်တပ်က ကိုယ့်ဒေသက ကိုယ့် ရဲဘော်များနဲ့ အစည်းအဝေးများမှာ ရေနွေးကြမ်းကလွဲလို့ ဘာနဲ့မှ ဧည့်ခံလေ့မရှိပေမယ့် တခါတရံမှလာတတ်တဲ့ တပ်ပေါင်းစုရဲဘော်များကိုတော့ နေကြာစေ့လေး၊ သကြားလုံးလေး စတာများနဲ့ ဧည့်ခံလေ့ရှိပါတယ်။

တနေ့ တပ်ပေါင်းစုခေါင်းဆောင်တချို့နဲ့ ဆွေးနွေးပွဲအပြီး ဧည့်ခံဆောင်ကို ရှင်းလင်းနေတဲ့ ရုံးလုပ်သားရဲဘော်တဦးဟာ ဧည်ခံဆောင်နဲ့ မနီးမဝေးမှာ ဆော့ကစားနေတဲ့ ခင်ခင်အေးလေးကို ဧည်ခံရာက ကျန်နေတဲ့ နေကြာစေ့လေးတထုပ် ပေးပါတယ်။ ခင်ခင်အေးလေးက ပထမတော့ ဝမ်းသားအာရ လက်လှမ်းယူဖို့ ပြင်လိုက်ပေမယ့် ချက်ချင်းပဲ အဲဒီရဲဘော်ကို ဒီလိုပြန်မေးပါတယ်။ "အဲဒီကွာစေ့ဟာ ဦးဦးဟာလား၊ အများပိုင်လား" လို့ ပြန်မေးလိုက်ပါတယ်။ အဲဒီရဲဘော်က "ဘယ်နှယ့် ဦးဦးပိုင် ဖြစ်ပါ့မလဲ။ အများပိုင်ပေါ့" လို့ ပြော လိုက်တော့ ခင်ခင်အေးက လက်ကလေး ပြန်ရုပ်သွားပြီး "ပါပါ(သူ့အဖေကို သူက ပါပါလို့ ခေါ်ပါတယ်) က အများပိုင်ပစ္စည်းဆို မယူရဘူးလို့ မှာထားတယ်" လို့ ပြောပြီး ထွက်သွားပါတယ်။ မုန့်ပဲသရေစာ ရှားပါးလှတဲ့ ကလေး တယောက်အတွက် ဒါကို ငြင်းပယ်ဖို့ ဘယ်လောက်ခက်ခဲမယ်ဆိုတာ ကျွန်မတို့ တွေးကြည့်နိုင်ပါတယ်။ ဒါပေမဲ့ ဒီခက်ခဲမှုကို ရဲဘော် တိုက်အောင်ရဲ့သမီးလေးက ဖအေ့တိုက်တွန်းချက်၊ သွန်သင်ချက်နဲ့ ကျော်လွှားနိုင်ခဲ့ပါတယ်။

ဒီအဖြစ်အပျက်ကလေးဟာ ကျွန်မတို့ ရဲဘော်တွေအကြားပြောစမှတ်ပြုပြီး ကျန်ရဲဘော်တွေကိုလည်း အများပိုင်ပစ္စည်းတွေကို အလွဲသုံးစားမလုပ်ဖို့ ရိုသေတန်ဖိုးထားဖို့ ပညာပေးတဲ့ဖြစ်စဉ်လေး ဖြစ်သွားပြီး ရဲဘော်တိုက်အောင်ရဲ့ ဂုဏ်သိက္ခာ ပိုမိုပုံ့မွေးသွားပါတော့တယ်။

တခါလည်း ခင်ခင်အေးက အကြီးအကျယ် အဖျားတွေ တက်ပါတယ်။ နားကလည်း ပြည်ယိုလာပါတယ်။ စစ်ဒေသ ဆေးရုံကြီးက ဆေးရုံအုပ် ဆရာမကြီး ဒေါ်ဟယ်လင် (ရဲဘော်နော်ဆိုင်းတပ်များ တရုတ်ပြည်သို့ ဝင်လာစဉ်က ပါလာတဲ့ နမ့်ခမ်းဆေးရုံမှ ဆရာမကြီး) ဟာ လာရောက် စစ်ဆေး ကြည့်ရှုကုသပေးခဲ့ပါတယ်။ အဖျားက တော်တော်နဲ့ မကျတော့ ဦးနှောက်အမှေးပါးရောင် ဖြစ်လာမှာ စိုးရိမ်ရတဲ့အတွက် တဖက်နိုင်ငံကို ပို့ဖို့ ဆုံးဖြတ်ကြပါတယ်။ ရဲဘော်တိုက်အောင်က သူ ဒီကိစ္စဘာမှ ပြောမပေးနိုင်ဘူး။ ကျန်ရဲဘော်တွေကို ကုသသလို ဒီမှာပဲ ရှိတဲ့ နည်းနာနဲ့ ကုပါလို့ ဆရာမကြီး ဒေါ်ဟယ်လင်ကို ပြောလိုက်ပါတယ်။

ရဲဘော်မခင်ဟာ ကျန်းမာရေးကောင်းသူ မဟုတ်ပါဘူး။ ဒီသမီးလေးကို မွေးတုန်းကလည်း ကျန်းမာရေးအတော် ယိုယွင်းနေလို့ ဗိုက်ခွဲပြီး မွေးခဲ့ရတာပါ။ ဒါကြောင့် သူက သူ့အသက်နဲ့ ရင်းပြီး မွေးလာခဲ့ရတဲ့ သမီးလေး ရေတိမ်နစ်မှာ စိုးပြီး ရဲဘော်တိုက်အောင်ကို ငိုယို ရန်တွေ့ပါတော့တယ်။ ကလေးကို သူချစ်သလို မချစ်ဘူးလို့လည်း ဆိုပါတယ်။ ဒီတင် ရဲဘော်တိုက်အောင်ကြီးက "မခင်ရယ် ... မင်းကို ငါ့ရင်သာ ခွဲပြလိုက်ချင်ပါတော့တယ်" လို့ အပြင်းအထန် အဖျားတက်နေတဲ့ သမီးလေးကို ပေါင်ပေါ်မှာ ပွေ့ထားပြီး ငိုသံကြီးနဲ့ ပြောလိုက်တာ မြင်ရတဲ့ ကြားရတဲ့သူတိုင်း ရင်ထဲ ထိထိခိုက်ခိုက် ဖြစ်ရပါတယ်။

ရဲဘော်တိုက်အောင်ကို ဗဟိုကို တက်ပြောဖို့ ဘယ်လိုမှ ပြောမရတဲ့ အဆုံး ဆရာမကြီး ဒေါ်ဟယ်လင် ကိုယ်တိုင် ဒုဥက္ကဋ္ဌသခင်ဖေတင့် (ထိုစဉ်က ဗဟိုထောက်ပံ့ရေးဌာနကြီး တာဝန်ခံ) ကို သွားပြောအစီရင်ခံလို့ ခင်ခင်အေးလေး တရုတ်ပြည်ဆေးရုံကို ပို့နိုင်ပြီး အသက်ကယ်နိုင်ခဲ့ပါတယ်။

အဲသလို အဖြစ်အပျက်မျိုးတွေ အများကြီး ရှိခဲ့ပါတယ်။ ဒါတွေကြောင့် ရဲဘော်တိုက်အောင်ဟာ အောက်ခြေရဲဘော်များအကြား နာမည်ကောင်းရခဲ့ပြီး ရဲဘော်များရဲ့ ကြည်ညိုလေးစားခြင်းကို ခံခဲ့ရတာ ဖြစ်ပါတယ်။

ရဲဘော်တိုက်အောင်ဟာ မိမိကိုယ်မိမိ တောင်းဆိုမှုလည်း အင်မတန် မြင့်ပါတယ်။ အလယ်ပိုင်းဗျူရို မဆင်းခင် ဗဟိုရုံးအိမ်မှာ နေတုန်း သတိလစ် လဲကျဖူးပါတယ်။ ဗဟိုခေါင်းဆောင်တွေအပါအဝင် ရဲဘော်တွေဝိုင်းပြီး ဆေးအရင်သွားစစ်ဖို့ တိုက်တွန်းတာကို လက်မခံဘဲ အလယ်ပိုင်းဒေသ ထိုးဖောက်ရေး အရေးကြီးတဲ့အတွက် အလယ်ပိုင်းဆင်းရေးကလည်း အကုန်ပြင်ဆင်ပြီးပြီဖြစ်လို့ဆိုတဲ့ အကြောင်းပြချက်များနဲ့ အတင်းဆင်းသွားတာပါ။ တကယ်လို့သာ အဲဒီတုန်းက ဆေးစစ်သွားခဲ့ရင် ဦးနှောက်သွေးကြောပိတ်မှု ဖြစ်ချင်မှ ဖြစ်မှာပါ။ ဦးနှောက်တွင်းရှိ ရောဂါကို စောစောစီးစီး ကုသနိုင်ခဲ့မှာပါ။

ရဲဘော်တိုက်အောင်ဟာ အဲသလို မိမိကိုယ်မိမိ တောင်းဆိုမှုမြင့်ပေမယ့် ကျန်ရဲဘော်များအပေါ်မှာတော့ အတော်နားလည်မှုပေးနိုင်သူတဦးပါ။ အင်းလေးဒေသတဝိုက်မှာ သူတာဝန်ယူစဉ်က အဖြစ်အပျက်တချို့ ကျွန်မပြန်ကြားဖူးထားတာတွေ ရှိပါတယ်။ ၁၉၇၀ – ၇၁ ခုနှစ် ကြားမှာပါ။

အဲဒီအင်းလေးဒေသရဲ့ တာဝန်ခံ သခင်တင်ထွန်းရဲ့ဇနီးသည် ဒေါ်တင်မလေးဟာ ခင်ပွန်းသည်နောက်ကို မြို့ပေါ်ကနေ လိုက်လာခဲ့ပါတယ်။ နိုင်ငံရေးသမားလည်း မဟုတ်၊ တော်လှန်ရေးသမားလည်း

မဟုတ်ဘဲ ခင်ပွန်းသည်အပေါ် ထားရှိတဲ့ မေတ္တာနဲ့သစ္စာတရားကြောင့်သာ လိုက်လာတာဖြစ်ပြီး တော်လှန်ရေးသမားတယောက်ရဲ့ ဇွဲနဘဲ ခံနိုင်ရည် စတာတွေ မရှိရှာပါဘူး။ ဒါကို သိရှိတဲ့ ရဲဘော်တိုက်အောင်ဟာ ကျန်ရဲဘော်အပေါင်းရဲ့ ဒေါ်တင်မလေးအပေါ် မိမိတို့နဲ့အတူတူ တောင်းဆိုမှု၊ အဲဒီတောင်းဆိုမှုတွေအပေါ် မလိုက်နာနိုင်လို့ အမြင်မကြည်လင်မှု စတာတွေကို ဒိုင်ခံဖြေရှင်းပေးပြီး ကျန်ရဲဘော်တွေကို အကျိုးအကြောင်း နားလည်သဘောပေါက်လာအောင် ပညာပေးဆွေးနွေးပါတယ်။ ဒေါ်တင်မလေး နေရေးထိုင်ရေး စားသောက်ရေးက အစ သက်တောင့်သက်သာ ဖြစ်အောင်လည်း ကူညီဖြေရှင်း ပေးခဲ့ဖူးကြောင်း ကျွန်မ ကြားခဲ့ဖူးပါတယ်။

ကျွန်မကိုယ်တွေ့ဖြစ်ရပ်ကတော့ တောခိုခဲ့ကြတဲ့ ဖေဖေနဲ့ ကျွန်မတို့မောင်နှမတွေနောက် မေမေလိုက်လာတဲ့အခါ ဘုံရိက္ခာရုံက ထမင်းဟင်း စားရရှာတဲ့ မေမေ့ကို ကျွန်မတို့တတွေ မကြည့်ရက်ပေမယ့် ဘာမှမတတ်နိုင်ဘဲ မျက်စိမှိတ်နေခဲ့ရပါတယ်။ ဒါပေမဲ့ ဖေဖေ အစာအိမ်ပေါက်သွားပြီး ပြန်ကောင်းလာတဲ့နောက် ဖေဖေ့ကျန်းမာရေးအခြေအနေအရ ရိက္ခာထုတ်ပြီး အိမ်မှာ ချက်စားခွင့်ရခဲ့ပါတယ်။ မေမေက အိမ်ရဲ့အပြင်လေးမှာ ရေပုံးအဟောင်းကို ရှုံ့နဲ့ကိုင်ပြီး လုပ်ပေးထားတဲ့ မီးဖိုလေးမှာ အနီးအနားက ရှာရတဲ့ ထင်းချောင်းလေးတွေ သုံးပြီး မီးခိုတလူလူနဲ့ ထမင်းဟင်းချက်ရပါတယ်။

ဒါကို ဗဟိုရုံး အတက်အဆင်းမှာ မြင်တွေ့နေရတဲ့ ရဲဘော်တိုက်အောင်ဟာ မနေသာတော့ဘဲ သူ့အလယ်ပိုင်းဗျူရိုက ရဲဘော်လေးတွေနဲ့ ဝါးတွေခုတ်လာပြီး မေမေတို့ အိပ်ခန်းလေးဘေးမှာ အဖီလေးချပြီး မီးဖိုခန်းလေး ဆောက်ပေးခဲ့ပါတယ်။ မေမေကတော့ ရဲဘော်တိုက်အောင်ကို ကျေးဇူးတင်မဆုံးနဲ့ အမြဲမေတ္တာပို့ပြီး အန္တရာယ်ကင်းစေကြောင်း ဆုတောင်းပေးလေ့ရှိတာကို ကျွန်မမကြာခဏ တွေ့မြင်ခဲ့ရပါတယ်။

၁၉၈၄ ခုနှစ် အစောပိုင်းမှာ ရဲဘော်တိုက်အောင် ဆေးကုသဖို့ တဖက်နိုင်ငံကို ထွက်သွားခဲ့ပါတယ်။ ကိုယ်တခြမ်းသေတာ ကြာသွားပြီဖြစ်လို့ ဒုက္ခိတဘဝကိုတော့ ပြန်ကောင်းအောင် မလုပ်နိုင်တော့ပါဘူး။ ကျွန်မတို့နဲ့လည်း ကွဲသွားလိုက်တာ ၁၉၉၃ ခုနှစ်ကျမှ ပြန်ဆုံခဲ့ကြရပါတယ်။

၁၉၈၉ ခုနှစ် ကျွန်မတို့ နယ်စပ်အရေးအခင်းတွေ ဖြစ်ပြီး နောက် ဗဟိုခေါင်းဆောင်များ (အများစု) အနားယူဖို့ ဆုံးဖြတ်လိုက်တဲ့အတွက် ကျွန်မတို့ မိသားစု တဖက်နိုင်ငံထဲရောက်လာပြီး တရုတ်အစိုးရ နေရာချထားပေးတဲ့ ယူနန်ပြည်နယ် ကူမင်းမြို့ကို ရောက်လာခဲ့ပါတော့တယ်။ အစောပိုင်းမှာကတည်းက တနေရာမှာ အနားယူနေထိုင်နေတဲ့ ရဲဘော်တိုက်အောင်တို့ မိသားစု ၁၉၉၃ ခုနှစ်မှာ ကျွန်မတို့တတွေရှိရာ ကူမင်းကို ပြောင်းရွှေ့ရောက်လာပြီး ကျွန်မတို့နဲအတူတူ ပူးပေါင်းနေထိုင်ခဲ့ကြတာဟာ ၂၀၀၁ ခုနှစ် ဇွန်လ ၁၉ ရက်နေ့ သူ ကွယ်လွန်သွားချိန်အထိပါပဲ။ ကွယ်လွန်ချိန်မှာ သူဟာ ၇၃ နှစ်ရှိပါပြီ။

၁၉၈၃ ခုနှစ်ကစလို့ ဦးနှောက်သွေးကြောပိတ်သွားပြီး ကတည်းက ကိုယ်တခြမ်းသေပြီး စကားမပြောနိုင်တဲ့ ဒုက္ခိတကြီးအဖြစ် ၁၈ နှစ်တိတိ နေထိုင်သွားနိုင်တဲ့ သူရဲ့သတ္တိဇွဲနဲ့ စိတ်ဓာတ်ကို သူနဲ့အတူနေမှ သဘောပေါက်နားလည် မိပါတယ်။ သူ့မိသားစုနဲ့ အထူးသဖြင့် ဇနီးသည်မခင်ရဲ့ အတိုင်းအဆကြီးမားတဲ့မေတ္တာနဲ့ ဂရုတစိုက်ပြုစုမှု အားပေးမှုအပြင် ဆေးပညာတိုးတက်မှုတွေကြောင့်လည်း ပါဝင် ပတ်သက်နေပေမယ့် သူရဲ့ပင်ကိုယ် အကောင်းမြင်စိတ်ဓာတ်နဲ့ ခိုင်မာကြံ့ခိုင်မှုတို့က သူ အသက်ရှည်ရှည် နေနိုင်သွားတာရဲ့ အဓိက အကြောင်းအချက် ဖြစ်နေပါတယ်။

ကျွန်မတို့ အတူနေကြစဉ်မှာ ဗမာပြည်က ထူးခြားတဲ့ သတင်းတွေ၊ ကျွန်မတို့ပါတီရဲ့ ဆက်လက်လှုပ်ရှားမှုတွေ၊ အနိုင်နိုင်ငံကို ရောက်ရှိသွားကြတဲ့ ကျွန်မတို့ ဗမာပြည်သူတွေရဲ့ ဒီမိုကရေစီရရှိရေး လှုပ်ရှားမှုတွေစတဲ့ သူဝမ်းသာအားတက်နိုင်မယ့်သတင်းတွေ၊ အချက်အလက်တွေကို ကျွန်မ သူ့ဆီသွားဖတ်ပြတာတွေ၊ ပြောပြတာတွေ လုပ်ပါတယ်။ သူက စကားပြန်မပြောနိုင်ပေမယ့် ခေါင်းတညိတ်ညိတ်နဲ့ နားထောင်တတ်ပြီး စကားဆုံးသွားတာနဲ့ လက်မကို ထောင်ထောင်ပြတတ်ပါတယ်။ အားပေးတဲ့သဘော၊ ကောင်းတယ်ဆိုတဲ့ သဘောပါ။ စိတ်ဓာတ်တင် အားတင်းထားတာ မဟုတ်ပါဘူး။ ကိုယ်ခန္ဓာအရလည်း အမြဲ လေ့ကျင့်ခန်းလုပ်၊ လမ်းလျှောက်နဲ့ ကျန်းမာရေး ကောင်းနေအောင် နေထိုင်ပါတယ်။

နောက်ပိုင်းမှာ သူ့အဆုပ်မှာ ကင်ဆာရောဂါ ရှိလာကြောင်း စမ်းသပ်တွေ့ရှိလာပါတယ်။ နဂိုကတည်းက ကိုယ်တခြမ်းသေ ဒုက္ခိတမှာ ကင်ဆာရောဂါပါ ဖိစီးလာချိန်မှာ သူအားတင်းထားမထာနိုင်တော့ဘဲ အိပ်ရာထဲ လဲပါတော့တယ်။ ဒါတောင် သူ့ကို ဆေးရုံမှာ ဘယ်တော့သွားမေးမေး လက်မတထောင်ထောင်ပါပဲ။ လူလစ်ရင်တော့ တဖက်လှည့်ပြီး တအင်းအင်းနဲ့ တခါတလေ ညည်းညူသံ ကြားရပါတယ်။ ကင်ဆာဆိုတာ အလွန်နာကျင်တဲ့ရောဂါပဲလေ။ သူဟာ ဘယ်လောက်အခံရခက်ခက် အားတင်းပြီး "နေကောင်းလား" လို့ မေးလို့ကတော့ ခေါင်းညိတ်ပြလိုက်၊ လက်မထောင်ပြလိုက်နဲ့ နောက်ဆုံးအချိန်ထိပါပဲ။

ဆယ်ကျော်သက်အရွယ် ဂျပန်တော်လှန်ရေး ကာလကတည်းက စလို့ ပါတီထဲ ရောက်ရှိလာပြီး သာမန်ဆက်သားရဲဘော်လေး ဘဝကနေ ဗဟိုကော်မတီ ခေါင်းဆောင်ကြီးတဦးအဖြစ် ရောက်ရှိလာသည်အထိ ဘဝတခုလုံး ပါတီနဲ့ တော်လှန်ရေးအပေါ် ပုံအပ်ထားခဲ့ပြီး ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အကျိုးဆောင်ခဲ့တဲ့ ပါတီရဲ့ သံမဏိအရေးတော်ပုံတပ်သားကောင်းကြီး ရဲဘော်တိုက်အောင်ဟာ နောက်ဆုံးထွက်သက်အထိ ကြံ့ခိုင်တောင့်တင်းစွာနဲ့ နောင်မျိုးဆက် အဆက်ဆက် ရဲဘော်တွေကို အလွန်ကောင်းမွန်တဲ့ သာဓက လုပ်ရပ်တွေကို လက်တွေ့ပြသပြီး ပညာပေးခဲ့ပါတယ်။

ရဲဘော်တိုက်အောင်အပါအဝင် ပါတီရဲ့ ပထမမျိုးဆက် ခေါင်းဆောင်တွေ လျှောက်လှမ်းခဲ့တဲ့လမ်းကြောင်းအတိုင်း ကျွန်မတို့ မျိုးဆက်သစ် ရဲဘော်များကလည်း ဆက်လျှောက်ကြဖို့ သန္ဒိဋ္ဌာန်ချထားကြပါတယ်။

ရဲဘော်တိုက်အောင်ရဲ့ စိတ်ဓာတ် ထာဝစဉ် အဓွန့်ရှည်ပါစေ။

ရဲဘော်ရှုယဉ်
၁၅-၈-၂၀၁၁။

# အလံမလှဲစတမ်းကြီးသို့ ဂါရဝ

(လူထုဦးစိန်ဝင်းသို့ အမှတ်တရ)

ဝင်းတင့်ထွန်း

(၁)

ကျွန်တော်တို့တွေ နိုင်ငံရေးကို စိတ်ဝင်စားစ အချိန်က၊ နိုင်ငံရေးသဘော တရားတွေ နိုင်ငံရေးအဘိဓမ္မာ ဆိုတာတွေနဲ့ ထဲထဲဝင်ဝင် ကြုံဆုံ လေ့လာခွင့် မရသေးခင်ကတည်းက ပထမဆုံး ရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံခွင့်ရခဲ့တာ ကတော့ ''တော်လှန်တဲ့ သူရဲကောင်းဝါဒ''လို့ပဲ ထင်ပါတယ်။ ကျွန်တော်က ကျွန်တော့်လက်တွေ့အရ ပြောတာဖြစ်ပါတယ်။ တခြားသူတွေနဲ့တော့ တူချင်မှ တူပါလိမ့်မယ်။ သမိုင်းတိုင်း သမိုင်းတိုင်းမှာ သမိုင်းကိုယ်စားပြု နိုင်ငံကိုယ်စားပြု သူရဲကောင်းတွေ ပေါက်ဖွားပေါ်ထွန်းလာလေ့ရှိသလို တော်လှန်တဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေ အလိုက် အလေးအနက်ထားကြ စံပြကြတဲ့ သူရဲကောင်းတွေ အာဇာနည်တွေ မလွဲမသွေ ရှိလေ့ ရှိပါတယ်။ တချို့သူရဲကောင်း တွေဟာ သက်ဆိုင်ရာ နိုင်ငံနယ်နိမိတ်အတွင်းမှာပဲ လူသိများကြ ထင်ရှားကြပြီး တချို့သူရဲကောင်း တွေကတော့ နိုင်ငံနယ်နိမိတ်မျဉ်းတွေကိုတောင် ကျော်လွှန်သွားကြရင်း နိုင်ငံတကာအထိ သိကြတဲ့ သို့မဟုတ် အသိအမှတ်ပြုကြတဲ့ နိုင်ငံတကာ့ သူရဲကောင်းတွေအဖြစ်အထိ ထင်ရှားကြ လူသိများကြသူမျိုးတွေလည်း ရှိပါတယ်။ တော်လှန်တဲ့ နိုင်ငံရေး အဖွဲ့အစည်းတိုင်းမှာ တော်လှန်တဲ့ သူရဲကောင်းတွေ ရှိနေကြပြီး၊ တော်လှန်တဲ့ သူရဲကောင်းတွေ မရှိတဲ့ အဖွဲ့အစည်းကတော့ ဘယ်တော့မှ ဂုဏ်ပြောင်တဲ့ တော်လှန်ရေး အဖွဲ့အစည်းအဖြစ် ရှင်သန်ဖြစ်တည်လာမှာ မဟုတ်ပါ။ ဒီလိုပြောတဲ့အတွက် တဦးကောင်းတယောက် ကောင်း'လူစွမ်းကောင်းဝါဒ'ကိုပဲ အဓိကထားနေရင်း'သူရဲကောင်း ဗဟိုပြုဝါဒ'ကိုပဲ တွန်းတင်လှုံ့ဆော်နေခြင်း မဟုတ်ပါ။ သေချာတာကတော့ တော်လှန်တဲ့ နိုင်ငံရေးအဖွဲ့အစည်းတိုင်းမှာ တော်လှန်တဲ့သူရဲ ကောင်းတွေ ပေါက်ဖွားနေဖို့ လိုသလို တော်လှန်တဲ့ သူရဲကောင်းဝါဒဟာလည်း တော်လှန်တဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေ အတွင်းမှာ ရှင်သန်နေ နိုးထနေဖို့ လိုပါတယ်။ မရှိမဖြစ်လိုပါတယ်။ တော်လှန်တဲ့ သူရဲကောင်းဝါဒဟာ တော်လှန်ရေးစိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ရုံမက တော်လှန်ရေးတရပ်ရဲ့ လက်တွေ့အောင်ပွဲခံနိုင်ရေးအတွက်ပါ အရေးပါတဲ့ စွမ်းအားတရပ် ဖြစ်စေပါတယ်။ ကျွန်တော်တို့ တွေဟာ တော်လှန်တဲ့ သူရဲကောင်းတွေကို စံပြကြ လေးစားကြ အားကျကြ အတုယူကြရာကနေ တနည်းအားဖြင့် တော်လှန်တဲ့ သူရဲကောင်းဝါဒနဲ့ ထိတွေ့ရင်းနှီးခွင့်ရကြရာကနေ တစထက်တစ အတွေးအခေါ်အရ၊ သဘောတရားအရ၊ လက်တွေ့အရတွေပါ ပေါင်းစပ်ဖြည့်တင်း နိုင်ခဲ့ကြတဲ့ ရေချိန်အတိုင်းအတာ ဒီဂရီတွေအလျောက် တိုင်းချစ် ပြည်ချစ် နိုင်ငံချစ်သူတွေ၊ တော်လှန်ရေးသမား၊ နိုင်ငံရေးသမားတွေအဖြစ် တဆင့်ပြီးတဆင့် ဖြစ်ပေါ်လာကြရတာလို့တောင် ဆိုချင်ပါတယ်။ တော်လှန်တဲ့ သူရဲကောင်းဝါဒကို အမှန်းတင်တာဟာ မှားယွင်းတဲ့ အတွေးအခေါ် မဟုတ်ပါဘူး။ သူရဲကောင်းဆိုတာ ဘယ်နိုင်ငံမှာပဲ ကြည့်ကြည့် သေချာတာကတော့ ရဲစွမ်းသတ္တိ ရှိတယ်။ သတ္တိဂျတ္တိ ရှိတယ်။ အများအကျိုးအတွက် ကိုယ်ကျိုးစီးပွားမှန်သမျှကို စွန့်လွှတ်ပြခဲ့သူတွေ အနစ်နာခံ ပေးဆပ်သွားကြသူတွေ ဖြစ်တယ်။ အဲဒီလို သူရဲကောင်းတွေရဲ့ စိတ်ဓာတ်တွေ၊ စွန့်လွှတ်အနစ်နာခံ သွားမှုတွေ၊ ရဲရဲဝံ့ဝံ့လုပ်ဆောင်သွားမှုတွေကို အမှန်းတင်ဂုဏ်ပြု စံပြုဖော်ညွှန်းကြတယ်ဆိုတာဟာ ကောင်းမွန်တဲ့ ပြုသင့်ပြုထိုက်တဲ့ ကိစ္စတရပ်ပဲ မဟုတ်လား။ တော်လှန်တဲ့ သူရဲကောင်းဝါဒကို အမှန်းတင် ဖော်ကျူးကြရာမှာ တချို့က တကယ့်အဖြစ်အပျက်တွေ၊ အမှန်တကယ်ရှိတဲ့ သူရဲကောင်းတွေရဲ့ အကြောင်းထုပ္ပတ် ဖြစ်ရပ် စွမ်းဆောင်ခဲ့ချက် အစစ်အမှန်တွေအပေါ်မှာပဲ အခြေပြုပြီး ဖော်ထုတ်ခြယ်မှုန်း ပြခဲ့ကြတာ တွေ ရှိသလို တချို့ကျတော့လည်း လူပုဂ္ဂိုလ်အားဖြင့် အမှန်တကယ်ရှိခဲ့တာ မဟုတ်ဘဲ တော်လှန်တဲ့စိတ်ကူးယဉ် ဝါဒနဲ့ တော်လှန်တဲ့ စာပေအနုပညာကို ဟန်ချက်ညီညီ ပေါင်းစပ်ဖန်တီး ခြယ်မှုန်းပြသခဲ့ကြရာကနေ ပေါ်ထွက်လာခဲ့တဲ့ တော်လှန်တဲ့သူရဲကောင်းတွေလည်း ရှိခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီတော်လှန်တဲ့ သူရဲကောင်းတွေ မှန်သမျှဟာ တော်လှန်တဲ့ လမ်းကြောင်းကြီးပေါ်က တော်လှန်ရေးရဲ့ ဘက်

တော်သားတွေအတွက်တော့ အင်မတန်မှ အတုယူဖွယ် လေးစားဖွယ် စံပြုဖွယ်တွေ ဖြစ်လာရပြီး တက်ကြွတဲ့ တော်လှန် ရေးစိတ်ဓာတ်နဲ့ ခိုင်မာတဲ့ နိုင်ငံရေးရပ်တည်ချက်တွေဆီအထိ တွန်းတင်အားဖြည့်ပေးနိုင်စွမ်း ရှိခဲ့ကြပါတယ်။ ကျွန်တော့်အဖို့က တော့ အဲဒီလို တော်လှန်တဲ့ သူရဲကောင်းဝါဒရဲ့ လေးစားအပ်ဖွယ်ရာတွေကို စာပေအနုပညာနယ်ပယ်ကနေပြီးပဲ အများဆုံး စတင် ရင်းနှီးခွင့်ရခဲ့ရာမှာ ဆရာ"လူထုစိန်ဝင်း"ရဲ့ 'အလံမလှဲစတမ်း'ဟာ လည်း တခု အပါအဝင်ပါပဲ။ အဲဒီတုန်းကတော့ 'ဝင်းဇော်'ရဲ့ 'အလံမလှဲစတမ်း' အဖြစ် ဖတ်ခဲ့ရတာပါ။ ဝင်းဇော်ဟာ ဆရာလူထုစိန်ဝင်းမှန်းတောင် မသိသေးချိန်ကတည်းက ဖတ်ခဲ့ရဖူးတာပါ။ တကယ်က 'အလံမလှဲစတမ်း' ဟာ တရုတ်တော်လှန်ရေးဝတ္ထုတပုဒ်ဖြစ်ပေမယ့် ဆရာစိန်ဝင်းရဲ့ ဘာသာပြန် ကောင်းမွန်မှုကြောင့် ဗမာဝတ္ထုတပုဒ်ကို ဖတ်နေရသလိုကို ရင်ထဲမှာ ရှောရှောရှူရှူ စီးဝင်ခဲ့ပါတယ်။ အဲဒီထဲက 'ချောအိမာန်'ဆိုတဲ့ တော်လှန်ရေးသမ၊ သူရဲကောင်းမလေးရဲ့ရုပ်ပုံဟာ ရုန်းကြွရွန်းသစ်နေပြီး တော်လှန်တဲ့သူရဲကောင်း ဝါဒရဲ့ လှပတဲ့'စံရုပ်လွှာ'တရပ်အဖြစ် အလျှံညီးညီး တောက်နေခဲ့ပါတယ်။ ရန်သူကို ဘယ်တော့မှ ဒူးထောက်အညံ့မခံ၊ လက်နက်မချဘူးဟေ့ဆိုတဲ့ ခိုင်ကျည်တဲ့ ပိုင်းဖြတ်မှုနဲ့ 'အသက်သာ အသေခံမယ်၊ အလံမလှဲစတမ်း' ဆိုတဲ့ 'ချောအိမာန်စိတ်ဓာတ်'ဟာ အပြတ်သားဆုံး တံခွန်ထူရင်း တလူလူနဲ့ ဖော်ပြနေခဲ့တယ်။ ဆရာဝင်းဇော်ရဲ့ 'အလံမလှဲစတမ်း'ပထမဆုံးထွက်လာခဲ့တဲ့ ကာလဟာ ၁၉၆၅ ခုနှစ်ကာလပါ။ အဲဒီကာလဟာ ဗမာပြည်မှာ ဗိုလ်နေဝင်းစစ်အစိုးရရဲ့ ဖောက်ပြန်တဲ့အုပ်စိုးမှုအောက်မှာ ပြည်သူလူထုတရပ်လုံး အမှောင်ဖုံး အဖိနှိပ်ခံနေကြရတဲ့ အချိန်ကြီးပါ။ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်နိုင်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားနေကြတဲ့ တော်လှန်တဲ့ လူငယ်လူရွယ်တွေကြားမှာ 'အလံမလှဲစတမ်း'ဟာ အားမာန်အပြည့် ပေးနိုင်ခဲ့ပါတယ်။ အလံမလှဲစတမ်းဆိုတဲ့ ခေါင်းစည်းအမည်ကကို အားမာန်အပြည့် နှိုးဆွ ဖြည့်နေရုံမက 'ချောအိမာန်'ဆိုတဲ့ တော်လှန်တဲ့သူရဲကောင်းမလေးရဲ့ နာမအမည်ကလည်း တော်လှန်ရေးစိတ်ဓာတ်အခံ ရှိကြတဲ့ တော်လှန်တဲ့ ပြည်သူလူထုတွေရဲ့ နှလုံးသားထဲအထိ ရောက်ရှိစူးဝင်နေခဲ့ပါတယ်။

၁၉၇၃ ခုနှစ် နှောင်းပိုင်းမှာတော့ 'အလံမလှဲစတမ်း'ရဲ့ ဘာသာပြန် လက်ရာရှင် 'ဝင်းဇော်'ဆိုတာ ဆရာလူထုစိန်ဝင်းပဲဆိုတာ သိလာရရုံမက ဆရာလူထုစိန်ဝင်းရဲ့ နိုင်ငံရေးနောက်ခံကားချပ်တွေကိုပါ အကြောင်းအားလျော်စွာ ကျွန်တော် သိခွင့်ကြုံလာခဲ့ရပါတယ်။ ဆရာလူထုစိန်ဝင်းနဲ့အတူ ကိုကိုးကျွန်းကို အပို့ခံခဲ့ရသူတွေ ဖြစ်ရုံမက အမှုတွဲတခုတည်း တူတွေပါဖြစ်ခဲ့တဲ့ 'ကိုနီဟိန်း'ကြီးတို့တွေနဲ့ပါ ကျွန်တော် ရင်းနှီးပေါင်း သင်းခွင့် ရလာပြီးတဲ့နောက်ပိုင်းမှာတော့ ဆရာလူထုစိန်ဝင်းကြီးရဲ့အကြောင်းတွေကို တစထက်တစ ပိုမိုသိရှိခွင့်ရလာခဲ့ပါတယ်။ ကိုကိုးကျွန်းကို အပို့ ခံရပြီးတဲ့နောက် ဆရာလူထုစိန်ဝင်းတယောက် သတိလစ် မေ့မျောသွားရတဲ့အထိ ကျန်းမာရေးအကြီးအကျယ် ချို့တဲ့လာခဲ့ရပြီး "ရဲဘော်စိန်ဝင်းကို ပြည်မပြန်ပို့ပြီး ဆေးကုပေးပါ၊ မပေးရင် အစာငတ်ခံ ဆန္ဒပြရလိမ့်မယ်"ဆိုပြီး ကျန်ရဲဘော်ရဲဘက်တွေက ရာဇသံပေး ပြင်ဆင်လာမှုကြောင့်သာ သက်ဆိုင်ရာက လူထုစိန်ဝင်းကို ပြည်မထောင်ကို ပြန်ပို့ခဲ့ရပေမယ့် ကိုကိုးကျွန်းဖျက်သိမ်းပေးရေး ၅၃ ရက်ကြာ အစာငတ်ခံတိုက်ပွဲ အောင်ပွဲရဲ့ ရလဒ်အဖြစ် ကျွန်းကို ဖျက်သိမ်းပေးခဲ့ရပြီး တခြားရဲဘော်တွေ အများစုကြီး ထောင်ကနေ လွှတ်ပေးပြီးနောက်မှပဲ ဆရာလူထုစိန်ဝင်းတယောက် ထောင်ကနေ ထွက်ခဲ့ရတဲ့ အကြောင်းတွေကိုလည်း မှတ်မှတ်ထင်ထင် ကြားနာခဲ့ရဖူးပါတယ်။ အဲဒီကာလတွေအတွင်းမှာ ဆရာစိန်ဝင်းရဲ့ 'အလံမလှဲစတမ်း'ထဲက 'ချောအိမာန်'ကတော့ စစ်မှန်တဲ့တော်လှန်ရေးအင်အားစုတွေ အကြားမှာ အထူးသဖြင့် တော်လှန်တဲ့ လူငယ်လူရွယ်တွေအကြားမှာ တော်တော်ကို ကျယ်ကျယ်ပြန့်ပြန့် လှည့်လည်သွားလာနေနိုင်ရင်း၊ လူသိများနေ ထင်ရှားနေရုံမက လူတော်တော်များများရဲ့ ချစ်ခင်မြတ်နိုး သဘောကျတာကိုတောင် ခံယူရရှိနေပြီဖြစ်ပါတယ်။ အဲဒီအနီးခေတ်ကာလတွေတဝိုက်က တရုတ်ပြည်သူ့သူရဲကောင်းတွေထဲက 'တုန်ချွန်လွှေ့'တို့၊ 'ဟွမ်ကျီကွမ်း'တို့ အပြင်၊ 'လျူဟူလန်း'တို့ 'ဆံဖြူမယ်' တို့သာမက ဆိုဗီယက်က 'ဇိုယာ''ရှိရာ'တို့ရောဗီယက်နမ်က 'ချေသော်မကြေ'ထဲက 'နွတ်'တို့၊ အဲဒီနောက်တော့ 'ငုယင်ဗန်ထရွှိုင်း'တို့လိုအထိ၊ နိုင်ငံတကာ့ သူရဲကောင်း အသီးသီးတွေရဲ့ နာမည်တွေကတော့ (တကယ့်သက်ရှိသူရဲကောင်းတွေရော စံစိတ်ကူးဇာတ်ကောင်သူရဲကောင်းတွေရဲ့ အမည်တွေပါ) ဗမာပြည်က တော်လှန်ရေးမျိုးဆက် လူငယ်တွေအကြား တော်တော်ရင်းနှီးကျွမ်း ဝင်နေကြပြီးဖြစ်ပေမယ့် အဲဒီသူရဲကောင်းအသီးသီးတွေကြားထဲမှာ 'ချောအိမာန်'ကတော့ လူသိအများဆုံး အထင်ရှားဆုံးလို ဖြစ် နေခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်ဝန်းကျင်လောက်က ဖယောင်းစက္ကူပေါ် ကညစ်တံရေး ကျောက်ပုံနှိပ် တလိမ့်တုံးရိုက်လက်ရေးကဗျာ စာအုပ်လေးတွေ (စစ်အစိုးရ ဆန့်ကျင်ရေး တော်လှန်ကဗျာစာအုပ်လေးတွေ) ထောင်နဲ့ ရင်းပြီး အလျှိုလျှိ အပြိုင်းအရိုင်း ထွက်ပေါ်လာရာမှာ 'ရိုးမရိပ်ခြေ'ဆိုတဲ့ ကဗျာစာအုပ်လေးထဲမှာ ကဗျာရှင်တယောက်က သူ့ကိုယ်သူ 'ချောအိမာန်'လို့ ကလောင်နာမည် ခံယူခဲ့တဲ့အထိ ချောအိမာန်ကို စွဲလမ်းမြတ်နိုးခဲ့သလို ကိုယ့်ရဲ့ရင်သွေးသမီးလေးကို 'ချောအိမာန်'လို့ အမည်မှည့်ခဲ့တဲ့အထိ မြတ် မြတ်နိုးနိုး တန်ဖိုးထားခဲ့သူတွေတောင် အထင်အရှား ပေါ်ပေါက်ခဲ့တာ တွေ့ရပါတယ်။ ကျွန်တော်ရဲ့ဘဝတက္ကသိုလ်တက်ဘက် ရဲဘော်တဦးကဆိုရင် သူ့သမီးလေးကို 'ချောအိမာန်'လို့ အမည်ပေးခဲ့ပြီး အဲဒီချောအိမာန်လေးဟာ ယခုအခါ 'ချောအိမာန်(မန္တလေး)ဆိုတဲ့ ကလောင်ရှင် စာရေးဆရာမလေးတယောက်တောင် ဖြစ်နေခဲ့ပါပြီ။ ဆိုလိုတာက ဆရာလူထုစိန်ဝင်းရဲ့ 'အလံမလှဲစတမ်း'နဲ့ အလံမလှဲစတမ်းထဲက 'ချောအိမာန်'ဟာ တော်လှန်တဲ့ ပြည်သူလူထုတွေအကြား လှည့်လည်သွားလာနေရုံမက တော်လှန်ရေးစိတ်ဓာတ်အခံရှိသူတွေရဲ့ နှလုံးသားဝိညာဉ်တွေထဲအထိတိုင် ဩဇာစူးဝင် ချစ်ခင်စွဲလန်းတာကို ခံယူရရှိနေခဲ့ပါတယ်။ တနည်းအားဖြင့် ပြောရရင် ဆရာလူထုစိန်ဝင်းရဲ့ 'အလံမလှဲစတမ်း'ဟာ တော်တော်ကို အောင်မြင်တင့်တယ်ခဲ့ပါတယ်။ 'လူထုစိန်ဝင်း'လို့ ပြောလိုက်ရင် 'အလံမလှဲစတမ်း'နဲ့ တွဲပြီးမြင်ရတဲ့အထိ လူသိများခဲ့ပါတယ်။ အဲဒီခေတ်က ကျွန်တော်တို့ ဗမာပြည် စာနယ်ဇင်းနယ်ပယ်မှာ 'ဦးစိန်ဝင်း'တွေကလည်း တော်တော်များပါတယ်။ 'ဂါးဒီယန်းစိန်ဝင်း''မြန်မာ့အလင်း စိန်ဝင်း' 'လူထု စိန်ဝင်း''မသုံးလုံးစိန်ဝင်း'စသဖြင့် စသဖြင့် ရှိရာမှာ 'ဘယ်စိန်ဝင်း' လဲလို့ မေးလိုက်လို့ 'အလံမလှဲစတမ်းကြီး'လို့များ ပြောလိုက်ရင် 'လူထုစိန်ဝင်း' ကိုပြောမှန်း၊ စာပေလောကသားတွေမှန်သမျှ ကောင်းကောင်းသိကြတဲ့အထိ အမှတ်အသား ပြုခံခဲ့ရပါတယ်။ တချို့ကဆိုရင် 'လူထုစိန်ဝင်း'အစား 'အလံမလှဲစတမ်း ကိုစိန်ဝင်း'လို့တောင် ခေါ်ဝေါ် အမှတ်အသားပြုကြတာ နားနဲ့ဆတ်ဆတ် ကြားနာရဖူးပါတယ်။ ကိုကိုးကျွန်းပြန်တွေထဲမှာ ကို 'ကိုစိန်ဝင်း'က နှစ်ယောက်ဖြစ်နေတဲ့အတွက် ခါးကြီးကို ခါးပတ်ကြီးကြီး ပတ်ထားရတဲ့ သုံးခွဇာတိ ကိုစိန်ဝင်းကို 'ခါးကြီးစိန်ဝင်း' 'သုံးခွ စိန်ဝင်း' 'ရန်ကြီးအောင်စိန်ဝင်း'လို့အမှတ်သညာပြုကြပြီး၊ ဒီအထက်ဗမာပြည်အညာသား ကိုစိန်ဝင်းကိုတော့ မူလကလောင်နာမည်ကိုက 'လူထုစိန်ဝင်း' လည်းဖြစ်တာကြောင့် 'လူထုကိုစိန်ဝင်း''အလံမလှဲစတမ်း ကိုစိန်ဝင်း'အဖြစ် အမှတ်သညာပြု ခွဲခြားခေါ်ဝေါ်ခဲ့ကြတာ ကျွန်တော် မကြာခဏ ကြားသိနေခဲ့ရပါတယ်။

(၂)

နိုင်ငံရေးလောက၊ စာပေလောကမှာ အဲဒီလို လူသိများခဲ့ ထင်ရှားခဲ့တဲ့ 'အလံမလှဲစတမ်းကြီး'ကို ကျွန်တော် လူကိုယ်တိုင် စတင်တွေ့ဆုံခွင့်ရခဲ့တာကတော့ ၁၉၈၀ ပြည့်နှစ်မှာပါပဲ။ နေ့ရက်အတိအကျကို မမှတ်မိတော့ပေမယ့် ဩဂုတ်လ သို့မဟုတ် ဩဂုတ်လနဲ့ အနီးဆုံး စက်တင်ဘာတလလအတွင်းမှာ ဆိုတာကတော့ သေချာပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီ ၁၉၈၀ ပြည့်နှစ်ထဲမှာ ကျွန်တော်ရဲ့ ပထမဆုံးသော လုံးချင်းကဗျာရှည် စာအုပ် 'နိုးနေသော လင်္ကာသည်'ကို စက်တင်ပုံနှိပ်ခဲ့ပြီး၊ မေ၊ ဇွန်၊ ဇူလိုင် ၃ လလုံးလုံး 'ရှုမဝ'မဂ္ဂဇင်းမှာ ကြော်ငြာခဲ့ရင်း စာအုပ်အတွက် နယ်အမှာစာ

တွေကို ခေါ်ယူခဲ့ပါတယ်။ ပြီးတော့ ဩဂုတ်လ ၁၅ ရက်နေ့မှာပဲ ရန်ကုန်မြို့ ပေါ်မှာရော အမှာစာလာထားကြတဲ့ နယ်တွေကိုပါ တနေ့တည်းတပြိုင် တည်း ဖြစ်အောင် မှတ်မှတ်ရရ အချိန်ကိုက် ဖြန့်ချိခဲ့ပါတယ်။ ရိုက်နှိပ်တာက 'ရွှေဥဒေါင်း'ပုံနှိပ်တိုက်၊ ထုတ်ဝေသူက 'ငြိမ်းစာစဉ်'၊ ဖြန့်ချိတာက ၁၉၈၀ ဩဂုတ်လ ၁၅ ရက် ဆိုပြီး သေသေချာချာ ရွေးချယ်ရိုက်နှိပ်ဖြန့်ချိခဲ့ တာဖြစ်တာကြောင့် မှတ်မိနေတာပါ။ အဲဒီတော့ အဲဒီလို ကျွန်တော်ရဲ့ ပထမဆုံး ကဗျာရှည်စာအုပ်ကို ဖြန့်ပြီးခါစ သိပ်မကြာမီတရက်မှာ ကျွန်တော့်ကို ရခိုင်ကိုကျော်လှိုင်ကြီးက လာခေါ်တာပါပဲ။ ကျွန်တော်ကလည်း သူ့ကို ခင်မင်ရုံမက သူမိတ်ဆက်ပေးလေ့ရှိတဲ့သူတွေကလည်း နိုင်ငံရေး သို့ မဟုတ် လူမှုရေးအရ အဆင့်ရေချိန်ရှိသူတွေချည်း ဖြစ်တာကြောင့် ဘယ်သူလဲ ဘယ်ဝါလဲဆိုတာတောင် ပြန်လှန်မေးခွန်းမထုတ်တော့ဘဲ ကောက်ခါငင်ခါ ယုံယုံကြည်ကြည်နဲ့ ထလိုက်လာခဲ့ပါတယ်။ မြို့ထဲစာအုပ်တန်းထဲကနေ ထွက် လာကြပြီး လမ်းတဝက်လောက် အရောက်မှာတော့ "မင်းမှာ မင့်ကဗျာစာအုပ် လေး ပါတယ်မဟုတ်လား"လို့လည်း မေးခွန်းထုတ်လာပြန်ပါတယ်။ ကျွန်တော်က အဲဒီကာလက ကျွန်တော်ရဲ့ ကဗျာစာအုပ်လေးကလည်း ဖြန့်ချိထားတာ သိပ်မကြာလှသေးတဲ့အချိန် ဖြစ်တာကြောင့် ဘယ်နေရာကို သွားသွား ကျွန်တော့်ရဲ့ လွယ်အိတ်လေးထဲမှာ အဲဒီကဗျာစာအုပ်လေး အနည်း ဆုံး လေးငါးအုပ်တော့ ပါပါတယ်။ ရည်ရွယ်ချက်က လူပုဂ္ဂိုလ်အရ ရင်းနှီး လို့ဖြစ်စေ၊ စာကဗျာ မြတ်နိုးတတ်ပြီး ကူညီရောင်းချ ဖြန့်ချိပေးချင်လို့ပဲဖြစ်စေ အဲဒီလို လူမျိုးနဲ့တွေ့ရင် ဆုံရင် သူတို့တွေက ကိုယ့်စာအုပ်လေးကို ကူညီ ရောင်းချပေးမယ်ဆိုရင် အသင့် အလွယ်တကူ ထုတ်ပေးနိုင်ဖို့ ဖြစ်သလို၊ ကိုယ့် စာပေ အနုပညာလောကသားအချင်းချင်း မပေးမဖြစ် ပေးသင့်ပေးထိုက်သူမျိုး နဲ့တွေ့ရင်လည်း အလွယ်တကူ လက်ဆောင်ပေးနိုင်ဖို့အတွက် ဖြစ်ပါတယ်။ အဲဒီတုန်းကဆိုရင် ကျွန်တော့်အပေါ် ကျွန်တော့်ကဗျာစာအုပ်လေးအပေါ် စာ နာနားလည်စိတ်အပြည့်နဲ့ ကူညီရောင်းချပေးသူတွေလည်း တော်တော်များ များ ရှိခဲ့ပါတယ်။ အဲဒီတုန်းက ပညာရေးတက္ကသိုလ်စာကြည့်တိုက်မှာလား (ဘယ်မှာလဲ ကောင်းကောင်းမမှတ်မိ) စာကြည့်တိုက်မှူးလုပ်နေတဲ့ (အခု အောင်မြင်တဲ့ အယ်ဒီတာကြီးတယောက်၊ ဘာသာပြန် ဆရာကြီး တယောက် ဖြစ်နေတဲ့) 'ကိုဟိန်းလတ်'ကြီးကဆိုရင် ကျွန်တော့်ကဗျာစာအုပ်လေးတွေကို အုပ်ရေ ၂၀ လောက် ယူပြီး ကူညီရောင်းချ ဖြန့်ချိပေးခဲ့သလို တောင်တွင်း ဦးကိုကိုကြီးရဲ့သား ကိုထွန်းထွန်းတို့ လမ်းဘေးစာအုပ်တန်းက 'ကျော်ထူး လေး'တို့ကလည်း ကူညီရောင်းချပေးခဲ့ကြပြီး နယ်ဘက်ကဆိုရင် မကွေးက မကွေးဝင်းမြင့် (နောက်ပိုင်းမှာ 'အုန်းမှုတ်ခွက်နင်း'တို့ 'အသက်ဥာဏ်စောင့်' တို့ ဆိုတဲ့ စာအုပ်တွေကို ရေးသားပြီး နာမည်ရ မြန်မာဆေးဆရာကြီးအဖြစ် ထင်ရှားလာသူ) လို ပုဂ္ဂိုလ်မျိုးကပါ ကျွန်တော့်အပေါ် စေတနာထားပြီး ရောင်း ချပေးခဲ့တာတွေ ရှိခဲ့ပါတယ်။ ပိုက်ဆံလည်း တပြားမှ မရဘဲ သူရောက်စေချင်တဲ့ နေရာတွေကို ရောက်အောင် အလကားယူပြီး ကူညီဖြန့်ချိပေးနေသူလို့ ပြောရမှာကတော့ အခု 'ရခိုင်ကိုကျော်လှိုင်'ကြီးတို့လို ဟာတွေပါပဲ။ ကျွန်တော် က သူ့အမေးကို 'ဟုတ်ကဲ့–စာအုပ်ပါပါတယ်'ဆိုတဲ့သဘော ခေါင်းညိတ်ပြ လိုက်တော့ "မင့်ကို အလံမလှဲစတမ်းကြီး ဆီခေါ်သွားပြီး မိတ်ဆက်ပေးမလို့ကွ။ မင်းကဗျာစာအုပ်လည်း မင်းကိုယ်တိုင် သူ့ကို လက်ဆောင် ပေးစေချင်လို့ပဲ ကွ"ဆိုပြီး ပြုံးပြုံးကြီး ပြောပါလေတော့တယ်။ အမှန်အတိုင်း ပြောရရင် ကျွန်တော်လည်း အတော်ကလေး ဝမ်းသာသွားမိတယ်။ 'လူထုစိန်ဝင်း'ဆိုတဲ့ အလံမလှဲစတမ်းရှင်ကြီးကို မကြခဏဆိုသလိုသာ ဟိုမှာဒီမှာ ကြားဖူးနေခဲ့ ရပေမယ့် တခါမှ လူချင်းမဆုံဖူးသေးတာကြောင့်ပါပဲ။ လူချင်းမဆုံနိုင်ကြတာက လည်း ဆရာလူထုစိန်ဝင်းဟာ ကိုကိုးကျွန်းကနေ အင်းစိန်ထောင်ပြန်ရောက်၊ ထောင်ကနေ လွတ်လာပြီး သိပ်မကြာခင်မှာ ထပ်အဖမ်းခံရရင်း ထောင်ထဲပြန် ဝင်ရနဲ့ အပြင်မှာနေရတယ်ဆိုတာ တော်တော်ကို နည်းပါးလွန်းနေတာဟာ လည်း အကြောင်းတခုပါပဲ။ အခုတောင် ထောင်ကနေ ပြန်လွတ်လာတာ သိပ် မကြာသေးဘူးလို့ ဆိုပဲ။ လမ်းမှာ ကိုကျော်လှိုင်ကြီးက "ကိုစိန်ဝင်းမိန်းမ 'မနု'ကတော့ တို့တွေ သူ့ယောကျ်ားဆီ လာလာနေတာ ကြိုက်မှ ကြိုက်ရဲ့ လားတော့ မပြောတတ်ဘူးကွ" လို့ ခပ်ပြုံးပြုံးနဲ့ ဆိုလာပြန်တော့ "ဟာ– ဒါဖြင့် ခင်ဗျားက ကျွန် တော့်ကိုပါ ဘာလို့ အခုလို ခေါ်လာရတာတုန်း"လို့ ကမန်းကတန်းနဲ့ ပြန်မေးလိုက်မိလေတယ်။ ကိုကျော်လှိုင်ကြီးက "မင်းကွာ– ဒါတွေ ဂရုစိုက်မနေနဲ့၊ ကိုစိန်ဝင်းက အခုမှ နောက်တချီ ပြန်ထွက်လာခဲ့ရတာ သိပ်မကြာသေးတော့ ပြီးတော့ အခုက လေဖြတ်လည်း ခံထားရတာဆိုတော့ 'မနု'က သူယောကျ်ား နောက်ထပ်နောက် တခေါက် ပြန်ဝင်ရမှာမျိုးတွေ စိုးရိမ် လို့ နေမှာပေါ့ကွာ"လို့ ပြော ရင်း ရယ်ပါတယ်။ အဲဒီလို စကားတပြောပြောနဲ့ လာခဲ့ကြရာက လမ်းတခုပေါ်က အဆောက်အဦးတလုံးရဲ့ အပေါ်ထပ်တခုဆီကို လှေကားကနေ တက်လာခဲ့ရပါတယ်။ အဲဒီအပေါ်ထပ်က အခန်းတခုထဲမှာ ခြေ ထောက်တဖက်က ထော့နဲ့ထော့နဲ့ လက်တဖက်က အထောက်အကူပစ္စည်း တခုကို ထိန်းကိုင်ကာ လမ်းလျှောက်ကျင့်သလို လုပ်နေတဲ့ လူတယောက်ကို တွေ့ရပါတော့တယ်။ "လာ လာ ကိုကျော်လှိုင်ကြီး အဲဒီမှာ ကြိုက်တဲ့နေရာသာ ဝင်ထိုင်ဗျာ"လို့ နှုတ်ဆက်လိုက်သံကြောင့် ဒီအသံရှင်ဟာ ဆရာလူထုစိန်ဝင်း ပဲဖြစ်လိမ့်မယ်ဆိုတာ တွက်ဆမိလိုက်ပါတယ်။ လူက ပိန်ပိန်ပါးပါး၊ ကိုယ်တခြမ်း သေ လေဖြတ်ဝေဒနာကိုလည်း ရရှိခံစားနေရတာကြောင့် ပုံပန်းသဏ္ဌာန်က အသက်အရွယ်ထက် အိုစာသယောင်ထင်ရပေမယ့် အသံကတော့ ပီပီသသ ပါပဲ။ ထော့နဲ့ထော့နဲ့ နဲ့ ခပ်ဆာဆာ ခြေလှမ်းလှမ်းရင်း အိမ်ခန်းအတွင်းမှာပဲ လမ်းလျှောက်လေ့ကျင့်ခန်း ဆင်းနေရာကနေ ကျွန်တော်တို့ အနီးက ကုလား ထိုင် တလုံးမှာ ခပ်ဖြည်းဖြည်း ထိုင်ချလိုက်ပါတယ်။ ကိုကျော်လှိုင်ကြီးက ကျွန် တော်နဲ့ လူထုကိုစိန်ဝင်းကို မိတ်ဆက်ပေးခြင်းအမှု ပြုပါတယ်။ အဲဒီအခိုက်မှာ ဦးစိန်ဝင်းရဲ့ဇနီးက ကျွန်တော်တို့အတွက် ကော်ဖီပန်းကန်သုံးခွက်ကို ဗန်း ကလေးနဲ့ သယ်လာပြီး ကျွန်တော်တို့ တွေရဲ့ ရှေ့တွေမှာ တခွက်စီတခွက်စီ ချပေးလာပါတယ်။ စိတ်ထဲမှာ အင်း... ကိုကျော်လှိုင်ကြီး ထင်သလိုတော့ ဟုတ် ဟန်မတူပါဘူးလို့ မှတ်ချက်ချလိုက်မိပါတယ်။ ကျွန်တော်က လွယ်အိတ်ထဲက နေ ကျွန်တော်ရဲ့ ကဗျာစာအုပ်လေးတအုပ်ကို ဆွဲထုတ်လိုက်ပြီး "ဆရာလူထု စိန်ဝင်း ဖတ်ဖို့"ဆိုတဲ့ စာကြောင်းလေးနဲ့အတူ လက်မှတ်ရေးထိုးကာ စာအုပ် လက်ဆောင်အဖြစ် လေးလေးစားစား ပေးနိုင်ခဲ့ပါတယ်။ အဲဒီနေ့က ဆရာလူထုစိန်ဝင်းက ကျွန်တော့်ကဗျာစာအုပ်လေးကို ကိုင်ကြည့်ရင်း နယ်က အမှာစာ လာရဲ့လားဆိုတာမျိုးကနေ ကဗျာဆရာတွေရဲ့ ကဗျာတွေအပေါ် လက်ရှိ စာပေ စိစစ်ရေးက ဘယ်လိုကိုင်တွယ်လုပ်ဆောင်နေသလဲဆိုတာမျိုးတွေ အထိ သူသိချင်တာလေးတွေကို စိတ်ဝင်စားစွာ မေးမြန်းခဲ့ပါတယ်။ ကျွန်တော် က ကျွန်တော့်ကဗျာစာအုပ်လေး ထုတ်ဝေနိုင်ဖို့ စာပေစိစစ်ရေးကို စာမူကြိုတင် တင်ပြအစစ်ဆေးခံရတဲ့ လက်တွေ့ဖြတ်သန်းခဲ့ရမှုတွေထဲကနေ ကျွန်တော်ကြုံခဲ့ ရတဲ့ အခြေအနေတွေအပေါ်ကနေ ကျွန်တော်သိရှိနားလည်နေသလောက် ကိုတော့ ပြန်လည်ရှင်းပြ ပြောဆိုခဲ့ပါတယ်။ ဆရာလူထုစိန်ဝင်းက သေသေချာ ချာ ဂရုတစိုက် နားထောင်နေခဲ့ပြီး သူလည်း စာတွေပြန်လည်ရေးနိုင်အောင် လုပ်ဆောင်မှာဖြစ်တဲ့အကြောင်း အခုတော့ လေဖြတ်ခံလိုက်ရတဲ့ ဝေဒနာ ကြောင့် ညာဘက်လက် သုံးလို့ကို မရတော့တာကြောင့် ဘယ်လက်နဲ့ စာရေး နိုင်ဖို့ ကြိုးစားလေ့ကျင့်နေရကြောင်းတွေ လေးလေးနက်နက် ပြောဆိုနေခဲ့ပါ တယ်။ အဲဒီမှာ အစ်ကိုကြီးရခိုင်ကိုကျော်လှိုင်ကြီးက "ဒါမှ အခုမှ လက်ဝဲစာရေး ဆရာ စစ်စစ်ဖြစ်တော့မှာ"ဆိုပြီး နောက်စစနဲ့ ပြောဆိုခဲ့ပါတယ်။ အသက် အရွယ်အရ ဖြတ်သန်းမှုတွေအရ သူတို့တတွေရဲ့ အစဉ် အလာခေါင်းဆောင် ကြီးသဖွယ်ဖြစ်ခဲ့တဲ့ အစ်ကိုကြီးကိုကျော်လှိုင်ရဲ့ ချစ်စနိုး နောက်စစ ပြောဆိုမှု တွေအပေါ် ဆရာဦးစိန်ဝင်းကတော့ ပြုံးတုံ့တုံ့ အမူအယာနဲ့ပဲ ခပ်မဆိတ် လုပ်နေခဲ့ပါတယ်။ အဲဒီနေ့က ပြန်ခါနီးအချိန်မှာ ဆရာလူထုစိန်ဝင်းက "နောင်လည်း ကိုကျော်လှိုင်ကြီး ပါပါ မပါပါ အချိန်မရွေး လာလည်ပါ"လို့ နွေးနွေးထွေးထွေးနဲ့ နှုတ်ဆက်လိုက်တာဟာလည်း မကြာခဏဆိုသလို အမှတ်ရ စရာသဖွယ် ဖြစ်နေခဲ့ရပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီနောက်ပိုင်းမှာ ကျွန်တော်လည်း ဆရာဦးစိန်ဝင်းထံ တခေါက်မှ မရောက်ဖြစ်တော့ဘဲ နောင် တနှစ်ကျော်လောက် အကြာမှာတော့ ဆရာဦးစိန်ဝင်းတို့အပါအဝင် နောင် တော့်နောင်တော်ကြီးတွေကိုယ်တိုင် သွားလာဝင်ထွက် နေထိုင်ဖြတ်သန်းခဲ့ရ ဖူးရာ ဘဝတက္ကသိုလ်ကြီးအတွင်းကို ကျွန်တော်ကိုယ်တိုင် ရောက်ရှိသက်ဆင်း သွားရတဲ့အတွက်ပါပဲ။

(၃)

ကျွန်တော် ထောင်ကနေ နှစ်စေ့လို့ လွတ်မြောက်လာရပြီးတဲ့နောက် ပိုင်းမှာလည်း အပြင်မှာ လွတ်လွတ်လပ်လပ်နဲ့ ကာလကြာကြာလေးတောင် မနေနိုင်ဘဲ နောက်ထပ် ဝရမ်းပြေးဖြစ်ရပြန်တဲ့အတွက် ဆရာလူထုဦးစိန်ဝင်းနဲ့ တွေ့ဆုံနိုင်ခွင့်မရခဲ့ပါ။ ၁၉၈၈ ရှစ်လေးလုံး အရေးတော်ပုံကြီးရဲ့ နိဒါန်းအဖွင့် ဖုန်းမော်အရေးအခင်းကြီး စတင်ပေါ်ကွဲပေါ်ထွက်လာတဲ့အချိန်မှာ ကျွန်တော်က ဝရမ်းပြေးအဖြစ် ရှမ်းပြည်တောင်ကြီးမြို့မှာ ရောက်ရှိနေပါတယ်။ ၁၉၈၈ ရဲ့ ဆောင်းနှောင်းနွေဦးကာလ ဖေဖော်ဝါရီနဲ့ မတ်လဆန်းတွေ အတွင်းမှာ တောင်ကြီးက ကျွန်တော်ရဲ့ မိတ်ဆွေကြီး ကိုအောင်ထူး(အခု ဘီအယ်လ်စီ အတွင်းရေးမှူး ကိုအောင်ထူး)ရဲ့ အဓိက တာဝန်ယူ လိုက်လံ ပို့ဆောင်မှုတွေကြောင့် တောင်ကြီးကို ဗဟိုပြုပြီး ဟိုပုန်း၊ ညောင်ရွှေနဲ့ အင်းလေးဒေသတခွင်မှာ ကျွန်တော်က နေရာအနှံ့ ရောက်ရှိသွားလာ နေရာက ဖုန်းမော်အရေးအခင်းဖြစ်တဲ့နေ့မှာ တောင်ကြီးက ကိုအောင်ထူး ရဲ့အိမ်မှာ ကျွန်တော် ရှိနေခဲ့ပါတယ်။ ကိုအောင်ထူးကို ကားလက်မှတ် အဝယ်ခိုင်းပြီး မတ်လ ၁၅ ရက်နေ့မှာပဲ တိုက်ပွဲသံတွေ စတင်ထွက်ပေါ် စပြုရာ မြို့ရန်ကုန်ကို ကျွန်တော် အသော့နှင်ပြီး အရောက်ပြန်ခဲ့ပါတယ်။ တစတစ မြင့်တက်လာနေတဲ့ အရေးတော်ပုံ ဒီရေလှိုင်းဦးကြားမှာ ရန်ကုန်မြို့မှာ ဟိုဝင်သည်ထွက် နေရာအနှံ့ ကျွန်တော် သွားလာနေခဲ့ပေမယ့် အကြောင်းကြောင်းကြောင့် လူထုဦးစိန်ဝင်းထံကိုတော့ ကျွန်တော် မသွားဖြစ်ခဲ့ပါ။ ဒါပေမဲ့ ကျွန်တော် ရံဖန်ရံခါ သွားတတ်တဲ့ ဦးလေးဦးခင် မောင်မြင့်(ပြည်သူ့တိုးတက်ရေးပါတီဥက္ကဋ္ဌ)ထံ ရောက်ရှိသွားရင်တော့ မကြာခဏဆိုသလို 'အလံမလှဲစတမ်း'ကြီး အကြောင်းကို ကြားရလေ့ရှိတတ်ပါတယ်။ ကျွန်းပြန်တွေ ဖြစ်ကြတဲ့ ဗိုလ်ဓမ္မကြီး၊ အစ်ကိုကြီး ကိုအောင်ဝင်းစတဲ့သူတွေနဲ့ ဆုံမိရင်လည်း အကြောင်းအားလျော်စွာ 'အလံမလှဲစတမ်းကြီး'အကြောင်းကို ကြားရလေ့ရှိတတ်ပါတယ်။

တဖြည်းဖြည်းချင်း ဒီမိုကရေစီရေလှိုင်းသံတွေ တဆင့်ထက်တဆင့် မြင့်တက်လာခဲ့ပြီး စစ်အစိုးရက နည်းမျိုးစုံနဲ့ ပိတ်ဆို့တားဆီးနေတဲ့ကြားကနေ ရှစ်လေးလုံး အရေးတော်ပုံကြီး မြည်ဟည်းပေါက်ကွဲပေါ်ထွက်လာချိန်မှာတော့ ကျွန်တော်တို့ရဲ့ ချစ်ခင်လေးစားအပ်တဲ့ 'အလံမလှဲစတမ်း'ကြီးကို ကြံကြံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် အဖြစ်မျိုးနဲ့ သမိုင်းကွေ့ချိုးတနေရာမှာ ပြန်လည်ဆုံစည်းနိုင်ခွင့် ရခဲ့ပါတယ်။ လူချင်းတွေ့ဆုံလိုက်ရတာမဟုတ်ဘဲ ထူးထူးခြားခြား ဆုံဆည်းလိုက်ရတယ်ဆိုတဲ့ အဖြစ်ကတော့ ဒီလိုပါ။

ရှစ်လေးလုံးအရေးတော်ပုံကြီး မြေတုန်ဟည်းအောင် ပေါ်ထွက်ချိန်မှာ စစ်အစိုးရရဲ့ ရက်ရက်စက်စက် နှိပ်ကွပ်မှုတွေအပေါ် ရဲရဲရင့်ရင့်နဲ့ ပြန်လည်တုံ့ပြန်ကန့်ကွက်ကြတဲ့ သမိုင်းဝင် ကြေညာချက်တွေ၊ တိုက်ပွဲဗဟိုချက်နယ်မြေဖြစ်တဲ့ ရန်ကုန်မြို့တော်မှာ ဂုဏ်ရောင်ပြောင်ပြောင် ထွက်ပေါ်လာရာမှာ သြဂုတ်လ ၁၅ ရက်နေ့မှာ ရှေ့နေတွေရဲ့ 'ဘားကောင်စီ ကြေညာချက်' ဦးဦးဖျားဖျား ထွက်ပေါ်ခဲ့ပါတယ်။ လုထုဘက်ကနေ ရပ်တည်ပြသကြတဲ့ ရှေ့နေကြီးတွေရဲ့ ဒီ'ဘားကောင်စီကြေညာချက်'ကို တာဝန်သိတတ်တဲ့ ရှေ့နေကြီးတွေ တော်တော်များများက ရဲရဲရင့်ရင့် ပါဝင် လက်မှတ်ထိုးခဲ့ကြပါတယ်။ ပါဝင် လက်မှတ်မထိုးဝံ့ခဲ့ကြသူတွေလည်း ရှိပါတယ်။ ရှေ့နေတွေရဲ့ ဘားကောင်စီကြေညာချက်နဲ့ တရက်ခြားအကွာ သြဂုတ်လ ၁၇ ရက်နေ့မှာတော့ စာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာ၊ အယ်ဒီတာစတဲ့ စာပေအနုပညာရှင်တွေကလည်း စစ်အစိုးရရဲ့ ရက်ရက်စက်စက် ဖိနှိပ်မှုတွေအပေါ် ဆန့်ကျင်ကန့်ကွက်ကြတဲ့ 'စာပေအနုပညာရှင်များရဲ့ ကြေညာချက်'ကို ရဲရဲရင့်ရင့် ထုတ်ပြန်ခဲ့ကြပါတယ်။ အဲဒီကြေညာချက်မှာလည်း ပြည်သူလူထုဘက်ကနေ ပြတ်ပြတ်သားသား ရပ်တည်ပြကြတဲ့ စာပေအနုပညာရှင်တွေက ရဲရဲရင့်ရင့် ပါဝင်လက်မှတ်ရေးထိုးပေးခဲ့ကြပြီး အဲဒီမှာလည်း လက်မှတ်မထိုးပေးတဲ့သူ မပါဝင်တဲ့သူတွေ ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီမှာ အမေလူထုဒေါ်အမာလို ပုဂ္ဂိုလ်မျိုးကတော့ ရန်ကုန်မှာ နေနေသူမဟုတ်ပါဘဲ မန္တလေးမှာ နေထိုင်သူဖြစ်နေတာတောင် မန္တလေးကနေ လှမ်းပြီး လက်မှတ်ထိုးခဲ့ပါတယ်။ ဘယ်လိုနည်းနဲ့ လက်မှတ်ထိုးသလဲဆိုတော့ လူထုဦးစိန်ဝင်းကြီးကို သူ့ကိုယ်စား (လူထုဒေါ်အမာ ကိုယ်စား)ဆိုပြီး ဖုန်းဆက်အကြောင်းကြား လက်မှတ်အထိုးခိုင်းခဲ့တာပဲဖြစ်ပါတယ်။

အဲဒီတော့ အဲဒီတုန်းက ပါဝင်လက်မှတ်ရေးထိုးချင်တဲ့ စာပေအနုပညာသမားတွေ လက်မှတ်ထိုးနိုင်ဖို့အတွက် ကြေညာချက်နဲ့အတူ ကြေညာချက်ရဲ့အောက်မှာ အသီးသီးအသကအသက လက်မှတ်ရေးထိုးထားတာတွေလည်း ပါဝင်တဲ့ လက်မှတ်ထိုးဖို့ အသင့်စီစဉ်ပေးထားပြီးသား စာရွက်လေးတွေကို နေရာခွဲပြီး ဖြန့်ဝေပေးရင်း လက်မှတ် ကောက်ခံစုစည်း လုပ်ဆောင်ကြရာမှာ ရန်ကုန်မြို့လယ်က မဂ္ဂဇင်းတိုက်တတိုက်အတွင်း ရောက်ရှိနေတဲ့ ကျွန်တော့်ဆီကိုလည်း လက်မှတ်ထိုးဖို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပါတယ်။ "ဟာ –ဒါ သမိုင်းဝင် လှုပ်ရှားမှုကြီးပဲ၊ လူထုကြီးနဲ့အတူ တသားတည်းရပ်ဖို့ လက်မှတ်ထိုးကို ထိုးရမယ်"ဆိုတဲ့ ပိုင်းဖြတ်မှုနဲ့ စာရွက်ကို ဆွဲယူပြီး လက်မှတ်ထိုးဖို့ ကြည့်လိုက်တော့ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်မှ တိုက်တိုက်ဆိုင်ဆိုင်လေ–

ကျွန်တော် လက်မှတ်ထိုးရမယ့်နေရာက 'ဆရာလူထုစိန်ဝင်း'ရဲ့ အောက်မှာလေ။ အပေါ်မှာက လူထုဒေါ်အမာ–တဲ့။ လူထု ဒေါ်အမာဆိုတာမှာ ဘယ်လို လက်မှတ်ထိုးထားသလဲဆိုတော့ လူထုဒေါ်အမာဆိုတဲ့နာမည်နဲ့အတူ နာမည်ရဲ့အောက်မှာ ကွင်းစ ကွင်းပိတ်ကလေးနဲ့ "(လူထုဒေါ်အမာရဲ့ ဖုန်းနဲ့ လှမ်းပြီး အကြောင်းကြားချက်အရ)"လို့ ဖော်ပြရေးသားထားပြီးတဲ့နောက် တဆက်တည်း လက်မှတ်ထိုးရမယ့်နေရာမှာတော့ 'စိန်ဝင်း'ဆိုတဲ့ လက်မှတ်ဆိုင်းကို ထိုးထားပြီး 'လူထုဒေါ်အမာရဲ့ ကိုယ်စား'လို့ ဖော်ပြ ထားတာ တွေ့ရတယ်။ အဲဒီလို 'လူထုဒေါ်အမာ'ပြီးတာနဲ့ အောက်မှာ တဆက်တည်း 'လူထုစိန်ဝင်း'လို့ရေးသားကာ ဆရာလူထုစိန်ဝင်းက သူ့လက်မှတ်ကို သူကိုယ်တိုင်ပဲ ရေးထိုးထားပါတယ်။ ဒီတော့ ကြည့်လိုက်ရင် လူပုဂ္ဂိုလ်အနေနဲ့က လူထုဒေါ်အမာပြီးတော့ လူထုစိန်ဝင်း၊ လက်မှတ်မှာကတော့ လူထုစိန်ဝင်းကိုယ်တိုင်ရဲ့ လက်မှတ်တွေချည်း နှစ်ခုဆက်တိုက်တွေ့ရတယ်။ အဲဒီတော့ ကျွန်တော့်အလှည့်မှာ ကျွန်တော်က ဆရာလူထုစိန်ဝင်းရဲ့ အောက်နားမှာ ဆက်လက် လက်မှတ်ရေးထိုးသူအဖြစ် ဖြစ်သွားတယ်။ ချိန်းဆိုမထားရပါပဲ ဆရာလူထု စိန်ဝင်းကြီးတို့နဲ့အတူတူ စာမျက်နှာတခုတည်းပေါ်မှာ ကြံကြံဖန်ဖန် ဆုံဆည်းလိုက်ရပါတယ်။ လူချင်းတော့ ပြန်လည် ဆုံတွေ့လိုက်ရတာမဟုတ်ဘဲ ကြေညာချက်တခုတည်းရဲ့အောက်မှာ စာမျက်နှာတခုတည်းပေါ်မှာ လက်မှတ်တွေအားဖြင့် ပြန်လည် ဆုံဆည်းလိုက်ရတာမျိုး ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် လူချင်းပြန်လည် မဆုံတွေ့ရသေးပေမယ့် လက်မှတ်ချင်းအားဖြင့် အဲဒီလို ကြံကြံဖန်ဖန် ပြန်လည်ဆုံတွေ့လိုက်ရတာကိုက ကျွန်တော့်အဖို့ကတော့ မှတ်မှတ်သားသား ပြန်လည်သတိရစရာ တခုပမာ ဖြစ်ခဲ့ရပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီးအတွင်းမှာ စစ်အာဏာရှင်တွေရဲ့ ရက်ရက်စက်စက်နှိပ်ကွပ်မှုတွေကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြတဲ့ သမိုင်းဝင်ထုတ်ပြန်ကြေညာချက်တစောင်တည်းပေါ်မှာ တူညီတဲ့ သဘောထားအမြင် ရပ်တည်ချက်တွေနဲ့ (လူချင်းမဆုံနိုင်ခဲ့ကြပေမယ့်) လက်မှတ်ချင်း ဆုံနိုင်ခဲ့ကြတာကိုက တကယ်တော့ အလေး ထားတတ်မယ် ဆိုရင် အရေးထားမှတ်ရမယ့် တကယ့်အမှတ်ရစရာကြီး တခုမဟုတ်လား။

ဒါကြောင့်ကျွန်တော်ကတော့ အကြောင်းတိုက်ဆိုင်လေတိုင်း အဲဒီအဖြစ်အပျက်ကို အမှတ်ရမိတတ်ပါတယ်။ အမေလူထုဒေါ်အမာ တယောက် သက်ရှိထင်ရှားရှိနေစဉ် လွန်ခဲ့တဲ့ ၄ နှစ်ကျော်လောက်ကလည်း အမေလူထုဒေါ်အမာရဲ့ ၉၂ နှစ်မြောက် မွေးနေ့ကို အထိမ်းအမှတ်ပြုတဲ့အနေနဲ့ 'လူထုဒေါ်အမာ'ရုပ်ပုံလွှာလေးကို ရေးခြယ်ပြခဲ့စဉ်ကလည်း 'ဒီအဖြစ်အပျက် ဒီအကွက်လေး'ကို ကျွန်တော်ကတော့ သတိတ

ရ ထည့်သွင်းဖော်ကျူးပြခဲ့ဖူးပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော့်စိတ် ထဲမှာ စွဲနေလို့ပါပဲ။ ဆရာလူထု စိန်ဝင်းရဲ့ အသံကို ကြားလိုက်ရရင်လည်း ဒီအဖြစ်အပျက်လေးကို ဖျတ်ခနဲ သတိရမိတတ်သလို၊ 'လူထုစိန်ဝင်း'ဆိုတဲ့ ကလောင်အမည်ကို တွေ့လိုက်ရရင်လည်း ဒီအကြောင်းလေးတွေကို မကြာခဏ သတိရမိတတ်ပါတယ်။ အမှတ်သညာတရားဆိုတာ ခက်တယ် မဟုတ်လား။ သူစွဲလမ်းချင်တာကို စွဲလမ်းနေတတ်ပြီး သူမှတ်မိချင်ရာကို မှတ်မိနေတတ်တဲ့သဘော ရှိတယ်မဟုတ်လား။ ဆရာလူထုစိန် ဝင်းတို့နဲ့ မရှေးမနှောင်း ဆရာလူထုစိန်ဝင်းတို့နဲ့လည်း ရဲဘော်ရဲဘက် ရေးဘော်ရေးဘက်တဦးဖြစ်ခဲ့တဲ့ ကဗျာဆရာကြီး 'ကြည်အောင်'က ကဗျာ တပုဒ်ရေးခဲ့ဖူးတယ် မဟုတ်လား။ ကဗျာရဲ့နာမည်ကိုက 'အမှတ်သညာ တရား'လို့ပဲ ထင်ပါရဲ့။ အဲဒီကဗျာထဲမှာ အမှတ်သညာတရားဆိုတာ သူစွဲလမ်းချင်ရာ စွဲလမ်းနေတတ်ပြီး သူမှတ်မိချင်ရာကို မှတ်မိနေတတ်တဲ့ သဘောကို ဖွဲ့ထားတာ။ ဥပမာအားဖြင့် 'တပို့တွဲလပြည့် – အမေ့မွေးနေ့ ဘယ်တော့မှ မမေ့'ဆိုတာမျိုးနဲ့ အစချီ ဖွဲ့သီထားပြီး ထောင်ချခံရစဉ်က ထောင်ဝင်နံပါတ် အကျဉ်းသားနံပါတ်ကို မှတ်မိနေတာ၊ ရှားလော့ဟုမ်းရဲ့ အိမ်နံပါတ်ကို မှတ်မိချင် မှတ်မိနေတတ်တာမျိုးတွေကို ရေးခြယ်ဖော်ပြသွားခဲ့ဖူးတယ် မဟုတ်လား။ လွန်ခဲ့တဲ့ တပတ်မနက်ပိုင်းက မနက်စာထမင်းမှာ ဘာဟင်းနဲ့ စားခဲ့သလဲဆိုတာ မှတ်မိချင်မှ မှတ်မိတော့မှာ ဖြစ်ပေမယ့် လွန်ခဲ့တဲ့နှစ်အစိတ်သုံးဆယ်က စားခဲ့ရဖူးတဲ့ ထမင်းဝိုင်းမှာ ဘာဟင်းတွေနဲ့ စားခဲ့ရတယ်ဆိုတာ အခုချိန်အထိ အသေးစိတ် မှတ်မိနေတတ်တာမျိုးတွေလည်း ရှိတတ်ကြတယ်မဟုတ်လား။

(၄)

၁၉၈၉ ခုနှစ်နောက်ပိုင်း ကျွန်တော် နောက်ထပ် ဝရမ်းပြေးဘဝကို ဖြတ်သန်းခဲ့ရရင်း နယ်စပ်မျဉ်းကို ကျော်လွန်လာခဲ့ရချိန်အထိလည်း ဒီကြားထဲမှာ ဆရာလူထုဦးစိန်ဝင်းနဲ့ တကြိမ်တခါမှ ပြန်လည်တွေဆုံနိုင်ခြင်း မရှိခဲ့ရပေမယ့် အကြောင်းအားလျော်စွာ သတိရစရာတွေတော့ ရှိခဲ့ရပါတယ်။ တရုတ်တီဗွီတွေပေါ်က တရုတ်ဂန္ဆဝင် ဇာတ်ကားတွေကို ကြည့်ရှုနေရရင်း အထူးသဖြင့် တရုတ်တော်လှန်ရေးနောက်ခံ၊ တရုတ်မြေအောက်တော်လှန်ရေးနောက်ခံ ရုပ်ရှင်ကားတွေနဲ့ ဆုံဆည်းရမိလေတိုင်း ဆရာလူထုစိန်ဝင်းရဲ့ မျက်နှာနဲ့အတူ ဆရာ့ရဲ့ 'အလံမလှဲစတမ်း'ကိုလည်း ပြန်ပြန် သတိရစရာဖြစ်ခဲ့မိပါတယ်။ ဆရာလူထုစိန်ဝင်း ဘာသာပြန်ဆိုတဲ့ 'အလံမလှဲစတမ်း'ထဲက သူရဲကောင်းမလေး 'ချောအိမာန်'ဟာ တရုတ်လို မူလအမည်အတိုင်းကတော့ 'ကျောက်ယိမန့်'ပါ။ ဒါပေမဲ့ မူရင်းနာမည် 'ကျောက်ယိမန့်'ထက် ဆရာ့ရဲ့ 'ချောအိမာန်'က ဗမာပြည် ပြည်သူလူထုကြားမှာ ပိုပြီး နားဝင်ပီယံဖြစ်တာပေါ့။ တကယ်ကတော့ ကျွန်တော်တို့တွေအားလုံး ဖန်တရာတေအောင် ပြောဆို သုံးစွဲနေကြခေါ်နေကြတဲ့ 'မော်စီတုန်း''ချူအင်လိုင်း''ချူတေး'တို့ ဆိုတာတောင် သူတို့ရဲ့ မူရင်းအတိုင်းအသံထွက်အမှန် နာမည်မှန်တွေနဲ့ကတော့ ကွဲလွဲခြားနားနေတာ တွေ့ရတယ်။ သူတို့ရဲ့ မူရင်းအသံထွက် နာမည်မှန်တွေဖြစ်တဲ့ 'မောင်စီတုန်း' 'ကျိုအိန့်လိုင်း''ကျူးတေ့'ဆိုတာတွေထက် 'မော်စီတုန်း' 'ချူအင်လိုင်း''ချူတေး'ဆိုတာတွေက ပိုပြီး လူထုကြားလူသိများနေကြပြီ မဟုတ်လား။ အရေးကြီးတာက အပေါ်ယံထက် အနှစ်သာရက ပိုပြီးအရေးပါပါတယ်။ ဆရာ့ရဲ့ 'ချောအိမာန်'ဟာ မူလတရုတ်မလေး 'ကျောက်ယိမန့်'ဆိုတာထက် ပိုပြီး၊ ဗမာဆန်၊ ပိုပြီး လှ၊ ပိုပြီး ချောနေရုံမက တော်လှန်စိတ်ဓာတ် အခံရှိကြတဲ့ ဗမာပြည်က လူငယ်လူရွယ်တွေအကြားမှာ ပိုပြီး လူသိများသူ ထင်ရှားသူလေး ဖြစ်မြဲဖြစ်နေတာ ဝမ်းသာစရာကောင်းပါတယ်။ ဆရာကလည်း 'ချောအိမာန်'အပေါ် တော်တော်သံယောဇဉ်ကြီးမားလှပုံ ရပါတယ်။ ကျွန်းနဲ့ထောင်ထဲကနေ ပြန်ထွက်လာနိုင်ပြီးလို့မှ ကာလမကြာမီ ၁၉၇၅ ခုနှစ်ထဲမှာ 'အလံမလှဲစတမ်း'ဒုတိယအကြိမ်ထွက်ခွင့်အရမှာ "ဝင်းဇော်ပြန်လာပြီ၊ ဝင်းဇော်ပြန်လာပြီ"လို့ ကြွေးကြော်ခဲ့ရုံမက "ချောအိမာန် ပြန်လာပြီ၊ ချောအိမာန်ပြန်လာပြီ"လို့လည်း တပြိုင်နက်တည်း အလေးထား ကြွေးကြော်ပြခဲ့တယ် မဟုတ်လား။ ဆရာရဲ့ 'အဖြူနဲ့အမည်း'တို့၊ 'အဖြူနဲ့အဝါ'တို့ ဟာ ချောအိမာန်ကိုတော့ ဘယ်လိုနည်းနဲ့မှ မမီခဲ့တာကိုလည်း ဆရာကိုယ်တိုင် သိပါတယ်။

ကျွန်တော့်စိတ်အထင် ၁၉၉၉ ခုနှစ်ရဲ့ နောက်ပိုင်းတွေမှာတော့ 'လူထုစိန်ဝင်း'ဆိုတဲ့ နာမည်နဲ့ ပေါ်ပေါ်ထင်ထင် ရေးသားလာတဲ့ ဆရာ့ရဲ့ စာပေလက်ရာတွေ အံ့သြစရာ ကောင်းလောက်အောင် များပြားလှပါတယ်။ ညာလက်နဲ့ ရေးလို့မရတော့လို့ ဘယ်လက်နဲ့ ခဲခဲယဉ်းယဉ်း ပြောင်းလဲလေ့ကျင့်ပြီးမှ စာရေးနေရတဲ့ အင်မတန်မှ ဇွဲနပဲကြီးလှသူတယောက်ရဲ့ ရေးနိုင်စွမ်းအားဟာ မယုံနိုင်စရာကောင်းလောက်အောင် ကြီးမားကျယ်ပြန့်လှပါတယ်။ အားကျစရာလည်း ကောင်းပါတယ်။ ရေတံခွန်ကနေ သွန်ကျနေသလို အရှိန်အဟုန် ကောင်းကောင်းနဲ့ ထွက်ပေါ်လာနေတဲ့ ဆရာ့ရဲ့စာတွေ ဆောင်းပါးတွေဟာ စာဖတ်ပရိသတ်တွေအတွက် အများကြီး အကျိုးပြုနိုင်ခဲ့ပါတယ်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်တွေအပေါ် အဓိကဇောင်းပေးပြီး ရေးသားပြခဲ့တဲ့ 'သတင်းစာပညာ သောင်းပြောင်းထွေလာ'တွေဟာ အင်မတန်မှ ကောင်းမွန်လှသလို ဘာကိုပဲရေးရေး၊ အခြေခံ ပြည်သူလူထုဘက်ကပဲ ခိုင်ခိုင်မာမာရပ်တည်ပြီး ပြတ်ပြတ်သားသား ကြွေးကြော်ပြနေတဲ့ ဆရာ့ရဲ့ နိုင်ငံရေးရပ်တည်ချက်ကလည်း တော်တော်ကို ထင်ရှားပေါ်လွင်လှပါတယ်။

နောက်ပိုင်းမှာ ကျွန်တော်သတိထားမိလာတာတခုကတော့ ဆရာလူထုစိန်ဝင်းဟာ တရုတ်တော်လှန်ရေး နောက်ခံဝတ္ထုကြီးနဲ့ စာပေနယ်မှာ လူသိများလာ၊ အောင်မြင်မှုရလာခဲ့သူတယောက်ဖြစ်ပေမယ့် တော်လှန်ရေး အတွေးအခေါ်နဲ့ မာ့က်စ်ဝါဒ လီနင်ဝါဒ လက်ဝဲဝါဒတွေကို လက်ခံကိုင်စွဲသူတယောက်ဖြစ်ပေမယ့် 'ကြောင်ဖြူဖြစ်ဖြစ် ကြောင်မည်းဖြစ်ဖြစ် ကြွက်မိဖို့သာ လိုရင်းပဲ'ဆိုတဲ့ အဘိဓမ္မာဆန်ဆန် ကောက်ချက်တရပ်အပေါ်မှာတော့ တော်တော် ဆန့်ကျင့်ရွံ့ရှာခဲ့သူဖြစ်ခဲ့တယ်။ ဆောင်းပါးတပုဒ်မှာဆိုရင် 'ကြောင်ဖြူကြောင်မည်း အဘိဓမ္မာရဲ့ အန္တရာယ်'လို့တောင် ခေါင်းစည်းတပ်ထားပြီး ခါးခါးသီးသီး ရေးသားခဲ့တာ ရှိပါတယ်။ ၁–၁– ၂၀၀၃ နေ့က ရေးသားခဲ့တဲ့ ဆောင်းပါးတပုဒ်ထဲမှာတော့ 'ဒီကြောင်ဖြူကြောင်မည်း အဘိဓမ္မာကြောင့် လူတွေ ရိုင်းစိုင်းကြမ်းကြုတ် ခဲ့ရတယ်။ ဒီကြောင်ဖြူကြောင်မည်း အဘိဓမ္မာကြောင့် ကမ္ဘာကြီး အရုပ်ဆိုး အကျည်းတန်ခဲ့ရတယ်'လို့တောင် ပြစ်ပြစ်နှစ်နှစ် ရေးသားခဲ့ပြီး နောက်ပိုင်းမှာ တောက်လျှောက်လိုလို မကြာခဏ ဆန့်ကျင်ရှုတ်ချခဲ့တာ တွေ့ရပါတယ်။ ဆရာလူထုစိန်ဝင်းဟာ သူ ယုံ ကြည်တာကို ယုံကြည်သလို ခိုင်ခိုင်မာမာ မြဲမြဲမြံမြံဆုပ်ကိုင်တတ်သလို သူမယုံကြည်တာ လက်မခံတာကိုလည်း သူမယုံကြည်သလို လက်မခံသလို ပြတ်ပြတ်သားသား ဖော်ထုတ်ပြောဆိုရဲသူ (လိုအပ်ရင်) ဆန့်ကျင် စည်းခြားရဲသူမျိုးလည်း ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီလို အကျင့်စရိုက်မျိုးကို ကျွန်တော်ကတော့ လေးလေးစားစား သဘောထားပါတယ်။

၂၀၀၅ ခုနှစ်နောက်ပိုင်းလောက်ကစပြီး နှာခေါင်းမှာ အမြဲလိုလို တပ်ထားရတဲ့ အောက်ဆီဂျင်ပိုက်တန်းလန်းနဲ့ ဆရာ့ပုံကို မဂ္ဂဇင်းတွေ ဂျာနယ်တွေနဲ့ စာစောင်စာတမ်းတွေပေါ်မှာ အခါအားလျော်စွာ နေရာအနှံ့ တွေ့လာရပါတယ်။ ဩော်... လက်တဖက်က မကောင်း၊ လေဖြတ် ကိုယ်တခြမ်းသေဝေဒနာက သေရာပါအဖြစ် စွဲကပ်နေရုံမက အခုတော့ နှာခေါင်းမှာတောင် အောက်ဆီဂျင် ပိုက်တန်းလန်းနဲ့ အမြဲတမ်းတပ်ဆင်ထားရတဲ့ ဘဝပါလားဆိုပြီး မြင်တိုင်းမြင်တိုင်းလိုလို စိတ်မကောင်းခြင်းကြီးစွာ ခံစားရပါတယ်။ တခြားတဖက်ကလည်း အဲဒီလို ရုပ်ပုံလွှာ ဘဝကြားကနေပြီး မီဒီယာတွေ လေလှိုင်းသံတွေက နေတဆင့် ဆရာ့ရဲ့ ပြောသံဆို သံတွေကို အားမာန်ပါပါ ကြားရမြင်ရပြန်တဲ့ အခါ 'ဒါမှ အလံမလှဲစတမ်းကြီးဟေ့' 'ဒါမှ အလံမလှဲစတမ်းစစ်စစ်ကွ'ဆိုပြီး ကျေနပ်အားရ ပိုပိုပြီးတော့ လေးစားရပြန်ပါတယ်။

(၅)

ဇွန်လ ၁၇ ရက်နေ့ညကပဲ ဆရာလူထုစိန်ဝင်းတယောက် ကွယ်လွန်သွားရှာပြီဆိုတဲ့သတင်းကို ဇွန်လ ၁၈ ရက်နေ့ မနက်ခင်းတွေမှာပဲ ဟိုက သည်က မီဒီယာ ပေါင်းစုံတွေကနေ ကြားရတယ်။ တော်တော်ကို စိတ်မကောင်း ဖြစ်မိလိုက်ပါတယ်။ ဩော်– 'အလံမလှဲစတမ်း'ကြီးတယောက်တော့ အလံကို တလူလူလွှင့်ထူထားခဲ့ရင်းကပဲ ဒီဘဝ ဒီလောကကြီးကနေ အပြီး

အပိုင် ထွက်ခွာသွားခဲ့ရှာပြီပဲ'ဆိုတဲ့ အသိစိတ်နဲ့အတူ အာရုံထဲမှာ အတွေးတွေ အတွေးတွေ တစပြီးတစ ဝင်နေမိပါတယ်။

လူထုဦးစိန်ဝင်းဆိုတဲ့ 'အလံမလွဲစတမ်းကြီး'ဟာ တကယ်ကို အလံမလွဲစတမ်းကြီးပါလား။

လောကကြီးမှာ ကိုယ်ကိုင်ဆောင်ထားတဲ့အလံကို ဆက်လက်မကိုင် နိုင်တော့ဘဲ 'အလံမလွဲစတမ်း'ကနေ 'အလံလွဲ'သွားကြသူတွေ ရှိသလို တချို့ လည်း 'အလံလဲသွားရသူတွေ''အလံလဲသွားကြသူတွေ'သာမက 'အလံစွန့်သွားကြသူ''အလံချသွားကြသူ'တွေလည်း အမျိုးမျိုး ရှိနေနိုင်ပါတယ်။ တချို့ကတော့ အလံကိုတော့ တလူလူတင်ထားပါရဲ့ တင်ထားတဲ့အလံက အလံဖြူလေ ဆိုတာမျိုးတွေလည်း တွေ့ရနိုင်ပါတယ်။

ဒီလို အမျိုးမျိုးသော လူတွေအကြားမှာ ကျွန်တော် လေးစားတန်ဖိုးထားခဲ့ရတဲ့ ကျွန်တော်တို့ရဲ့ 'အလံမလွဲစတမ်းကြီး'ကို ပြန်လည်ကြည့်ရှုလိုက်မိတဲ့အခါ .... ....

လူထုဦးစိန်ဝင်းဆိုတဲ့ အလံမလွဲစတမ်းကြီးကတော့ အလံလည်း မလွဲခဲ့ရုံမက အလံလည်း မလဲခဲ့သူ၊ အလံလည်း မစွန့်ခဲ့သူ ဖြစ်ရုံမက ဘယ်တော့မှ အလံဖြူလည်း မတင်ခဲ့လေသူလို့ပဲ မြင်လိုက်ရပါလေတယ်။ ။

**ဝင်းတင့်ထွန်း**

၃၀၊ ၆၊ ၂၀၁၂။

## အရေးတော်ပုံ ဂျာနယ်ရဲ့ ယခုတပတ် အာဘော်

●လွန်ခဲ့တဲ့ နှစ် ၅၀ – ၁၉၆၂ ခုနှစ်က စစ်အာဏာရှင်စနစ်ကို ကျောင်းသားတွေကပဲ ကန့်ကွက်ခဲ့တယ်။

●အခုလည်း ကျောင်းသားများအား ဒီမိုကရေစီမပေး၊ ဖမ်းဆီးတာကို – အများက ကန့်ကွက်တာ ကြားရတယ်။

●အလုပ်သမား၊ လယ်သမား၊ ကျောင်းသားတွေရဲ့ ဒီမိုကရေစီ မရှိရင် ပြည့်စုံတဲ့ ဒီမိုကရေစီလို့ မယူဆဘူး။

# အင်အားချည့်နဲ့တဲ့ နိုင်ငံများအတွက် သင်ခန်းစာများ

ရဲဘော်ထွန်းမြတ်

ဇွန်လ ၂ ရက်နေ့က စင်ကာပူမှာ ကျင်းပတဲ့ ရှန်ကရီလာ ဆွေးနွေးပွဲ (Shangri La Dialogue) ကို အာရှ–ပစိဖိတ်နိုင်ငံ ၂၈ နိုင်ငံက ကာကွယ်ရေး ဝန်ကြီးများနဲ့ စစ်တပ်အကြီးအကဲများ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီ အစည်းအဝေးကြီးမှာပဲ အမေရိကန် ကာကွယ်ရေးဝန်ကြီး လီယွန်–ပါနက်တာ(Leon Panetta)က အမေရိကန်ရဲ့ အနာဂတ်ဗျူဟာသစ်များကို ကြေညာပြောဆိုရာမှာ အမေရိကန်ရေတပ်အင်အားကို ယခင် ၅၀–၅၀ ရာခိုင်နှုန်း(ပစိဖိတ်မှာတဝက် အတ္တလန္တိတ်မှာ တဝက်) ထားရှိရာက ၂၀၂၀ ခုနှစ် မှာ ၆၀–၄၀ ရာခိုင်နှုန်း(ပစိဖိတ်ကို ၆၀ ရာခိုင်နှုန်း တိုးထားမယ်) ပြောင်း လဲထားရှိမယ့် အကြောင်း ပါရှိပါတယ်။

အဲဒီအစည်းအဝေးအပြီးမှာ ပါနက်တာဟာ အချို့အာရှ – ပစိဖိတ်နိုင်ငံများ(အန္ဒိယ–ဗီယက်နမ်စသဖြင့်)ကို လှည့်လည်– လည်ပတ်ပြီး သေနင်္ဂဗျူဟာ မဟာမိတ်ဖွဲ့မှုများကို ပြုလုပ်ခဲ့ပါတယ်။ ဒဲ့အပြင် အခု ဇွန်လအကုန်မှာလည်း ပစိဖိတ်အနားပတ်လည် နိုင်ငံများရဲ့ ၂၀၁၂ ရေကြောင်း လေ့ကျင့်ခန်းများ(RIMPAC-2012) ကို ဟာဝိုင်ယီမှာ ပြုလုပ်ဖို့ စီစဉ်ထား ပါတယ်။ ဒီ ရေကြောင်းလေ့ကျင့်မှုဟာ သမိုင်းမှာ အကြီးအကျယ်ဆုံး ဖြစ် ပါတယ်။ လေ့ကျင့်မှုရဲ့ အဓိက ဦးတည်ချက်ဟာ အစည်အလာရှိတဲ့ လုံခြုံ ရေးကိစ္စများ (ဥပမာ– သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး၊ ပင်လယ် ဓားပြရန်မှ ကာကွယ်ရေးစသဖြင့်) ဖြစ်တယ်လို့ ကြေညာထားပါတယ်။ ဒီစစ်ဆင်ရေးလေ့ကျင့်မှုကို ဇွန်လ ၂၉ ရက်မှ ဩဂုတ်လ ၃ ရက်နေ့အထိ ပြုလုပ်မှာဖြစ်ပြီး နိုင်ငံပေါင်း ၂၂ နိုင်ငံ ပါဝင်ပါလိမ့်မယ်။ (အဲဒီမှာ တရုတ် မပါပေမယ့် ရုရှားတောင် ပါဝင်မှာပါ) ရေတပ်သင်္ဘောပေါင်း ၄၂ စီး၊ ရေငုပ် သင်္ဘော ၆ စီး၊ လေယာဉ်ပျံ ၂၀၀ ကျော် နဲ့ တပ်သား ၂၅,၀၀၀ ပါဝင်မှာပါ။ တကယ်တော့ အာရှပစိဖိတ်ဒေသမှာ အမေရိကန်ရဲ့ စစ်ရေးလေ့ကျင့်မှု များဟာ ယခုနှစ်များအတွင်း တော်တော် ပုံမှန်ကျလာနေပါပြီ။ ၂၀၁၀ ခုနှစ် တနှစ်ထဲမှာတင် အမေရိကန်–ပစိဖိတ်ဌာနချုပ်က အဲဒီဒေသတွင်း ၂၄ နိုင်ငံနဲ့ ပြုလုပ်ခဲ့တဲ့ စစ်ရေးလေ့ကျင့်ခန်းပေါင်း ၁၇၂ ကြိမ် (နိုင်ငံအများ သို့မဟုတ် ၂ နိုင်ငံချင်း) ရှိခဲ့ပါတယ်။

ဒီလို အာရှပစိဖိတ်ဒေသမှာ ဝါရှင်တန်ရဲ့ စစ်ရေးလှုပ်ရှားမှုများ ပိုမိုတိုးမြှင့် လုပ်ဆောင်မှုများဟာ စစ်ရေးရည်ရွယ်ချက်များသာမက စီးပွားရေး ရည်ရွယ်ချက်များလည်း ပါရှိပါတယ်။

အာရှပစိဖိတ်ဒေသဟာ အခုအခါ ကမ္ဘာ့စီးပွားရေးရဲ့ မောင်း နှင်အားဖြစ်နေပါတယ်။ အမေရိကန်နဲ့ ဒီဒေသတွင်း နှစ်စဉ်ကုန် သွယ်ရေး ပမာဏဟာ အမေရိကန်ရဲ့ တခြားဒေသများနဲ့ ကုန်သွယ်ရေးထက် ပိုမို မြင့်မားနေပါတယ်။ ဒါပေမဲ့ ဒီဒေသမှာပဲ မတည်မငြိမ် မလုံမခြုံဖြစ်နေတဲ့ အပူဒေသများ(hotspots) တွေလည်း ရှိနေပါတယ်။ ဒါကြောင့်မို့ စီးပွားရေးအရပဲကြည့်ကြည့် လုံခြုံရေးအခြေအနေအရပဲကြည့်ကြည့် ဝါရှင်တန်အတွက် ဒီဒေသဘက်ကို သေနင်္ဂဗျူဟာ ပစ်မှတ်အဖြစ် ပြောင်းလဲလာရတာပါ။

ဒဲ့အပြင် ဒုတိယသက်တမ်းအတွက် ရည်မှန်းနေတဲ့ အိုဘာမား အတွက်ကလည်း သူ့နိုင်ငံမှာ အလုပ်အကိုင်များ တိုးများလာရေးအတွက် ကလည်း အသည်းအသန် လိုအပ်နေပါတယ်။

ဒီစစ်ရေးလေ့ကျင့်ခန်းများက အမေရိကန်အတွက် အလုပ်အ ကိုင် ဖော်ထုတ်မှုများအတွက် ဘာ့ကြောင့် လိုအပ်ပါသလဲ။

: (RIMPAC-2012) များမှာ ပါဝင်မယ့် ရေတပ်တက်ဆိုင်ရာ လေ့ကျင့်ခန်းများကို ကြည့်ရ အောင်ပါ။

အစဉ်အလာမရှိတဲ့ လုံခြုံရေးအတွက် လေ့ကျင့်ခန်းများအပြင် ရေငြင်ဆိုင်ရာ လုံခြုံရေးအတွက် စစ်ဆင်ရေးများ ပင်လယ်ပြင် ထိန်းသိမ်း ရေး အဆင့်မြင့်စစ်ရေး ဗျူဟာများ၊ ရေတဝက်ကုန်းတဝက် စစ်ဆင်ရေး များ၊ အဆင့်မြင့်လက်နက်လေ့ကျင့်ခန်းများ၊ ဒုံးပျံ စမ်းသပ်မှုနဲ့ ပစ် လွှတ်မှုများ၊ ရေငုပ်သင်္ဘောရန်ကာကွယ်ရေးများနဲ့ လေကြောင်းဆိုင်ရာ၊ ကာကွယ်ရေးလေ့ကျင့်ခန်းများစတဲ့ ရေတပ်ဘက်ဆိုင်ရာ လုပ်ငန်းများ အကျယ်အပြန့် ပါဝင်ပါတယ်။

အမေရိကန်လှုပ်ရှားမှုအားလုံးဟာ စစ်ရေးအင်အားရဲ့ ထောက် ခံမှု အားပေးမှုကို ရရှိကြောင်း ပြသတာပါ။ ဒီလေ့ကျင့်ခန်းများက အမေရိ ကန်စစ်ရေးအင်အား၊ စစ်လက်နက်များရဲ့ အစွမ်းထက်မှုဆိုတာတွေကို ဒဲ့မခန်းတွေ့ရမှာပါ။ (ရုရှားသမ္မတပူတင်ကတောင် ဒီစစ်ရေးလေ့ကျင့် ခန်းမှာ ပါဝင်ရတာဟာ အမေရိကန်ရဲ့ စစ်အင်အား၊ စစ်လက်နက်ပစ္စည်း စတာတွေကို သိရှိလေ့လာနိုင်ဖို့လို့ ဆိုထားပါတယ်။)

တဖက်က အဲသလို စစ်ရေးအင်အားတွေ ထုတ်ပြပြီး တဖက် ကလည်း အဲဒီဒေသ မတည်မငြိမ်ဖြစ်အောင် ကုလားဖန်အမျိုးမျိုး ထိုးနေပါတယ်။ မြောက်ကိုးရီးယား မခံချင်ဖြစ်အောင် တောင်ကိုးရီးယားနဲ့ ဂျပန်နဲ့ပေါင်း စစ်ရေးလေ့ကျင့်ခန်းတွေလုပ်တာ (တချို့ နိုင်ငံရေး အကဲခတ် သမားများက မြောက်ကိုးရီးယားကိစ္စကို အခုလို တိုးလိုးတန်းလန်း မပြတ်မသား ဖြစ်နေအောင် မွေးထားသူဟာ အမေရိကန်သာဖြစ်တယ်လို့ ထောက်ပြနေပါတယ်။ မြောက်ကိုးရီးယား အခုလို မန်စွယ်တငေါငေါ ဖြစ်နေမှုက အမေရိကန် လူထုကိုရော အမေရိကန် စစ်အခြေခံစခန်းတွေကို မလိုလားပါလျက် လက်ခံထားရတဲ့ ဂျပန်လူထုနဲ့ တောင်ကိုးရီးယား လူထု ကိုရော "မြောက်ကိုးရီးယားအန္တရာယ်"ဆိုတာကို လက်ညှိုးထိုး အ ကြောင်းပြစရာ ရနေပြီး ဒါကနေ စစ်ဘတ်ဂျက်တွေ စစ်ရေးစီမံကိန်းတွေကို တောင်းဆိုနေချင်တာပါ။ အခု ဒီဆောင်းပါးရေးနေချိန်မှာ စစ်ဆင်ရေးမှာ ပစ်မှတ်အဖြစ် မြောက်ကိုးရီးယားအလံကြီးကို အသုံးပြုခဲ့ပါတယ်။)၊ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်နေတဲ့ နယ်နိမိတ်အငြင်းပွားမှု ပြ ဿနာတွေကို ထိုးဆွပေးနေပြီး "တရုတ်အန္တ ရာယ်"(China Threat)ဆို တာကို လှုံ့နေပါတယ်။ (လာမယ့်သမ္မတရွေးကောက်ပွဲမှာ ရီပတ်ဗလစ် ကင်ပါတီမှ ဝင်ပြိုင်မယ့် သမ္မတလောင်းရဲ့ မဲဆွယ်တရားပွဲများမှာ ပြောကြားနေတာတွေကို ကြည့်ပါ။)

ဒါတွေဟာ အာရှပစိဖိတ်ဒေသတွင်းရှိ စီးပွားရေးအရ တိုးတက်လာနေတဲ့ နိုင်ငံတွေ မလုံမခြုံဖြစ်လာပြီး (အဆင့်မြင့်တာရော၊ မမြင့်တာရော၊ အမေရိကန်လက်နက်တွေ လိုမ့်ဝယ်လာအောင် လုပ်တာပါ။ ဒီလိုနည်းနဲ့ အမေရိကန်ရဲ့ စီးပွားရေးဒေါက်တိုင်ဖြစ်တဲ့ "စစ်လက်နက်ထုတ်လုပ်ရေး"လုပ်ငန်းများ တိုးတက်လာအောင် အဲဒီကနေ အလုပ်အကိုင် အသစ်များ ပေါ်ထွက်လာအောင် ရည်ရွယ်တာဖြစ်ပါတယ်။

တကယ်တော့ သမရိုးကျလက်နက်များ(conventional weapons) ဟာ အမေရိကန်မှာ ပုံအော လျှံကျနေပေမယ့် အမေရိကန် စစ်ရေးများမှာ အမေရိကန်အတွက် သုံးစရာမလိုတော့ပါ။ (အခုနောက်ဆုံး လက်ကြားယို သတင်းများအရ အမေရိကန်အနေနဲ့ အီရန်ရဲ့ အနုမြူလုပ်ငန်းစဉ်များကိုတောင် ရပ်သွားအောင် (Cyper attack) နဲ့ လုပ်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။) ဒါကြောင့် ဒီလက်နက်တွေ ရောင်းစွန့်အောင် နည်းလမ်းတွေရှာရတာပါ။ လွန်ခဲ့တဲ့ လအနည်းငယ်က ဖိလစ်ပိုင်ကို ရောင်းပေးခဲ့တဲ့ အမေရိကန်ရဲ့ ကမ်းလှည့်ရေတပ်သင်္ဘောများကိုပဲ ကြည့်ပါ။ အမေရိကန်ရေတပ်က ခေတ်မမီတော့တဲ့ စွန့်ပစ်တော့မယ့် သင်္ဘောများသာ ဖြစ်ပါတယ်။ ဒဲ့အပြင် တောင်တရုတ်ပင်လယ်တွင်း ဖြစ်ပွားနေတဲ့ တင်းမာမှုတွေကို အကြောင်းပြုပြီး အမေရိကန်တွေက ဖိလစ်ပိုင်မှာ ရေတပ်စခန်းများ ပြန်ဖွင့်ဖို့ ကြိုးစားလာနေပါတယ်။ (ဒါကို ဖိလစ်ပိုင်ပြည်သူများကလည်း အကြောက်အကန် ကန့်ကွက်နေပါတယ်။) ဖိလစ်ပိုင်သမ္မတ အာကွိနိုကလည်း ဖိလစ်ပိုင်စစ်တပ်ရဲ့ ဩဇာကို မလွန်ဆန်နိုင်ဘဲ အမေရိကန်ထံမှ စစ်လက်နက်ပစ္စည်းတွေ ဝယ်ယူဖို့ ဘတ်ဂျက် အမြောက်အမြား ခွင့်ပြုနေရတယ်။ (ဖိလစ်ပိုင်ဟာ ဒီမိုကရေစီနိုင်ငံဆိုပေမယ့် စစ်တပ်ရဲ့ ဩဇာကို ခံနေရ သေးတယ်ဆိုတဲ့ ပြဿဂ်တခုပါ။)

ဒါတွေဟာ အမေရိကန်ရဲ့ အာရှပစိဖိတ်လှည့်လာရတဲ့ အကြောင်းရင်းတွေ ဖြစ်ပါတယ်။

နောက် အကြောင်းတရပ်လည်း ရှိပါသေးတယ်။ အဲဒါကတော့ တရုတ်ရဲ့ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးဩဇာ ကြီးလာမှုကို ထိန်းချုပ်ဖို့ပါပဲ။ ဒါပေမဲ့ အခုခေတ်ဟာ စစ်အေးခေတ်(ဝါဒရေးရာ လွန်ဆွဲပွဲကာလ) ကာလ မဟုတ်တော့ပါဘူး။ ဒီဒေသတွင်းရှိ နိုင်ငံအများအပြားဟာ တရုတ်ရဲ့ဩဇာ ကြီးမားလာမှုအပေါ် တစုံတရာ မအီမသာ ဖြစ်မှုများ ရှိပေမယ့် (ဥပမာ–ဂျပန်နိုင်ငံ) အမေရိကန်ကိုလည်း ပုံ့မယုံနိုင်ပါဘူး။ ဒဲ့အပြင် စီးပွားရေးစျေးကွက်နယ်ကြီးအဖြစ် ကြီးထွားလာနေတဲ့ တရုတ်စျေးကွက်ကြီး (ဝယ်လက်ကြီး) ကိုလည်း လျစ်လျူ မရှုနိုင်ပါဘူး။

ဒါကြောင့် နိုင်ငံအတော်များများဟာ နှစ်လမ်းသွားပေါ်လစီကို ကျင့်သုံးကြပါတယ်။ လုံခြုံရေးကိစ္စများမှာ အဆင့်မြင့်နည်းပညာတွေကို ပိုင်ဆိုင်တဲ့ အမေရိကန်ကို လက်ကမ်းကြိုဆို လုပ်ဆောင်နေကြပြီး (ဥပမာ–ဗီယက်နမ်နိုင်ငံ) စီးပွားရေးကိစ္စတွေမှာတော့ တရုတ်ကို အားထားနေကြရပါတယ်။ (တနေ့တခြား တိုးတက်လာနေတဲ့ အရှေ့အာရှ စီးပွားရေးဇုန် လုပ်ငန်းများကို ကြည့်ပါ။ တရုတ်၊ တောင်ကိုးရီးယား၊ ဂျပန် လွတ်လပ်တဲ့စျေးကွက် ဖော်ဆောင်ဖို့ လုပ်ဆောင်နေတာတွေကို ကြည့်ပါ။)

ဒဲ့အပြင် ဒေသတွင်းရှိ နိုင်ငံများမှာ ပွင့်လင်းလွတ်လပ်မှုများ ရှိလာပြီး သတင်းမီဒီယာလုပ်ငန်းများ ကျယ်ပြန့်လာမှုများကလည်း ဒီဒေသရှိ ပညာရှင်များရဲ့ စဉ်းစားနည်းတွေ၊ လူထုရဲ့ စဉ်းစားနည်းတွေ ရင့်ကျက် ဘက်စုံမှုရှိလာတာ တွေ့ရပါတယ်။

ဥပမာ (၁) အိန္ဒိယက မဏိပူ တက္ကသိုလ် ပါမောက္ခနာလီပွတ် Naliput ရဲ့ ပြောစကားကို လေ့လာကြည့်ပါ။

"လူတချို့က အိန္ဒိယနဲ့ တရုတ် စစ်ဖြစ်အောင် လုပ်နေကြတယ်။ အိန္ဒိယနဲ့ တရုတ် စစ်ဖြစ်ရင် ဘယ်နိုင်ငံမှ မနိုင်ဘူး။ ၂ နိုင်ငံလုံး ရှုံးမှာ။ ကြားထဲကပဲ မြတ်သွားကြမှာ။ တို့ ဘယ်တော့မှ ဒီလို ထောင်ချောက်မျိုးထဲ အကျမခံတော့ဘူး"တဲ့။

၂ နိုင်ငံလုံးကို လှည့်ရောင်းနေတဲ့ လက်နက်ရောင်းပေးတဲ့ နိုင်ငံကြီးတွေပဲ အမြတ်အစွန်းရမှာကို နားလည်လာကြပါပြီ။

ဥပမာ(၂) တရုတ်ကာကွယ်ရေးတက္ကသိုလ်က ပါမောက္ခ တယောက်ရဲ့ ပြောစကားကိုလည်း ကြည့်ပါ။

"တို့တတွေဟာ ၁၈ ရာစု ၁၉ ရာစုက ရေတပ်အင်အား မတောင့်တင်းလို့ စီးပွားရေး ချွတ်ချုံကျလို့ နိုင်ငံခြားသားများရဲ့ အနိုင်ကျင့်မှု (၁၈ရာစု ၁၉ ရာစုများအတွင်း ဂျပန်ရဲ့ စစ်ရေးအရ ကျူးကျော်မှု၊ နယ်ချဲ့နိုင်ငံကြီး ၈ နိုင်ငံရဲ့ စုပေါင်းကျူးကျော်မှု –နွေရာသီနန်းတော်ကြီး မီးရှို့ခံရမှုတို့ကို ရည်ရွယ်တာပါ။) ကို ခံကြရလေခြင်းဆိုတဲ့ နာကြည်းစိတ်နဲ့ ကိုယ့်နိုင်ငံစီးပွားရေး အင်အားတောင့်လာအောင် စစ်ရေးအင်အား(အထူးသဖြင့်ရေတပ်) တောင့်တင်းလာအောင် ကုန်းရုန်းလုပ်ဆောင်ခဲ့ကြတယ်။ တို့နိုင်ငံကြီး အင်အားကြီးလာတဲ့အခါ ငါတို့တကြိမ်တခါက မလုံမခြုံဖြစ်ခဲ့သလိုပဲ တခြား(ငါတို့လောက် အင်အားမရှိတဲ့) နိုင်ငံငယ်များလည်း မလုံမခြုံဖြစ်လာလိမ့်မယ်လို့ မစဉ်းစားမိခဲ့ဘူး။ ငါတို့ရဲ့ ပေါ်လစီ၊ မူတွေကို အထူးသဖြင့် ငါတို့ရဲ့ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေး စတာတွေကို သူတို့တတွေ နားလည်သဘောပေါက်အောင် လုပ်ဆောင်ပေးဖို့၊ တို့လုပ်ဆောင်ချက်တွေကို ထိန်းညှိဖို့ ပျက်ကွက်ခဲ့ကြတယ်။ ဒီကြားထဲက တတိယအင်အားစု (အမေရိကန်အပါအဝင် အနောက်နိုင်ငံများကို ဆိုလို။ ဂျပန်ကလည်း ဝင် ပါဝင်တတ်သေးတယ်။) တွေက ဝင်ခလောက်ဆန်တော့ ပိုဆိုးသွားနိုင်တာပေါ့။ တို့တတွေကလည်း ဒါကို ပြန်သုံးသပ်ရလိမ့်မယ်"တဲ့။

ဥပမာ(၃) တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဟုန်လေကလည်း "ကျွန်တော်တို့အနေနဲ့ အာရှပစိဖိတ်ဒေသအတွင်း အမေရိကန်ရဲ့ ဝင်ရောက်ပါဝင်လာမှုကို ကြိုဆိုပါတယ်။ အာရှပစိဖိတ်ဒေသကြီးဟာ အလွန် အလားအလာ ကောင်းပြီး အစွမ်းထက်တဲ့ဒေသ (dynamic) ဖြစ်လို့ ဘယ်နိုင်ငံကြီးတွေမဆို ခေါင်းဝင်ကိုယ်ဆန့် လှုပ်ရှားနိုင်ပါတယ်။ အမေရိကန်ရဲ့ အဆင့်မြင့်အတတ်ပညာတွေနဲ့ အရင်းအနှီးများဟာ ဒီဒေသ တိုးတက်ဖွံ့ဖြိုးရေးအတွက် အပြုသဘောဆောင်ဖို့တော့ လိုပါတယ်။ ဒီဒေသတွင်းရဲ့ နဂိုရှိရင်းစွဲ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေအတွက်တော့ အဟန့်အတား၊ အနှောင့်အယှက် မဖြစ်စေသင့်ပါ ဘူး"လို့ ပြောသွားပါတယ်။

ဒါတွေဟာ အလွန်ကောင်းတဲ့ ဖြစ်ရပ်တွေပါ။ နိုင်ငံ အသီးသီးကလည်း မိမိနိုင်ငံတိုးတက်ရေး ဖွံ့ဖြိုးရေးအတွက် ဘက်စုံစဉ်းစား လာကြတာတွေ တွေ့နေပါတယ်။ အပြောနဲ့ အလုပ် ညီမညီ စောင့်ကြည့်ဖို့လည်း လွယ်ကူလာပါတယ်။

ဒီလိုကာလမှာ ပထဝီနိုင်ငံရေးအရ အရေးပါလှတဲ့ ဗမာပြည်ရဲ့ နိုင်ငံရေးအပြောင်းအလဲမှာလည်း ကမ္ဘာ့နိုင်ငံရေး အပြောင်း အလဲများနဲ့ အညီလိုက်လျောညီထွေ လုပ်ဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းလိုက်ရပါတော့တယ်။ စဉ်းစားမှုတွေ ဘက်စုံဖို့ တော့ လိုပါတယ်။

ရဲဘော်ထွန်းမြတ်

၂၃–၆–၂၀၁၂။

# ရည်မှန်းချက်ပန်းတိုင်ရဲ့ လှေကား

ဘိုကေသောင်း

လူငယ်တွေ ပြောဆိုဆွေးနွေးချင်ဆုံး အကြောင်းအရာကတော့ ရည်မှန်းချက်ပန်းတိုင်လို့ ဆိုရမှာဖြစ်သလို လူငယ်တွေ စိတ်အဆင်းရဲရဆုံး ဖြစ်ရတာကလည်း ရည်မှန်းချက်ပန်းတိုင်နဲ့ လက်တွေ့ အစဉ်အမြဲဆိုသလို ပဋိပက္ခ ရှိနေတတ်ခြင်းပါပဲ။

တချို့လူငယ်တွေဟာ ရည်မှန်းချက်ပန်းတိုင်တော့ ရှိပါရဲ့။ ကြိုးကြိုးကုတ်ကုတ် လုံးပန်းအားထုတ်မှုကျတော့ မလုံလောက်ပြန်ဘူး။ တချို့ကျပြန်တော့လည်း ရည်မှန်းချက်ပန်းတိုင်အတွက် သိပ်ကို ကြိုးစားပစ်လိုက်မယ်လို့ အားခဲထားပေမယ့် အချိန်ကို တစက် ကလေးမှတောင် မိမိရရ အသုံးမချနိုင်ဘူး။ တချို့ကျတော့ မိမိဟာ အခြေအနေ အကြောင်းအချက် သိပ်နုံနဲ့လွန်းလှတယ်၊ အလုပ်ကလည်း သာမန်အညတရ၊ အစွမ်းပြစရာ နေရာမရှိ၊ မိမိစိတ်ဆန္ဒကို အပြည့်အဝ စိတ်ကြိုက် ဖော်ထုတ် အစွမ်းမပြနိုင်ဘူးလို့ ထင်မှတ်နေတတ်ကြတယ်။ အကျိုးဆက်ကတော့ စိတ်ညစ်ညူးမှုအတွင်း အချိန်တွေ အလဟသကုန်ဆုံး ဘာမှလည်း မယ်မယ်ရရ ဖြစ်မလာလို့ အကြိမ်ကြိမ် ပင်သက်တမမ ဖြစ်နေကြရတယ်။

ကြိုးပမ်းအားထုတ်မှုဟာ ရည်မှန်းချက်ပန်းတိုင် အကောင်အထည် ဖော်ရေးရဲ့ လှေကားဖြစ်တယ်။ ကြိုးပမ်းအားထုတ်မှု မရှိရင်တော့ ရည်မှန်းချက်ပန်းတိုင်ဆိုတာ စိတ်ကူးယဉ်မှုသက်သက်သာ ဖြစ်လိမ့်မယ်။ ရည်မှန်းချက်ပန်းတိုင်ရှိတဲ့ လူငယ်တိုင်းဟာ မျက်စိရှေ့မှောက်မှာကျရောက်နေတဲ့ လက်တွေ့က အစချီသင့်တယ်။ အလွန်ကို အဆင်းရဲအပင်ပန်းခံ ကြိုးပမ်းအားထုတ်ပြီး ရည်မှန်းချက်ပန်းတိုင်ရဲ့ လှေကားကို တက်လှမ်းသွားသင့်တယ်။

ရည်မှန်းချက်ပန်းတိုင်ရဲ့ လှေကားဆိုတာကို အပတ်တကုတ် ကြိုးပမ်းအားထုတ်သူတွေကသာ ပိုင်ဆိုင်ပါတယ်။

မာ့ဂ်စ်ဟာ လူသားအားလုံး လွတ်မြောက်ရေးရဲ့ ရည်မှန်းချက်ပန်းတိုင်အတွက် ဘဝတသက်တာလုံး ကြိုးပမ်းအားထုတ်ခဲ့တယ်။ သူဟာ ပြင်းထန်တဲ့ အလုပ်သမားလှုပ်ရှားမှုအတွင်း တက်တက်ကြွကြွ ခြေစုံပစ်ပါဝင်လိုက်တယ်။ မရေတွက်နိုင်လောက်အောင် များပြားလှတဲ့ ကျမ်းတွေကို ရူးစမ်းလေ့လာဖတ်ရှုတယ်။ ဥရောပ နိုင်ငံတချို့ရဲ့ ဘာသာစကားတွေကို လေ့လာတတ်ကျွမ်းသူ ဖြစ်လာခဲ့တယ်။ သူဟာ စာကြည့်တိုက်မှာ အဆက်မပြတ် နှိုက်နှိုက်ချွတ်ချွတ် ရူးစမ်းလေ့လာတယ်။ နှစ်ဆယ်ပေါင်းများစွာကို တရက်တည်းပမာ နေ့စဉ် ထိုင်လေ့လာရေး လုပ်နေခဲ့လို့ ထိုင်နေတဲ့နေရာဟာ မမျော်လင့်ဘဲ ခွက်သွားရတဲ့အထိ ဖြစ်ခဲ့ရတယ်လို့တောင် ကြားသိရဖူးပါတယ်။

ဓာတုဗေဒပညာရှင် နိုဘယ်ဟာ ပေါ်ပေါက်သက်သာတဲ့ အလုပ်ခွင်ရဲ့ မြေတူးအလုပ်သမားအလုပ်မှ ခက်ခဲရှုပ်ထွေးတဲ့ ယမ်းဘီလူး တီထွင်ရေးကို သန္ဓိဌာန်ချလိုက်တာ ဖြစ်တယ်။ ၄ နှစ်လုံး အိပ်ရမှန်းမသိ စားရမှန်းမသိ စမ်းသပ်ချက် အကြိမ်ပေါင်း ၃–၄၀၀ အထိ ပြုလုပ်ခဲ့ရတယ်။ နောက်ဆုံး စမ်းသပ်ချက်ပြုလုပ်နေစဉ်မှာ တင်ဒွေ့ဒွေ့ လောင်ကျွမ်းနေတဲ့ စနက်ကြိုးကို သူ အာရုံစူးစိုက် ကြည့်နေမိတယ်။ ဇရာမအသံကြီး တချက် ထွက်လာတယ်။ ဘေးမှာရှိတဲ့လူတွေက "နိုဘယ်တော့ ကိစ္စချောပြီကွ" လို့ အလန့်တကြား အော်ကြတယ်။ နိုဘယ်ကတော့ မီးခိုးတွေ မှောင်မည်းနေတဲ့အထဲက ခုန်ထွက်လာတယ်။ မျက်နှာတခုလုံးကလည်း မည်းမှောင်လို့။ တကိုယ်လုံးကလည်း သွေးအလိမ်းလိမ်းနဲ့။ လှိုက်လဲတက်ကြွစွာ အားပါးတရ "အောင်ပြီ၊ အောင်ပြီ" လို့လည်း အော်နေတယ်တဲ့။

ဒီလို ထူးချွန်တဲ့လူပုဂ္ဂိုလ်တွေဟာ မြင့်မြတ်တဲ့ရည်မှန်းချက်တမျိုးမျိုးရဲ့ ဖမ်းစားမှုအောက်မှာ အံ့သြဖွယ်ရာ ဇွဲသတ္တိနဲ့ ကိုယ်ကျိုးမဖက်တဲ့ စိတ်ဓာတ်တွေ ပေါက်ဖွားလာခဲ့ကြတာပါ။ ရည်မှန်းချက်ပန်းတိုင်ဆိုတဲ့ လှိုင်းတံပိုးက အားပေးအားမြှောက်ပြုလို့ သူတို့ဟာ အပတ်တကုတ် ကြိုးပမ်းအားထုတ်ခဲ့ကြတယ်။

ဒီနေ့ ကျွန်တော်တို့ အမိဗမာပြည်မှာလည်း အဖိနှိပ်ခံတိုင်းရင်းသားပြည်သူအားလုံး စစ်မှန်တဲ့ဒီမိုကရေစီရရှိရေး အရေးတော်ပုံအတွက် လုံးပန်းအားထုတ်နေရဆဲဖြစ်တယ်။ ဒီလုပ်ငန်းတာဝန်ဟာ ခက်ခဲပါတယ်။ ခက်ခဲမှုအတိုင်းအတာက ကြီးလွန်းတော့ လူ အသိန်းအသောင်း ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါ တယ်။ အထူးသဖြင့် လူငယ်တွေ မဆုတ်မနစ် ဇွဲလုံ့လဖြင့် အပတ်တကုတ် လုံးပန်းအားထုတ်

ကြရန် လိုအပ်ပါတယ်။ ဒီလိုမြင့်မြတ်တဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိဖို့ လုံးပန်းအားထုတ်တဲ့ လူငယ်တွေ ဟာ လက်တွေ့ကို မျက်နှာမူရဲရမယ်။ အခက်အခဲ ဆင်းရဲဒုက္ခမှန်သမျှကို မကြောက်၊ အခြေအနေကို အပြစ်တင် ညည်းတွားမနေဘဲ ကောင်းကင်ကို ဒူးနဲ့တိုက်ရဲတယ်ဆိုတဲ့ စိတ်ဓာတ်မျိုးဖြင့် အပတ်တကုတ် ကြိုးပမ်းအားထုတ်ရင်းဖြင့် ရည်မှန်းချက်ပန်းတိုင်းကို တက်လှမ်းသွားနိုင်စေရမယ်။

ရည်မှန်းချက်ပန်းတိုင်ရဲ့ လှေကားကို အချိန်ကို တန်ဖိုးထားသူတွေသာ ပိုင်ဆိုင်နိုင်ပါတယ်။ ဖရင်ကလင်ရဲ့ ကျော်ကြားတဲ့ စကားတခွန်းရှိပါတယ်။ "သင်ဟာ အသက်ကို ချစ်မြတ်နိုးပါသလား။ အချိန်ဟာ အသက်ကို ဖွဲ့စည်းထားတဲ့ အချက်အလက်ဖြစ်တာကြောင့် အချိန်ကို မဖြုန်းသင့်ဘူး" တဲ့။ သိပ္ပံပညာရှင်၊ စာပေအနုပညာရှင် အများအပြားဟာ အချိန်နဲ့ အပြေးပြိုင်နိုင်တဲ့ လူတော်လူကောင်းတွေ ဖြစ်ကြတယ်။

အက်ဒီဆင်ဟာ သူ့ဘဝတသက်တာမှာ တီထွင်ဖန်တီးမှု ၁,၀၀၀ ကျော်ကို လုပ်ဆောင်ခဲ့တယ်။ ဒီမရေမတွက်နိုင်လောက်အောင် များပြားလှတဲ့ စမ်းသပ်မှုတွေအတွက် အချိန်တွေ ဘယ်က ဘယ်လိုရလာသလဲ။ အမြဲဆိုသလို အဆက်မပြတ် ၂ ရက် ၃ ရက် အလုပ်လုပ်ရတဲ့ အလွန်အမင်း အရေးတကြီးဖြစ်နေတဲ့ အကြားကနေ အချိန်ကို ညှစ်ထုတ်ယူခဲ့ရတာပါ။

တရုတ်ပြည်သူ့စာရေးဆရာကြီး လူရှုန်းက "အချိန်ဟာ အသက်ဖြစ်တယ်" ဆိုတဲ့ ဆုံးမစကားအတိုင်း မိမိကိုယ်ကိုယ် စည်းကမ်းတင်းကျပ်စွာ လိုက်နာဆောင်ရွက်စေပြီး ပစ္စည်းမဲ့လူတန်းစား စာပေအနုပညာလုပ်ငန်းရပ်များအား အချိန်ကို အသက်ပမာ ရှုမြင်ပြီး အနှစ် ၃၀ တိုင် ကလောင်ကိုင်ပြီး မရပ်မနားလုပ်ဆောင်ခဲ့တယ်။

အချိန်ရဲ့ တဖြည်းဖြည်း တစစနဲ့ ကုန်မှန်းမသိ ကုန်လွန်သွားမှုဟာ မြန်ဆန်လွန်းလှလို့ ကြောက်စရာကောင်းလှတယ်။ ဒါကြောင့် အချိန်နဲ့ ဒီရေဟာ လူကို မစောင့်လို့ ရှေးလူကြီးသူမများက ဆိုရိုးစကား ထားခဲ့ဟန်တူပါတယ်။ ရှေးအခါက လူ့သက်တမ်းမှာ ၇၀ အထိ နေရတာမျိုး ရှားပါးလှတယ်။ ၃ ပုံ ၁ ပုံက အိပ်စက်ခြင်းကြောင့် ကုန်ဆုံးခဲ့ရတယ်။ ဒဲ့အပြင် ကလေးအရွယ်မှာ ကစားတဲ့ အချိန်တွေကို နှတ်လိုက်ရင် လေ့လာရေးနဲ့ အလုပ်လုပ်တဲ့အချိန်ဟာ အနှစ် ၃၀ လောက်သာ ရှိတာပါ။ ရက် ၁ သောင်းကျော်လောက်လို့ ဆိုနိုင်ပါတယ်။ ဒီတော့ တရက်တရက် အလဟဿ ကုန်ဆုံးသွားတဲ့အချိန်ဟာ အသက်ရဲ့ ၁ သောင်းပုံ ၁ ပုံလောက်ကို ဖြုန်းတီးပစ်နေတော့တာပေါ့။

တရုတ်စာရေးဆရာ ကျူဇစ်ချင်းက "လက်ဆေးတဲ့ အချိန်မှာ အချိန်တွေဟာ ရေဇလုံထဲမှာ ကုန်သွားတယ်။ ထမင်းစားတဲ့ အချိန်မှာ ထမင်းပန်းကန်ထဲမှာပဲ ကုန်သွားခဲ့တယ်။ တကယ်တော့ အချိန်ဟာ မျက်စိရှေ့မှာပဲ တိတ်တိတ်တိုးကလေး ကုန်ဆုံးသွားနေတယ်။ အချိန်ဟာ လောလော လောလောနဲ့ ကုန်ဆုံးသွားတာပါကလားလို့ အကဲခတ်မိတယ်... ..." လို့ သူ့ရဲ့ "ကသုတ်ကရက်" ဆိုတဲ့ ရသ စာတမ်းမှာ ရေးခဲ့ဖူးတယ်။

ဒါပေမဲ့ တချို့ကျတော့လည်း အချိန်ရဲ့ တခဏတာလေးဆိုတာကိုတောင် တွေးဖူးကြမယ်မထင်ပါဘူး။ အချိန်နဲ့ ပတ်သက်တဲ့ သဘောထားဟာ လူတယောက်ရဲ့ ကမ္ဘာ့အမြင်ကိုတောင် စစ်ဆေးနိုင်ပါတယ်။ ဘာရည်မှန်းချက်မှ မရှိသူဟာ လူ့ဘဝဆိုတာရဲ့ အဓိပ္ပာယ်ကိုလည်း သိမှာ မဟုတ်ပါဘူး။ ထို့အတူ အချိန်ကို ချစ်မြတ်နိုးရကောင်းမှန်းလည်း မသိသူ အလိုလို ဖြစ်သွားတော့တာပေါ့။ တကယ်ကို ရည်မှန်းချက်ပန်းတိုင် ရှိသူတွေအဖို့တော့ ကြိုးပမ်းအားထုတ်မှုဆိုတာကိုက ရည်မှန်းချက်ပန်းတိုင်ကို အကောင်အထည်ဖော်ဆောင်နေမှုနဲ့ ဆက်စပ်နေတာကြောင့် မျက်စိတမှိတ် လျှပ်တပြက် အချိန်ကလေးလောက်မျှ အချိန်တမိနစ်၊ တစက္ကန့်ရဲ့ တန်ဖိုးကိုတောင်မှ နားလည်နေကြတယ်။

ရည်မှန်းချက်ပန်းတိုင်ရဲ့ လှေကားဆိုတာ အခက်အခဲကို ရင်ဆိုင်ကျော်လွှားရဲသူများသာ ပိုင်ဆိုင်ပါတယ်။ တကယ်လည်း အခက်အခဲတွေ တည်ရှိနေတာမို့ ကြိုးပမ်းအားထုတ်ရန်မှု၍ လိုအပ်ပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီခရီးစဉ်ကို လျှောက်လှမ်းရာမှာ ခရီးမတွင်ကျယ်မှုတွေ၊ အကွေ့အကောက်တွေ၊ ဆူးချုံပင်တွေ၊ လှိုင်းတံပိုးတွေ ကြုံတွေ့ဖြတ်သန်းရပါလိမ့်မယ်။ အရာရာ ချောချောမောမောနဲ့ ပြေပြေပြစ်ပြစ် ပန်းခင်းတဲ့ လမ်းမျိုး လျှောက်လှမ်းရလိမ့်မယ်လို့ စိတ်ကူးယဉ်မိရင်တော့ ဒါဟာ ဒီမိုကရေစီ အရေးတော်ပုံ ရှေ့ချီတက်နေမှုတွေကို ရပ်တန့်သွားစေလိမ့်မယ်။ တချို့လူငယ်တွေဟာ အသက်သွေးချွေး ဘဝတွေကို စတေးပြီး မည်သည်မည်မျှ လုံးပန်း အားထုတ်နေကြတယ်။ ဒါဟာ တကယ့် ဖြစ်ရပ်တွေပါ။

ဆင်းရဲခက်ခဲတဲ့ ပတ်ဝန်းကျင်က ရည်မှန်းချက်ပန်းတိုင်ရှိသူတွေကို တိုးတက်ဖို့ လုံးပန်းအားထုတ်ရေးအတွက် စွမ်းအင်တက်ကြွလာအောင် ပိုမိုလှုံ့ဆော်ပေးနိုင်တယ်။ ဆိုဗီယက်ပြည်ထောင်စုက ပြည်သူ့စာရေးဆရာကြီး ဂေါ်ကီဟာ လူ့ဘဝရဲ့ ခါးသီးမှုတွေကို အလူးအလိမ့် ခံစားခဲ့ရသူ ဖြစ်တယ်။ လူ့အဖွဲ့အစည်းဟောင်းရဲ့ သွေးတွေ မျက်ရည်စတွေ စွန်းထင်းနေတဲ့ ကြာပွတ်ရဲ့ ရိုက်နှက်မှုအောက်မှာ သူရဲ့ ကြီးမြတ်တဲ့ စိတ်ဓာတ် ဝိညာဉ်ဟာ ဖြစ်ပေါ်လာခဲ့တာပါ။ သူဟာ ရန်သူရဲ့ ဖြောင့်ကျကျ ထိုးနှက်မှုတွေ၊ မမြင်ရတဲ့ တိတ်တဆိတ် ထိုးနှက်တိုက်ခိုက်မှုတွေအောက်မှာ ပြည်သူ့အကျိုးပြု စာတွေကို ကြံ့ကြံ့ခိုင်ခိုင် ရေးသားခဲ့တယ်။ တဝုန်းဝုန်း မိုးချုန်းသံနဲ့ တဝင်းဝင်းလက်နေတဲ့ လျှပ်စီးလက်နေမှုအတွင်း အတောင်ဖြန့် ပျံသန်းနေတဲ့ ဇင်ယော်ဌက်တကောင်လို ဘယ်လို ဆင်းရဲခက်ခဲမှုမျိုးကိုမှ အညံ့မခံ၊ မတွန့်ဆုတ်ဘဲ ဆာလောင်မွတ်သိပ်မှုနဲ့ အသက်ပျောက်ရတော့မယ့် အန္တရာယ်တွေရဲ့ ခြိမ်းခြောက်မှုတွေအတွင်းမှာ သူဟာ ကွန်မြူနစ်ဝါဒအတွက် တိုက်ပွဲဝင်ခဲ့တယ်။

ဒီတော့ ကျွန်တော်တို့ကရော ကျွန်တော်တို့အခက်အခဲတွေကို ဘာမှုနေစရာ လိုပါသေးသလဲ။ တချို့လူငယ်တွေဟာ မိမိတို့ ရဲ့အလုပ်ကိုပဲ သာမန် အညတရ အလုပ်ကလေးတွေအဖြစ် ညည်းတွားနေလေ့ရှိပါတယ်။ တကယ်လည်း အလုပ်လေးတွေဟာ သာမန်အလုပ်ကလေးတွေ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဘယ်လိုတော်လှန်ရေးမျိုးဖြစ်ဖြစ် အလုပ်ဌာနပေါင်း ၃၆၀ လောက် လိုအပ်နေတာပါ။ ဒါကြောင့် အများတကာ့ အများစုဖြစ်တဲ့ လူတွေဟာ သာမန်အလုပ်တွေကိုပဲ လုပ်နေကြဖို့ လိုအပ်နေပါတယ်။ မျှော်မှန်းချက်ဆန္ဒရှိသူတွေဟာ သာမန်အလုပ်တာဝန်တွေကို လုပ်ဆောင်ကြရင်းနဲ့ အောင်မြင်မှုရရှိခဲ့ကြပါတယ်။

ဟွာလော်ကိန်းဟာ အသက်ငယ်စဉ်က အထက်တန်း ကျောင်းတကျောင်းမှာ အလုပ်အမျိုးမျိုး လုပ်ကိုင်ခဲ့ရပြီး ညဘက်ရောက်မှ မှောင်တရိုပိုးတဝါး မှုန်ပျပျ ရေနံဆီမီးရောင် အောက်မှာ သချိုင်္ဂဖော်မြူလာတွေကို တွက်ချက်ခဲ့ရတယ်။ ဒါကို စွဲစွဲမြဲမြဲလုပ်တဲ့အတွက် နောက်ဆုံးမှာ ကျော်ကြားတဲ့ သချိုင်္ဂပညာရှင် ဖြစ်လာတယ်။

ဂျာမန် နက္ခတ္တဗေဒပညာရှင် Willem Janszoon Bleau (၁၅၇၁–၁၆၃၈)ဟာ ရေရှည်အပင်ပန်းခံပြီး အလုပ်အမျိုးမျိုးကို လုပ်ကိုင်ခဲ့ရသူဖြစ်ပြီး အလုပ်အားချိန်မှာ နွိက်နွိက်ချွတ်ချွတ် ဆည်းပူးလေ့လာလို့ ဂြိုဟ်တွေရဲ့ လှည့်ပတ်မှု နိယာမ ၃ ရပ်ကို တွေ့ရှိခဲ့တာ ဖြစ်တယ်။

ဂျွန်ဒေါ်လတန်ဟာ အထက်တန်း ကျောင်းဆရာတဦးဖြစ်သလို အိုင်စတိုင်းဟာ သာမန်အမှုထမ်းကလေး တဦးဖြစ်ပါတယ်။ ရက်ကန်းစက်၊ ရေနွေးငွေ့အင်ဂျင်စက်၊ လေယာဉ်ပျံ၊ မီးရထားတို့ကို တီထွင်ခဲ့ကြသူတွေဟာလည်း သာမန်လုပ်ငန်းခွင်မှာ အလုပ်တာဝန်တွေကို လုပ်ကိုင်နေခဲ့ကြသူတွေပဲ မဟုတ်ပါလား။ ပြဿနာက လုပ်ငန်းခွင် မဟုတ်ဘဲ တကယ့်မြင့်မြတ်တဲ့ မျှော်မှန်းချက်နဲ့ အဲဒီမျှော်မှန်းချက်အတွက် မရပ်မနား လုံးပန်းအားထုတ်တဲ့ ခိုင်မာတဲ့စိတ်ဓာတ်သာ ဖြစ်တယ်ဆိုတာ တွေ့နိုင်ပါတယ်။ ရည်မှန်းချက် ပန်းတိုင်ရှိတဲ့ လူငယ်တယောက်ဟာ မိမိရဲ့စိတ်ဓာတ်ကို အညွှန့်ချိုးပြီး အခက်အခဲတွေကို ဘယ်နည်းနဲ့မှ အလျှော့ မပေးသင့်ပါဘူး။ လုံးပန်းအားထုတ်မှုအတွင်း လက်ရုံး ၂ ဖက်ကို ဆန့်တန်းထားလိုက်ပါ။ မြင့်မြတ်တဲ့ရည်မှန်းချက်အတွက် ဘဝတသက်လုံး လုံးပန်းအားထုတ်ခဲ့ရတဲ့ လက်ရုံး ၂ ဖက်ကို စုသိမ်းလိုက်ချိန်မှာ အားရကျေနပ်ဖွယ်ဖြစ်တဲ့ ကြီးမားတဲ့ အောင်သီးအောင်နှံများကို ပွေ့ပိုက်ထားနိုင်စေရမယ်။

ကြိုးပမ်းအားထုတ်မှုဆိုတာ လက်ရှိအခြေအနေကို ပြောင်းလဲပစ်တဲ့ မောင်းတံ (လီဗာ) ဖြစ်တယ်။ ဒါဟာ ပြည်သူအထောင်အသောင်း ဒီမိုကရေစီအရေးတော်ပုံရဲ့ တောင်ထိပ်ရောက်ရေးအတွက် ခိုင်မာတဲ့လှေကားလည်း ဖြစ်တယ်။ အားမလျှော့ဘဲ ပျော့ပျောင်းကြံ့ခိုင်မှုရှိစွာ တဆင့်ပြီးတဆင့် တက်လှမ်းပြီး ထွန်းပြောင်တဲ့ ဒီမိုကရေစီရေး မျှော်မှန်းချက်ပန်းတိုင်ရဲ့ တောင်ထိပ်ကို တလှမ်းပြီးတလှမ်း ချဉ်းကပ်သွားနိုင်ပေလိမ့်မယ်။ ဒီလိုနဲ့ ကျွန်တော်တို့ဟာ ကြီးမြတ်တဲ့ ဒီမိုကရေစီရေး ချီတက်ရာခရီးလမ်းကြောင်းမှာ မိမိတို့ရဲ့ ကြိုးပမ်းအားထုတ်မှုတေးမော်ကွန်းများကို ရေးထိုးရင်း ရည်မှန်းချက်ပန်းတိုင်ကို ဆုပ်ကိုင်သွားနိုင်စေရမယ်။

ကိုးကား။ ။ တရုတ်လူငယ်သတင်းစာမှ ချိန်ချန်းရဲ့ ဆောင်းပါး။

**ဘိုကေသောင်း**
**မေလ ၁၂ ရက် ၂၀၁၂။**

**စာမူရှင်များသို့**
- **၂၀၀၈ အခြေခံဥပဒေ တိုက်ဖျက်ရေး၊ ပြည်သူ့အင်အားစုစည်းရေး ရည်မှန်းချက်ဖြင့် 'အရေးတော်ပုံ ဂျာနယ်'အတွက် စာမူများ ဖိတ်ခေါ်အပ်ပါတယ်။**
- **'အရေးတော်ပုံ ဂျာနယ်'ကို တော်လှန်ရေးကာလတလျှောက် ရေရှည်ထုတ်ဝေသွားမှာ ဖြစ်ပါတယ်။**
- **ဆောင်းပါးများ၊ အနုပညာဖန်တီးမှုအမျိုးမျိုး၊နဲ့ ရသစာပေ၊ ကာတွန်းများ ပေးပို့ နိုင်ပါတယ်။**
- **ဆောင်းပါးပါ အချက်အလက်များကတော့ ခိုင်မာတိကျဖို့ လိုပါတယ်။ ရည်ညွှန်း(Ref:) ဖို့ လိုရင် အတိအကျ ဖော်ပြဖို့လည်း လိုပါတယ်။**
- **စာမူပေးပို့ရင် swptbn@yahoo.com ဆိုတဲ့ လိပ်စာနဲ့ ပေးပို့နိုင်ပါတယ်။**

**လေးစားစွာဖြင့်...**
**စာတည်းအဖွဲ့**

နိုင်ငံတကာ
ကွန်မြူနစ်ဝါဒ လှုပ်ရှားမှု

# ကွန်မြူနစ်တွေရဲ့အနာဂတ်ဟာ ထွန်းလင်းတောက်ပနေတယ်

**စိမ်းမြမြဝိုင်း**

မျက်မှောက်ကမ္ဘာ (CONTEMPORARY WORLD) ဆိုတဲ့ လစဉ်ထုတ်ဂျာနယ်မှာ ဆိုက်ပရပ် လုပ်သားပြည်သူ တိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူးနဲ့ တွေ့ဆုံမေးမြန်းခန်းတခု ထည့်သွင်းဖော်ပြထားပါတယ်။ ဒီပါတီဟာ ၁၉၂၆ ခုနှစ်က ထူထောင်ခဲ့တဲ့ ပါတီဖြစ်လို့ ဥရောပမှာ အစောဆုံး ထူထောင်ခဲ့တဲ့ ကွန်မြူနစ်ပါတီအများအပြားအနက်က တပါတီဖြစ်တယ်။ အဲဒီနောက် ပြည်သူလူထုအတွင်း ကိုလိုနီဝါဒဆန့်ကျင်တဲ့ နိုင်ငံရေး လှုပ်ရှားမှုကို လုပ်ဆောင်တဲ့အတွက် အင်္ဂလိပ်အာဏာပိုင်တွေက မတရားသင်းအဖြစ် ကြေညာခံခဲ့ရတယ်။ ၁၉၄၁ မှာ ဆိုက် ပရပ် ကွန်မြူနစ်ပါတီဟာ ပါတီအလံကို လုပ်သားပြည်သူ တိုးတက် ရေးပါတီထံ လက်ဆင့်ကမ်းလိုက်တယ်။ ယခုအခါ ဒီဆိုက်ပရပ် လုပ်သားပြည်သူများ တိုးတက်ရေးပါတီဟာ ဆိုက်ပရပ်မှာ အာဏာရ နိုင်ငံရေးပါတီ ဖြစ်ပြီး EU အဖွဲ့ဝင်နိုင်ငံတွေအတွင်းမှ ကွန်မြူနစ်ပါတီအာဏာရနေတဲ့ တခုတည်းသော နိုင်ငံငယ်လေး တနိုင်ငံလို့လည်း ဆိုပါတယ်။

မျက်မှောက်ကမ္ဘာ လစဉ်ထုတ်ဂျာနယ် သတင်းထောက်က ဆိုက်ပရပ် လုပ်သားပြည်သူ တိုးတက်ရေးပါတီ အထွေထွေ အတွင်းရေးမှူး Antros Kyprianou နဲ့ တွေ့ဆုံမေးမြန်းခန်းမှာ မေးခွန်း ၈ ခု မေးမြန်းခဲ့ပါတယ်။ အဲဒီအမေးအဖြေ ၈ ခုအနက် အောက်ဖော်ပြပါ အမေးအဖြေ ၃ ခုကို ထုတ်နုတ်တင်ပြလိုက်ပါတယ်။

**မေး။** ။ လွန်ခဲ့တဲ့ အနှစ် ၂၀ က ဖြစ်ပွားခဲ့တဲ့ အရှေ့ ဥရောပ နိုင်ငံတွေရဲ့ ဆိုးဝါးတဲ့ အသွေးအရောင်ပြောင်းလဲသွားမှုက ကွန်မြူနစ်ပါတီ အများအပြားရဲ့ ကံကြမ္မာကို ပြောင်းလဲသွားစေခဲ့တယ်။ မျက်မှောက် နိုင်ငံအများအပြားမှာ ကွန်မြူနစ်ပါတီတွေ တည်ရှိမြဲ တည်ရှိနေဆဲဖြစ်တယ်။ ဒါပေမဲ့ ကျပ်တည်းခက်ခဲတဲ့ အခြေအနေမှာ ရှိနေတယ်။ ဥရောပ ကွန်မြူနစ်ပါတီတွေ မျက်မှောက် ရင်ဆိုင်နေရတဲ့ အခက်အခဲ အကျပ်အတည်းတွေကို အထွေထွေ အတွင်းရေးမှူးအနေနဲ့ ဘယ်လို ရှုမြင်သုံးသပ်ပါသလဲ။ ဥရောပနဲ့ တကမ္ဘာလုံးရှိ လက်ဝဲအင်အားစုတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကို ဘယ်လို အကဲဖြတ်ပါသလဲ။

**ဖြေ။** ။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားတာဟာ ဆိုရှယ်လစ်အရေးတော်ပုံ နောက်ဆုတ်သွားမှုကြီးတခု ဖြစ်တယ် ဆိုတာ လုံးဝသံသယဖြစ်စရာ မလိုဘူး။ ဒါပေမဲ့ ဆိုဗီယက်နဲ့ အရှေ့ဥရောပ ဆိုရှယ်လစ်စနစ် နိုင်ငံတွေရဲ့ ကြီးမြတ်တဲ့သမိုင်းက ကွန်မြူနစ်ပါတီတွေကိုသာမက အဲဒီနိုင်ငံတွေက ပြည်သူတွေနဲ့ လူသားတရပ်လုံးအတွက် တန်ဖိုးရှိတဲ့အတွေ့အကြုံနဲ့ ဥစ္စာဓနတချို့ ချန်ထားခဲ့တယ်။ ဒီအမွေအနှစ်တွေကို ဆက်ခံသွားသင့်ပါတယ်။ မျက်မှောက် ဥရောပ ကွန်မြူနစ်ပါတီတွေဟာ ဘက်အသီးသီးက ဖိအားနဲ့ ထိုးနှက်ချက်တွေကို ခံနေရရုံသာမက နိုင်ငံအသီးသီးရဲ့ ရွေးကောက်ပွဲများအတွင်း အမျိုးမျိုးအဖုံဖုံ ဖော်ပြနေကြတယ်။ ဒါပေမဲ့ ပြည်သူတွေက ကွန်မြူနစ်ပါတီတွေ ဆောင်ရွက်ခဲ့တဲ့ ကောင်းမှုတွေနဲ့ပတ်သက်လို့ မြင့်မြင့်မားမားတန်ဖိုးထားကြတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ကြပါလိမ့်မယ်။ (၁) ဒုတိယကမ္ဘာစစ်အတွင်း ဟစ်တလာရဲ့ နာဇီဝါဒကို ဆန့်ကျင်တိုက်ခိုက်တဲ့ တိုက်ပွဲအတွင်း ခြေစုံပစ်ပါဝင်ပြီး ဥရောပတိုက်ရဲ့ နောက်ဆုံးလွတ်မြောက်ရေး အတွက် ကြီးမားလှတဲ့ကောင်းမှုပြုခဲ့တယ်။ (၂) အလုပ်သမား အခွင့် အရေးမြှင့်တင်ရေးကို တွန်းဆော်ပေးခဲ့တယ်။

ကွန်မြူနစ်ပါတီဟာ တိုးတက်တဲ့အင်အားစုအနေနဲ့ အလုပ်သမားတွေရဲ့ အကျိုးစီးပွား ကာကွယ်ရေးအတွက် တိုက်ပွဲဝင်ခဲ့တယ်။ ဥရောပနိုင်ငံတွေ နိုင်ငံတော်ကြွေးမြီအကျပ်အတည်း ဆိုက်နေတဲ့ အခြေအနေအောက်မှာ ကွန်မြူနစ်ပါတီတွေဟာ အရင်းရှင်စနစ် ဆန့်ကျင်တိုက်ဖျက်ရေးအတွက် ပြည်သူလူထုကို ရှေ့ဆောင်တိုက်ပွဲဝင်ခဲ့လို့ တဆင့်တက် ဖွံ့ဖြိုးတိုးတက်မှု ရရှိခဲ့ကြတယ်။ ဒါဟာ ကွန်မြူနစ်ပါတီအားလုံးရဲ့ တာဝန်ဖြစ်ရုံသာမက ဥရောပသမဂ္ဂဝင်နိုင်ငံတွေနဲ့ ကမ္ဘာပေါ်ရှိ တချို့နိုင်ငံတွေ၊ ကွန်မြူနစ်တွေကလည်း ဒီအချက်ကို မှန်မှန်ကန်ကန် လုပ်ဆောင်ကြရမယ်။ သမိုင်းဟာ ရှေ့ကိုဖြစ်ထွန်းတိုးတက်မှုနဲ့ လူ့အဖွဲ့အစည်းရဲ့ တိုးတက်မှုတို့ဟာ ဘယ်တော့မှ ရပ်တံ့မနေဘူး။ ကျွန်တော်တို့ ကွန်မြူနစ်တွေရဲ့ အနာဂတ်ဟာ ထွန်းပြောင်ပါတယ်။

**မေး။** ။ ကျွန်တော်တို့ ၂ ပါတီလုံးဟာ ကွန်မြူနစ်ပါတီတွေဖြစ်တယ်။ တချို့ အနောက်တိုင်း သတင်းမီဒီယာတွေဟာ တွေးခေါ်ယူဆမှု မတူတဲ့အတွက် ပြည်သူလူထုအား ကွန်မြူနစ်ပါတီရဲ့ အနုတ်လက္ခဏာသဘောဆောင်တဲ့ သတင်းတွေကို တမင်သက်သက် ဝါဒဖြန့်ခဲ့လို့ အချို့ပြည်သူလူထုကို မခံချင်စိတ်ဖြစ်ပေါ်စေ ခဲ့တယ်။ ကွန်မြူနစ်ပါတီတရပ်အနေနဲ့ လုပ်သားပြည်သူ တိုးတက် ရေးပါတီဟာ မီဒီယာတွေနဲ့ ဘယ်လိုဆက်ဆံပြီး မိမိရဲ့ နိုင်ငံတကာပုံရိပ်ကို ဘယ်လိုထူထောင်ပါသလဲ။

**ဖြေ။** ။ ကွန်မြူနစ်လှုပ်ရှားမှု ခြေလှမ်း စတင်လိုက်တာနဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး ဝါဒဖြန့်ချက်ဟာ စတင်ခဲ့တာပါ။ လုပ်သားပြည်သူ တိုးတက်ရေးပါတီကို ဥပမာ အနေဖြင့်ထားကြည့်ရင် ၁၉၂၆ စတင်ထူထောင်ချိန်ကတည်း က အဲဒီတုန်းက သတင်းစာမျက်နှာဖုံးမှာ "ကွန်မြူနစ်ဝါဒ ဝဲနာတွေ ဆိုက်ပရပ်ကို ရောက်လာနေပြီ"လို့ ဝါဒဖြန့် အပုပ်ချခဲ့ကြတယ်။ အထူးသဖြင့် လုပ်သားပြည်သူ တိုးတက် ရေးပါတီရဲ့ ခေါင်းဆောင်ကို သမ္မတအဖြစ် အရွေးခံလိုက်ရပြီး တဲ့နောက် ဒီလို ကွန်မြူနစ်ဆန့်ကျင်ရေး ဝါဒဖြန့်ချက်ဟာ ပိုပြီးတော့ "အရူးအမူး"ဖြစ်လာတယ်လို့ ကျွန်တော်တို့ ခံစားမိပါတယ်။ ဥပမာဆိုပါစို့။ ဘယ်လိုစီးပွားရေးစီမံကိန်းမဆို ရေးဆွဲမယ်ဆိုရင် လူရဲ့ လိုအပ်မှုကို ထိပ်ဆုံးမှာ ထားရမယ်လို့ ကျွန်တော်တို့ စွဲစွဲမြဲမြဲယူဆခဲ့ပါတယ်။ ဒါကို တချို့မီဒီယာ တွေက တရားသေ လှေနံထားထစ် လုပ်နေတယ်လို့ အပြစ် တင်တာ ခံရပါတယ်။ ဆိုက်ပရပ်ဟာ နာတိုးစာချုပ်စတဲ့ အရင်းရှင်စနစ် အဖွဲ့အစည်းတွေမှာ မပါဝင်သင့်ဘူး၊ နာတိုးဟာ တူရကီတွေ ဆိုက်ပရပ်ကို ကျူးကျော်မှုနဲ့ အာဏာသိမ်းတဲ့ အရေးအခင်းရဲ့ ကြံရာပါဖြစ်တယ်လို့ ကျွန်တော်တို့က စွဲစွဲမြဲမြဲ ယူဆထားတယ်။ ဒါပေမဲ့ တချို့ သတင်းမီဒီယာတွေက ဒီတွေးခေါ်ယူဆချက်တွေဟာ ခေတ်မမီတော့တဲ့အတွေး အခေါ်တွေကို ဆောင်ကြဉ်းလာတယ်လို့ ယူဆနေကြတယ်။ ကျွန်တော်တို့ ရိုးအနေတာ မဟုတ်ပါဘူး။ တချို့သတင်းမီဒီ ယာတွေရဲ့ နောက်မှာ စီးပွားရေးနဲ့ နိုင်ငံရေးအုပ်စုတွေရဲ့ အကျိုးစီးပွားတွေ ရှိနေတယ်၊ ဒီလို အခြင်းအရာတွေဟာ ဆိုက်ပရပ်မှာသာမက တကမ္ဘာလုံးမှာ ဒီအတိုင်းဖြစ်နေတာကို ကျွန်တော်တို့ သိပါတယ်။

ဒီလို အာဘော်တွေ ဝါဒဖြန့်ချိမှု လျော့နည်းသွား ရေးအတွက် လုပ်သားပြည်သူ တိုးတက်ရေးပါတီရဲ့ သေနင်္ဂ ဗျူဟာကတော့ လူထုကို မှီခိုအားထားရေးဖြစ်တယ်။ ကျွန် တော်တို့ဟာ လူထုအတွင်း ရေရှည်အမြစ်တွယ်ထားတာ ကြောင့် ကျွန်တော်တို့ပါတီရဲ့ ရပ်တည်ချက်ကို လက်တွေ့ ဆောင်ရွက်ပြီး လူထုအတွက် အလုပ်လုပ်တယ်ဆိုရင် ကျွန် တော်တို့ရဲ့ ပေါ်လစီနဲ့ ရပ်တည်ချက်ကို ပြည်သူလူထု နား လည်ပြီး လက်ခံသွားစေပါလိမ့်မယ်။ ပြည်သူလူထုနဲ့ တိုက် ရိုက်ပေါင်းသင်းဆက်ဆံခြင်းနဲ့ ဆက်သွယ်ခြင်းဟာ ကျွန် တော်တို့ရဲ့ တခုတည်းသော လက်နက်ဖြစ်တယ်ဆိုတာကို ကျွန်တော်ယုံကြည်တယ်။ သာမန်အချိန်မှာ ကျွန်တော်တို့ဟာ ပါတီရဲ့စာစောင်တွေနဲ့ ပါတီရဲ့အသံလွင့်ဌာနတွေကနေ ပြည်သူလူထုနဲ့ ကူးလူးဆက်ဆံမှုကို ဆောင်ရွက်ပါတယ်။

**မေး။** ။ ၂၀၁၂ ဒုတိယနှစ်ဝက်မှာ တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ ၁၈ ကြိမ်မြောက်ပါတီကွန်ဂရက် ခေါ်ယူ ကျင်းပပါတော့မယ်။ ဒီကွန်ဂရက်နဲ့ ပတ်သက်လို့ အာရုံ စိုက်စရာအကောင်းဆုံးက ဘာဖြစ်မယ်လို့ အထွေထွေ အတွင်း ရေးမှူး ထင်ပါသလဲ။ ဒီကွန်ဂရက်ကို ဘယ်လို သုံးသပ်ပါသလဲ။

**ဖြေ။** ။ မျက်မှောက်ကာလမှာ လူသားတွေဟာ သမိုင်းကွင်းဆက်အမှတ်တခုကို ရောက်နေပြီလို့ ကျွန်တော် ထင်ပါတယ်။ စီးပွားရေးအကျပ်အတည်းက တကမ္ဘာလုံးရဲ့ စီးပွားရေးအပေါ် ပြဿနာအမျိုးမျိုးကို ဆောင်ကြဉ်းလာရုံမ က နိုင်ငံတကာစနစ် ပြောင်းလဲရေးအပေါ်လည်း သြဇာသက် ရောက်ပါသေးတယ်။ တရုတ်ပြည်ဟာ အင်အားကြီး နိုင်ငံ တနိုင်ငံဖြစ်တော့ နိုင်ငံရေးပဲဖြစ်ဖြစ် ဒါမှမဟုတ် စီးပွားရေး ပဲဖြစ်ဖြစ် နိုင်ငံတကာအပေါ် သြဇာသက်ရောက်မှုဟာ အဆက်မပြတ် ကျယ်ပြန့်လာနေတယ်။ တရုတ်ပြည်ကွန် မြူနစ်ပါတီ ၁၈ ကြိမ်မြောက် ကွန်ဂရက်အစီရင်ခံစာဟာ တရုတ်ပြည်နဲ့ တရုတ်ပြည်သူတွေရဲ့ အနာဂတ်နဲ့ ပြည်တွင်း ပြည်ပ နိုင်ငံကာအရေးကိစ္စများနဲ့ ပတ်သက်တဲ့ တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့ အမြင်တွေကို တိုက်ရိုက် ပုံကြမ်းရေးဆွဲ ထားတာ ဖြစ်လို့ လူအားလုံးဟာ ဒီနိုင်ငံရေးအစီရင်ခံစာကို စိတ်ဝင်စားကြလိမ့်မယ်လို့ ကျွန်တော် တပ်အပ်ပြောချင် ပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီ ၁၈ ကြိမ်မြောက်ကွန် ဂရက် အောင်မြင်ပါစေကြောင်း ကျွန်တော်တို့ ရိုးသားဖြူစင်စွာ ဆန္ဒပြုလိုက်ပါတယ်။ တရုတ်ပြည်ဟာ ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ တည်ငြိမ်ရေးအတွက် အကျိုးပြုသထက် ပြုနိုင် လိမ့်မယ်လို့ ကျွန်တော်တို့ မမှိတ်မသုန် ယုံကြည်ပါတယ်လို့ သူတို့ရဲ အမေးအဖြေကို အဆုံး သတ်ထားပါတယ်။

ဒီအမေးအဖြေ ၃ ခုအပြင် မျက်မှောက် ဥရောပ နိုင်ငံများရဲ့ နိုင်ငံတော်ကြွေးမြီကပ်ပြဿနာ၊ ဆိုက်ပရပ် နိုင်ငံဟာ ဥရောပ ဘုံဈေးအဖွဲ့ဝင် နိုင်ငံငယ်လေး တနိုင်ငံ အနေ နဲ့ လာမယ့် ဒုတိယနှစ်ဝက်မှာ အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို ပထမဆုံး ဆောင်ရွက်ရတော့မှာမို့ အဓိကဖြေရှင်းရမယ့် ပြဿနာတွေ၊ ဆိုက်ပရပ် မျက်မှောက် ရင်ဆိုင်နေရတဲ့ လူမှု ရေးပြဿနာတွေ၊ အရှေ့ဥရောပ အပြောင်းအလဲတွေ ဖြစ် ပွားပြီးတဲ့နောက် ဆိုက်ပရပ် လုပ်သားပြည်သူ တိုးတက်ရေး ပါတီဟာ လူထုနဲ့ တသွေးတည်းတသားတည်းရှိနေမှု အဆက်မပြတ် ဖြစ်ထွန်းတိုးတက်ရေးကို ဘယ်လိုဆောင်ရွက် ခဲ့သလဲ၊ ပါတီ ၂ ပါတီဆက်ဆံရေးပြဿနာစတာတွေကို အမေး အဖြေ လုပ်ထားပါတယ်။

**ကိုးကား။** ။ **CONTEMPORARY WORLD လစဉ်ထုတ်ဂျာနယ်။ အမှတ် ၅ –၂၀၁၂။**

**စိမ်းမြမြဝိုင်း**
**၂၀၁၂ ဇွန် ၂၅။**

မာ့က်စ်ဝါဒ လေ့လာရေး

# ကွန်မြူနစ်ဝါဒ၏ မူများ

ဖရက်ဒရစ် အိန်ဂယ်

**မေးခွန်း ၂၁။ ကွန်မြူနစ်စနစ် လူ့အဖွဲ့အစည်းက အိမ်ထောင်စုအပေါ် မည်ကဲ့သို့သော ဩဇာဂယက် ရိုက်ခတ်နိုင်သနည်း?။**

အဖြေ။ ၎င်းက ယောကျ်ားနှင့် မိန်းမဆက်ဆံရေးကိစ္စအား သက်ဆိုင်သူနှစ်ဦးနှင့်သာ သက်ဆိုင်သည့် ကိုယ်ရေးကိုယ်တာ ပြဿနာသက်သက်မျှသာ ဖြစ်စေပြီး ဤအထဲတွင် လူ့အဖွဲ့အစည်းက ကြားဝင်ခြင်း မဖြစ်စေရပေ။ ၎င်းက ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်ပြီး၊ ကလေးများကို အများပိုင်အခြေခံပေါ်တွင် ပညာပေးထား သည့်အတွက် ဤလုပ်ငန်းကို လုပ်ဆောင်နိုင်ခြင်းဖြစ်ကာ ဤနည်းဖြင့် ယနေ့အထိ တည်ရှိနေသည့် ထိမ်းမြားခြင်း၏ အခြေခံ နှစ်ခု– ပုဂ္ဂလိကပိုင်ဆိုင်မှုမှ အကျိုးအဖြစ် ပေါ်လာသည့် ဇနီးက ခင်ပွန်းအပေါ်မှီခိုရမှုနှင့် ကလေးများက မိဘအပေါ် မှီခိုရမှုကို ဖယ်ရှားပစ်ပေလိမ့်မည်။ ဤသည်မှာ ကိုယ်ကျင့်တရားစကား အင်မတန် ပြောချင်သည့် နလဗိန်းတုံးများ အော်ဟစ်လေ့ရှိသည့် ကွန်မြူနစ်များ၏ "အမျိုးသမီးများကို ဘုံပိုင်ဆိုင်မှု" ဆိုသော ရှုတ်ချသံကို ပေးလိုက်တဲ့ အဖြေတရပ် ပင်ဖြစ်သည်။ အမျိုးသမီးများအား ဘုံပိုင်ဆိုင်မှုမှာ ဓနရှင်အဖွဲ့အစည်းနှင့်သာ လုံးဝသက်ဆိုင်သည့် အခြေအနေတရပ်ဖြစ်ပြီး ဤအချက်ကို ယနေ့ပြည့်တန်ဆာ လုပ်ငန်းတွင် အပြည့်အဝတွေ့ရှိနိုင်ပါသည်။ သို့သော် ပြည့်တန်ဆာ လုပ်ငန်းသည် ပုဂ္ဂလိက ပိုင်ဆိုင်မှုအပေါ် အခြေခံပြီး ၎င်းနှင့်အတူ ကျဆုံးရသည်။ ထို့ကြောင့် ကွန်မြူနစ် လူ့အဖွဲ့အစည်းသည် အမျိုးသမီးဘုံပိုင်ဆိုင်မှုကို မပြုလုပ်သည့်အပြင် တကယ်မှာ ၎င်းကို ဖျက်သိမ်းပစ်ပါသည်။

**မေးခွန်း ၂၂။ ကွန်မြူနစ်လူ့အဖွဲ့အစည်းက တည်ရှိဆဲအမျိုးသားများအပါ် မည်ကဲ့သို့ သဘောထားပါသနည်း?။**

အဖြေ။ မပြောင်းလဲပါ[၄]။

**မေးခွန်း ၂၃။ တည်ရှိဆဲ ဘာသာရေးများအပေါ် မည်ကဲ့သို့ သဘောထားသနည်း?။**

အဖြေ။ မပြောင်းလဲပါ[၅]။

**မေးခွန်း ၂၄။ ကွန်မြူနစ်များသည် ဆိုရှယ်လစ်များနှင့် မည်သို့ကွဲပြားသနည်း။?**

အဖြေ။ ဆိုရှယ်လစ်ဆိုသူများတွင် သုံးမျိုးသုံးစားရှိသည်။

ပထမ အမျိုးအစားကတော့ အကြီးစားစက်မှုလုပ်ငန်း၊ ကမ္ဘာ့ကုန် သွယ်မှု*က ဖျက်ဆီးခြင်းခံရပြီးဖြစ်ကာ ယခုအထိလည်း နေ့စဉ်နှင့်အမျှ ဖျက်ဆီး ခြင်းခံနေရသည့် ပဒေသရာဇ်နှင့် အဖကြီးစိုးတဲ့ လူ့အဖွဲ့အစည်းတို့၏ နောက် လိုက်များ ပါဝင်သည်။ ဤအမျိုးအစားက တည်ရှိဆဲ လူ့အဖွဲ့အစည်း၏ မ ကောင်းမှုများ ကိုကြည့်ပြီး ပဒေသရာဇ်နှင့် အဖကြီးစိုးသည့်အဖွဲ့အစည်းမှာ ဤလိုမကောင်းမှုမျိုး မရှိသည့်အတွက် ၎င်းတို့ကို ပြန်လည် တည်ထောင်ရမည်ဟု သုံးသပ်သည်။ တရားသောနည်းဖြင့် ဖြစ်စေ၊ မတရားသော နည်းဖြင့် ဖြစ်စေ၊ ၎င်းတို့၏ အဆိုပြုချက်အားလုံးသည် ဤနေရာအဆုံးသို့ ညွှန်ပြနေပါသည်။ ၎င်းတို့၏ ပါတီအကျိုးအတွက် အားသွန်ခွန်စိုက်

လုပ်ဟန်ရှိမှုနှင့် ပစ္စည်းမဲ့များ၏ ဆင်းရဲဒုက္ခများအပေါ် မိကျောင်းမျက်ရည်ကျရမှုများ အားလုံးအတွက် ဤ **ဖောက်ပြန်သည့်** ဆိုရှယ်လစ်အမျိုးအစားကို ဘယ်လိုပဲဖြစ်ဖြစ် ကွန်မြူနစ် များက အောက်ပါ အကြောင်းများကြောင့် တက်ကြွစွာ ဆန့်ကျင်ပေလိမ့်မည်။

၁။ ၎င်းသည် လုံးဝမဖြစ်နိုင်သည့် ကိစ္စတခုအတွက် ကြိုးပမ်းခြင်း။

၂။ ၎င်းသည် မင်းစိုးရာဇာများ၊ ဂီးလ်လုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်မှု လုပ်ခင်းရှင်များနှင့် ၎င်းတို့၏ အခြွေအရံအသင်းအပင်းများဖြစ်သည့် သက်ဦးဆံပိုင် သို့မဟုတ် ပဒေသရာဇ်ဘုရင်များ၊ အရာရှိမင်းများ၊ စစ်သား များနှင့် ဘုန်းကြီးများရဲ့ အုပ်ချုပ်မှုကို ထူထောင်ရန် ရည်မှန်းသည်။ ယင်းလူ့အဖွဲ့အစည်းတွင် ယနေ့ လူ့အဖွဲ့အစည်း၏ မကောင်းဆိုးဝါးများ မရှိတာ သေချာသော်လည်း အဖိနှိပ်ခံ အလုပ်သမားများအား ကွန်မြူနစ် အဖွဲ့အစည်းမှတဆင့် လွတ်မြောက်ရေး အလားအလာကိုပင် ကမ်းလှမ်းခြင်းမပြုဘဲ မကောင်းမှုအများအပြားကိုသာ အနည်းဆုံး သယ်ဆောင်လာမည် ဖြစ်သည်။

၃။ ပစ္စည်းမဲ့များက တော်လှန်ရေးသမားများ၊ ကွန်မြူနစ်များ ဖြစ်လာ သည်အခါတွင် ဤဖောက်ပြန်သော ဆိုရှယ်လစ်များသည် ပစ္စည်းမဲ့များကို ဆန့်ကျင်သည့် ဓနရှင်များနှင့် ရုတ်တရက်ချက်ချင်း ပူးပေါင်းလိုက်ကြပြီး ၎င်းတို့ ၏ တကယ့်အရောင်အသွေးကို ဖော်ပြလိုက်ကြတော့သည်။

ဒုတိယအမျိုးအစားကတော့ ယနေ့လူ့အဖွဲ့အစည်း၏ နောက်လိုက် များဖြစ်ကြပြီး။ ဤလူ့အဖွဲ့အစည်းက မလွှဲမရှောင်သာ ပေါ်ထွန်းလာစေသည့် မကောင်းမှုများကြောင့် ၎င်းတို့၏ အနာဂတ်ကို ကြောက်ရွံ့ကြသူများ ဖြစ် သည်။ ထို့ကြောင့် ၎င်းတို့ ဖြစ်စေချင်သည်မှာ တည်ရှိဆဲလူ့အဖွဲ့အစည်းကို ၎င်းတို့၏ မွေးရာပါမကောင်းမှုများ ဖယ်ရှားပြီး ထိန်းသိမ်းထားရေးဖြစ်သည်။ ဤရည်မှန်းချက်အတွက် တချို့က လူမှုဝန်ထမ်းနည်းနာ သက်သက်များကို တင်ပြပြီး တချို့ကတော့ ဟိတ်ကြီးဟန်ကြီးနှင့် ပြန်လည်ပြုပြင်ရေး စီမံကိန်းများ တင်လာသည်။ ၎င်းတို့သည် လူ့ အဖွဲ့အစည်းကို ပြန်လည်ဖွဲ့စည်းရန်ဆိုသော ဟန်ဆောင်မှုအောက်တွင် တကယ်တော့ တည်ရှိဆဲလူ့အဖွဲ့အစည်း အနေ အထား၏ အခြေခံကို ထိန်းသိမ်းရန် ထို့ကြောင့် ၎င်း၏ဘဝကို ထိန်းသိမ်းထား ရန် ရည်ရွယ်ရင်းဖြစ်သည်။ ဤ**ဓနရှင်ဆိုရှယ်လစ်**များသည် ကွန်မြူနစ်များ၏ ရန်သူများအတွက် အလုပ်လုပ်ပေးပြီး ကွန်မြူနစ်များက တွန်းလှန် ဖြိုချရန် ရည် မှန်းထားသည့် လူ့အဖွဲ့အစည်းကို ကာကွယ်နေသည့်အတွက် ၎င်းတို့ကို ကွန်မြူနစ်တို့က မလျှော့တမ်း မဆုတ်တမ်း တိုက်ခိုက်ရပါမည်။

နောက်ဆုံး။ တတိယအမျိုးအစားတွင် ဒီမိုကရက်တစ် ဆိုရှယ်လစ်များ ပါဝင်ပြီး ၎င်းတို့သည် မေးခွန်းမှု ရင်းကျမ်းတွင်(ဤနေရာ၌ ကွက်လပ် ကျန် နေပါသည်။ အထက်ကမေးခွန်း ၁၈ အတွက်အဖြေ နှာ (၁၆) ကြည့်ပါ။ ... အယ်ဒီတာ) တွင် ဖော်ပြခဲ့သည့်အတိုင်း ကွန်မြူနစ်များ တင်ပြသော နည်းနာများထဲမှ အချို့ကို လိုလားကြသည်။ သို့သော်လည်း ကွန်မြူနစ်စနစ်သို့ ကူး ပြောင်းမှု အစိတ်အပိုင်းအဖြစ် မဟုတ်ဘဲ ၎င်းတို့အနေနှင့် ယနေ့ လူ့အဖွဲ့အ စည်းရဲ့ဒုက္ခနှင့် မကောင်းမှုများကို ဖျက်သိမ်းရန် လုံလောက်သည့် နည်းနာများ အဖြစ် ယုံကြည်နေသောကြောင့် ဖြစ်သည်။ ဤ**ဒီမိုကရက်တစ် ဆိုရှယ်လစ်များ**သည် မိမိတို့လူတန်းစား လွတ်မြောက်ရေးအတွက် အကြောင်းအချက် များကို သေသေချာချာ ရှင်းရှင်းလင်းလင်း မသိရှိသေးသည့် ပစ္စည်းမဲ့များသော် လည်းကောင်း၊ ဓနရှင်ပေါက်စ ကိုယ်စားလှယ်များသော်လည်းကောင်း ဖြစ်ကြသည်။

ဓနရှင်ပေါက်စလူတန်းစားသည် ဒီမိုကရေစီအောင်ပွဲမတိုင်မီနှင့် ၎င်းအောင်ပွဲက ဖြစ်ပေါ်လာစေသည့် ဆိုရှယ်လစ်လုပ်ငန်း ဆောင်ရွက်ချက်များ မတိုင်မီ ပစ္စည်းမဲ့များနှင့် အကျိုးစီးပွားတူညီမှု အများအပြားရှိသည်။ လှုပ်ရှားမှု ကာလများအတွင်းတွင် ကွန်မြူနစ်များသည် ဤဒီမိုကရက်တစ် ဆိုရှယ်လစ်များနှင့် နားလည်မှုရ အောင်ယူကာ ဤဆိုရှယ်လစ်များအနေဖြင့် အုပ်စိုးသူ ဓနရှင်များအား အလုပ်အကျွေးပြုပြီး ကွန်မြူနစ်များကို တိုက်ခိုက်ခြင်းမပြုလျှင် လောလောဆယ် အချိန်တွင် ယေဘုယျအားဖြင့်၎င်းတို့နှင့် တူညီသည့်မှုများကို တတ်နိုင်သမျှ လိုက်နာလုပ်ဆောင်ရမည်။ ဤကဲ့သို့ လှုပ်ရှားမှုများတွင် ပူးပေါင်း ဆောင်ရွက်မှုသည် ၎င်းတို့နှင့် ကွဲပြားခြားနား ချက်များအပေါ် မဆွေးနွေးဟု မဆိုလိုကြောင်း ထင်ရှားသည်။

အရိုးတွန်ခြင်း

(၁)

**သမိုင်း**

လွတ်လပ်ရေးခေတ် ဗမာပြည် နိုင်ငံရေးသမိုင်းမှာ အုပ်စိုးသူတွေက သတ်လိုက် ပြည်သူတွေက ငြိမ်သွားလိုက်၊ အရေး အခင်းတခုအတွက် နောက်တခါသတ်လိုက်၊ ရှေ့က ကိစ္စက မြုပ်သွားလိုက်၊ ဒုံကြွမှုတခု ထပ်ပေါ်ပေါက်လာ– ထပ်သတ်ပြန်၊ ဒီလိုနဲ့ ရှေ့က အရေးအခင်းတွေ မြုပ်,မြုပ်သွားလိုက်တာ နည်းမှမနည်းတော့ပဲ။

ခုလည်း စစ်အုပ်စုက လူသတ်ပွဲတွေ ဆက်ဆင်နွှဲနေဆဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တွေမှာ ကြည့်–

သမိုင်းဆိုတာ ဖျောက်လို့ရတာမျိုးမဟုတ်၊ အချိန်အခါ ရောက်တိုင်း၊ အခြေအနေပေးတိုင်း ပြန်,ပြန်ပေါ်လာတတ် တာကလား။

(၂)

**ပထမတဦး**

ခုတခါ 'ရိုက်ချက်' ကတော့ အတော်ပြင်းပါတယ်။ သမ္မတရဲ့ စီးပွားရေးအကြံပေးပုဂ္ဂိုလ်ပညာရှင် ဦးမြင့်က ၇ ရက်ဇူလိုင် နှစ် ၅၀ ပြည့် အကြိုစာတမ်းတစောင် ဖြန့်ချိလိုက်ပါတယ်။

စာတမ်းရဲ့ လိုရင်းကတော့ (ဗိုလ်နေဝင်းဦးစီးတဲ့ ပထမစစ်အုပ်စုက) မိုင်းခွဲပြီး ဖြိုချဖျက်ဆီးပစ်လိုက်တဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ၊ အဆောက်အဦကို ပြန်ဆောက်ပေးသင့်တယ်၊ တချိန်တည်းမှာ ကျောင်းသားသမဂ္ဂတွေ ပြန်ဖွဲ့ခွင့်ပေးမှ ဖြစ်မယ်– ဆိုတာပဲ။

သူ့ရဲ့ ကျိုးကြောင်းဆီလျော်တဲ့ အကြောင်းပြချက်တွေဟာ ငြင်းမရအောင် ခိုင်လုံလှပါတယ်။

ဒါပေမဲ့ ခက်တာက စစ်အုပ်စုအမွေခံ လက်ရှိ စစ်တပိုင်း–ခရိုနီတပိုင်းအစိုးရအဖို့တော့ တီကောင်ကို ဆားဖြူးလိုက်သလို ထွန့်ထွန့် လူးသွားပါတယ်။ ဦးမြင့်မပါတဲ့ အကြံပေးပုဂ္ဂိုလ်တွေ စုပြီး ရှင်းလင်းပွဲလုပ်ပါတယ်။ **"ဦးမြင့်ထုတ်ပြန်ချက်ဟာ သမ္မတရုံးနဲ့ ဘာမှ မဆိုင် ပုဂ္ဂိုလ်ရေးအမြင်သာ ဖြစ်တယ်"**...တဲ့။

- ကျောင်းသားကို စစ်အုပ်စု သတ်တယ်ဆိုတာ ဆက်မြုပ်ထားချင်လို့လား
- နောက်စစ်အုပ်စုတွေက ပြည်သူတွေကို တောက်လျှောက်သတ်လာတာ ဖော်ထုတ်ကြမှာ ကြောက်လို့လား
- တကသအဆောက်အဦသစ်ဟာ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်ရဲ့ အထိမ်းအမှတ် ... လို့ သုံးလိုက်တာ မကြိုက်တာလား
- သူတို့ ရင်ကြား မစေ့ချင်ကြတာလား။

**နောက်ပုဂ္ဂိုလ်တဦး**

အသက် ၇၅ နှစ်ရှယ် ဆရာဝန်ကြီး(ဦး) ဘိုးသိမ်း ...တဲ့။ ၇ ရက် ဇူလိုင် အရေးအခင်းမှာ ထဲထဲဝင်ဝင်ပါခဲ့တဲ့ ကျောင်းသား ခေါင်း ဆောင်တဦး ... ...

သူ့ 'ရိုက်ချက်' ကလည်း ပြင်းထန်လှတယ်။ သူ့စာတမ်းမှာ အုပ်စိုးသူအဆက်ဆက် လိမ်ညာဖုံးအုပ်ထားတာတွေ ပိုင်ပိုင်နိုင်နိုင် အရေခွံလှန်ပြထားပါတယ်။ ၇ ရက်ဇူလိုင် အရေးအခင်းဆိုတာ ကျောင်းသားတွေအမှား၊ ကျောင်းသားတွေအလွန်ဆိုတဲ့ စွပ်စွဲချက်တွေကို ချေဖျက်ပြီး တကွက်စီတချက်စီ တာဝန်ယူရှင်းလင်းထားပါတယ်။ ဖတ်သင့်လှတယ်။

**မေတ္တာရပ်ခံချက်**

တာဝန်သိတဲ့သူတွေကတော့ ကိုယ်နဲ့ဆိုင်တဲ့အပိုင်းကို ဖော်ထုတ်နေကြပါပြီ။ သို့သော် ဆက်လုပ်စရာတွေ ကျန်ပါသေး တယ်။

ပျောက်ဆုံးသွားတဲ့ ကျောင်းသားတွေရဲ့ ရုပ်အလောင်းတွေ ဘယ်မှာ ဘယ်လို ဖျောက်ဖျက်ပစ်လိုက်ကြသလဲ။ လူအင်အား သုံးရတဲ့ကိစ္စမို့ တာဝန်ယူလုပ်ကိုင်ရသူ (တပ်မတော်သားတွေ) တော်တော်များများ ရှိပါမယ်။ သူတို့အားလုံး ကွယ်လွန်ကြဦးမှာ မဟုတ်၊ အခွင့်အရေးလေးရှိသခိုက် ဖော်ထုတ်တာ (လျှို့ဝှက်ပြီးဖြစ်စေ) သတင်းပေးတာမျိုး လုပ်သွားသင့်ပါတယ်။

လုပ်တုန်းက ခိုင်းလို့ လုပ်ရတာဖြစ်ပြီး မကွယ်လွန်မီ ဗမာပြည်နိုင်ငံရေးသမိုင်းအတွက် ကောင်းမှုပြုသွားစေချင်ပါတယ်။

# အနှစ် ၅၀ စောင့်လာရတဲ့ခေတ်

အေးငြိမ်း

(၁)

၂ ခေတ်ပေါင်း "ဘူပိတ်"

**'သန်းအေးညွှန့်'** ခေတ်တုန်းက Road Map (လမ်းပြမြေပုံ) ၇ ဆင့်ကို တွန်းတွန်းထိုးထိုး လုပ်ခဲ့တယ်။ ဗိုလ်ခင်ညွှန့် တွန်းထိုးအထုတ်ခံရပြီးချိန်မှာ လက်စသတ် သွားခဲ့တယ်။

ခု **'သိန်းမန်းလှိုင်'** (မိမိဘာသာ ယာယီ သတ်မှတ်ထားတဲ့) ခေတ်မှာ Road Map ၃ ဆင့် ဆိုပြီး ပုံဖော် လာကြပြန်ပြီ။ ဒီ ၃ ဆင့် ပြီးသွားရင် ၂ ခေတ်ပေါင်း 'ဘူပိတ်' တဲ့ကိန်း ဆိုက်သွားမယ့်သဘောပဲ။

(၂)

**'သိန်းမန်းလှိုင်' ခေတ်**

ရည်ရွယ်ချက်တူပေမယ့် နည်းနာမတူကြလို့ တချို့လူတွေ တွန်းထိုးအထုတ်ခံရတာ၊ ဘေးအဖယ်ခံရတာ၊ လျှို့ထားလိုက်တာ ... စသည်တွေ့နေရတယ်။ လူကြိုက်နည်းတဲ့ လူကြမ်းကြီးတချို့ ဒါမှမဟုတ် စားလုံးသောက်လုံးကြီးတဲ့ ဦးတင်အောင်မြင့်ဦး၊ ဦးအောင်သောင်းတို့ ပင်မဇာတ်ခုံပေါ်မှ ဆင်းပေးရပြီး ဝန်ကြီးတချို့ သမ္မတရုံး အမှိုက်ခြင်းထဲ ရောက်ကုန်ကြတယ်။ ဝန်ကြီး– ဒုဝန်ကြီးတချို့ ကျန်းမာရေးမကောင်းဘူး အကြောင်းပြပြီး အပယ် ခံရတယ်။ လာလတ္တံ့တွေလည်း သတင်းပြေးနေဆဲ။

အပျော့ဆွဲသမားတွေ ရှေ့တန်းတက်လာတယ်။ လူမျိုးစုလက်နက်ကိုင်တွေ ပြည်ပရောက်တွေနဲ့ ဆက်တိုက်တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ကြတယ်။ တက်တက်ကြွကြွပါပဲ။ ဖားရိုက်ထွက်နေကြတာလား ထင်မှားရတယ်။ လွှတ်ထားရဦးမယ့်သူ၊ ဈေးဆစ်မယ့်သူ၊ ဘိုက်နာဈေးအပ်မယ့်သူ၊ ခွဲခြားတွက်ချက်နေပုံပဲ။

အပြောချိုချိုပြော၊ အာမခံချက်တွေရဲရဲပေး၊ လျှော့လို့ရတဲ့ဟာ လျှော့ပေးလို့ 'ငြိမ်းချမ်းရေးတမန်တော်' ဘွဲ့ရသူက ရ– ပွဲကတော့ ဖြစ်နေပြီ။

ဒါပေမဲ့ သူတို့ရဲ့ စကားတွေထဲမှာ မြှုပ်ကွက်ပါနေတာတွေ သတိထားလာမိတယ်။

"တိုင်းရင်းသားတွေဆိုတာ လက်နက်ကိုင်ပြီး မွေးလာတာပါ။ သူတို့ကို လက်နက်မကိုင်ပါနဲ့လို့ ပြော ရင်မရဘူး။ ဒါကြောင့် လူငယ်ပိုင်းတွေ လက်နက်ကိုင်ပါ။ ပြီးရင် လူလတ်ပိုင်းတွေက စီးပွားရေးကုမ္ပဏီတွေ ထောင်ပြီးရင် ဦးစိုးသိန်းဆီမှာ လုပ်ငန်းတွေ လျှောက်ပါ။ သူများနည်းတူ အခွင့်အရေးပေးမယ်။ (ဝန်ကြီး ဦးအောင်မင်း ဇူလိုင် ၁)

***(နယ်ခြားစောင့်တပ်အဖြစ် လက်နက်ကိုင်ရမှာလား။ လူကြီး လူငယ် လူလတ်တွေကို စည်း ရုံးရေးအရ ကန့်သတ်ခွဲခြားလိုက်တာ ခေါင်း၊ ကိုယ်၊ ခြေလက်တခြားစီ ဖြတ်တောက်ပစ်လိုက်တာ မဟုတ်လား။)***

သူပဲ ပြောပြန်တယ်။ "အခြေခံဥပဒေမှာ မပါတဲ့ဟာတွေ တောင်းလာရင် ပေးလို့မရပါဘူး။ ဖွဲ့စည်း ပုံအခြေခံဥပဒေကို ပြင်ပြီးမှ ပေးလို့ရမယ့်ဟာတွေဆိုရင် ကျွန်တော်တို့ လုပ်လို့မရပါဘူး" တဲ့။

နောက် သူက "ပင်လုံထက် ကျယ်ပြန့်တဲ့ ညီလာခံကြီး ကျင်းပပေးမယ်" ပြောလိုက်ပြန်တယ်။ ဒါကလည်း အတိုက်အခံတွေရဲ့ ဒုတိယပင်လုံညီလာခံဆိုတဲ့ ကြံရွယ်ချက်ကို ရိုက်ချိုးလိုက်တာဖြစ်သလို လျှောမွေးဖြစ်သွားတဲ့ ညောင် ၂ ပင်ဇာတ်ခင်းဖို့ ကြံတာလည်း ဖြစ်နိုင်တယ်။

***(ကိုယ့်ဘက်ကလည်း မလုပ်နိုင်၊ မလုပ်ရဲဘဲနဲ့ 'ကြွေးကြော်သံ' ပဲ ဖြစ်ဖြစ်သွားတာ ဆင်ခြင် စရာပါ။)***

**နောက်ဝန်ကြီးတပါး**

ဝန်ကြီးဦးခင်ရီပြောတာတွေ ကြားရတာလည်း နားဝင်ချိစရာပါ။ "အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး လုပ်ရမယ့် ကာလလေ၊ ... ... ညီအစ်ကိုတွေ လက်နက်စွဲကိုင် တိုက်ရမယ့်အချိန်မဟုတ်ဘူး၊ ... ... သမ္မတကြီးအနေနဲ့ကလည်း ... ...

ငြိမ်းချမ်းရေး လုပ်ရမယ့်အချိန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းပြီး လုပ်ရမယ့်အချိန်၊ ... ... ယုံကြည်ချက်နဲ့ ဒီကိစ္စကို အကောင်အထည်ဖော်တာပါ''... ... လို့ ပြောခဲ့တယ်။ ဒါပေမဲ့ ဒီကြားက သူတို့ဖြစ်စေချင်တာကို တလုံးစနှစ်လုံးစ ပစ်သွင်းလိုက် တာလည်း သတိထားဖို့ လိုပါတယ်။

''လက်နက်ကိုင် အဖွဲ့အစည်းတွေ အားလုံးကလည်း ဒီလက်နက်ကိုင်၊ ဒီလုပ်ငန်းကြီးကလည်း မဟုတ်ဘူးဆိုတာ သိတော့ ... ...''

*(အားလုံးက အဲဒီလိုများ ပြောလိုက်ကြသလား ... ... ဗျာ။)*

KIO နဲ့ ၃ ကြိမ် ၃ ခါ ဆွေးနွေးပြီးတဲ့တိုင် မပြေမလည် ဖြစ်နေတဲ့ ငြိမ်းချမ်းရေးကိစ္စ– မီဒီယာတွေက မေးတဲ့အခါ –

''၂ ဖက် တပ်တွေအကြားမှာ ညှိနှိုင်းနေတဲ့ အချက်လေးတွေ ရှိတာပေါ့၊ ဒါလေးတွေ ပြီးပြည့်စုံတဲ့အဆင့် မရောက် သေးလို့ပါ။ မရစရာ မရှိပါဘူး''လို့ ပြောပြန်တယ်။

***(သမ္မတကြီးဆိုသူတောင် အမိန့်ပေးလို့မရတဲ့ ကိစ္စကို အသေးအဖွဲသဘောမျိုး ပြောတာ အံ့ဩစရာပဲ။ တကယ်က သူတို့ဟာ လူပါးလူနပ် လူလည်တွေပါ။ )***

''ဒီငြိမ်းချမ်းရေးအဖွဲ့ဟာ နောက်ပြန်မလှည့်ဘူးဆိုတဲ့ အာမခံချက်မျိုး ပေးနိုင်ပြီလား။ ဒီဟာနဲ့ ပတ်သက်ပြီးရော စာချုပ်စာ တမ်းတွေက ခိုင်မာရဲ့လား''... မေးတော့– ''စာချုပ်စာတမ်းဆိုတာထက်ကို နှစ်ဦးနှစ်ဖက်ရဲ့ ယုံကြည်မှုက အင်မတန် ခိုင်မာပါ တယ်''လို့ ဖြေတယ်။ ဗိုလ်ခင်ညွှန့် လုပ်သွားတဲ့ အကွက်တွေပါ။

သူများကိုတော့ ဟိုဘက်ကလှည့်ချည်၊ ဒီဘက်က လှည့်ချည် လုပ်သွားတယ်။ ကိုယ့်ကျတော့ အချည်အတုပ် မခံဘူး။

(၃)

**ဦး(ဗိုလ်) သိန်းစိန်ကကွက်**

ရှေ့ထွက်တွေ လမ်းခင်းပေးပြီးတဲ့နောက် ဇူလိုင် ၃ ရက်မှာ သမ္မတကြီးဆိုသူ ထွက်လာပြီး လမ်းပြမြေပုံ ပထမဆင့်ကို စ,ကပါတယ်။

ပဏာမအနေနဲ့ သူတို့အစိုးရဟာ ''ပြည်သူများက ရွေးချယ်ပေးလိုက်သော ပြည်သူ့ကိုယ်စားလှယ်အများစုနဲ့ ဖွဲ့စည်းထား တဲ့ အစိုးရဖြစ်ကြောင်း'' ကြေညာပါတယ်။ ဒါက အရေးကြီးတယ် မဟုတ်လား။

*(ဘယ်နည်းနဲ့ အများစုရအောင် လုပ်တယ်ဆိုတာ သူတို့အတွက် အရေးမကြီး။)*

ပြည်သူတွေရဲ့ ဆန္ဒကို သိထားတော့ ''ပြည်သူတွေဟာ စာရွက်ပေါ်တွင်သာ ကူးပြောင်းခြင်းမျိုး မဟုတ်ဘဲ လက် တွေကျတဲ့ အပြောင်းအလဲ (change) ကို လိုလားနေခြင်းဖြစ်ပါတယ်'' လို့ ... ကျေနပ်မယ့်ဆေး တိုက်ပါတယ်။

နောက် အတိုက်အခံတွေရဲ့ စကားလုံးတွေ ငုံထားတာ ထွေးထုတ်ပြပါတယ်။ Rule of Law တို့၊ တိုင်းရင်းသားတွေနဲ့ တိုက်နေရတာ စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်တယ်တို့ ... ... စတာတွေ ပြောပြီး ဒါတွေ ချုပ်ငြိမ်းအောင် ဆောင်ရွက် ရေးဟာ နိုင်ငံတော်တည်ဆောက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်လို့ ချုပ်ပြပါတယ်။

ဖြစ်သင့်တာတွေလည်း ဆက်ပြောပါတယ်။ ဒါပေမဲ့ ဖြစ်သင့်တာတွေကို ပေးသင့်တယ်ယူဆပြီး တခါမှ မပေးတာ သတိ ထားမိကြမှာပါ။

ကြည့်ရတာက ၂၀၁၅ ခု မရောက်မချင်း သူတို့လိုချင်တဲ့ အနေအထားရောက်အောင် ခုလို 'ခွင်ချ'နေကြမှာပါ။ ၂၀၀၈ ဖွဲ့စည်းပုံ အတည်ပြုတာမျိုး၊ ၂၀၁၀ ရွေးကောက်ပွဲမှာ အနိုင်ယူသွားတာမျိုး မလုပ်ဘူး မပြောနိုင်ပါ။

စိတ်ကြိုက်အနေအထား မရောက်သေးရင် အကြောင်းအမျိုးမျိုးပြပြီး အချိန်ဆွဲတာမျိုး၊ အချိန်ဆွဲမရရင်တော့ အာဏာဆက် မလွှတ်ရအောင် ခပ်မြန်မြန် ကိစ္စတုံး လုပ်တဲ့နည်း သုံးပါလိမ့်မယ်။

အခြေအနေ ဖန်တီးဖို့ အကြောင်းပြဖို့ဆိုတာ အာဏာကိုင်ထားသူအဖို့ (အထူးသဖြင့်) လက်ယဉ်နေပြီဖြစ်တဲ့ ကာလုံအဖို့ လွယ်လွယ်လေးပါ။ လောင်စာတွေများတဲ့ ဗမာပြည်မှာဆို ပိုလွယ်ပါတယ်။

တိုင်းရင်းသားပြည်သူတွေအဖို့တော့ မဆလ ဗိုလ်နေဝင်းခေတ်၊ သန်းအေးညွှန့် ခေတ်ကို ဖြတ်သန်းခဲ့ကြပြီ၊ မတတ်သာဘဲ ဘဝကို ပုံအပ်ခဲ့ကြရပြီ။ သေခဲ့ကြရပြီ။ မွဲခဲ့ကြရပြီ။ ဂုဏ်သိက္ခာ ကျခဲ့ကြရပြီ။ သိန်းမန်းလှိုင်ခေတ်မှာ အားမတန်လို့ မာန်လျှော့လိုက် တာမျိုး မဖြစ်ဖို့ လိုပါတယ်။ မလျှော့ဘူးလို့လည်း ယုံပါတယ်။

အေးငြိမ်း

၇–၇–၂၀၁၂။